

# ဖတစ်လုံး ခေါင်းကျား

စစ်ကိုင်း ဦးဘိုးသင်

[ ဝတ္ထုအကြိုင် ]

# ဖာတစ်လုံး ခေါင်းကျား

## စစ်ကိုင်း ဦးဘိုးသင်း

(စတုတ္ထအကြိမ်)

**Typing _ ရာမညသူလေး**

**PDF _ nyisay**

11/4/2012

h t t p : / / m m t e a s h o p . c o m

PDF Team

မှ

စီစဉ်တင်ဆက်သည်

# စစ်ကိုင်း ဦးဘိုးသင်း (၁၈၉၀-၁၉၇၃)

သရက်ခရိုင် မင်းတုန်းမြို့ မြို့သစ်ကုန်း အရှေ့ပိုင်း တံတားဦးထိပ် အိမ်၌ အဖ ပရမတ်ဆရာ ဦးဘိုးသာ (ပိန်းတန်းဖိနပ်ထောင် ဆရာ)၊ အမိ ဒေါ်ရွှေဆိတ်တို့က ၁၈၉၀ ပြည့်နှစ် ဇူလိုင် ၃၁ ရက် ကြာသပတေးနေ့ နံနက် (၄) နာရီတွင် မွေးဖွားသည်။ မွေးချင်း သုံးယောက်တွင် ဒုတိယမြောက် သားဖြစ်၍ အမည်ရင်း ဦးဘိုးသင်း ဖြစ်၏။

ခုနစ်နှစ်သားတွင် ပေပင်ကျောင်း ခေါ် ဘုန်းကြီးကျောင်း၌ ပထမတန်း ဝင်ရောက်ဖြေဆိုရာ ပထမရပြီး ပညာအုပ်၏ ဆုငွေ ၃ ကျပ် ရသည်။ ထိုကျောင်းတွင် အတန်းတိုင်း၌ ထူးချွန်စွာ အောင်မြင်ပြီး သတ္တမတန်း၌ သရက်မြို့နယ်မှာ ပထမစွဲခဲ့သည်။ ထို့နောက် မန္တလေး ဆရာ အတတ်သင် နော်မန်ကျောင်းတွင် ပညာဆည်းပူးရာ ဆရာဖြစ်သင် အောင်ခဲ့သည်။

ခုနစ်တန်း အောင်ပြီးသည်မှ ကိုရင်ဝတ်သည်အထိ ပေပင်ကျောင်းတွင် ပထမတန်းမှ စတုတ္ထတန်းအထိ စာသင်ပေးသည်။ ဆရာဖြစ် အောင်ပြီးနောက် မြစ်ကြီးနားမြို့ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာသင်ကျောင်းတွင် ကျောင်းဆရာအဖြစ် စတင် အမှုထမ်းသည်။ ဗန်းမော်တွင် ကျောင်းဆရာ၊ ခေတ္တပညာအုပ်၊ တစ်ဖန် ကျောင်းဆရာလုပ်ရာမှ နုတ်ထွက်ခဲ့ပြီးနောက် ရန်ကုန် ကူးသန်းရောင်းဝယ်ရေးသတင်းစာ လက်ထောက်အယ်ဒီတာ လုပ်ပြန်သည်။ ထိုစဉ် ပညာမင်းကြီးက ခေါ်ယူပြီး မကွေးမြို့၌ ကျောင်းဆရာအဖြစ် ခန့်ထားသည်။ ထိုမှ တောင်သာ "အေ" နယ် ဒုတိယပညာအုပ် ဖြစ်လာသည်။ ထိုစဉ်ပင် "ပညာမဏ္ဍိုင်" သတင်းစာကို တစ်လ တစ်ကြိမ် ဦးစီးထုတ်သည်။ တောင်သာ၊ စစ်ကိုင်း၊ မော်လိုက်၊ ထားဝယ်တို့တွင် ခေတ္တပညာအုပ် လုပ်ခဲ့သည်။ မလွတ်လပ်ဟု ယူ၍ အလုပ်ထွက်ပြီး စာရေးဆရာဘဝသို့ ကူးပြန်သည်။ တစ်ဖန် မြစ်ကြီးနား ပညာအုပ်အဖြစ် ဂျပန်ဝင်စထိ အမှုထမ်းပြီးနောက် အငြိမ်းစားယူခဲ့သည်။

နော်မန်ကျောင်း ဒုတိယနှစ်တွင်ပင် တစ်ပဲ၊ ခြောက်ပြားတန် ဇာတ်စာအုပ်များ စတင် ရေးသည်။ မန္တလေးတိုင်း သတင်းစာသို့ သတင်းရေးပို့သည်။ ကျောင်းဆရာ ဖြစ်လာသောအခါ သူရိယ၊ ကူးသန်းရောင်းဝယ်ရေး စသည့် သတင်းစာများတွင် လည်းကောင်း၊ သူရိယ၊ ပညာအလင်း

စသည့် မဂ္ဂဇင်းများတွင် လည်းကောင်း ဝတ္ထုတိုနှင့် ဆောင်းပါးများ ရေးသည်။ "မိန်းမတို့အတွက်"၊ "ယောကျာ်းတို့အတွက်"၊ "ကျောင်းသားတို့အတွက်" စာအုပ်များကို သူရိယတိုက်မှ ထုတ်ခဲ့သည်။ "သားသမီးများ ကြီးပွားရေးလက်ဖွဲ့ကျမ်း" ကို ပြုစုသည်။ ကျောင်းသားများအတွက် "မင်္ဂလသုတ် အကျယ်ကျမ်း"၊ "လောကသာရ အဖြေ"၊ "စိန္တကျော်သူ အဖြေ"၊ "ကျည်းကန်ကိုရင်ကြီး မေတ္တာစာ အဖြေ"၊ "ဘလ္လာတိယပျို့အဖြေ"၊ "မူလတန်းသဒ္ဒါ"၊ "မြန်မာသဒ္ဒါ ပထမတွဲ၊ ဒုတိယတွဲ" ရေးခဲ့သည်။ ကျောင်းသုံး ပြဋ္ဌာန်းအဖြစ် တိုင်းရင်းသားဘာသာ ကျောင်းများအတွက် "ကိုသိန်းမောင်"၊ "ဦးအောင်စေရ"၊ "စလေမင်းခွေး"၊ အင်္ဂလိပ်ကျောင်းများအတွက် "ခရီးသည်ကြီး"၊ "ခေတ်သစ်မောင်"၊ အမျိုးသားကျောင်းများအတွက် "တို့တိုင်းပြည်" တို့ကို ရေးသည်။ "ပင်လယ်ပျော် သီသီ"၊ "တို့ပြည်"၊ "ဖာတစ်လုံး ခေါင်းကျား" တို့မှာ ကျောင်းစာကြည့်တိုက်သုံး ဖြစ်လာသည်။ ဝတ္ထုနှင့် ကျမ်းစာအုပ် ၉၀ ကျော်နှင့် မထုတ်ဖြစ်ခဲ့သည့် စာအုပ် ၂၀ ကျော် ပြုစုခဲ့သည်။ ထုတ်ဝေပြီး စာအုပ်များအနက် ဖာတစ်လုံး ခေါင်းကျား(၁၉၃၈)သည် အစောပိုင်း ထင်ရှားသော ဝတ္ထု ဖြစ်သည်။ ရုပ်ရှင်အဖြစ်ပါ အောင်မြင်ခဲ့သည်။ ငမဲကျွန်ဝတ္ထုသည် ၁၉၅၄ ခု စာပေဗိမာန်ဆု ရရှိသည်။ သူ့အမြင်နှင့် သူ့အတွေး (၁၀- တွဲ)(၁၉၆၅-၆၆)သည် သိမှတ်ဖွယ်ရာ၊ ဆင်ခြင် စဉ်းစားဖွယ်ရာ အများ ပါဝင်သောကြောင့် တစ်မူထူးခြားသည်။ စစ်ကိုင်းဦးဘိုးသင်း ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ (၁၉၇၉) သည်ကား မိမိ၏ ပျော့ကွက်၊ ညံ့ကွက်များကို ပွင့်လင်းရိုးသားစွာ တင်ပြထားသည့် အတ္ထုပ္ပတ္တိထူးပင် ဖြစ်သည်။ "ရွှေချိုးဖြူ" ကလောင်ခွဲကိုလည်း အသုံးပြုသည်။ ၁၀ ဒီဇင်ဘာ ၁၉၇၃ တွင် ကွယ်လွန်သည်။

စာမူခွင့်ပြုချက်အမှတ် (၅၀၀ ၄၆၂ ၀၅ ၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၅၀၀ ၉၅၄ ၀၉ ၁၀)

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - (၁၉၃၈) (?)
ဒုတိယအကြိမ် - (၁၉၄၈) (?)
တတိယအကြိမ် - (၁၉၅၄) သွေးသောက်တိုက်
စတုတ္ထအကြိမ် - (၂၀၁၀) ရာပြည့်စာတိုက်

**အုပ်ရေ** (၅၀၀)
(နိုဝင်ဘာ ၂၀၁၀)

**ထုတ်ဝေသူ**

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ (၀၃၈၀၁)
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် (၀၉၁၇၂)
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းဖလင်**

အောဇက်

**စာအုပ်ချုပ်**

ဖူးပွင့်မွှေး

**မျက်နှာဖုံး ပန်းချီ**

လင်းဝဏ္ဏ ဒီဇိုင်းဖွဲ့သည်။

**တန်ဖိုး**

၁၅၀၀ ကျပ်

## မူလအချီး

မြန်မာပြည်တွင် ပုဂံခေတ်၊ အင်းဝခေတ်တို့ ကောင်းစားစဉ် အခါက စ၍ တိုင်းပြည်လူမျိုးတို့ အကျိုးရှိရာရာ ပေါ်ပေါက်လာသော ဝတ္ထုများသာ ထင်ရှားလျက်၊ အိန္ဒိယနိုင်ငံမှ အဖြစ်အပျက်တို့သာ များချေသောကြောင့် လူနာမည်၊ မြို့နာမည် စသည်တို့မှာ မြန်မာတို့၏ အမည် ဝေါဟာရများ မပါ မရှိလောက်အောင်ပင် ဖြစ်နေသည်။ ကျွန်ုပ် တည်းဖြတ်၍ ခေတ်ကို တန်ဆာဆင်ကာ ရေးသား လိုက်သော ဖာတစ်လုံးခေါင်းကျား ဝတ္ထုသည်ပင်လျှင် ဇာတ်ဟုရကွမ်းသား ဝတ္ထုကို နာမည် ပြောင်းလဲ၍ စီစဉ်ထားသော ဝတ္ထုဟု များစွာသော သူတို့က ပြောဆိုကောင်း ပြောဆိုကြပေလိမ့်မည်။

ဖာတစ်လုံးခေါင်းကျား ဝတ္ထုသည် ရှေးရှေး မြန်မာလူမျိုးတို့ အလွန်နှစ်သက် သဘောကျပြီး လျှင် များစွာ အားကိုး အားထား ပြုလုပ်ကြသော ဝတ္ထု ဖြစ်ချေ၍၊ သရေခေတ္တရာပြည် ဒွတ္တဘောင် မင်းကြီး လက်ထက်တော်၌ အပါယဂတိမုပါယံ ဂါထာဦး တပ်သော ဓမ္မသတ် ကျမ်းကြီး၏ အထောက်အထား ပြုရာဖြစ်သည့် သုဓမ္မာစာရီ ဖြတ်ထုံးတွင် အပါအဝင်ဖြစ်သော ဘုမသိဘမသိ ဝတ္ထု၊ နွားတစ်ရာ ဝတ္ထု အစရှိသော ဝတ္ထုပုံပြင် သက်သေမျိုးကဲ့သို့ ဖြစ်သော မြန်မာပြည်တွင် အလွန်ရှေးကျသည့် ဝတ္ထုကြီး ဖြစ်ချေသည်။

ဤဝတ္ထုသည် ဤကဲ့သို့လျှင် ရှေးကျလွန်းသောကြောင့် မှတ်သားထားသော စာတမ်း စာစောင်တို့ကို အခိုင်အမာ တွေ့ရှိရရန် မရှိဖြစ်နေသော်လည်း ရှေးက စာပြောဆရာတို့ကမူကား လက်ရုံးကြီး တစ်ဆူ ပြုလုပ်၍ များစွာ ပြောဆိုခြင်း ပြုကြလေသည်။ ထို့ကြောင့် အဖိုးတန် ဤဝတ္ထုသည် ပုံရိုက်နိုင်ပြီး မရှိသည်အတိုင်း ပျောက်ပျက် တိမ်ကော မသွားသင့်သည့်အပြင်၊ စာသင်သားတို့ ပင်လျှင်လည်း ဝိစုက္ကဋ္ဌပြု၍ များစွာ လေ့လာသင့်သည့် ဝတ္ထုဖြစ်သည့်အတိုင်း ခေတ်အလျောက် တန်ဆာဆင်၍ ကျွန်ုပ် ဖွဲ့နွဲ့ ရေးသားပါသည်။

ဤဝတ္ထုသည် မှန်ကန်သော အဖြစ်အပျက် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ထိုအဖြစ်အပျက် သည်ကား သာသနာတော် သက္ကရာဇ် တစ်ရာ့ နှစ်နှစ်၊ သရေခေတ္တရာ နယ်မြေ ရပ်ကွက်၌ မြေကြီးငလျင် ပွဲတင်ထပ်မျှ ပြင်းထန်စွာ တုန်လှုပ်၍ ဘိုးဦးမော်အရပ်၌ (၁)

အင်းကြီးပေါ်ခြင်း၊ စမုံဆံမြိတ်မြစ်ဖြစ်ခြင်း၊ ပုပ္ပားတောင် မြေမှ စုန့်စုန့်တက်ခြင်း၊ သရေခေတ္တရာပြည် တည်ရာဝယ် ပင်လယ်ရေ ခန်းခြောက်ခြင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း၌ တောင်ကြီးမြုပ်၍ (၂) ရေအင်းကြီး ပေါ်ခြင်းတို့ မဖြစ်မီကပင် ဖြစ်ပျက်နေသော အကြောင်းကို ရေးထားသည့်ဝတ္ထု ဖြစ်ဟန် ရှိချေသည်။

ထိုသို့သောခေတ်က မြန်မာပြည်၏ တောတောင်ရေမြေ အခြေ - (၁) ပြည်စီရင်စုရှိ အင်းမကန် (၂) ရှမ်းပြည်နယ်တောင်ပိုင်းရှိ အင်းလေးအိုင် အနေတို့သည့် ယခုအခြေနှင့် မတူဘဲ များစွာ ကွဲပြားကာ ရှိချေသည်။ အကြောင်းကိုဆိုသော် ထိုစဉ်အခါက ပြည်မြို့တည်ရာ ရပ်ကွက်သည် ပင်လယ် တိမ်မှုသာဖြစ်၍ သကျအင်းဟု ထွင်လေ၏။ သံတွဲမှစ၍ တောင်စဉ် ခုနစ်ခရိုင်သည် ကမ်းယံပြည်ဟု တွင်လေ၏။ ထိုအခါက သဘော်ဆိပ်ဖြစ်သော စကုဒေသ လယ်ကိုင်းရပ်ကွက်မှ သလ္လာဝတီမြစ်အထိ ဒေသကို သုနာပရန္တတိုင်းဟု တွင်လေ၏။

(ဂေါတမမြတ်စွာ ဘုရားသခင် ပွင့်တော်မူစဉ် စူဠပုံ၊ မဟာပုံ ညီနောင်တို့သည် ဘုရားသခင်နှင့် တွေ့ကြပြီးနောက် စူဠပုံသည် သဘော်နှင့် မဇ္ဈိမဒေသ ပင်လယ်ကိုကျော်၍ လယ်ကိုင်း အထိ ပြန်လာသည်ဟု သာသနာဝင် ကျမ်းနှင့် ရာဇဝင် အစောင်စောင်တို့တွင် ဆိုထား လေသည်။)

ချင်းတွင်းမြစ်ညာ ဝဲယာ အဝှမ်း၌ကား ကလေးတောင်ညို၊ ရာဇဂြိုဟ်၊ တောင်တွင်းပြည်၊ (၁) ဗိဿနိုးပြည်၊ (၂) မောရင်ပြည်ကြီးတို့ ရှိကြ၍ ဧရာဝတီ မြစ်ညာ ဝဲယာ၌မူကား (၃) ပေါက္ကံပြည်၊ တကောင်းပြည်၊ (၄) စမ္ပာနဂိုရ်ပြည်တို့ တည်ရှိလေသည်။

(၁) ဗိဿနိုးပြည်ဟောင်းသည် ယခုချင်းတွင်းမြစ် အရှေ့ဘက် မဟာမြိုင်ထဲမှာ ရှိသည်။ (၂) မောရင်ကို မောရိယ ဟု ရာဇဝင်ဆရာများက ရေးသည်။ (၃) ပေါက္ကံပြည်ကား စစ်ကိုင်းစီရင်စု မြောက်ဘက်မှာ ရှိ၍ (၄) စမ္ပာနဂိုရ်ပြည်ဟောင်းကား ဗန်းမော်မြို့ မြောက်ဘက်တွင် ယခုတိုင် ပြည်နေရာ ရှိလေသည်။

ထိုသို့ ပြဆိုခဲ့သော မင်းနေပြည်တို့အနက် သုနာပရန္တတိုင်း စကုလယ်ကိုင်းရပ်ကွက်သည် အလွန်ထင်ရှား ကြီးကျယ် စည်ကား၍ ပညာရှိများ ထွန်းကားခဲ့လေ၏။ ထိုခေတ် ထိုအခါက မြန်မာပြည်၏ ဒိသာပါမောက္ခ ဆရာကြီး မိုခိုရာ တက္ကသိုလ်ပြည်ကြီးလည်း ဖြစ်ချေ၏။ မြန်မာပြည်တွင် စက်ရုပ်ယန္တရား ပြုလုပ်၍ ဘုရင့်ဘေးရန်ကို ကြောက်သောကြောင့် ကောင်းကင်ခရီးဖြင့် ထွက်ပြေး

ရသော လယ်သမားကျော် ကော်ကနသည် သူခိုးတေက်ပြား၊ ထိလပ်၊ အောင်ဖြူ အစရှိသည့် ဇာတ်ဝတ္ထုတို့ ဖြစ်ပေါ်ရာ ထိုရပ်ကွက်ကပင် ပေါ်သော ဝတ္ထုဖြစ်ချေသည်။ ယခု ဖာတစ်လုံးခေါင်းကျား ဝတ္ထု၏ အစသည်လည်း ထိုရပ်ကွက်ကပင် ချီ၍ ရေးရမည် ဖြစ်ခြင်းကြောင့် ဝတ္ထု၏ အစကို ဖော်ပြရပေတော့မည်။

တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ၌ အတိုင်းတိုင်း အပြည်ပြည်မှ မင်းညီ၊ မင်းသား၊ မင်းသမီး အစရှိသဖြင့် အမျိုးလေးပါးတို့သည် လာရောက် သင်ကြားကြကုန်၏။ ၎င်းတို့တွင် ကမ်းယံနိုင်ငံ သက်သာပြည်ကြီးရှင်၏ သားတော် မျိုးညွှန့်ရှိန်မင်းသား၊ သုနာပရန္တတိုင်း စေတုတ္တရာ ပြည်သား မင်းဘီလူးခေါ် မင်းသား၊ ပရိမ္မ မင်းသား၊ ပေါက္ကံပြည့်ရှင် ဘုရင်မင်းမြတ်၏ သမီးတော် မြဝတ်ရည် မင်းသမီး အစရှိသည်ဖြင့် တပည့်ပေါင်းငါးရာတွင် မင်းမျိုးမင်းနွယ်တို့ များစွာ ပါဝင်လျက် ပညာရင်နို့ကို သောက်စို့ခိုလှုံကာ ရှိကြကုန်၏။

မျိုးညွှန့်ရှိန် မင်းသားသည်ကား ထိုတပည့်ငါးရာတို့ အပေါ်တွင် ဆရာစောင် တပည့် ပြုလုပ်၍ ဆရာ့ကိုယ်စား မင်းသား၊ မင်းသမီး၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ် စသည်တို့၏ တတ်အပ်သော အတတ်အမျိုးမျိုးတို့နှင့် တစ်ဆယ့်ရှစ်ရပ်သော အတတ်မျိုးတို့ကို တပည့် ငါးရာတို့အား ရံဖန်ရံခါ သင်ပေးရလေ၏။ ဤနည်းဖြင့် တက္ကသိုလ်ပြည်ကြီးသည် မင်းညီ၊ မင်းသား၊ သူဌေး၊ ကုန်သည်၊ သူဆင်းရဲသား စသည်ဖြင့် လူမျိုးစုံကြီး၏ ခိုလှုံရာ ဖြစ်စေ၍ ကြက်ပျံမကျ စည်ကားလှခြင်းကို အကြောင်းရင်းထားပြီးလျှင် ဤဝတ္ထုကို အစ ချီပါသည်။

## သုံးကြိမ်မြောက် ပုံရိုက်ခြင်း အချီး

မြန်မာပြည်ကို ဂျပန်စစ်သည်များ လွှမ်းမိုးနေရာတွင် အင်္ဂလိပ်၊ အမေရိကန်စသော မဟာမိတ် စစ်သည်များ လာရောက်တိုက်ခိုက်ရာ ကျွန်ုပ်၏ နေအိမ်သည် မဟာမိတ် စစ်သည် လေယာဉ်ပျံများအားဖြင့် မီးလောင်ကျွမ်းသောကြောင့် ပုရပိုက်မူ အမြောက်အမြား၊ သတ်ပုံကျမ်း၊ မြန်မာသဒ္ဒါကျမ်းစသော ပေမူအမြောက်အမြား၊ ကျွန်ုပ် ရေးသားသည့် စလေမင်းခွေး ဝတ္ထု စသော စာအုပ် အမြောက်အမြား၊ ပေါင်း ရေးခေတ်၏တန်ဖိုး နှစ်သောင်းကျော်ဖိုးခန့် ရှိသည့် စာကြည့် တိုက်နှင့် စာအုပ်များစွာတို့သည် မီးထဲတွင် ပါသွားရာ နှစ်ကြိမ်မြောက် ပုံရိုက်ပြီး ဖာတစ်လုံး ခေါင်းကျား ဝတ္ထုစာအုပ်ပေါင်း ၄၀၀၀ ခန့်လည်း ပါသွားပါသည်။

မြန်မာပြည်သည် ပြည်ထောင်စု နိုင်ငံတော် သမ္မတခေတ်သို့ ရောက်သောအခါ ဤဝတ္ထုသည် မြန်မာပြည် စာစစ်မင်းကြီးရုံး တက်ဆဘုတ် ကော်မတီ အတွင်းရေးမှူး၏ စာနံပါတ် ၆၉/၁၆ E.Y.3 ရက်စွဲ ၁၂-၁-၁၉၄၈ ရက်စွဲနှင့် ဆရာများနှင့် ကျောင်းသားများ စာကြည့်တိုက်တွင် အပါအဝင်ပြုထားသော စာအုပ်အဖြစ်ဖြင့် အတည်ပြုထားသည့် စာအုပ်ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗဟုသုတနှင့် အကျိုးကောင်း၊ အကျိုးမွန်ကို ရှာဖွေ ဆည်းပူး လေ့လာလိုက်စားနေသော အမျိုးသား အမျိုးသမီးတို့ကလည်း ကိုယ်တိုင် လာရောက် ကြ၍ ဖြစ်စေ၊ စာနှင့်ရေး၍ဖြစ်စေ ဖာတစ်လုံးခေါင်းကျား ဝတ္ထုကို ဝယ်ယူကြရာ၊ ကျွန်ုပ်မှာ ၎င်းတို့ စိတ်အလို ပြည့်ဝနိုင်စေရန် စာအုပ်မူဟောင်း တစ်အုပ်သာ ရှိတော့သဖြင့် မတတ်နိုင်သည့် အားလျော်စွာ တောင်းပန် လွှတ်ရသည်မှာ များလှသဖြင့် ယခု သုံးကြိမ်မြောက် အဖြစ်နှင့် ဤဝတ္ထုစာအုပ်ကို ပုံရိုက်ရပါသည်။ ကောင်းသော အကျိုးစီးပွားကို လိုလားကုန်သော စာကြည့် ပရိသတ်တို့၏ အလိုဆန္ဒ ကောင်းသည် လုံလုံလောက်လောက် ပြည့်ဝပါစေသတည်း။

## အခန်း(၁)

## ဆန်းကြယ်သော ဆုံးမခြင်း

တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံ၌ ပညာအမျိုးမျိုးကို လောရောက် သင်ကြားကြကုန်သော အမျိုးသားတို့သည် အနည်းဆုံး သုံးနှစ် သုံးဝါ ကြာကြကုန်၏။ အချို့မှာ သုံးနှစ် သုံးဝါ သင်၍ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာတို့ကို အပြီးတိုင် တတ်မြောက်ကြပြီးသော် ဆရာကို ပူဇော်ကန်တော့လျက် ပြန်ကြကုန်၏။ အချို့မှာ ပညာပါရမီ နည်းပါးလှသဖြင့် မတတ်မြောက်ဘဲ တစ်လုံး တစ်ဂါထာ တစ်ပုဒ်ဆန်းမျှလောက်ကိုသာ တတ်မြောက်၍ ပြန်ကြရကုန်၏။ ထိုသို့သော အချိန်သည်ကား နက္ခတ်စုံကွန့်မြူးသည့် ဆောင်းဦးစ မိုးလအကုန်ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့ပင် ဖြစ်လေသည်။

မျိုးညွန့်ရှိန်၏ ပညာသင်ကြားဘက် တပည့်ငါးရာတို့သည် အမျိုးမျိုးသော ပူဇော်မှုမျိုးကို ဆရာအားပြုကြ၍ ပြန်သွားကြရာ ပရိမ္မမင်းသားသည် မျိုးညွန့်ရှိန် မင်းသားအား ဆရာစောင်တပည့် ဖြစ်ခဲ့သည့်ပြင် အလွန်ချစ်ခင် ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခဲ့သည် ဖြစ်သောကြောင့် ၎င်း၏ တိုင်းတော် ပြည်တော်သို့ ဆောင်းဥတု မကုန်မီ လှည့်လည် ကြွလာတော်မူရန် ဤသို့ ဖိတ်မန္တက ပြုလေ၏။

"နောင်တော်၊ တိုင်းတော်ပြည်တော်သို့ ပြန်၍ ခမည်းတော်မင်းမြတ်ကို ကန်တော့တော်မူပြီး လျှင် ခွင့်ပန်တော်မူလျက် ညီတော်၏ တိုင်းပြည်သို့ လှည့်လည် ရှုစားတော်မူရန် ကြွချီတော်မူခဲ့ပါ။ နောင်တော်၏ ကျေးဇူးတော်ကို ဆပ်ပါရစေ။

"ညီတော်၏ တိုင်းပြည်သည်ကား မြရေယဉ်ဖြင့် ပြီးသော သလ္လာဝတီမြစ်ကမ်း၌ တည်ရှိ၍ အလွန် သာယာတင့်တယ်လှပါသည်။ သလ္လာဝတီမြစ်မှ ရေယဉ်ကို သွင်း၍ ကျုံးကြီးသုံးတန် ပတ်ဝိုက်ကာလျက် ရှိပြီးလျှင် ငါးမည်သော ကြာပန်းတို့ဖြင့် ရာသီမပြတ် ကျုံးဘကီးကို တန်ဆာ ဆင်ခြင်းဖြင့် နှစ်သက်ဖွယ်ရာ တင့်မျိုးမက တင့်ပန်းလှစေပါသည်။ အတွင်းကျုံးကြီး၌ ညစဉ် ညတိုင်း ပုံမောင်း တူရိယာတို့ကို တီးလျက် ရေကင်းလှည့်ကာ ညည့်အချိန်ကို သာယာ တင့်တယ်စေပါသည်။ ပြင်ကြီး လေးပြင်၌ ကြက်ပျံမကျ စည်ကားလှ၍ မြောက်ပြင်၊ တောင်ပြင်စသော ပြင်ကြီး လေးပြင်တို့၌ သူဌေးကြီး လေးယောက်စီတို့နှင့် သူဌေးငယ် အခြံအရံ ခြောက်ကျိပ် လေးယောက်စီတို့ဖြင့် လည်းကောင်း အလွန်စည်ပင် သာယာဝ ပြောလှပါသည်။ ဈေးစဉ် ကမ်းနား၊ ဆိုင်တန်း၊ ဆိပ်ကမ်း စသည်တို့၌ ကူးလူး သွားလာကြသော မြို့သူမြို့သားတို့၏ အသံ၊ ကုန်သည်၊ ဈေးသည်တို့၏ အသံဖြင့် နေ့ညည့် ပတ်လုံး တအုန်းအုန်းနှင့် အလွန် သာယာစည်ကားလှပါသည်။

"ပြည်တော်ကြီး၏ မြို့ရိုးကြီး အပေါ်၌ ပြအိုး၊ ပြသာဒ်၊ ခိုနန်း၊ တန်ဆောင်းတို့ဖြင့် တင့်တယ်စွာ စီမံဖန်တီးထားခြင်းကြောင့် ဝေးဝေးမှ မြင်ရလျှင် စိန်ဖူးရောင် တဖျတ်ဖျတ်၊ ရွှေရောင် တလျှပ်လျှပ်တို့နှင့် နတ်မြို့ကြီး တမျှကဲ့သို့ အလွန်လျှင် တင့်ဆန်းသိုက်မြိုက် လှပလှပါသည်။ မြို့တွင်း မြို့ပြင်တို့၌ ပြလမ်းမကြီးများ၊ လမ်းသေး လမ်းမွှာများတို့တွင် ထွက်ဝင် သွားလာ နေကြကုန်သော ဆင်သံ၊ မြင်းသံ၊ စစ်သည် ဗိုလ်ပါသူရဲသံ၊ ပြည်သူ ပြည်သား အသံတို့နှင့် ပွမ်းလျက် ရှိသောကြောင့် ပြည်တော် အလုံးသည် သိကြားမင်း၏ အသူရာကို အောင်၍ အောင်ပွဲကျင်းမသော တာဝတိံသာ၏ နေ့ကဲ့သို့ နေ့စဉ်နေ့တိုင်း ရှိနေချေ၍ အလွန်နှစ်သက် ပျော်မွေ့ဖွယ် ရှိပါသည်။ ထိုပြည်ကြီးသို့ ညီတော် ချစ်အား ချီးမြှင့်တော်မူသောအားဖြင့် နောင်တော်ချစ်သည် မကြာမီ ကြွချီတော် မူခဲ့ရန် တောင်းပန်ရပါသည်"

ပေါက္ကံပြည်မှ မင်းသမီး မြဝတ်ရည်သည်ကား မျိုးညွန့်ရှိန် မင်းသားနှင့် မေတ္တာယဉ်ပါး စိတ်ကစားမိကြသဖြင့် မြဝတ်ရည်သည် မျိုးညွန့်ရှိန် မင်းသားအား ဤသို့လျှင် နှုတ်ဆက်စကားကို ဆိုလေ၏။

"မောင်တော် သက်သာပြည်ကြီးသို့ ပြန်ရောက်တော်မူသောအခါ ခမည်းတော်ထံတွင် ခွင့်ပန်လျက် နမလေး၏ ပေါက္ကံပြည်တော်သာသို့ သံတောင်းကူး၍ မင်းလွှင်မြူးစဉ် ဆက်ဆက်ကြီး ကြွချီတော်မူခဲ့ပါ။ သဝဏ်ရွှေလွှာ မြတ်မိန့်စာကို တင်ကြိုကာလည်း နမလေးထံသို့ ပို့တော်မူပါ။ ဖျာ့နမက ရေကြည်တော် ကွမ်းထောက်နှင့် အကြိုတော် ရောက်ပါစေ့မည်။

"မောင်တော်မှာ တိုင်းပြည်ဘောင်ဌာနသို့ ရောက်ကာလ ခမည်းတော် မြတ်ဖျား ဇေရာဇ် မင်းတရားက သားတော်အကြီးပေမို့ ပညာကား ကုန်ခဲ့ပြီ၊ ကြင်ရာနှင့် စုံညီမှ မင်းသားလည်းမီ၊ အိမ်ရှေ့တော်လည်း တည်သင့်သည်ဟု အိမ်ရှေ့မျောက်သား မင်းမိဖုရားနှင့် စုလျားရစ်ပတ် ဖွဲ့နှင်းကာ ချပ်လေ၍ အိမ်ရှေ့ရာ အပ်ခဲ့ပါသော်၊ ဖျား နမမှာ ရွှေရင်ကို စည်သို့ တီးလျက် နတ်ပွဲကြီး ဝင်ပြီဟု အောက်မေ့ခြင်း ပြုတော်မူပါ မောင်တော်။

"ဖျာ နမကလေးသည် ပေါက္ကံရွှေပြည်တော်သို့ ရောက်ကာလ တစ်ပင်တိုင် မြနန်းမှ လေသွန်းတံခါးကို ဖွင့်ဟ၍ မောင်တော်တို့ ပြည်ကြီးရှိရာ တောင်ဆီက တက်လာသော တိမ်ခြည် တိမ်လိပ်၊ တိမ်အရိပ်တို့ကို ကြည့်လျက် ကိုယ်တော်ကြီး မျိုးညွန့်သည် နမကလေးအပေါ်၌ ကြည်ဖြူ မေတ္တာ၊ မြတ်ကြင်နာနှင့်၊ အနစ်ပါပါ၊ သဒ္ဒါကို ပြုရာလျက် ဆင်တော်ကို စီးပြီးသော် ခရီးပြင်းနှင်ကာ ရောက်လာပါတော့အံ့ဟု ကျမျက်ရည်ကို သိမ်းဆည်း၍ မောင်တော်၏ ရုပ်ပုံတော် ရွှေလွှာကို ပွေ့ပြီးလျှင် မျှော်ရပါတော့မည်။ နမကလေးကို အနစ်ပါပါနှင့် ကြင်နာသဒ္ဒါ၊ မေတ္တာ လွန်ကဲခြင်း တို့ဖြင့် နေ့ကြာ မမြင့်စေဘဲ ရွှေစက်စုံ ဆင်နွဲလျက် ဝိပါဟ ပွဲသဘင်ကို ဆင်ယင်ရန် ဖျားနမ၏ ခမည်းတော်ထံတွင် ခွင့်ပန်ဆင်တော် မူလှည့်ပါ မောင်တော်"

စေတုတ္တရာပြည် မင်းဘီလူးခေါ် မင်းသားသည်ကား မြဝတ်ရည်၏ မေတ္တာပန်းကို ဆွတ်လှမ်းလိုသည်နှင့်အညီ မျိုးညွန့်ရှိန် မင်းသားနှင့် ခဏခဏ ခိုက်ရန် ဖြစ်ကြရ၏။ မင်းဘီလူးသည် စိတ်ကြမ်း ကိုယ်ကြမ်း မင်းသားရမ်း ဖြစ်သော်လည်း မျိုးညွန့်ရှိန်မှာ ကိုယ်အား ဉာဏ်အားတို့နှင့် အထူး ပြည့်စုံသဖြင့် မင်းဘီလူးသည် မျိုးညွန့်ရှိန်ကို တုပြိုင်ခြင်းငှာ မတတ်နိုင်ချေ။ သို့သော် မင်းဘီလူးသည် စိတ်ဝမ်းကြီး၍ ဖွဲသန်သူ ဖြစ်သောကြောင့် ကျောင်းတော်မှ ပြန်ခါနီးတွင် မျိုးညွန့်ရှိန်အား ဤသို့လျှင် နှုတ်ခွန်းဆက်သလေ၏။

"အဆွေတော်၊ အဆွေတော်သည် မြဝတ်ရည်၏ မေတ္တာပန်းကို လုယက်သူ ဖြစ်သော ကြောင့် ကျွန်ုပ်၏ ရန်သူစစ် အမြဲဖြစ်ချေသည်။ အဆွေတော်သည် တိုင်းပြည်သို့ပြန်၍ အမျိုး၏ အမွေအနှစ်ဖြစ်သော ထီးနန်းစည်းစိမ်ကို လက်ခံသိမ်းပိုက်ပြီးသောအခါ ကျွန်ုပ်သည် ခုနစ် ပြည်ထောင် ခုနစ်ဆောင်သော မင်းတို့ကို သိမ်းသွင်းကာ အဖော်ပြု၍ အသင်၏ နေပြည်တော်ကို ထုံးလို ချေ၊ ရေလို နှောက်ပြီးသော် အသင့်ကို ကွပ်မျက်ပြီးမှ မြဝတ်ရည်ကို ကျွန်ုပ် တောင်ညာ ထားကာ စံစားပြီးလျှင် ဇေရာဇ်ဘုရင်၏ အဘိသေက မင်္ဂလာကို ဆင်မြန်း သိမ်းပိုက်ရလိမ့်မည်။ အဆွေတော်သည် ကျွန်ုပ်၏ စကားကို မှတ်သား၍ တိုင်းဘောင်ပြည်ရပ်သို့ ပြန်လေလော့။

"အကြင်အခါ၌ သင်သည် ထီးနန်း စည်းစိမ်ကို မခံရသေး။ ထိုအခါသည် အသင့် ခမည်းတော်ကား ကျွန်ုပ်၏ ရန်ဘက် မဟုတ်သောကြောင့် သက်သာ ပြည်ကြီးကို ကျွန်ုပ် မဖျက်ဆီးသေး။ အသင့်လက်ထက်သို့ ရောက်သောအခါမှ အသင့် လည်ချောင်းသွေးကို ဘိသိက် ရေစင်ပြုပြီးသော် မြဝတ်ရည်ကို ကျွန်ုပ် လက်ဆွဲကာ ဘိသိက်မင်္ဂလာ ဆင်မြန်းမည်။ အသင် မှတ်ထား၍ ပြန်လေလော့။ အမုန်ယစ်သည့်ဆင် တောစပ်ကို ဝင်မိရင် သိလိမ့်မပေါ့"

မျိုညွှန့်ရှိန်သည်ကား မင်းဘီလူး၏ စကားဖြင့် တုန်လှုပ်ချောက်ချားခြင်း မဖြစ်သော်လည်း စကားစေ့စပ်မိခြင်းဌာ ပြုံး၍ ဤသို့လျှင် တုံ့ပြန်လေ၏။

"အဆွေတော်၊ အသင့်စကားသည် အလွန်ပြင်းထန်သော လေမုန်တိုင်းကြီး ဖြစ်စေကာမူ မြင်းမိုရ်တောင်နှင့် တူသော ကျွန်ုပ်၏ နှလုံးသားကို တုန်လှုပ်စေနိုင်လိမ့်မည် မဟုတ်ပေ။ အသင်၏ ခုနစ်ပြည်ထောင် ခုနစ်ဆောင်သော မင်းတို့နှင့်မျှမက တစ်ရာ့တစ်ပါးသော ပြည်ထောင်မင်းတို့နှင့် ပူးပေါင်း၍ ကျွန်ုပ်၏ ပြည်တော်ကို လုပ်ကြံစေကာမူ ကျွန်ုပ်၏ ခြောတော်ရင်း၌ သစ္စာခံကျွန်ရင်းမျှသာ ဖြစ်ရလိမ့်မည်ဟု မှတ်ပိုက်ကာ ပြန်သွားပါ။ သို့ရာတွင် အဆွေတော်က ကျွန်ုပ်၏ လည်ချောင်း သွေးသည် အဆွေတော်၏ ဘိသိက်ရေစင် ဖြစ်စေလိုခြင်းကိုကား ဤမျှနှင့်မက နှလုံးသွေးရည်နှင့်ပင် ကျွန်ုပ်သည် ဘုရား ဖြစ်ချင်၍ သူတစ်ပါး၏အကျိုးကို ဆောင်ရွက်လိုသည်အတိုင်း ကျွန်ုပ် ထောက်ပံ့နိုင်ပါသည်။

"အဆွေတော်၏ စကား၌ ကျွန်ုပ်၏ နစ်နာချက်တစ်ခုကိုကား ပယ်ဖျက် စေလိုသည်မှာ ရာဇဝင်ရိုင်းရာ မည်သော ကျွန်ုပ်သည် မြဝတ်ရည်၏ မေတ္တာပန်းကို အဆွေထံမှ လုယက်ယူငင်ခြင်း ဆိုသော စကားပင် ဖြစ်ချေသည်။ အဆွေတော်၊ အခါခပ်သိမ်း ကျွန်ုပ်သည် ဘုရားဖြစ်လို၍ လုမဟုတ်၊ လှူမျှသာ ဖြစ်ကြောင်းကို သိပါလေ။

"ကျွန်ုပ်သည် မြဝတ်ရည်၏ မေတ္တာပန်းကို လုယက်ယူငင်သူ မဟုတ်၊ ကြင်နာဖွယ်လျလျ ချစ်ခင်ဖွယ်တမျှသော မြဝတ်ရည်၏ သူ့ဘာသာအလျောက် ကမ်းလှမ်းသည့်မေတ္တာကို ကျွန်ုပ် သနားသဖြင့် လက်ခံထားခြင်းမျှသာ ဖြစ်ပါသည်။ မြဝတ်ရည်၏ အပေါ်၌ တစ်ဖက်သက် ကျရောက်သည့် သင်၏ မေတ္တာမှုအတွက် မြဝတ်ရည်ကို နိုင့်ထက်စီးနင်း နိုပ်စက်ကလူ ပြုမူ သော်ကား အားနည်း၍ အနိုပ်စက်ခံရသူကို ယောက်ျားဆိုသောလူသည် ကယ်ဆယ်ရမည့် ဝတ္တရား ရှိသည်အတိုင်း ကျွန်ုပ် ကယ်ဆယ်မည်ကို အဆွေတော် မစဉ်းစားပါလျှင် ကျွန်ုပ်၏ သန်လျက် ဓားသည် လူတစ်ယောက်အပေါ်၌ ပြဟ္မစိုရ်တရား ကင်းပြားရလိမ့်မည်။ ဤသည်တို့ကို မှတ်သား၍

ဉာဏ်ပညာနှင့် ပြည့်သုံသော မင်းသားဖြစ်သည်အတိုင်း လူပီသစွာနှင့် တိုင်းပြည်ဘောင် ဌာနသို့ ပြန်လေတော့ ညီတော် နေမင်းဆွေ”

မင်းဘီလူးသည် စဉ်းစား၍ ခပ်မဆိတ်နေပြီးသော် ခေါင်းညိတ်လျက် မျိုးညွန့်ရှိန်နှင့် ခွဲခွာလေ၏။

မျိုးညွန့်ရှိန် မင်းသည် နေပြည်တော်သို့ ပြန်လည်ရတော့မည် ဖြစ်၍ ဆရာတော်အား များစွာသော လက်ဆောင်ပဏ္ဏာတို့ကို ပြုလျက် ကန်တော့ခြင်းကို ပြုလေ၏။

ဒိသာပါမောက္ခ ဆရာကြီးလည်း နောက်ဆုံး ဩဝါဒစကားဖြင့် ဤသို့ မိန့်ကြားတော်မူလေ၏။

“ငါ၏ ချစ်အပ်သော မြတ်နိုးအပ်သော တပည့်ချစ်၊ သင်သည် မင်းသားတို့ တတ်အပ်သော အတတ်မှစ၍ တစ်ဆယ့်ရှစ်ရပ်သော အတတ်တို့ကို ပါရဂူမြောက် ကော်ကနဖြစ်အောင် တတ်ငြားသော်လည်း သင်သည် လောက၏ အကျိုးစီးပွားကို ဆောင်ရွက်လို၍ လောက၏ သဘောကို နားလည်လိုသည်အတိုင်း ပညာရှိအစစ် ဖြစ်နိုင်ရန် သင့်အား ငါ နောက်ဆုံး ဩဝါဒစကား ပေးလိုက်မည်။ မှတ်သားလော့။

“လောက၏ အကျိုးစီးပွားကို ဆောင်ရွက်လို၍ လောက၏ သဘောကို နားလည်ပြီးလျှင် ပါရဂူမြောက် ထွန်းတောက်လျက် လောကမှာ လူတစ်ဆူဟု တည်လိုခဲ့သော် သင့်ကိုယ်တိုင် ရှာကြံဆည်းပူးရန် သင့်မှာ ဝတ္တရား ကျရောက်ချေပြီ။ ငါ သင်ပေးခဲ့သော အတတ်ပညာရပ်တို့ သည်ကား တက္ကမှာ အကြံ၊ သီလံမှာ အလေ့၊ တက္ကသီလံ သာပေါင်းခမည့် မြို့နိုင်ငံမှာ နိဿရည်းနှင့် ဆရာ့နည်းကို ခံရန် လာရောက်ကြသည်အတိုင်း နည်းမျှသာလျှင် ဖြစ်ချေသေးသည်။ စင်စစ် အတတ်ပညာကား မဟုတ်သေးပေ။ တပည့်ချစ်၊ သင့်အတွက် သင်နှင့် လျော်သော အတတ်ပညာကို သင်ကိုယ်တိုင် ရှာဖွေစူးစမ်း စုဆောင်းပေလော့။

“နားထောင်၊ သင်သည် တိုင်းပြည်ဘောင် ပြည်ရပ်သို့ ပြန်ရာတွင် တစ်ဝက်ခရီးဖြစ်သည့် ညောင်ညိုပင်သာ စခန်းနှင့် မြရိပ်ကြီး ဇရပ်သို့ ရောက်သောအခါ သင့်ခမည်းတော်သည် လှူပြည်ငြိုး၍ နတ်ထီး ပြောင်းနှင့် ပေလိမ့်မည်။

"သင်သည် ထိုဇရပ်၌ အတတ်ပညာအစစ်ကို အချီ နိဒါန်းအဖြစ်နှင့် ရိပ်မိလာ၍ ညီရင်းအစ်ကို ဟူသော ပြဿနာကို သင်ဖြေရလိမ့်မည်။ အမျိုးမြတ်သူ ဟူသော ပြဿနာကိုလည်း သင် ကောင်းစွာ ဖြေရပေလိမ့်မည်။

"တပည့်ချစ်၊ လောက၌ အဆင်းထက် အချင်းသည်သာလျှင် အဖိုးတန်၍ ကောင်းကျိုးကို ပေးနိုင်၏။ မျိုးရိုးဇာတိထက် အကျင့်သည်သာလျှင် လောကကြီး၌ မိတ်ဆွေကောင်းဖြစ်နိုင်၏။ တပည့်ချစ် ... ကြည့်လော့၊ ရေသဖန်းသီးသည် အပကား ပတ္တမြားကဲ့သို့ အရောက်ရှိ၍ အတွင်းကား ပိုးလောက်အတိ ပြီးသောကြောင့် လူတို့ မစားမသုံးကြလေ။ ပိန္နဲသီးသည်ကား အပြင်က ဆူးအတိပြီးသော်လည်း အတွင်းကား ရွှေအဆင်းကဲ့သို့ရှိ၍ ချိုမြိန်သော ရသာကြောင့် လူတို့ နှစ်လို စားသုံးကြကုန်၏။ တစ်နည်းအားဖြင့်လည်း သရက်သီးမှည့်ကား အတွင်းအပ အားဖြင့် အဆင်းအနံ့ အရသာနှင့် ပြည့်စုံသောကြောင့် လူတို့ အလွန်နှစ်လို စားသုံးကြကုန်၏။ ဆုပ်လျှင်စူး၊ စားလျှင် ရှူးသော ပဒိုင်းသီးသည်ကား အတွင်း အပအားဖြင့် တင့်တယ်ကောင်းမွန်ခြင်း မရှိပေ။ ထိုဥပမာများ နည်းတူ လောက၌ သတ္တဝါတို့၏ စရိုက်သည် ဖြစ်တည်ကုန်၏။

"အကြင်သူသည် ငါကား ပဒိုင်းသီးလော၊ ကျီးအာသီးလော၊ ရေသဖန်းသီးလော၊ ပိန္နဲသီးလော၊ သရက်သီးလော စသည်ဖြင့် သိအံ့၊ ထိုသူသည် လောက၌ လူကောင်းဖြစ်နိုင်ရန် အကြောင်းရှိ၏။ မိမိကိုယ်ကို မိမိ ပိန္နဲသီး၊ သရက်သီး၊ ဥသျှစ်သီး စသည်ဖြင့် လူတို့နှစ်လိုသော အသီးအနံ့ကောင်း ဖြစ်အောင် ကျင့်သုံးအံ့၊ ထိုသူသည် လူကောင်းဖြစ်ရန် တံခါးပေါက်ကို တီးခေါက်မိပြီ။ ထို့ပကြောင့် လောကအကြောင်းကို ကောင်းစွာ တတ်သိ ကျွမ်းကျင် နားလည်အောင် စုံးစမ်းရှာဖွေ ဆည်းပူးလေ့ကျင့်ရာချေသည်။ လောကအကြောင်းကို ခေတ်နှင့်အညီ၊ ခေတ်၏ အလျောက် ကောင်းစွာ တတ်ကျွမ်းနားလည်၍ ကျင့်သုံးတတ်မှ သာလျှင် လောကို အုပ်စိုးနိုင်၍ ကောင်းစားခြင်း၊ အောင်မြင်ခြင်း၊ တန်ခိုးကြီးခြင်းတို့သည် ဖြစ်ရပေလိမ့်မည်။

"တပည့်ချစ်၊ သင့်အား ညောင်ညိုပင် စခန်းတွင် ညီရင်းအစ်ကိုနှင့် အမျိုးမြတ် ပြဿနာကို သင်ပြရလိမ့်မည်ဟု ငါပြောပြီး ဖြစ်သည်။ သင်သည် သင့်ခမည်းတော်၏ ရိပ်ရာကို မဆက်ခံသေးဘဲ အမျိုးမြတ်ဖြစ်သော သင့်ညီတော်အား ထီးနန်းရိပ်ရာကို လွှဲအပ်၍ သုံးနှစ်သုံးဝါ သင့်ပြည်မှ ခွာပြီးလျှင် (၁) ကျေးကျွန်၊ (၂) မိတ်ဆွေ၊ (၃) အစ်မနမ၊ (၄) ဇနီး၊ (၅) အစ်ကိုတို့ မည်သည်ကား အဘယ်နည်း ဟူသော ပြဿနာကို နားလည်ပြီးမှ အသုံးပြုတတ်ချေသော် သို့မဟုတ် လိုက်နာ ဆောင်ရွက် ချေသော် ဧကရာဇ်မင်းမြတ် အဖြစ်နှင့် ထီးနန်းသက်ရှည်ပြီးလျှင် ဘုန်းတန်ခိုး ကြီးမြင့် ပေလိမ့်မည်။

သို့မဟုတ်က လောကဇာတ်ပွဲတွင် သင်သည် အရှုံးမင်းသားကြီး အဖြစ်နှင့် ဇာတ်လိုက်လုပ်ရပြီးသော် သူတောင်းစားတို့၏ ဗိမာန်တော်ဇရပ်တွင် သင့်ခေါင်း ချရပေလတ္တံ့ တပည့်ချစ်"

မျိုးညွန့်ရှိန်သည် ဆရာ၏ နက်နဲသိမ်မွေ့သော ဆုံးမစကားတို့ကို မှတ်သားနာယူ၍ မိမိ၏ တိုင်းပြည်သို့ ပြန်လာရာ၊ ညောင်ညိုပင်သာ စခန်း၌ တစ်ချိန်တည်း နားဝင်ခိုကပ်လာသော အနည်ာတ မထင်ရှားသူ တစ်ယောက်ကို တွေ့ဆုံရလေ၏။ ထိုသူသည် မျိုးညွန့်ရှိန်ကို ဂရုမပြုဘဲ တစ်ဖက်သော အရိပ်တွင် နားနေလေ၏။

မျိုးညွန့်ရှိန်လည်း ထိုသူရှိရာသို့ မင်းသားတည်းဟူသော မာန်၊ အတတ်ပညာရှိသော ယောက်ျားတို့၏ မာန်နှင့် သွားရောက်၍ "ဟေ့ တောတွင်းသား၊ ငါဟာ သက်သာပြည်ကြီး၌ စည်ထီး ခရိုင်၊ နိုင်ငံနှင့်တကွ အုပ်စိုးတဲ့ ဘုရင်မင်းမြတ်ရဲ့ သားတော်ကြီး ဖြစ်ကြောင်းကို သင် မသိသလော။ သင် ရှိုင်းစိုင်း နောက်ကျလို့ ငါ့အား ရှိသေကျိုးနွံစွာ တုပ်ဝပ် ခစားခြင်း မပြုမိတာကို ငါ သည်းခံတယ်။ ဆင်းရဲသား ကျွန်တော်မျိုးတို့ရဲ့ ဝတ္တရားမှုကို နားလည်လော့" ဟု ဆိုလေ၏။

"အချင်း၊ အကျွန်ုပ်ကား မာန်ယစ်နေသဖြင့် အသင်ကဲ့သို့ သတ္တဝါတို့၏ အရည်အသွေးနှင့် အမျိုးအနွယ်ကို မသိသည် မဟုတ်။ အသင့်အား အသွေးကို မြင်၍ အသွင်ကို နားလည်သဖြင့် အသင်သည် မည်သို့သော အမျိုးအနွယ် အဆင့်အတန်း ရှိသည်ကို ကျွန်ုပ် နားလည်သိမြင်ပါ၏။

"အသင်သည် မင်းသား၊ မင်းမျိုး၊ ထီးရိုးနန်းလျာ ဖြစ်ရုံမျှနှင့် အသင့်ကို ပြည်သူပြည်သားတို့ ရှိသေကျိုးနွံစွာနှင့် ပူဇော်သက္ကာယ ပြုသင့်သည်ဟု သင် ထင်ပါသလား။ ပြည့်ရှင်မင်းကို တိုင်းသူပြည်သားတို့သည် အဘယ်ကြောင့် ရှိသေအပ်သည်ဟု အသင် ထင်ပါသနည်း။ မင်းကျင့်တရား ဆယ်ပါး၊ နာယက ဂုဏ် ခြောက်ပါး၊ သင်္ဂဟတရား လေးပါး၊ အပရိဟာနိယတရား ခုနစ်ပါး၊ ရန်အောင်ကြောင်းတရား လေးပါးတို့နှင့် မပြည့်စုံသော မင်းအား အရိုအသေပြုခြင်း၊ သစ္စာကတိ စောင့်ခြင်းတို့သည် တိုင်းပြည်လူမျိုးအား သေစေတတ်သော အဆိပ်ပင်ကို ရေလောင်း ခြင်း၊ ပူဇော်ပသခြင်းတို့နှင့် တူချေသောကြောင့် ထိုသို့သော မင်းကို နိုင်နင်းအောင် ပုန်ကန် ထောင်ထား ခြားနားခြင်းသည်သာလျှင် တိုင်းပြည်နိုင်ငံကို ချစ်ခင်ကြင်နာစွာနှင့် ကယ်ဆယ်သော ယောက်ျားမြတ် ဖြစ်ချေသည်။

"နားထောင်ပါဦး အဆွေတော်၊ မင်းသား ဖြစ်ရုံကာမျှနှင့် သူတစ်ထူး၏ ရှိသေကိုင်းရှိုင်း ဦးညွှတ်တွား၍ ခစားခြင်းကို ခံထိုက်သည်ဟု သင် ထင်ပါသလော။ လူတို့မည်သည် လူကို

ဦးညွှတ်ခစားပြီးလျှင် ပူဇော်အထူးကို ပြုထုတ်သည် အသင် ထင်မှတ်နေပါသလော။ လူတစ်ဦးက လူတစ်ဦး ပူဇော်ခြင်း၊ အရိုအသေ အလေးအမြတ်ပြုခြင်း၊ ရှိခိုးကန်တော့ခြင်း စသည်တို့ ပြုရခြင်း မည်သည်ကား အကျင့်သီတင်း သီလဂုဏ်၊ ကျေးဇူးဂုဏ်တို့၌သာ တည်လေသောကြောင့် တိုင်းသူပြည်သားတို့သည် မင်းအား အသက်ဦးဆံကို အပ်ခြင်း၊ အခွန်ဘဏ္ဍာ ဆက်သခြင်း၊ ရှိခိုးဦးညွှတ်၍ အရိုအသေပြုခြင်း စသည်တို့သည် အဌကလာပ်ရုပ်ရှစ်စီးဖြင့် ဖွဲ့စည်းထားအပ်သော ထိုမင်း၏ ရုပ်ခန္ဓာကို ပြုခြင်း မဟုတ်။ ထိုမင်း ဆောက်တည်ကျင့်သုံးနေသော ကျင့်ဝတ္တရားမြတ်ကို သာလျှင် ပြုခြင်း မည်ချေသည်။ ပြည့်ရှင်မင်းမည်သည် မိမိ၏ ကျင့်ဝတ္တရားမှ ချွတ်ယွင်းချေသော် သူခိုးမှုးကြီး၊ ဓားပြဗိုလ်ချုပ်ကြီး၊ သူသတ်သမားတို့၏ ခေါင်းဆောင်ကြီး ဖြစ်သည်ကို အသင်သည် ကြားဖူးနား၀ မရှိလေသလော့။

"ဆက်၍ နားချိုပါဦး အဆွေတော်၊ မင်းသားမည်ကာမျှနှင့် တရား မင်းမြတ်ဖြစ်သည့် ခမည်းတော်၏ ရိုက်ရာကို ဆက်ခံသင့်၍ ပြည်သူပြည်သားတို့၏ အရှင်ဖြစ်ရပြီးလျှင် အရိုအသေ ပြုမှုကို ခံယူထိုက်သည်ဟု အသင် မှတ်ပါသလော။ တောင်နန်းမမွေး ဧကရာဇ် သွေးဖြစ်သည့် သားတော် အကြီးဆုံးပင်လျှင်လည်း ထီးမွေနန်းလျာကို မဆက်ခံသင့်ဘဲနှင့် ဆက်ခံ ချေသော် တိုင်းပြည်ကို ပျက်စီးအောင် ကျိန်ဆဲခြင်းမျှသာ ဖြစ်ကြောင်းကို အသင် မသိပါသလော။

"ခမည်းတော်၏ ထီးမွေနန်းလျာကို ခံစားရမည် ဖြစ်သော မင်းသားသည် မင်းသားတို့ တတ်အပ်သော အတတ်ပညာ အရပ်ရပ်တို့ကို ကောင်းစွာ တတ်သိကျေပွန် နားလည်ခြင်း ရှိရပေလိမ့်မည်။ တိုင်းသူ ပြည်သားတို့နှင့် မဆန့်ကျင်ဘဲ တိုင်းပြည်က ချစ်ခင်လေးစွား ယုံကြည် အားထားခြင်း ရှိရပေလိမ့်မည်။ တိုင်းပြည်ထီးနန်းကို လက်ခံ၍ အုပ်ချုပ်သိမ်းပိုက် စောင့်ထိန်းနိုင်ရန် ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ ဉာတိဗလ၊ ကလျာဏ၊ မိတ္တဗလ စသော အားငါးပါးနှင့်လည်း ပြည့်စုံရပေလိမ့်မည်။ အသင်သည် မင်းသားပုံပန်း လက္ခဏာ ရှိသည်ကို ကျွန်ုပ်သိ၏။ တက္ကသီလ်၊ သာပေါင်းခသည့် မြို့နိုင်ငံမှ နီသရည်းနှင့် ဆရာ့နည်းခံ၍ ပြန်လာသောသူ ဖြစ်ဟန်ရှိသည်ကိုလည်း ကျွန်ုပ်သိ၏။ သို့ရာတွင် အသင်သည် ဆရာ့နည်းကိုသာ လေ့ကျင့် ဆည်းပူးခဲ့သူမျှသာ ဖြစ်လျက် အတတ်ပညာ မပိုက်မိသေးသဖြင့်၊ မြေနှင့် မကစားဖူးသေးသော အလမ္ဘာယ် အတတ်ကို တတ်သူမျှသာလျှင် ဖြစ်ချေသေးသည်။ အသင့် အတတ်မျှဖြင့် အသို့လျှင် ဧကရာဇ်မင်းမြတ်၏ ထီးမွေ နန်းမွေခံ ဖြစ်၍၊ တိုင်းသူ ပြည်သားတို့ ရိုသေလေးမြတ်ခြင်းကို ခံယူထိုက်ပါအံ့နည်း။ အသင့်အတတ်သည် တရားရှင်မင်းမြတ် ဖြစ်နိုင်သောအတတ် မဟုတ်သေးဘဲ သူခိုး၊ ဓားပြ၊ သူသတ်သမား၊ မတရားအခွန်တောင်းတို့၏ ဗိုလ်ချုပ်ကြီး အတတ်မျှသာလျှင် ဖြစ်ချေသေးသည်။

အသင်၏ အတတ်ကို အသင် အားကိုးချေသော် အသင်စွဲကိုင်ကာလာသော လေး၊ မြား၊ လှံတံ၊ သန်လျက်တို့နှင့် ကျွန်ုပ်ကို တိုက်ခိုက်နိမ်နင်းပါလော့။ အသင့် အတတ်သည် အတတ်မဟုတ်သေးကြောင်းကို သက်သေခံပေလိမ့်မည်”

မျိုးညွန့်ရှိန် မင်းသားသည် ဤကဲ့သို့ လေးနက်သော စကားတို့ကို ကြားရလေလျှင်၊ ထိုလူ၏ စွမ်းရည်အင်အားကို စမ်းသပ်သင့်သည်ဟု မိမိ၏ လေး၊ မြား၊ သန်လျက် စသော လက်နက်မျိုးတို့နှင့် တိုက်ခိုက် နှိမ်နင်းလေရာ၊ ထိုသူသည် သိုင်းအတတ်၊ ဇန်တို ဇန်ရှည် အတတ်တို့၌ တစ်ဖက်ကမ်းပေါက်၊ တတ်မြောက်နေသူ ဖြစ်သဖြင့် တသူမျှလောက်သော သမင်စာသားတုတ်နှင့် ခုံခံနေသည်ကို မတတ်နိုင်လေရကား ဤသို့ မိန့်ဆိုလေ၏။

“ညီချစ်၊ သင်ကား စကားအရာ၌ လိမ္မာရဲရင့်၏။ ယောကျ်ားတို့၏ အတတ်တည်းဟူသော အတိုက်အခိုက် အတတ်ပညာနှင့်လည်း ပြည့်စုံပုံရ၏။ ကျွန်ုပ်သည် တက္ကသိုလ်ပြည်ကြီး၌ အခေါင်အထိပ်မြောက် ဆရာစောင်တပည့်ကြီး ဖြစ်ဘိသည်။

“သင်သည် ကျွန်ုပ်ထက် တိုက်ခိုက်ခြင်း အတတ်၌ စွမ်းဘိ၏။ ယောကျ်ားတို့၏ မျက်စိတည်း ဟူသော အင်္ဂဝိဇ္ဇာ အတတ်၌လည်း ပိုမို ကျွမ်းကျင်ဟန်ရှိ၏။ အသင်သည် အဘယ်မည်သော တက္ကသိုလ်ကျောင်းတော်ကြီးက ထွက်လာပါဘိသနည်း။ အသင် အတတ်ပညာ သင်လာခဲ့သော ကျောင်းကို အကျွန်ုပ် သိပါရစေ”

“နောင်ချစ်၊ ကျွန်ုပ်သည် ကမ္ဘာလောကတည်းဟူသော တက္ကသိုလ် ကျောင်းကြီး၌ ကမ္ဘာ့ခြင်းရာ ကိရိယာတန်ဆာဖြတ်သော ဥတု၊ တော၊ တောင်၊ ရေ၊ မြေ၊ နေ၊ လ၊ နက္ခတ်၊ တာရာ၊ လူသူ၊ တိရစ္ဆာန်တို့ထံမှ စမ်းသပ်လုပ်ကိုင်ခြင်း၊ စူးစမ်း စဉ်းစား ဆင်ခြင် ဆောင်ရွက်ခြင်း၊ ရင်ဆိုင် တိုက်ခိုက်ခြင်း တို့ဖြင့် ပညာသင်ကြား၍၊ ရန်သူနှင့် တိုက်ခိုက်ခြင်း အတတ်ကို လူရိုင်းများထံမှ သော်လည်းကောင်း၊ တိရစ္ဆာန် အမျိုးမျိုးများထံမှ သော်လည်းကောင်း ပေါင်းသင်း ဆက်ဆံ တိုက်ခိုက်ခြင်းဖြင့် ပညာသင်ကြား တတ်မြောက်ခဲ့ရပါသည်။ အင်္ဂဝိဇ္ဇာ အတတ်ကို သတ္တဝါ အမျိုးမျိုးတို့နှင့် ပေါင်းသင်းဆက်ဆံခဲ့ရ၍ ဂရုကထ ပြုမိခြင်းဖြင့် အနည်းအကျဉ်း ကျွမ်းကျင်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ တက္ကသိုလ်ကျောင်းတော်ကြီးသည်ကား ဤကမ္ဘာလောကသာလျှင် ဖြစ်ပါသည်”

“အဖိုးတန်လှပါဘိ ညီချစ်၊ ညီတော်မောင်၏ အမျိုးအဆွေကို သိပါရစေ”

"မြတ်နောင်တော်၊ ညီတော်၏ အမျိုးအဆွေကား မှန်ကန်ခြင်း လောက၏ သဘာဝကို လိုက်စား၍ အစိုးမရဟု ယူဆခြင်း၊ အကျင့်ကောင်းခြင်း၊ တည်ကြည်ရဲရင့်ခြင်းတို့ ဖြစ်၍ မိဘကို အစီရင်တော် ခံရပါမူ ညီတော်၏မိခင်သည် သင်းတွဲပြည့်ရှင် ဘုရင်မင်းမြတ်၏ တပင်တိုင်နန်း၌ ထားသော သမီးတော် အစစ်ပါတည်း။ ဘခင်သည်ကား သူသေကို မီးဖုတ်၊ အလုပ်ကင်းသောအခါ လွယ်အိတ်စုတ်နှင့် အရပ်ကို လှည့်ကာ ဝမ်းစာရှာရသော ဒွန်းစဏ္ဍားအနုပ်ဖြစ်ပါသည်"

"ကိုယ်ကျိုးနည်းပေ့ါ ညီတော်၊ ညီတော် ကံခေလှသကိုး။ ဘာမှ အားမငယ်နှင့်နော်၊ ဖြစ်ရလေခြင်း"

"နောင်တော်၊ တွေ့ကြုံရသမျှသည် တကယ့် လူကောင်းအတွက် ကောင်းစားရန် အချိုးနိဒါန်းဟု ညီတော်ယူဆ၍ ကိုယ်ကျိုးမနည်းပါ၊ အစီရင်ခံသမျှကို သဘာဝနှင့် ဆ၍ မျှ၍ တ၍ စဉ်းစားတော်မူပါ။ လောကဓံတရား မည်သည် လူတိုင်းတို့၏ အပေါ်မှာ ကျရောက်မြဲဖြစ်ရာ၊ လူ့သံမဏိ ဖြစ်လိုသော ညီတော်သည် ယခုကဲ့သို့ အများက ယူဆသော ဆင်းရဲမျိုးကို ချမ်းသာ ပျိုးသည်ဟု အောက်မေ့ကာ ကမ္ဘာတွင် လှည့်လည်နေခြင်း ဖြစ်ပါသည်"

"ညီတော်၏ အကြောင်းရင်းကို ဆိုပါဦး"

"ညီတော်၏ဘိုးတော်၌ တစ်ရံသော အခါတွင် ကြီးစွာသော ဦးယဉ်းခေါင်းခဲရောဂါသည် စွဲကပ်ပါသည်။ ထိုအခါ သမားတော်များနှင့် ကုစားပါသော်လည်း ရောဂါတော်သည် တိုး၍သာ လာလေသောကြောင့် နယ်ပြင် ရှစ်ရပ်၌ ဤရောဂါတော်ကို ပျောက်ကင်းအောင် ကုစားနိုင်သူ ရှိချေက ထီးနန်း စည်းစိမ်တော်မှအပ လိုရာဆုကို ချမည်ဟု မောင်းကြေးနင်း ခတ်လေသော်၊ တစ်ဦးသော ဒွန်းစဏ္ဍားက ကုသနိုင်ကြောင်းကို ဝန်ခံပြီးလျှင် ကုစားသဖြင့် ရောဂါတော် ကင်းငြိမ်းချမ်းသာရာ ရပါသည်၊ ထိုအခါ ဒွန်းစဏ္ဍားက တစ်ပင်တိုင် မြနန်းနှင့်ထားသော သမီးတော်အား အလိုရှိကြောင်း ဆုတော်ကိုတောင်းရာ၊ မင်းတို့စကားမှာ အမှားမရှိရာ၊ သစ္စာသာလျှင် ဖြစ်ရ၍ သမီးတော်ကို ဒွန်းစဏ္ဍားနှင့် ဆောင်းနှင်းရသဖြင့် ညီတော်မှာ ဘုရင့်မြေး ဖြစ်ရပါလျက် ဒွန်းစဏ္ဍားသား ဖြစ်ရပါသည်"

"နာလိုက်လေ ညီတော်"

"နားတော်ချိုပါဦးလော့ မြတ်နောင်တော်။ မယ်တော်သည်ကား မိန်းမ မြတ်အင်္ဂါနှင့် ညီညွတ်သည်ပြင် အမြော်အမြင် ဉာဏ်ပညာနှင့်လည်း ပြည့်ဝခြင်းကြောင့် ညီတော်သည်

ဒွန်းစဏ္ဍားသား ဖြစ်လေရကား ဤပြည်တွင် နေသမျှ ကာလပတ်လုံး ထီးမွေနန်းရပ်နှင့် ကင်းပြတ်ရမည်ကို သိတော်မူသည်အတိုင်း နှုတ်ပိုက်တော် ကိုးလနှင့် ယုယကာ မွေးရသော ရင်သွေးတော်ကို ခိဋ္ဌဒသက အရွယ်သို့ ရောက်စကပင် မယ်မယ် ရင်နစ်၊ အသက်ကဲ့သို့ ချစ်ရသည့် သားလှမျက်ရှု သတိုးနွယ်၊ သားတော်မောင်သည် ယောကျ်ားပီသသော ကြန်အင်လက္ခဏာနှင့် မိခင်ကောင်းသား ဖြစ်သည်နှင့်အညီ ပညာရှိ၍ မြင့်မြတ်ရည် ဖြစ်၏။ ဘုန်းကျက်သရေလည်း ကြီးမြင့်မည်ဖြစ်၍ မင်းရောဇ် ဖြစ်ထိုက်သူလည်း မှန်၏။ ထို့ကြောင့် မယ်မယ့်သားချစ်သည်၊ ဤသားချစ်သည် ဤလောက၌ ကောင်းစားလိုခဲ့ချေသော် မယ်တို့၏ ပြည်၌ကား သားတော်မောင်မှာ မြေမသန့်သော အိုးကဲ့သို့ဖြစ်၍ ဒြပ်ညှိုးလျက် ရှိချေသောကြောင့် တစ်ပြည်ရပ်ခြား တိုင်းတစ်ပါးသို့ ထွက်သွားမှသာ ယောကျ်ားတို့၏ ကောင်းစားခြင်းကို ရပေသတတ်ဟု အကျိုးကို မျှော်ရှု၍ ဆုံးမခြင်း ပြုပါသည်”

မျိုးညွှန့်ရှိန်သည် သတိုးနွယ်ကို မျက်ရည်စက်လက်နှင့် ကြည့်နေလေ၏။

“ညီတော်သည်လည်း ခိဋ္ဌဒသက အရွယ်မှပင်လျှင် ငါသည် ထမ်းပိုးကောက်နှင့် လမ်းလျှောက်ပြီးသော် မြတ်သော အလုပ်ဖြင့် ထုံးတမ်းအလျောက် မယ်တော်အား လုပ်ကျွေးသမှု ပြုနေရခြင်းသည် မြတ်၏ဟု စိတ်ကားကို ပြုမိငြားသော်လည်း၊ ယုတ်မာညစ်ထည်းခြင်းလည်း ဖြစ်နိုင်သော မင်းဧကရာဇ်အဖြစ်ဖြင့် မယ်တော်နှင့် ခမည်းတော်ကို လုပ်ကျွေးသမှု ပြုရသော်ကား ကာမဂုဏ်သားတို့၏ ယုတ်ညံ့သော စိတ်အားဖြင့် တောင့်တသော မလိုလားသော မွေးသမိခင်၏ မြင့်သောဂုဏ်စည် တင့်၍၊ ဖခင်၏ မသန့်စင်ဟု ဆိုအပ်သော အနွယ်သည် တိမ်ကော ပပျောက်လျက် ဂုဏ်ရောင်တက်ဖို့ ရှိချေသည်ဟု သဘောထား ပြုမိပါသည်အတိုင်း နေပြည်တော်မှ ထွက်ခွာ လာခဲ့သည်မှာ ဆယ်နစ်က ကျော်စွန်း ရှစ်လပေါ်ပါပြီ”

“ညီတော်ချစ် သတိုးနွယ်၊ ညီချစ်ကား မင်းမျိုးမင်းနွယ် ရိုးရာစင်စစ်ဖြစ်ချေသည်။ နွားကျိုး၊ နွားကျစ်နှင့် သင့်သော နွားမကောင်းသည် နွားလားဉသဘ ပေါက်ဖွားနိုင်ကြောင်းလည်း ထင်ရှား ရှိချေသည်။ ညံ့သော မျိုးစပါးပင်လည်း မြေသြဇာထက်သန်သည့် လယ်ယာမြေကောင်း၌ ကောက်စပါးကောင်းကို ဖြစ်စေနိုင်ချေသည်။ ညီတော်ချစ်မှာ မိန်းမမြတ်ဖြစ်သော သာကီနွယ်ဝင် မိခင်၏ရင်တော်နှစ်ဖြစ်သည်ပြင် ယောကျ်ားတကာတို့ ထင်ရှားစွာ ပြဝံ့ခဲသော ယုတ်ညံ့စနိုး ထင်မှတ်ရသည့် အကြောင်းမျိုးကို မှသားမဆို၊ ပရိယာယ်မျှပင် မလိုဘဲ လင်းဟာထုတ်ဖော် ချေသောကြောင့် သူတော်ကောင်းစင်စစ်ဖြစ်သည့် ဘုန်းပညာ လက္ခဏာနှင့် ပြည့်စုံသော

မင်းယောကျ်ားအစစ် မှန်ပေသည်။ ထို့ကြောင့် ဤနေ့ ဤအချိန်က စ၍ အကျွန်ုပ်ကို နောင်တော် အရင်းကဲ့သို့ မှတ်ယူအားထား ကိုးစားပါ။ ကျွန်ုပ်ကလည်း ညီတော်အရင်းကဲ့သို့ လက်ရုံး တစ်ဆူ အားထားတော်မူပြီးသော် ချီးမြှင့်မြှောက်စားခြင်း ပြုပါမည်”

မျိုးညွန့်ရှိန်တို့သည် ထိုကဲ့သို့ ချစ်ကြည်စွာ စကား ပြောဆိုနေကြစဉ် မျိုးညွန့်ရှိန်၏ ညီတော်ရင်း မျိုးထွတ်တင် မင်းသားသည် နောက်လိုက်နောက်ပါ အခြွေအရံတို့နှင့် ခရီးဦး ကြိုဆိုလျက် ခစားကာ ရောက်လာပြီသော် စီးယိုကျဆင်းသော မျက်ရည်တို့နှင့် ဤသို့ လျှောက်တင်လေ၏။

“ကိုကိုဘုရား၊ ခမည်းတော်မြတ်ဘုရားမှာ ယမန်ရက်ကပင် လူ့ပြည်ငြီး နတ်ထီး ပျော်တော် မူခဲ့လေပြီ။ ထို့ကြောင့် ထီးမွေနန်းရပ်ကိုသော့ အမြန်ကြွချီ သိမ်းပိုက်တော်မူရန် နောင်ဘုရားထံ ချစ်ညီတော် လာရောက်လျှောက်ထားရခြင်း ဖြစ်ပါသည်။ ဤမြို့နီးရာရာ ဖြစ်သည့် မြတ်သော ပွဲတော်အုပ်ကိုလည်း လမ်းစခန်း၌ ပွဲတော်တည်ရန် ဆက်သပါသည်” ဟု မျိုးထွတ်တင်သည် ပွဲတော်အုပ်ကို ဆက်သလေ၏။

မျိုးညွန့်ရှိန်သည် ညီတော်အား ချီးမွမ်းထောမနာ ပြု၍ ပွဲတော်အုပ်ကို လက်ခံလျက် ပွဲတော်တည်မည် ပြုလေ၏။

သတိုးနွယ်သည် ထိုသို့သော အပြုအမူကို မြင်လတ်သော် ဤသို့ ပြောဆို တားမြစ်လေ၏။

“မြတ်နောင်တော်၊ ကောင်းစားခြင်းကို အလိုရှိသော ယောကျ်ားမြတ်သည် ဘောဇဉ် အာဟာရကို အိမ်၌လည်းကောင်း၊ ဈေး၌လည်းကောင်း၊ လမ်းစခန်း၌ လည်းကောင်း၊ မီးဝဲ သုံးဆောင်ခြင်း၌ ရုတ်တရက် အလျင် ခုံခုံမင်မင် မပြုရာ၊ စဉ်းစားဆင်ခြင် စူးစမ်းသုံးသပ်ပြီးမှ ပွဲတော်မှုကို ပြုရာချေသည်။ မသင့်မတော်သော ပွဲတော်စာကို သုံးဆောင်တော် မူမိခြင်းဖြင့် ရုတ်တရက် သော်လည်း အသက်ဆုံးရှုံးတတ်ရာ၏။ ရောဂါရ၍ တဖြည်းဖြည်းမှလည်း အဆိပ် ဖမ်းလျက် အသက်အန္တရာယ် ဖြစ်တန်ရာ၏။ ရှူးသွပ်၍လည်း သွားတန်ရာ၏။ အပင်းဖြစ်၍လည်း ဘဝ ဆုံးရှုံးရတတ်၏။ ထီးနန်းစည်းစိမ်ကို အလိုရှိသော သူတို့၌မူကား သာ၍ စုံစမ်းစစ်ဆေးပြီးမှ ပွဲတော်တည်တော်မူသင့်သည် ဖြစ်ချေသောကြောင့် ဤပွဲတော်စာကို ညီတော်ရင်းပင် ဆက်လင့် ကစား ရုတ်တရက် သုံးဆောင်တော် မမူသင့်ပါ။ စစ်ဆေး စမ်းသပ်တော်မူရန် သင့်တော်ပါသေးသည်။ သမ္မာတော်ရင် မြတ်နောင်တော်”

ထိုအခါ မျိုးထွတ်တင်သည် ပြင်းထန်စွာ အမျက်ထွက်သောမျက်နှာနှင့် သတိုးနွယ်ကို ကြည့်လျက် ဤသို့ ဆိုလေ၏။

"ဟယ်..... တောတွင်းသား သူယုတ်မာ၊ ငါဆက်သတဲ့ ပွဲတော်စာကို နင် ဘာကြောင့် ဟန့်တားရသလဲ။ နင်နှင့်အတူ ကောက်ကျစ်စဉ်းလဲ ယုတ်မာတဲ့ သူဟာ လောက၌ ရှိမည်လို့ ငါမထင်။ ငါဟာ နောင်ဘုရား၏ ညီတော်ရင်းအစစ်ဖြစ်တာကို နင်မသိသလော။ နင် ဘာကြောင့် ဟန့်တားဝံ့ဘိသလဲ။ နောင်ကြီးဘုရား၊ ဤတောတွင်းသား သူယုတ်မာ၏ ကောက်ကျစ်ဉာဏ်ဖြင့် ဟန့်တားသည်ကို ဂရုပြုတော်မမူဘဲ ဆာလောင်မွတ်သိပ်ခြင်း ပြေတော်မူစေရန် ဤပွဲတော်စာကို သုံးဆောင်တော်မူပါလော့။ သောက်ရေတော်ကိုလည်း သောက်တော်မူပါလော့၊ ဤသည်တို့ကား ဘုရားညီတော် ရှေးဦးစွာ ပြုရပါသော ပူဇော်မှုပါတည်း မြတ်နောင်တော်"

သတိုးနွယ်သည်ကား တုန်လှုပ်ခြင်းမဲ့သော မျက်နှာနှင့် မျိုးထွတ်တင်ကို ကြည့်၍ ပီပြင်လေးနက်သော စကားနှင့် ဤသို့ ဆို၏။

"အချင်း မင်းသား၊ သင်ကား နောင်ဘုရားနှင့် တစ်အူထုံ့ဆင်း ရှေ့နောက် ဆင်သည့် နောင်ညီအရင်း မှန်ငြားသော်လည်း အသွင်ချင်းမတူ၊ အဆင်ချင်း ခြားနား၊ ယင်းသို့အားကြောင့် အကျင့်ချင်းလည်း များစွာ ကွဲပြားလေဟန် ရှိတော့သည်။ သင်၏ မျက်နှာသည် သားစိမ်းစား ဘီလူး၏ မျက်နှာကဲ့သို့ ကြမ်းတမ်းရက်စက်ပုံ ရှိသည်။ ခြေလက်အင်္ဂါတို့သည် ဝံသတ္တဝါ၏ အင်္ဂါကဲ့သို့ ရုန့်ရင်းခက်တရော် ရှိဘ၏။ အသို့လျှင် သင်မင်းသားသည် သူတော်ကောင်းတို့ ကျင့်အပ်သော အကျင့်ကို ချစ်မြတ်နိုးပါအံ့နည်း။ သင်၏ လျှို့ဝှက်ဖုံးကွယ်ကာ ပြုသည့် မကောင်းမှုကို သင်နှင့် သင့်ရံရွေသော်တို့သာ သိသည်ဟု သင် ထင်ပါသလား။ ပညာရှိတို့၏ မျက်စိ၌ ဖုံးကွယ် လျှို့ဝှက် အပ်ခြင်းမည်သည် မရှိနိုင်။ သင့်ခမည်းတော်သည် နတ်ထီးပြောင်းမည် ပြုသောအခါ သင့် နောင်တော်အား ထီးရိပ်နန်းရံကို လွှဲအပ်ရမည်ဟု မိန့်တော်မူသည် ဆိုစကားကား မှန်ချေသည်။ သို့သော် သင်တို့ လာခြင်းကား နန်းရင်းဝန်ကြီးသော် လည်းကောင်း၊ မင်းကြီး သက်တော်ရှည်သော် လည်းကောင်း၊ ရွှေတိုက်တော်ဝန်သော် လည်းကောင်း၊ အတွင်းဝန် တစ်ပါးပါးသော် လည်းကောင်း ချီးမြှင့်မြှောက်စား တော်မူထားသည့် ရာထူးရာခံနှင့်အညီ ဇောင်း နားတောင်းဆင်လျက် ဝေါ၊ ယာဉ်၊ ရထား စသည်တို့ဖြင့် ပါဝင်၍ နောင်ဘုရားနှင့် အကျွမ်းဝင်သသူ မှူးမတ် တစ်ပါးပါး အပါပြုကာ လာရောက်ကြိုဆို သင့်ပါလျက် မပါဝင်လေရကား အသို့လျှင် မှန်ကန်တော်တည့်ပါအံ့နည်း။

"အသင်သည် ခမည်းတော်ဘုရား နတ်ရွာပြောင်းကြောင်းကို ကြားသိရ၍ တော်သင့်သော အရပ်တစ်ပါးမှ နောင်ဘုရား မရှိမီ လာရောက်လျက် ထီးနန်းကို သိမ်းမြန်းမည်ဟု ကြံရွယ်ခြင်း မှန်ရမည်။ သစ္စာကတိ တည်ညီသော မှူးကြီးမတ်ကြီးတို့သည်ကား မြို့တံခါးကို ပိတ်လျက် ထီးမွေနန်းရှင် မလာမရောက်သေးဟု သင့်လား တံခါးဖွင့်မပေးဘဲ ထားရမည်။ ထို့ကြောင့် သင်မင်းသားသည် ယုတ်ညံ့သော ကောက်ကျစ်စဉ်းလဲဉာဏ်ဖြင့် သင်၏ပုရောဟိတ် ဆိုသော ဟိုလူ၏ တိုက်တွန်းချက်နှင့်အညီ ပွဲတော်စာတွင် ရှုးစေတတ်သော အဆိပ်ကိုသော် လည်းကောင်း၊ သေစေတတ်သော အဆိပ်ကိုသော် လည်းကောင်း ခတ်လျက် ပွဲတော်စာ ဆက်လာခြင်း မှန်ရမည်။ အလွန် စက်ဆုပ်ဖွယ် ယုတ်မာလှချည် တကား။ နောင်ဘုရား၊ ဤပွဲတော်စာသည် အဆိပ်ဖြင့် ပြီးရမည်။ ဖယ်ရှားရန် ညီတော် သံတော်ဦး တင်ပါသည်"

ထိုအခါ မျိုးထွတ်တင်သည် ပြင်းထန်လှစွာသော မင်းသားမာန်ဖြင့် ဤသို့ ကြမ်းတမ်းစွာ ကြိမ်းမောင်းလာ၏။

"ဟယ်.... တောသား သူယုတ်မာ၊ ဘာကြောင့် မထီမဲ့မြင်နှင့် စော်ကား ညစ်ညမ်းတဲ့ စကားကို တောသားပီပီ ယုတ်ညံ့စွာ ဆိုရသလဲ၊ ငါဟာ သက်သာပြည်ကြီးကို တုန်လှုပ် ချောက်ချားကာ အမြဲရှိစေတဲ့ မင်းသားတစ်ပါး ဖြစ်ကြောင်းကို နင် သိလျှင် သည်စကားမျိုးကို ဆိုဝံ့မည် မထင်။ ငါ့သန်လျက် ဓားဟာ အမျိုးလေးပါးကို မရွေးတတ်လို့ နင့် လည်ချောင်းသွေးကို ယခုပင် သောက်စေတော့အံ့။ ငါကား ရှေးဦးစွာ နင့်ကို အောင်အပ်ပြီ"

ထို့ကဲ့သို့ ကြိမ်းမောင်း၍ မျိုးထွတ်တင်သည် သန်လျက်ဓားကို ဆွဲကိုင်ကာ သတိုးနွယ်ကို တိုက်ခိုက်လေ၏။

သတိုးနွယ်လည်း ၎င်း၏စွမ်းရည်ဖြင့် ခုခံတိုက်ခိုက်၍ မျိုးထွတ်တင်ကို ပင်ပန်းနွမ်းနယ် စေပြီးသော် ကြိုးနှင့် တုပ်နှောင်ထားလေ၏။

ထိုအခါ မင်းသား မျိုးထွတ်တင်၏ နောက်လိုက် နောက်ပါတို့သည် သိုဝှက်ကာ ယူလာသော လက်နက်တို့ကို စွဲကိုင်လျက် ဖြိုင်ဖြိုင်ထကြလေရာ၊ သတိုးနွယ်သည် ၎င်း၏ လက်စွဲတော် တုတ်လုံးကို အိမ်မှချွတ်၍ လုံကစားပြီးသော် နင်မောင်းလေလျှင်၊ လေးကိုမြင်သော ကျီးအာ များကဲ့သို့ အချို့သည် သောသောအုတ်အုတ်ဖြစ်ကာ ဖယ်ရှား ထွက်ပြေးကြကုန်၏။ အချို့သည်ကား ပြားပြားဝပ်လျက် ဒူးတုပ်ခစားကာ ရှိကြကုန်၏။

မျိုးညွန့်ရှိန်သည် ပွဲတော်အုပ်ကို ဖွင့်၍ ဖယ်ရှားထားလိုက်လေရာ ကျီးတစ်ကောင်သည် ဝင်ရောက်ထိုးသုတ်ကာ စားသဖြင့် ရုတ်တရက် သေရလေ၏။ ထိုအခါ မျိုးညွန့်ရှိန်သည် ညီတော်အား ဤသို့ မိန့်ဆိုတော်မူလေ၏။

"ကိုကို၏ ညီချစ်၊ ငါကား မယ်တော်ဘုရား နတ်ရွာသို့ လားသည်က စ၍ ညီအငယ် ရယ်ကြောင့် အလွန်ချစ်ခင် ယုယစွာနှင့် မွေးမြူကြီးပြင်း စေခဲ့ပြီ။ သင်သည် လူလားမြောက်သောအခါ ဟော့ရမ်း သော့သွမ်း ကြော့ကြမ်းသော မင်းချင်းများနှင့် ပေါင်းသင်း ဆက်ဆံပြီးလျှင် နိုင်ငံတော်တွင် ဆူပူလှုပ်ရှားလေသောကြောင့် ခမည်းတော်ဘုရားက ဖမ်း၍ သံခြေချင်း ခတ်လျက် ထောင်မှာ သွင်းပြီးသော် အကျဉ်းချထားလေရာ၊ ငါသည် ခမည်းတော်ဘုရားထံ၌ အတန်တန် တောင်းပန် အသနားခံယူခြင်းဖြင့် သင့်ကို ထောင်မှ လွှတ်ခဲ့သည်။ ထိုသို့သော ကျေးဇူးလျာကိုမျှ မထောက်၊ ညီတော်မောင် ညီတည်းတစ်ယောက် ငယ်ကြောင့် တာတွယ်ညှာတာဖို့ သင့်သော်လည်း ကိုယ့်သွေးပင် စဉ်လျက် မကောင်းသည်ကို ဖောက်မထုတ်ဘဲထားက ကိုယ်တွင်သာ အနာများမည် ဖြစ်တတ်သည့်အလာ ပြည်တွင်းရန် မအေးဘဲ နောင် ဘေးကြီး ကြုံကြိုက်ရမည် ဖြစ်ချေသည်။ ထို့ကြောင့် ညီတော်မောင် မျိုးထွတ်တင်ကို သွားမြဲတိုင်း လမ်းသို့သာ သွားပါစေတော့ ညီချစ်မောင် သတိုးနွယ်"

သတိုးနွယ်သည်ကား မျိုးတွတ်တင်အတွက် ဤသို့ အသနားခံပြန်လေ၏။

"နောင်တော်၊ ညီတော်မျိုးထွတ်တင်အတွက် စောဒကပြု၍ သဘာဝ တရားသူကြီးထံ၌ အယူခံ ဝင်ပါရစေ၊ လက်ခံတော်မူပါ"

"အင်း ဆိုဦးလော့ ညီတော်"

"မြေကောင်း၌ကျသော မျိုးစေ့ကောင်းသည် ဥတုနှင့်ရေတို့၏ နှောင့်ယှက်ခြင်းနှင့် တွေ့ရစေကာမူ မျိုး၏ ရင်းမြစ်ကို မစွန့်လွှတ်ပါ။ ညီငယ် မျိုးထွတ်တင်မှာ ပဝတ္တိအားဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန တည်းဟူသော အမိုက်တိုက် အပေါင်းအသင်းတို့ကြောင့် နောင်ဘုရားအား ကြံစည်သည်မှာ တရားကို နလုံးမသွင်းတတ်သေးသဖြင့်၊ နလုံးမသွင်းနိုင်သေးသဖြင့် သာမန်သူတို့၏ သဘောမှ မလွန်ဆန်သာသောကြောင့် ဖြစ်ပါသည်။ ထိုသို့သော သူတိုင်းကို ကွပ်မျက်ရမည်ဆိုသော် လောကသည် ဟင်းလင်းအတိ ဖြစ်ဖို့သာ ရှိပါသည်။ လောက၌လည်း မမှားသောသူမည်သည် မရှိစကောင်းပါ။ ထိုအမှားသည်လျှင် ပညာရှိ သူတော်ကောင်းတို့အား ကြေးညှော် ကင်းအောင်

ဆေးကြော သုတ်သင်သည့် ထုံးဆပ်ပြာဖြစ်ပါသည်။ မိမိ၏အမှားကို အမှားဟု သိ၍ ဆက်လက် မမှားခြင်းသည် လူကောင်းတစ်ယောက် မည်ပါသည်။ လောက၌ ချိုမြိန်ဆိမ့်အီသော အရသာကောင်းသာလျှင် လူတို့အား ကောင်းကျိုးကို ဖြစ်စေသည် မဟုတ်။ ရုတ်တရက် သေစေသော အဆိပ်ပေါင်းစုသည် လူတို့၏ သေဘေးကို တားမြစ်နိုင်သော လျှာပွတ်ဆေးကောင်း ဖြစ်ရပါ သေးသည်။ ညီငယ်သည် စိတ်ဝမ်းကြီး၍ ကြမ်းကြုတ်ဟန် ရှိသော်လည်း ဇာတိအားဖြင့် မြင့်မြတ်သူဖြစ်လျက် ပြည့်ရှင်မင်း ဖြစ်ရမည် လက္ခဏာ သွင်ပြင်လည်း ရှိပါသည်။ ထို့ကြောင့် အချည်းနှီး မပျက်စီးကောင်းပါ။ လမုပင်တို့၏ ပွင့်းရာ ပင်လယ်တိမ်မြေများစွာသည် နိုင်ငံတော် တည်ထောင်နိုင်မည့် ယောကျ်ားကောင်းကို မျှော်တမ်းလျက် ရှိနေပါသည်။ ထို့ကြောင့် နတ်ထီးပျော် ခမည်းတော်နှင့် မယ်တော်တို့၏ မျက်နှာတော်ကို လေးမြတ်လျက် ညီတော်အား သစ္စာပေး ပြီးလျှင် ပြည်တော်နှင့် ဝေးရာသို့ နှင်ရုံသာ နှင်သင့်ကြောင်းပါ မြတ်နောင်တော်”

“အင်း သဘာဝ မျှပါပေ့ ညီမောင်”

(မျိုးညွန့်ရှိန်သည် သတိုးနွယ်၏ အဆိုကို လက်ခံလျက် တိုင်းတော် ပြည်တော်သို့ ဆိုက်ရောက် ကာလ ညီတော်မျိုးထွတ်တင်အား သစ္စာပေးပြီးသော် မျိုးရိက္ခာ အလုံအလောက်၊ အမှုထမ်းများနှင့်တကွ အရီးတော် စံရာ သက်တို့၏ ပြည်ရွာသို့ ပို့လေသည်။

အဆိပ်ထည့်ထားသော ပွဲတော်စာကိုလည်း လမ်းခရီးတွင်ပင် ခုနစ်တောင် နက်အောင် တွင်းတူးစေပြီးသော် မြှုပ်ထားနှင့်စေ၍ ဆရာတော်အား ဤသို့လျှင် တမ်းတကာ ကန်တော့လေ၏။)

“အမြင်တော်ကြီးလှသော မြတ်ဆရာတော်၊ လောက၌ အမျိုးကောင်း ပြဿနာ၊ ညီအစ်ကို ပြဿနာတို့ကို တပည့်မျိုးညွန့်ရှိန်သည် ရှေးဦးစွာ ပြေရပါတော့ပြီ ဘုရား”

မျိုးညွန့်ရှိန်သည် နေပြည်တော်သို့ ဆိုက်ရောက်ကာလ ထီးမွေးနန်းရပ်ကို လက်မခံသေးဘဲ တစ်နေ့သ၌ ညီတော်သတိုးနွယ်အား ခေါ်၍ ဤသို့လျှင် အကြောင်းအကျိုးနှင့် စပ်သော စကားတို့ကို ဆိုလေ၏။

“ငါ၏ ညီချစ်၊ လောက၌ ကျေးဇူးရှင်ကို မပြစ်မှားလေနှင့်၊ ကျေးဇူးရှင်ကို ပြစ်မှား၍ ကျေးစွပ်လေက လူလေလူယုတ် ခင်ပွန်းပြုတ်တဲ့။ ခင်ပွန်းကောင်းမဲ့သော သူသည် အတောင် ကျွတ်သော ငှက်ကဲ့သို့ ကိုးကွယ်ရာမဲ့ ဖြစ်တတ်သည် ညီတော်မောင်။ နောင်ကြီး ဥပမာ ဆောင်မည်။

"ရှေးအခါက ဇီးကွက်တစ်ကောင်ကို ပျံလွှားငှက်တစ်ကောင်သည် မိတ်ဆွေပြု၍ ပေါင်းဖော်နေထိုင်၏။ တစ်နေ့သ၌ ပျံလွှားငှက်သည် အစာရှာထွက်အံ့သောငှာ မိတ်ဆွေ ဇီးကွက်ငှက်အား မိမိ၏ အသိုက်တွင်းခေါင်းကို လွှဲအပ်ကာ ထွက်ခွာသွားလေ၏။ ဇီးကွက်ကား မိတ်ဆွေကျေးဇူးကို မမြင်မြော်ဘဲ အရတော်လေစွဟု ပျံလွှားငှက်၏ သားငယ်များနှင့် ဥများကို စားသောက်ပြီးသော် ပျံလွှားငှက်၏ အသိုက် တွင်းခေါင်းတွင် အနိုင်အမာပြုကာ နေလေ၏။

"ပျံလွှားငှက်သည် အစာရှာရာမှ ပြန်လာလတ်သော် မိမိ၏ တွင်းအပြင်၌ ဥခွံများနှင့် ငှက်ငယ်များ၏ အမွေးအတောင်များကို မြင်ရလေရာ မိတ်ဆွေ ဇီးကွက်အပေါ်၌ တစ်စုံတစ်ရာ မသင်္ကာသောစိတ်သည် ဖြစ်လျက် အသိုက်ရှိရာ တွင်းခေါင်းအတွင်းသို့ ဝင်ရန် ပြုလေ၏။

"ဇီးကွက်လည်း တွင်းထဲ၌ ခံတပ်ကောင်းကို ရသဖြင့် တွင်းသို့ဝင်ရန် လာသော ပျံလွှားငှက်၏ ဦးခေါင်းကို ဆီးကာ ဆီးကာ ပေါက်ဆိတ်ခြင်း ပြုလေ၏။

"ပျံလွှားငှက်လည်း "အဆွေ၊ မည်သို့သောအမှုကို ပြုပါသနည်း။ သင်သည် ငါ့သားငယ်များကိုစား၍ ငါ့ဥများကို ဖောက်သောက်ကုန်ဟန် ရှိချေပြီ။ ငါ၏ အသိုက်တွင်းမှ ထွက်ပါလော့" ဟု ဆို၏။ ဇီးကွက်ကလည်း "ဟယ်ငှက်မိုက်၊ ဤအသိုက်ကား ငါ၏ တွင်းခေါင်း အသိုက် ဖြစ်ချေပြီ။ သင်သည် ယမန်ကပင် ငါ့အား လွှဲအပ်ခဲ့၍ ယခု ငါပိုင်ဖြစ်နေချေပြီ။ သင်နှင့် မဆိုင်၊ မလာနှင့်" ဟု ဆီးကြိုကာ ရန်ထောင်ပေါက်ဆိတ်ခြင်း ပြုလေ၏။

"ပျံလွှားငှက်လည်း မိမိတွင်းခေါင်းသို့ ဝင်ရန် အကြိမ်ကြိမ် အားထုတ်သော်လည်း ဇီးကွက်သည် တွင်းထဲမှ ခုခံ၍ ဆိတ်ပေါက်သဖြင့် စီးယိုသော သွေးစီးသွေးပေါက်များနှင့် မိမိ၏တွင်းမှ ခွာပြီးသော် ဆွေမျိုး ပျံလွှားငှက်များထံ သွားရောက်၍ အကြောင်းမျိုးစုံကို တိုင်ကြားလေ၏။

"အဆွေအမျိုးဖြစ်သော ပျံလွှားငှက် အပေါင်းတို့သည် မိမိတို့အင်အားနှင့် အညီ မြေစေးများကို ကိုယ်စီကိုယ်င စုရုံးချီဆောင်ကာ စုံညီယူလာကြ၍ ဇီးကွက် ခုခံနေရာ တွင်းခေါင်း အသိုက်ကို ပိုင်းဝန်းပိတ်ဆို့ကြလေရာ၊ ဇီးကွက်သည် တွင်းထဲမှ ထွက်လာပါက ပျံလွှားတို့သည် ဆီး၍ ထိုးဆိတ် ပေါက်သတ်ကြတော့မည် ဖြစ်သဖြင့် တွင်းထဲကပင် ခိုးအောင်းကာ ရန်ထောင်နေလေ၏။

"ဤနည်းဖြင့် ဇီးကွက် တပ်စွဲနေသော တွင်းခေါင်းအသိုက်သည် ပိတ်ဆို့သွားသောကြောင့် ဇီးကွက်မှာ ထွက်ရာမရဘဲ ထိုထွင်းထဲတွင်ပင် အစာရေစာ တော်ပြတ်လျက် အသက် သေဆုံးရလေသတည်း။

"ညီတော်မောင်၊ သည်ဒဏ္ဍာရီပုံကို စံထား၍ အသွင် အမူအရာ အကျင့်ချင်း မတူလျှင် မပေါင်းဖက်သင့်၊ ပေါင်းဖက်လျှင်လည်း ကိုယ်တူပြု၍ ယုံကြည်အားထားကာ မလွဲအပ်သင့်၊ မိတ်ဆွေကိုလည်း မပြစ်မှားရာ၊ သူ့ကျေးဇူးကိုလည်း မချေပရာ၊ ထိုဒဏ္ဍာရီ ဥပမာသည် သင်၌ တည်ပါစေ။

"တစ်နည်းပုံ ဆိုဦးမည်။

"အခါတစ်ပါး၌ ရွှေပန်းထိမ်သည် တစ်ဦးသည် နန်းတော်မှ သူခိုးများ ခိုးယူလာသော ပစ္စည်းများကို လက်ခံမိသဖြင့် ပြည်မှအပ နှင်ထုတ်ခြင်း ဒဏ်ကို ခံရလေသောကြောင့် မြစ်ဆိပ်ကမ်းနားတွင် လှည့်လည်ကာ နေရရှာလေ၏။

"ထိုအခါ သထုံပြည်သို့သွားသော သင်္ဘောနှင့် တွေ့လေရာ သင်္ဘောသူကြီးသည် ရွှေပန်းထိမ်သည်၏ အဖြစ်ကိုသိ၍ မိမိ၏သင်္ဘောနှင့် တင်ပြီးလျှင် သထုံပြည်သို့ ခေါ်ဆောင် သွားလေ၏။

"ရွှေပန်းထိမ်သည်သည် သထုံပြည်သို့ ရောက်ကာလ မိမိ၏အတတ်နှင့် အသက်မွေး နေထိုင်သဖြင့် ကောင်းစားလာသည်အပြင် ဘုရင်မင်းမြတ် ယုံကြည်သော ရွှေပန်းထိမ်သည်တော် ဖြစ်နေလေ၏။ ထိုအခါ ရွှေပန်းထိမ်သည် ဤသို့ ကြံဆမိ၏။

"ငါ့ကို ဆောင်လာခဲ့သော သင်္ဘောသူကြီးသည် ပြည့်ရှင်မင်းနှင့် များစွာ အကျွမ်းဝင်၏။ တစ်နေ့နေ့တွင် ငါ့အကြောင်းကို ဘုရင်မင်းမြတ် အထံတော်တွင် သံတော်ဦး တင်သည်ရှိသော် ငါသည် ပျက်စီးရလတ္တံ့။ ယင်းသို့ ဖြစ်ရကား နောက်တစ်ကြိမ် သင်္ဘောဆိုက်ရောက်လာလျှင် သင်္ဘော သူကြီးနှင့်တကွ သင်္ဘောသား အားလုံးကို မင်းကြီးထံ ကုန်းချော၍ ပျက်စီးအောင် ပြုမှသာ ငါ့စည်းစိမ်တည်မည်" ဟု ကြံဆမိလေ၏။

"ရွှေပန်းထိမ်သည်ကို ကယ်ဆောင်လာခဲ့သော သင်္ဘောသည်လား မကြာမီ သထုံပြည်သို့ ဆိုက်ရောက် လာပြန်၏။ ထိုအခါ ရွှေပန်းထိမ်သည်သည် မင်းကြီးအထံတော်သို့ ဝင်၍ ဤသို့ လျှောက်တင်လေ၏။

"အရှင်မင်းကြီး၊ ဤသင်္ဘောသည်ကား ဖောက်ပြန်သော အကျင့်ကို ပြုဟန် လက္ခဏာ ရှိပါသည်။ သင်္ဘောသူကြီးသည် သုနာပရန္တတိုင်းကြီးရှင် ဘုရင်မင်းမြတ်၏ ယုံမှတ် ကိုးစားတော်

မှုသော လက်ရွေးစင် အမှုထမ်း ဖြစ်ပါသည်။ ထိုသင်္ဘောပေါ်၌ ပန်းချီတော်၊ လက်သမားတော်တို့ များစွာ ပါပါသည်။ စင်စစ်သော်ကား ထိုသင်္ဘောသည် ကုန်စည်ကူးသန်း ရောင်းဝယ်နေသည့် သင်္ဘောအစစ် မဟုတ်တန်ရာ။ သူလျှိုပြုနေသော သင်္ဘောပင် ဖြစ်တန်ရာပါသည်။ ထို့ကြောင့် ဤသင်္ဘောပေါ်၌ အရှင်မင်းမြတ်၏ နယ်ပုံတော် ပြည်တော်ပုံ၊ နန်းတော်ပုံ၊ မြို့ရိုး၊ ကျုံးမြောင်း၊ သစ်တပ်၊ ခံတပ်တို့၏ပုံ စသည်တို့ကို ရေးဆွဲထားလျက် ၎င်းတို့၏ ပြည့်ရှင်မင်းထံ ဆက်သရန် အသင့် ဖြစ်ပါသည်။ ဤသို့ဖြစ်ရကား ထိုသင်္ဘောသားများ အားလုံးကို ဖျောက်ဖျက်ပစ်နိုင်မှ နိုင်ငံတော် အေးချမ်းသာယာပါမည်”

“မင်းကြီးလည်း ရွှေပန်းထိမ်သည် လျှောက်တင်ချက်ကို ယုံကြည်တော်မူ၍ သင်္ဘောတွင် ရှာဖွေစေတော်မူရာ၊ ပန်းထိမ်သည် လျှောက်ထားသည်အတိုင်း တွေ့ရသဖြင့် သင်္ဘောသူကြီးနှင့် တကွ သင်္ဘောသား အားလုံးကို ဖမ်းဆီး ချုပ်နှောင်ထားလေ၏။

“သင်္ဘောသူကြီးသည်ကား သူယုတ်မာ၏ အကျိုးကို ဆောင်မိသဖြင့် သူယုတ်မာထံမှ ဘေးသည် ရောက်ချေပြီဟု နှောင်တရလျက် ယူကျုံးမရ ဖြစ်ရလေ၏။

“ထိုခဏ၌ ဘုရင်မင်းမြတ်၏ သမီးတော်သည် ရေကစားရာမှ မထင်မရှားသော အကောင်တစ်ကောင် ကိုက်လိုက်သဖြင့် အဆိပ်ဖမ်းလျက် သတိမရဖြစ်နေလေ၍ များစွာသော သမားတော်တို့နှင့် ကုသသော်လည်း မသက်မသာ အဆိပ်မွှန်လျက်သာ ရှိနေလေ၏။ ဘုရင်မင်းမြတ်လည်း မြို့ပြင်လေးရပ်၌ ကုစားခြင်းငှာ တတ်စွမ်းနိုင်သော ပညာရှိများကို မောင်းကြဉ်း၍ လှည့်လည် ရှာဖွေစေရာ ဖမ်းဆီးထားသည့် သင်္ဘောသားများမှ သင်္ဘောသား တစ်ယောက်သည် ထွက်ပေါ်လာသဖြင့် ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ သွင်းရလေ၏။

“သင်္ဘောသားလည်း လူနာ၏ အကဲကို ခတ်၍ ညန်သတ္တဝါ၏ ထိပါးခြင်းကြောင့် ယခုကဲ့သို့ အဆိပ်မွှန်နေခြင်းကို လျှောက်တင်ပြီးသော် ကုစားရ၊ မကြာမီ ပျောက်ကင်းချမ်းသာခြင်းကို ရလေ၏။

“ဘုရင်မင်းမြတ်သည် သင်္ဘောသားအား ထိုက်တန်သောဆုကို တောင်းလော့ဟု အခွင့်ပြု၏။ သင်္ဘောသားလည်း မိမိ၏ သင်္ဘောသူကြီးနှင့်တကွ သင်္ဘောသား အားလုံးပါ သင်္ဘောနှင့် ဒေသရင်း တိုင်းပြည်သို့ ပြန်ခွင့်ရရန် ဆုတော်ကို တောင်းလေ၏။ ဘုရင်မင်းမြတ်သည်ကား ပန်းထိမ်တော်၏ စကားသည် ဝင်ထားနှင့်ပြီး ဖြစ်သဖြင့် အတန်တန် ငြင်းဆိုလျှင် အခြားတစ်ပါးသော ဆုကို တောင်းယူရန် အမိန့်တော်ရှိလေ၏။

"ထိုအခါ သဘော်သားလည်း ဤသို့ သံတော်ဦးတင်လေ၏။ "ဘုန်းတော် ကြီးလှသော အရှင်မင်းမြတ်၊ ကျွန်တော်မျိုးတို့သည် အရှင့်ပြည်တော်သာသို့ ကူးလူးရောက်ပေါက်နေသည်မှာ အခါအကြိမ် များလှပါပြီ။ မည်သို့မျှ မှည့်မစွန်းဖူးပါ။ ယခု ကျွန်တော်မျိုးတို့ တွေ့ရသော ဘေးသည် ယုတ်မာသူကို ကယ်ဆယ်ချီးမြှင့်မိခြင်းကြောင်း ထိုကယ်ဆယ်ခြင်းမှ ပေါ်ပေါက်လာသော ဘေးရန်ပင် ဖြစ်ဟန် ရှိပါသည်။ ထိုသူအား အရှင်မင်းကြီး တော်ကောက်ထားသော ပန်းထိမ်သည်ပင် ဖြစ်ပါသည်။ ပန်းထိမ်သည်သည် သုနာပရန္တတိုင်း၌ မင်း၏ သစ္စာတော်ကို မစောင့်ဘဲ ခိုးသူတို့ကို မင်း၏ ဘဏ္ဍာတိုက်တွင် ဝင်ရောက် ခိုးယူစေပြီးမှ မိမိ၏ အတတ်ဖြင့် ဖျက်ဆီး၍ ထုခွဲရောင်းချခြင်းကို ပြုလျက် စည်းစိမ်ဖြစ်ထွန်းနေပါသည်။

"ထိုသို့သော ယုတ်ညံ့စဉ်းလဲမှုကို မင်းချင်းတို့ သိ၍ တိုင်းပြည်မှ နှင်ထုတ်လေရာ၊ ကျွန်တော်မျိုးတို့ ကယ်ယူသဖြင့် ဤပြည်တော်သာသို့ ရောက်လာရပါသည်။ ထိုသူယုတ်သည် သူ၏အကျင့်ယုတ်ကို မစွန့်လွှတ်ရုံမျှမက သူ၏ အကြောင်းကို ဖော်ထုတ်မည်စိုးသောကြောင့် ကျွန်တော်မျိုးတို့ကို မင်းဒဏ်ဖြင့် ပျက်စီးလေရအောင် စဉ်းလဲ စဉ်းစားပြုခြင်း ဖြစ်ပါသည်။ နောင် ဤပန်းထိမ်သည် ယုတ်ဖြင့် အရှင်မင်းကြီး၏ ပန်းထိမ်တော်ကို ဆင့်ဆို စစ်ဆေးတော်မူပြီးသော် ကျွန်တော်မျိုးတိုပအား ဘေးမဲ့ပေးတော်မူပါ ဘုရား" ထိုအခါ မင်းကြီးသည် ပန်းထိမ်တော်ကို ခေါ်ယူ စစ်ဆေးတော်မူရာ အမှုမှန်အတိုင်း ပေါ်ရသဖြင့် ပန်းထိမ်သည်အား ဘီလူးကျွန်းသို့ နှင်ထုတ်ခြင်း ဒဏ်ကို ပြုပြီးလျှင် သဘော်သားတို့အား လွှတ်၍ သဘော်နှင့် အလေး ကုန်ပစ္စည်းများဖြင့် ချီးမြှင့်တော်မူ လေသည်။

"ညီတော်မောင်၊ ထိုဒဏ္ဍာရီ ပုံပြင်ကို ထောက်၍ "သရက်သီးကို ခါးစေနိုင်သော်လည်း ခွေးတောက်ရွက်ကို မချိုစေနိုင်" ဘိသကဲ့သို့ သူယုတ်မာကို မပြုပြင်နိုင်သောကြောင့် သတ္တဝါကို ကြည်ဖြူမေတ္တာ စေတနာနှင့် ကြင်နာသနား ကယ်ဆယ်သင့်ငြားသော်လည်း သူယုတ်မာကို ကယ်ဆယ်မိက ထို သူယုတ်မာထံမှပင် ဘေးဒဏ် လာရောက်တတ်ချေသည်။ ကျေးဇူးရှင်ကို ပြစ်မှားသော သူသည်လည်း ဘုန်းကြီးသော်လည်း အသက်မရှည်၊ အသက်ရှည်သော်လည်း ဘုန်းမကြီး ဖြစ်တတ်ချေသည်။

"တစ်ပုံ ဆိုဦးမည်၊ နားထောင်။

"ရွှေဂူ၌ အောင်း၍ နေသော ခြင်္သေ့သည် ရွှေဂူ အနီးအပါးရှိ ကျွဲထီးညီနောင် လေးကောင်တို့ အုပ်ချုပ်ထိန်းသိမ်းနေသော ကျွဲသင်းငါးရာကို စားလိုသော်လည်း ၎င်းတို့၏ ညီညွတ်မှုကြောင့် မစားနိုင် ရှိလေ၏။

"တစ်နေ့သ၌ ခြင်္သေ့သည် မြေခွေးတစ်ကောင်ကိုခေါ်၍ "ထိုကျွဲထီးညီနောင် လေးကောင် တို့၏ စည်းလုံးခြင်း၊ ချစ်ခင်ခြင်းတို့ကို ဖျက်ဆီးလော့။ သင့်အား ဆုနီးရာရာသော အသားများကို ပေးအံ့" ဟု ဆိုပြီးလျှင် လွှတ်လိုက်လေ၏။ မြေခွေးလည်း ကျွဲထီးညီနောင် လေးကောင်တို့ထံ သွားရောက် ခစားလေရာ ကျွဲထီး ညီနောင်တို့၏ ချစ်ခင်ယုံကြည်ခြင်းကို မကြာမီ ရလေ၏။

"တစ်နေ့သ၌ မြေခွေးသည် အစ်ကို အကြီးဆုံးသော ကျွဲကြီးအား ဤသို့လျှင် စကားဆိုလေ၏။

"အရှင်ကျွဲမင်း၊ အရှင်ကား အလွန်တင့်တယ်လှပ၍ ဘုန်းကျက်သရေနှင့် ပြည့်စုံပြီးလျှင် ကျွဲမောင်းမတို့၏ အလယ်၌ ရှုမငြီးနိုင်ဖွယ် ရှိပါသည်။ သို့သော် အရှင်၏ ညီတော်တို့ကား ကိုယ်တွင် သန်းကဲ့သို့ အရှင့်ကို ရိုသေ ကိုင်းရှိုင်းခြင်း မရှိပါ။ အစဉ်လိုက်လျက် ခွာရာတိုင်းကာ ရှိချေပြီ။ အရှင် သတိပြုတော် မူပါလော့။ ညီနောင်သုံးဦးတို့သည် တပေါင်းတည်းပြု၍ အရှင့်အား ပုန်စားလတ္တံ့။ ကျွန်ုပ်အား အရှင့်ကျေးဇူးကို လိုလားပါသဖြင့် လျှောက်ထားရပါသည်။ လောက၌ တောတွင်းက ဆေးက သေဘေးကို တားသည်၊ ကိုယ်တွင်းက သွေးက သေဘေးကို ပွားသည်ဟု ပညာရှိတို့ ဆိုရိုးစကား ရှိပါသည်။ အရှင်သည် အရှင့်အကျိုးစီးပွားကို လိုလားတော်မူသောအားဖြင့် အစဉ် သတိပြုတော်မူပါလော့"

"မြေခွေးသည် အစ်ကို အကြီးဆုံးထံမှ ဖဲခွာခဲ့၍ ဒုတိယအစ်ကိုထံ ချဉ်းကပ်ပြီးသော် "အရှင်ကျွဲမင်း၊ အရှင်ကား နောင်တော်ကြီးထက်ပင် ခွန်အားကြီး၏။ ရုပ်ဆင်းသဏ္ဌာန်လည်း အလွန်လှပ တင့်တယ်၏။ ထို့ကြောင့် တိရစ္ဆာန်အပေါင်းတို့သည် အရှင့်အား မင်းမြှောက်လိုကြကုန်၏။ သို့ရာတွင် အရှင်၏ နောင်တော်သည်ကား အရှင်၏ လွန်၍ ကောင်းစားခြင်း၌ ဝန်တိုပိတ်ပင် စဉ်းလဲသောအားဖြင့် ညီငယ်များအားသာလျှင် ဦးစားပေးဘိ၏။ ညီငယ်များနှင့်သာ အရာရာ၌ တပေါင်းတည်း ပြုဘိ၏။ သားအပေါင်းတို့သည် အရှင်၏ သတ္တိ၊ ဗျတ္တိနှင့် သဘောထား ကြီးမြင့် ဖြူစင်ခြင်းကြောင့် ကြည်ညို လေးမြတ်ခြင်းကို သိ၍ နောင်တော်ကြီးသည် ဖိနှိပ်ချုပ်ချယ်ထားဘိ၏။

"လောက၌ အားကြီး၍ စဉ်းလဲသောသူသည် အားနည်း၍ တော်ဖြောင့်သောသူ၏ အကြီးဆုံးသော ရန်သူပေတည်း။ မချီးမြှင့်လိုသော ဖခင်သည် သား၏ အကြီးဆုံးသောရန်သူ ဖြစ်ဘိသကဲ့သို့ စွမ်းရည်သတ္တိနှင့် ပြည့်စုံသော ညီ၏ ရန်သူသည်ကား စဉ်းလဲ၍ ကိုယ်ဖို့ကောင်း ကိုသာ ရှာသော အစ်ကိုကြီးသာလျှင် ဖြစ်ချေသည်။ အကျွန်ုပ်သည်ကား အရှင်၏ အကျိုးစီးပွားကို လိုလားသော အားဖြင့်သာလျှင် အရဲစွန့်၍ တင်လျှောက်ရပါသည်။ အချုပ်၌ကား အရှင်သည် ကျရောက်အံ့သော ဘေးရန်ကို အစဉ်သတိပြု၍ ကာကွယ်တော်မူပြီးလျှင် အထွတ်အမြတ်သို့ ရောက်အောင် ကြိုးစား ကြံဆောင်တော် မူစေလိုပါသည်"

"မြေခွေးသည် ထိုမှတစ်ဖန် ညီလတ်ထံ ချဉ်းကပ်ပြီးသော် ဤသို့ ဆိုပြန်လေ၏။

" ကြန်အင်လက္ခဏာနှင့် အတုမဲ့ ညီညွတ်ပြည့်စုံလှသော အရှင်၊ အရှင်သည်ကား မင်းပျိုးမင်းလွင် ဖြစ်သည့်အားလျော်စွာ မိန်းမော ပျော်ပါး၍သာ နေခဲ့၏။ အရှင်ကား ဘေးရောက်မှန်း မသိ ရောက်နေချေပြီ။ အရှင်၏ နောင်တော်ကြီးသည်ကား ငါ၏ညီများသည် ငါ့ကို တပေါင်းတည်းပြု၍ လုပ်ကြံလတ္တံ့ဟု အောက်မေ့လျက် အရှင်တို့၏ ပျက်စီးရာ ပျက်စီးကြောင်းကို ကြံစည်နေချေပြီ။ နောင်တော် အလတ်ကလည်း နောင်တော်ကြီးသည်ကား မကြာမီ အိုမင်းမစွမ်း ဖြစ်၍ ငါသည် နိမ်နင်း ကွပ်မျက်ရန် လွယ်ကူချေပြီ။ ညီနှစ်ဦးသာလျှင် အစစ်အားဖြင့် ငါ၌ကြီးစွာသော ရန်သူဖြစ်ချေသည်ဟု အောက်မေ့လျက်၊ အရှင်နှစ်ပါးတို့၏ ပျက်စီးရာ ပျက်စီးကြောင်းကိုသာ ကြံစည်နေပါသည်။ လောက၌ လူတို့၏ ပစ္စည်းအိုးအိမ်တို့ကို ကျွမ်းလောင် ပျက်စီးစေသည်ကား လူတို့ မသုံးဘဲလျှင် မဖြစ်နိုင်သော မီးသည်သာလျှင် ကတည်း။ လူတို့၏ လုပ်ခင်း ကိုင်တာ၊ မြို့ပြရပ်ကွက်တို့ကို ဖျက်ဆီးသည်မှာလည်း လုပ်ခင်းကိုင်တာ မြို့ရွာ ရပ်ကွက်တို့ မှီခိုနေရသော ရေသည်သာလျှင်ကတည်း။ ထိုအတူ အရှင်၏ ပျက်စီးခြင်းသည် အရှင်၏ နောင်တော်ကြီး နှစ်ပါးတို့၌သာလျှင် တည်ပါသည်။ ထို့ကြောင့် အကျိုးကိုလို၍ ဆိုပါသော အကျွန်ုပ်၏ စကားကို အရှင့်သားသည် မမှားအောင် စဉ်းစားလျက် ကိုယ်ရေးကိုယ်ရာ ကောင်းစားမှုအတွက် သတိထားခြင်း ပြုတော်မူရန် အကျိုးဆောင် ဖြစ်သည်အတိုင်း တောင်းပန်လျှောက်ထားခြင်း ပြုရပါသည်"

"မြေခွေးသည် ညီအငယ်ဆုံးထံ၌လည်း ဤသို့လျှင် ကုန်းချော ပြောဆိုပြန်၏။

"အရှင်၊ မေ့မေ့လျော့လျော့နှင့် စည်းစိမ်တော် ယစ်မူးနေခြင်း လွန်လွန်းစွတကား။ အရှင်သည် ညီနောင်လေးဖော်တွင် ကြန်အင်လက္ခဏာနှင့် အတင့်တယ်ဆုံး၊ အပြည့်စုံဆုံး၊

အားအင်အကြီးဆုံး ဖြစ်ဘိ၏။ ထို့ကြောင့် နောင်တော်များသည် အရှင့်အား မျက်ခြည်မပြတ်ဘဲ အလစ်နှင့် အမှားကို ကြည့်လျက် နေပါသည်။

"အကျွန်ုပ်ကား အရှင့်သား၏ အကျိုးကို လိုလားသည့်အတိုင်း လျှောက်ထားရပါမူ မင်းသားကို ကွပ်မျက်နိုင်သည်ကား အဖမင်းသာလျှင် ဖြစ်ဘိသကဲ့သို့ ညီငယ်ကို နှိမ်နင်းချိုးဖဲ့ ဖျက်ဆီး သူတို့ကား မျက်စိတစ်ဖက်နှင့်သာ ကြည့်လျက်ရှိသော နောင်တော်များသာလျှင် ဖြစ်ချေသည်။ ထို့ကြောင့် ကျရောက်လတ္တံ့သော ဘေးရန်ကို တင်ကြိုကာကွယ်ဖို့ရန် အရှင့်သားမှာ လိုအပ်ပါသည်။ အရှင်သည် ဇာတာ စန်းလဂ် ကြန်အင်လက္ခဏာနှင့် အညီ မုချ မင်းဖြစ်ရပါလိမ့်မည်။ သို့ရာတွင် အချိန်အခါကို စောင့်ဆိုင်း နေရချေသော် နောင်တော်များသည် အစဉ်အတိုင်း မင်းပြုကြမည် ဖြစ်၍ သွားမရှိသောအခါမှ ဆီပြန် အမဲဟင်းလျာသည် အသို့လျှင် မြိန်ရှက် စေနိုင်ပါအံ့နည်း။

"အရှင့်သား...... လောက၌ ပစ္စည်း ဥစ္စာ ကာမဂုဏ် စည်းစိမ် မည်သည် ဖိမ်ယူနိုင်သော အချိန်အရွယ်ရှိစဉ် အခါ၌ ရရှိ ပြည့်စုံမှသာ ကောင်းစားခြင်း၏ အရသာသည် မွန်မြတ်နိုင်ဖို့ ရှိပါသည်။ အရှင့် အကျိုးစီးပွားကိုလည်း အရှင် သိမြင်ပါလော့။ ကောင်းစားလိုသော သူသည် ရောက်အံ့သော ဘေးရန်ကုန် ဖယ်ရှင်း သုတ်သင်တတ်ရမည်။ ကြောက်လျှင်လွဲ၊ ရဲလျှင် မင်းဖြစ် ဆိုသော စကားကို နားတွင် စွဲရမည်။ မိမိ၏ အကျိုးစီးပွားအလို့ငှာ ရဲရဲကြီး ကြံဆောင်ပါတော့လား အရှင့်သား"

"မြေခွေး၏ ကုန်းချောသော စကားတို့ကြောင့် ကျွဲထီး ညီနောင် လေးကောင်တို့သည် စိတ်ဝမ်းကွဲပြားကြလျက် အရံ ကျွဲပေါင်း ငါးရာတို့၏ ညီညွတ်ခြင်းကို ဖျက်၍ မိမိတို့၏ ကိုယ်စီ အသင်းအပင်း စုရုံးကား ခွဲထွက်ကြပြီးလျှင် တစ်ဦးကိုတစ်ဦး ရန်စောင်ကာ ရှိကြကုန်၏။ ကျွဲသင်း ငါးရာလည်း အစည်းအရုံး ပျက်ပြား၍ တစ်သင်းနှင့်တစ်သင်း ရန်ပြုကာ ရှိကြလေလျှင် ခြင်္သေ့သည် လွယ်လင့်တကူနှင့် ဖမ်းယူစားသောက်ခွင့်ကို ရလေ၏။ မြေခွေးမှာကား ခြင်္သေ့စားကြွင်း ဖြစ်သော အရိုးအရင်း ဝေစုများကို ခံရလေသတည်း။

"ညီတော်မောင်၊ ထိုပုံကို ထောက်ဆ၍ လောက၌ ထိုမြေခွေးနှင့်တူသော သူကို သိတတ်ပါစေ။ "ကုန်းချောခြင်းသည် အလွန်ကြောက်ဖွယ်ရာ ကောင်းသော အဆိပ်ဖြစ်ချေသည်။" "မညီမညွတ်အောင် ပြုလုပ်ခြင်းသည်ကား အဆိုးယုတ်ဆုံးသော ကုန်းချောခြင်း ဖြစ်ချေသည်။" တိုင်းပြည်ကို စည်ပင်သာယာဝပြော၍ မင်းနှင့်တကွ ပြည်သူတို့ ကောင်းစားခြင်း၌ အရှင်တည်စေ လိုသော် သန္ဓိပါတတရား၊ ခန္တီတရား၊ အကောဓတရား၊ အဝိဟိံသတရား၊ ဒါန၊ ပိယဝါစာ၊ အတ္တစရိယ၊

သမာနတ္တတာ ဟူသော တရားတို့ကို မင်းတို့ မည်သည် မမေ့မလျော့ရာ။ တရားသူကြီး၊ မှူးကြီးမတ်ရာ၊ သေနာပတိတို့အားလည်း မမေ့စေရာ။ အမြဲ ကျင့်သုံးဆောက်တည်အပ်သော တရားဖြစ်သည် ညီတော်မောင်။

"တစ်ပုံ ဆိုဦးမည်၊ ညီတော်မောင်။

"အပေါင်းအသင်း အကျင့်အကြံတူများ၊ မှုခင်းရေးရာ လုပ်ဖော် ဆောင်ဖက်များတို့သည် ဇာတ်တူသူကို မပြစ်မှားနှင့်။ ပြစ်မှားမိက ဇာတ်တူသားကို စားရော ရောက်ချေသည်။

"ရှေးသရောခါ ဟင်္သာကိုးသောင်းတို့သည် ဝေပါလတောင်၌ လိုဏ်ပြုကာ နေကြကုန်၏။ ၎င်းတို့သည် နွေအခါက အစားအစာတို့ကို ပြည့်စုံစွာ ရှာဖွေဆည်းပူးကြ၍၊ မိုးအခါ ငြိမ်းချမ်းစွာ ပျော်ပါးစားသောက်ကာ ရှိကြကုန်၏။ ၎င်းတို့ကို ပင့်ကူကြီးတစ်ကောင်သည် မြင်လတ်သော် စားလိုသဖြင့် လိုဏ်ဝ၌ မိမိ၏အမျှင်များဖြင့် ကွန်ချာရက်ပြီးသော် ပိတ်ဆီးထားလေ၏။ ဟင်္သာတို့လည်း မိုးကုန်သောအခါ တစ်ဟုန်တည်း ပျံသန်း တိုးထွက်ကြသဖြင့် ပင့်ကူကြီး၏ အမြှေးများသည် စုတ်ပြတ်ကုန်လေရကား ပင့်ကူကြီး၏ ဘေးရန်မှ လွတ်ကင်း ချမ်းသာရာ ရကြကုန်၏။

"ဤနည်းကဲ့သို့ အခါခါ တွေ့ကြုံဖြစ်ပျက်ကြရကုန်၏။

"အခါ တစ်ပါး၌ မိုးဥတု ရှည်လတ်သဖြင့် ထိုလိုဏ်၌ ဟင်္သာတို့သည် အစားအစာ ကုန်ခန်းလေသော် ကြံရာအထူးကို မရဘဲ ဟင်္သာအိုကြီးများကို ပေါက်သတ် စားကြကုန်၏။ ဟင်္သာအိုကြီးများ ကုန်၍လည်း မိုးမလင်း မစဲသေးသည် ရှိလတ်သော် ဥများ၊ ဥများ ကုန်လတ်သော် သားငယ်များ စသည်ဖြင့် မိုးလင်းသည် တိုင်အောင် စားသောက်ကြလေရာ ဟင်္သာပေါင်း များစွာ ပျက်စီးကြရကုန်၏။

"ပင့်ကူကြီးသည်လည်း မိမိ၏အမြှေးများနှင့် ရှေးကနည်းတူ တောင်မြဲထောင်ထား၏။ ဤနည်းဖြင့် မိုးစဲ ပွင့်လင်းသောအခါ ဟင်္သာတို့သည် ရှေးကကဲ့သို့ တစ်ဟုန်းတည်း ပျံသန်းကြရာ ဇာတ်တူသားကို မှားမိသဖြင့် အားအင်ကုန်ခမ်း ကြလေရကား ပင့်ကူအိမ်ကို မထိုးမဖောက်နိုင်ဘဲ အမိခံရပြီးသော် ဟင်္သာကိုးသောင်းသည် ပျက်စီးရလေသတည်း။

"ထိုဒဏ္ဍာထုံးစကားကို ထောက်ဆ၍ ညီတော်မောင်၊ တိုင်းနိုင်ငံတို့ မည်သည် ဇာတ်တူသားကို စားခြင်းနှင့် တူသော အပေါင်းအသင်း အကျင့်အကြံတူများ၊ မှုခင်းရေးရာ လုပ်ဖော်

ဆောင်ဖက်များတို့ ပျက်စီးရာ ပျက်စီးကြောင်း၊ ကွဲပြားရာ ကွဲပြားကြောင်း ဖြစ်ရလေအောင် မပြစ်မှားသင့်။ အမျိုးသားများ ဆုတ်ယုတ်အားနည်းခြင်း ဖြစ်ရလေအောင် မကျင့်မကြံထိုက်၊ မပြစ်မှားထိုက်ချေ။ ထိုမှတစ်ပါးလည်း တိုင်းနိုင်ငံ ကျိုးကြံတိုက်တာ မြောက်မြားစွာ ထားရှိစေ၍ စားရေရိက္ခာများကို ပြည့်စုံကုံလုံအောင် သိုလှောင်ထားလျက် သုံးနှစ်လည်မှ ထိုအစာကို စားသင့်သည့်အတိုင်း သုံးနှစ်တာအတွက် အစာရိက္ခာ ပြည့်စုံကုံလုံစေရမည် ညီတော်မောင်။

"ညီတော်မောင်၊ လောကသည် အလွန် ဆန်းပြားသည်။ လောကအကြောင်းကို ကောင်းစွာ နားလည်မှ လောကကို အုပ်စိုးနိုင်သည်။ အခါခပ်သိမ်း ပဝတ္တိကိုထက် ဇာတိကို ကြည့်မြင် သိရှိရသည်။ တဒင်္ဂကိုသာ မမြင်ဘဲ အရှည်အမြဲကိုလည်း ထင်ရ၊ မြင်ရမည်။ ခွေးမြီးကောက်ကို ကျည်တောက်စွပ်သော်လည်း ခဏသာဖြောင့်၍ ကောက်မြဲသဘောမှ မလွန်ချေ။ လောက၌ သူယုတ်တို့ သဘောသည် ထိုနည်းလည်းကောင်းပင် ဖြစ်ချေသည်။ တစ်ပုံဆိုဦးမည်၊ နားထောင်။

"မောရိယပြည် တောအုပ်၌ လှည့်လည်ကျက်စားနေသော မုဆိုးကြီး တစ်ယောက်သည် ရှိ၏။ ထိုမုဆိုးကြီးသည် ရသေ့တစ်ပါး၏ တရားကို နာရ၍ ရသေ့အဝတ်ကို ဝတ်ပြီးလျှင် တောအုပ်၌ လှည့်လည်ကာ နေလေ၏။

"တစ်နေ့သ၌ ထိုရသေ့သည် သစ်သီးအလို့ငှာ တောအုပ်သို့ဝင်လေရာ လှည်းဘီးခန့် ပမာဏရှိသော ပင့်ကူကြီး၏ ပင့်ကူအိမ်၌ ကိန္နရာမ လေးဦးမိနေသည်ကို တွေ့ရလေ၏။ ကိန္နရာမ တို့လည်း သနားဖွယ်သော အသံနှင့် ကယ်ပါ၊ ယူပါ တစာစာနှင့် တစ်ပြိုင်တည်း ငိုကြွေးကြကုန်၏။

"ရသေ့သည် ကိန္နရာမတို့၏အပေါ်၌ သနားစိတ် ပြင်းထန်စွာ ကျရောက်၍ ပင့်ကူကြီးကို တောင်ဝှေးနှင့် ရိုက်သတ်ပြီးနောက် ကိန္နရာမတစ်ဦးကို ပင့်ကူအိမ်မှာ ဖြုတ်လျက် ပုထုဇဉ်တို့၏ သဘောအတိုင်း မိုက်မဲသော စိတ်ယုတ်မာကို မနှိမ်နင်းဘဲ ပျော်မွေ့ခြင်းကို ပြုလေ၏။ ထိုအခါ ကိန္နရီသည် "ဟယ် အကျင့်ယုတ်၊ ငါဟာ ပင့်ကူရဲ့ အစားကို ခံရခြင်းထက် ဆိုးညစ်တဲ့ အဖြစ်ကို တွေ့ရပြီတကား" ဟု ဆဲဆိုကာ မုဆိုး ရသေ့ပျက်၏ လက်မှ လွတ်လျှင် လွတ်ချင်းပင် ထွက်ပြေးလေ၏။

ရသေ့လည်း တစ်ဖန် ကိန္နရာမတစ်ဦးကို ရေးနည်းအတူ ဗလက္ကာရဖြင့် ပြုကျင့် ကျူးလွန် ဖောက်ပြန်ပြီးသော် လွှတ်လေ၏။ ထိုအခါ ကိန္နရာမလည်း "ဟယ် ယုတ်မာလှတဲ့ ရသေ့ညစ်၊ သူတော်ကောင်းတို့ရဲ့ အရေတော်ဖြစ်တဲ့ အရဟတ္တဓဇ သင်္ကန်းတော်ကို ကျော့ကွင်းပြုကာ သင်ဟာ

လှည့်လည်နေလေပြီတကား၊ ငါတို့ဟာ သင့်ကို သူတော်ကောင်း ထင်မှတ်လို့ ကယ်ပါဟု တောင်းပန်မိကြပြီ။ ငါဟာ ပင့်ကူအစာကို ခံရခြင်းထက် လောကမှာ အရှုံးကြီး ကြီးစွာရှုံးပြီး နစ်နာရလေပြီတကား" ဟု ဆဲဆိုကာ ထွက်ပြေးလေ၏။ ထို့နောက် ကိန္နရီနှစ်ဦးသည်လည်း ရှေးကိန္နရီမများနည်းတူ ဆင်းရဲတွေ့ကြရပြီးလျှင် ထွက်ပြေးကြရလေသည်။

"ထို့ကြောင့် ညီတော်မောင်၊ အရေခြုံများကို သတိပြုလေ၊ သူမိုက်၊ သူယုတ်တို့သည် အမြဲအရေခြုံလေ ရှိသည်။ သူယုတ်မာ၏ ကယ်ဆယ်၊ ကူညီခြင်းသည် ကြောက်မက်ဖွယ် အကောင်းဆုံးသော ဘေးကြီးပင် ဖြစ်၍ သူတစ်ဦး၏ ဇာတိကို ထောက်လှမ်းစုံစမ်း၍ သူယုတ်မာကို ဝေးစွာရှောင်ကြဉ်အပ်ချေသည်။ မလွှဲမကင်းသာ၍ ဆက်ဆံရလျှင်လည်း အတွင်းအပ နှစ်ဝဒအားဖြင့် မယုံကြည်ဘဲ ၎င်းနှင့် လျော်ရုံကို သိပြီးလျှင် လျော်သည်ထက် ပိုမို မြှောက်စား မိမည်ကို သတိပြုရာချေသည်။

"တစ်ပုံ ဆိုဦးမည်၊ ညီတော်မောင်။

"တစ်ရံရောအခါ မင်းသားတစ်ပါးသည် ခမည်းတော်၏ အလိုကို ဖြည့်ဆည်းလိုသဖြင့် ပညာရှိ ငမဲကျွန်ကို ရှာရန် သွားလေရာ၊ နောက်ပါ သင်းပင်း ခြွေရံတို့နှင့် ကွဲကွာ၍ တောနက်ကြီးထဲသို့ ရောက်သွားလေ၏။

"မင်းသားသည် ထိုတောထဲ၌ မျက်စိလည်နေသည်တွင် ဝံသူတော်မနှင့် တွေ့၏ ဝံသူတော်မသည် မိမိ၏ အသိုက်သို့ ခေါ်ဆောင်၍ အချိန်မလှသောအခါ အသိုက်ရှိရာ သစ်ပင်မြင့်ပေါ်သို့ ကျောပိုးလျက် တင်ဆောင်ကာ ထားလေ၏။

"ဝံသူတော်မင်းလည်း မင်းသားအား မြိန်နိုးရာရာသော သစ်သီး သစ်ဥသစ်ဖုတို့အပြင် မင်းသား သဘောကျေနပ်အောင် ထောက်ပံ့ လိုက်လျောခြင်းကို သဘာဝအလျောက် ပြုလေ၏။

"ညဉ့်ကား ဝံမသည် မင်းသားအား "အိပ်လော့၊ ကျွန်ုပ် စောင့်နေမည်၊ ညဝက်သို့ရောက်မှ သင် ထ၍ ကျွန်ုပ်အား စောင့်လော့" ဟု အမူအရာအားဖြင့်ဆိုပြီးလျှင် မင်းသားကို အလျင် အိပ်စေ၏။

"ထိုကဲ့သို့ ဝတ်ပြု၍ တစ်နေ့သောညဉ့် မင်းသား အိပ်ပျော်ချိန်တန်သောအခါ ကျားစေဉ်းလဲမသည် လာရောက်၍ "အရှင်မ၊ သင်၏အသိုက်တွင် လူသားရှိဟန် လက္ခဏာ ရှိပေသည်။ သင်၏

သစ်ပင်ရင်း၌ လူသားခြေရာ ထင်၍ ညည့်ဦးယံမှ လူသံကို ကျွန်ုပ် ကြားမိပါသည်။ လူမည်သည်ကို မကယ်စကောင်းပါ၊ တွန်းချလိုက်ပါလော့” ဟု ဆို၏။

“ဝံမလည်း “ဟယ်.... ကျားစေဉ်းလဲမ၊ သင်၏ စဉ်းလဲညဏ်ဖြင့် ငါ့ကို လာရောက်၍ မလှည့်ဖြားနှင့်။ သွားလိုရာသို့သာ သွားပါလေ” ဟု မောင်းနှင်လေ၏။

“ကျားစေဉ်းလဲမလည်း ဤသို့ ဆို၏။

“အရှင်မ၊ သင်ကား ပညာရှိလျက် သတိဖြစ်ခဲ၍ မှားယွင်းလေပြီ။ သင်၏ အသက်သည် ရန်သူ့လက်သို့ ရောက်လုဆဲ ဖြစ်ချေပြီ။ ခြေနှစ်ချောင်း သတ္တဝါတွင် ပါဝင်သော လူတို့သည် အလွန်ကြမ်းတမ်း ခက်ထန်သော စိတ်ရှိ၍ ကျေးဇူးတရားကို မသိတတ်ချေ။ ထိုလူတို့ မည်သည်တွင် မင်းမျိုးမင်းနွယ်၊ ငါမင်း၊ ငါမင်းသား၊ ငါ အစိုးတရ ဆိုရသောသူမည်သည် ငါတို့ကား သခင်ဟု အောက်မေ့၍ လွန်သောမာနဖြင့် သူတစ်ထူး၏ ကျေးဇူးကို ခစားသော ပဏ္ဏာလက်ဆောင်ဟု အောက်မေ့လျက် သူတစ်ပါး အပေါ်၌ ထောက်ထားညှာတာကြောင်နာသင့်သော တရားတို့ကို မသိတတ်ကုန်။ အဘယ်ကြောင့် အရှင်မသည် သေမင်းကို မြှောက်စားလျက် စောင့်ရှောက်ထိန်းသိမ်း နေဘိသနည်း။

“ကျွန်ုပ် မယ်တော်မနစာရီ သင်ပြသော ပုံကို ဆိုမည်၊ နားထောင်။

“အခါတစ်ပါး၌ သလ္လာဝတီ မြစ်ရေ ကြီးမြင့်လာရာတွင် မင်းသား၊ မြွေ၊ ကျား၊ မျောက်တို့သည် ထင်းတုံး တစ်တုံးကို တွယ်လျက် မျောပါလာကြကုန်၏။ ထိုအခါ ရသေ့တစ်ပါးသည် ရေမှ မျောက်၊ ကျား၊ မြွေ၊ မင်းသားတို့ကို အစဉ်အတိုင်း ဆယ်ယူပြီးသော် မီးဖိုပေးခြင်းဖြင့် သက်သာရာ ရစေလေ၏။

“မင်းသား၊ မြွေ၊ ကျား၊ မျောက်တို့သည် အသက်ဘေးမှ ချမ်းသာရာရကြသည်ရှိသော် ရှင်ရသေ့ကို ကန်တော့ကြ၍ အရှင်၏ကျေးဇူးကို မမေ့ပါ။ ကျေးဇူးဆပ်ပါရစေ၊ အကျွန်ုပ်တို့၏ အရပ်သို့ ဆက်ဆက် ကြွတော်မူခဲ့ပါဟု အသီးသီး မှာထားပြီးလျှင် ပြန်ကြကုန်၏။

“အခါတစ်ပါး၌ ရှင်ရသေ့သည် ချဉ်ဆားအလို့ငှာ မြို့သို့သွားလေရာ ယခင်က ၎င်းကယ်ဆယ်ဖူးသော မင်းသားသည် မင်းဖြစ်နေ၍ တိုင်းခန်း လှည့်လာသည်နှင့် တွေ့ရလေ၏။ မင်းလည်း သည်ရသေ့ပျက်ကား ငါ့ကို ရေထဲက နောက်မှ ဆယ်သည်ဟု အငြိုးထား၊ အပြစ်ပြုလျက်

ဤရသေ့ကား ရသေ့ပျက်တည်း၊ ဖမ်းကြလော့၊ ဒဏ်တစ်ရာခတ်၍ ငါ့ပြည်မှ နှင်ထုတ်လော့ဟု မင်း၏ အမိန့်အာဏာကို ထုတ်လေ၏။ မင်းချင်တို့လည်း မင်း၏ အမိန့်အတိုင်း ဒဏ်ခတ်၍ ထုတ်ဆောင်သွားလေ၏။

"ရသေ့လည်း အို.... လောက၊ ကျေးဇူးရှိသူကိုမှသာ ကျေးစွပ်နိုင်သည်။ သူယုတ်တို့အား ကျေးဇူးပြုခြင်းကို သတိပြုလော့။ တိရစ္ဆာန်ကို ကယ်မိသဖြင့် ကျေးဇူးအထူး အပြုကြွားသော်လည်း လူဆိုသော သူယုတ်မာကို ကယ်ဆယ်မိချေသော် (ဝါ) စောင့်ရှောက်မိချေသော် ထိုသူယုတ်ထံမှ ဘေးသည် ရောက်လာမြဲ အစဉ်ပေတည်း။ သူတော်ကောင်းကို ပြစ်မှားမိသဖြင့် ထိုသူတော်ကောင်းမှ ဘေးရန်သည် မပေါ်ပေါက်လာသော်လည်း သူယုတ်မာကို ကျေးဇူးပြုမိကြွားသော်ကား ထိုကျေးဇူးကြောင့်ပင်လျှင် ဘေးဥပါဒ် တွေ့ရလေသည်ဟု ရေရွတ်ကာ မင်းချင်းတို့၏ နောက်သို့ လိုက်ပါသွားရလေ၏။

"ထိုအသံကို ဥယာဉ်တစ်ခုမှ မြောက်သည် ကြားလေလျှင် ရှင်ရသေ့ထံ မျက်ရည်စီးယိုနှင့် လာရောက်ဦးတိုက်ပြီးမှ- အရှင်မြတ် နှစ်သိမ့်တော် မူပါလော့။ မကြာမီ သူယုတ်၏ဘေးမှ လွတ်ရပါလတ္တံ့ဟု ဆိုပြီးသော် ကျားရှိရာသို့ သွားရောက်၍ အကြောင်းကို ပြန်ကြား ပြောဆိုလေ၏။ ကျားလည်း လျင်မြန်စွာ လာရောက်၍ အာဏာသားတို့ကို ကိုက်သတ်မည် အဟန်နှင့် ဟိန်းတစ်ကြိမ်းမောင်းလေလျှင် အာဏာသားတို့သည် ရှင်ရသေ့ကို လွှတ်၍ ထွက်ပြေးကြကုန်၏။

"မြွေသည်လည်း ထိုကဲ့သို့ အုတ်အုတ်ကျက်ကျက် ဖြစ်ရာ အရပ်သို့ လာရောက်ပြီးသော် အကြောင်းမျိုးစုံကို စုံစမ်းသိရှိရကာလ မိမိ၏ အမျိုးအနွယ်အပေါင်းအဖော်တို့ကို စုရုံးခေါ်ငင်၍ နန်းတော်သို့ ဝင်ရောက် ဖျက်ဆီးခြင်း ပြုသဖြင့် ထိုဆိုးညစ်သော မင်းသည် ပျက်စီးရလေသည်။

"ထို့ကြောင့် အရှင်မ၊ လူသားကို ကယ်ဆယ်ထားခြင်းသည် ဘေးဥပါဒ်ဖြစ်သော မီးကို မွေးသည်နှင့် တူလေသောကြောင့် အသိုက်တွင်းမှ တွန်းချပါလော့"

"ဝံသူတော်မလည်း "ရှင်မ၊ ငါလည်း မယ်တော်မနုစာရီ၏ တပည့်ပင် ဖြစ်၍ သင့်လိုပင် ဒဏ္ဍာရီ ပုံပေါင်းထောင်သောင်းကို တတ်ပါသည်။ ကလေးမဟုတ်၍ သင့်ဒဏ္ဍာရီကို ငါမကြားလို၊ သင်ပြန်လော့" ဟု ခြိမ်းခြောက်ပြီးသော် နှင်ထုတ်လိုက်လေ၏။

"ထိုနေ့ည သန်းခေါင်ယံ အချိန်သို့ ရောက်လတ်သော် မင်းသားသည် နိုးလတ်၍ ဝံသူတော်မလည်း ကိုယ်လက် အမူအရာဖြင့် "အချင်းမင်းသား၊ ငါကား အိပ်ဦးမည်။ သင်သည် ငါ့ကို

စောင့်ပါလော့၊ သင် စောင့်နေစဉ်အခါ ကျားစေဉ်းလဲမသည် လာရောက်၍ သင့်ကို ဖြားယောင်း ပေလတ္တံ့၊ သင်သည် စိတ်ကို မပြောင်းမလဲဘဲ တည်တံ့ပါစေ။ သင် စိတ်ဖောက်ပြန်ခဲ့သည် ရှိသော် ငါသည် ကျားမ၏လက်တွင် ရှေးဦးစွာ ပျက်စီးရပြီးနောက် သင်လည်း ပျက်စီးရပေလိမ့်မည်။ သင်သည် သင့်အကျိုးနှင့် ငါ့အကျိုးကို မြော်၍ သင်၏ စိတ်ကို ခိုင်မြဲတည်ကြည်ပါစေ” ဟု မှာထားပြီးသော် အိပ်လေ၏။

“ကျားစေဉ်းလဲမလည် ဝံသူတော်မ အိပ်ပျော်ချိန်သို့ ရောက်သောအခါ ရသေ့ပျက်တစ်ဦးကို အဖော်ပြုကာ လာရောက်ပြန်၏။

“ကျားမကား ရှေးဦးစွာ ကျား၏သဘာဝဖြင့် အသံကို တစ်တောလုံး ပဲ့တင်ထပ်စေပြီးမှ မိမိ၏ အဆိုစကားဟန်ဖြင့် ရသေပျက်ကို ဤသို့လျှင် စကားဆိုစေလေ၏။

“ယနေ့ညအဖို့၌ ငါဟာ ဘယ်လို ဇီဝိတဒါနကို ပြုရပါမလဲ။ မည်သူ့အသက်ကို ကယ်ဆယ်ရပါမည်နည်း။ သည်ဝံယုတ်မ၏ အသိုက်တွင်း၌ လူသားရှိနေလေဟန် တကား။ သစ်ပင်အောက်၌ လူ့ခြေရာဟာ အဝင်သာရှိပြီး အထွက်မရှိလို့ သင်ကောင်မစာ ဘယ်လိုလူအား သူ့ကာမဂုဏ်ကို ဇန်းပြကာ ဖြားယောင်းပြီး ခေါ်လာပြန်ပါလိမ့်မလဲ။ မကြာမီကပင် ငါ မတွေ့လိုက်ရလို့ မင်းသားတစ်ဦးဟာ သည်ဝံညစ်မရဲ့ ဘေးနှင့် ပျက်စီးရချေပြီ။ ငါဟာ သည်တောတောင်၌ သည်ဝံညစ်မကြောင့် စိတ်ပျက်လှပါပေ့။ သစ်ပင်ပေါ်၌ လူသားရှိသလော”

“မင်းသားကား လူ့စကားကို ပီသစွာ ဆိုတတ်သော ဤကျားသည် သာမညကျား မဟုတ်တန်ရာ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ် သူတော်ကောင်းတို့ သွန်သင်ထားသော ကျားသူတော်ကောင်း ဖြစ်တန်ရာသည်ဟု စဉ်းစားလျက် ရှိပါ၏ဟု ဖြေဆိုလေ၏။

“သင့်အား ငါ သနားလှပါတယ်။ သင်ဟာ ယောကျ်ားအသံ ဖြစ်လို့ ယောကျ်ား ဖြစ်တန်ရာ၏။ ယောကျ်ားတို့တွင်လည်း မင်းသား မင်းသွေး ဖြစ်တန်ရာ၏။ သင်ဟာ ကံကောင်း ထောက်မလို့သာ ငါနှင့် အခန့်သင့် တွေ့ရပေတယ်။ သည်ကောင်မဟာ ယောကျ်ားများနှင့် အားရအောင် မွေ့လျော်ပြီးမှ သတ်ပုတ် ညှဉ်းထဲ စားသောက်တာဟာ များခဲ့လှပြီ။ ကျွန်ုပ်နှင့် တွေ့ရတဲ့သူ အနည်းငယ်သာ အသက်ချမ်းသာရာ ရကြရှာပေတယ်။ သင်လည်း ကျွန်ုပ်ရဲ့ စကားကို နားမထောင်ရင် နံနက်မိုးသောက်က သည်ဝံညစ်မရဲ့ နတ်သုဒ္ဓါ ဖြစ်ရပေလတ္တံ့။ သင့်အသက်ကို သင် ချစ်ခဲ့ပါရင် သည်ဝံယုတ်မကို အသိုက်တွင်းမှ တွန်းချလော့”

"ထိုအခါ မင်းသားလည်း ထိုစကားရပ်များကို စဉ်းစားကာ တစ်ဝက်ပါမှားလှသော်လည်း ကျေးဇူးရှင် ဝံမ မှာထားချက်ကို သတိရ၍ ဤသို့လျှင် ချေပပြောဆိုလေ၏။

"ဟယ်..... ကျားယုတ်မ၊ ငါ့ကို လာပြီး မလှည့်ဖြားနှင့်၊ ငါဟာ သာမညသူ မဟုတ်။ သက်သာပြည့်ရှင် ဘုရင်ရွှေမှောက်မင်းကြီးရဲ့ ထီးမွေ နန်းမွေခံ မင်းသားဖြစ်တယ်။ ဟယ်...... သူယုတ်မ၊ ဝံတို့မည်သည် အသားကို စားသလော။ သင်သာလျှင် စဉ်းလဲညာဏ်ဖြင့် ဝံသားစားပြီးနောက် ငါ့အသားကို အဆစ်ထည့်ပေလတ္တံ့။ သင်သာလျှင် မျိုးရိုးဇာတိအားဖြင့် သူတစ်ပါး၏ အသက်နှင့် ကိုယ့်အသက်ကို ပြည့်တင်းစေတဲ့ အမျိုးဖြစ်လို့ ဤနရာမှ ဖဲပါလော့"

"လူတို့တွင် အမြင့်မြတ်ဆုံးဖြစ်တဲ့ ကာမဘောဂီ စည်းစိမ်ရှင် မင်းသား၊ ငါဟာ ဘယ်လိုကျား ဖြစ်ကြောင်းကို သင့်အား မပြောရသေး။ ငါတို့ ကျားမျိုးဟာ သင်ဆိုတဲ့အတိုင်း မှန်ပါတယ်။ သို့သော် ငါတစ်မူကား လောကီအဘိညာဉ်ရှာန်ရှင် မယ်တော်ကြီး မနုစာရီထံမှာ သုံးနှစ် သုံးဝါ တပည့်လျာအဖြစ်နှင့် တရားနာခဲ့ရလို့ သူတော်ကောင်းအစစ် ဖြစ်နေတာကို သင် မသိလို့သာ အထင်မှား အမြင်မှား ဆိုတာကို သူတော်ကောင်းပီပီ ငါ သည်းခံပါတယ်။

"သင့်ကို သနားလှသဖြင့် ငါ ပုံစကားဆိုမည်၊ နားထောင်။

"ယောနတိုင်း တက္ကတိုင်းပြည်ကြီးမှ ပြန်လာသော မိတ်ဆွေသုံးဦးတို့သည် လမ်းခရီး၌ ပျင်းလှသဖြင့် တစ်ဦးသော အတတ်ရှင်သည် သစ်သားခြောက် တစ်တုံးကို ဝံရုံတုလုပ်လေ၏။ တစ်ဦးကမူကား အသက်သွင်းပေးလေ၏။ ထိုအခါ သစ်သားဝံရုပ်သည် ဝံအစစ်ဖြစ်လာ၍ အတတ်ရှင် သုံးဦးကို ကိုက်သတ်သဖြင့် အတတ်ပညာသည် သုံးဦးတို့သည် လမ်းခရီးတွင် အသက်ဆုံးရှုံး ကြရလေသည်။

"ထို့ကြောင့် ကိုယ့်အတတ်နှင့် ကိုယ့်ကိုစူး နတ်လို့ ရနိုင်ဘူး ဟူသော စကားပုံကို သင်မင်းသား ဘာကြောင့် သတိမပြုမိပါသလဲ။

"သည်ပုံကို ထောက်ချင့်၍ သစ်သားမှ ဖြစ်သော ဝံပင်လျှင် သည်မျှလောက် ဆိုးပါလျက် ဝံအစစ်သော်ကား အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ အသားကို မြည်းဖူးသော ဗြာဟ္မဏသည် နွားကိုမြင်တိုင်း လျှာယားဘိသလို ဤဝံညစ်မလည်း အတူဖြစ်နေသဖြင့် ဝံတို့မည်သည် သနားကြင်နာမဲ့၍ ရက်စက်ကြမ်းကြုတ်ခြင်း လွန်၏။ တောတိရစ္ဆာန်တို့တွင် ခက်ထန်၊ ကြမ်းတမ်း၊ အရက်စက်ဆုံး ဖြစ်သဖြင့် တောသားတိုင်း ဝံကို ကြောက်ရ၏။ သည်ဝံညစ်မနှင့် သင်တွေ့ရခြင်းသည်

သင် ကံဆိုးမိုးမှောင် ဖြစ်လေရှာတော့ တကား။ ကျွန်ုပ်၏ စကားကို နားထောင်ပြီး သင်းကို ထွန်းလော့ အသင်မင်းသား”

“မင်းသားလည်း ကျား၏ အဆိုဖြင့်ဆိုသော ရသေ့ပျက်၏ စကားတို့ကို ယုံမှားခြင်းဖြစ်လာ၍ အိပ်မောကျနေသော ဝံမကို အသိုက်တွင်းမှ တွန်းချလိုက်လေ၏။

“ထိုအခါ ဝံမသည် ဝါးရုံပင်ကြားသို့ ကျ၍ သတိကို ဖြစ်စေပြီးမှ “ဟယ်သူယုတ်မာများ၊ ငါသို့သော သူတော်စင်ကို အဘယ်မည်သော သူယုတ်မာတို့သည် အောင်နိုင်မည်နည်း။ လောက၌ နတ်ကောင်း နတ်မြတ်များသည် လောကကို လျစ်လျူ မရှုကြကုန်” ဟု ဆိုပြီးသော် အသိုက်ပေါ်သို့ ပြန်တက်သွားလေ၏။ ကျားနှင့် ရသေ့ပျက်လည်း ပြေးကြလေ၏။

“ဝံမကား မင်းသားကို ကြမ်းကြုတ်ခက်ထန်သော မျက်နှာဖြင့် ဤသို့ စကားဆို၏။

“အချင်းလူသား၊ သင်ကား သစ္စာမရှိ၊ ကတိ မတည်၊ ကျေးဇူးကို မသိတတ်၊ မြော်မြင်တတ်သော ဉာဏ်ပညာ မရှိ၊ တွင်းဆုံးကျ မိုက်မဲလျက် အလွန်ယုတ်ညံ့ဘိ၏။ သင်၏ အသက်သည် တည်နေသင့်သေးသလော့”

“မင်းသားလည်း အလွန်ကြောက်လန့် တုန်လှုပ်၍ ခက်တရော်သောကိုယ် ရှိချက် ဝံမကို တောင်းပန်အသနားခံကာ သူညံ့တို့၏ သဘာဝအတိုင်း ပြုလေ၏။

“ဝံမလည်း ဤသို့လျှင် မြင့်မြတ်သော စကားကို ဆို၏။

“အချင်းလူသား၊ ငါသည် မြင့်မြတ်မှုကို လိုလား တောင့်တနေသည်အတိုင်း သင်၏ပြစ်မှုကို သည်းခံပါသည်။ နောင်ကိုလည်း ငါသည် တိုး၍ သည်းခံရရန် သင့်ကို လူမျိုးကို တွေ့ပါရစေ။ အခါခပ်သိမ်း၌ ဟုတ်လျှင် ခံရမည်ဖြစ်၍ မဟုတ်သည်ကို သည်းခံခြင်းသည် လည်းကောင်း၊ မနိုင်၍ သည်းခံရခြင်းထက် နိုင်နင်းပါလျက် သည်းခံခြင်းသည် လည်းကောင်း၊ လူလိမ္မာကိုထက် လူမိုက်၏ ညစ်ညမ်းခြင်းကို သည်းခံခြင်းသည် လည်းကောင်း မြင့်မြတ်၏ဟု ငါသိပါသည်။ ငါသည် သင့်အသက်ကို ချမ်းသာပေးပါသည်”

“မိုးသောက်သောအခါ ဝံသူတော်မသည် လူတို့သွားရာ ခရီးလမ်းသို့တိုင်အောင် မင်းသားကို လိုက်ပို့လေ၏။ မင်းသားလည်း ဝံသူတော်မ ကျောခိုင်းသည်နှင့် တစ်ပြိုင်နက် သ- သေ -

နိ - ယာ - မ ဟူသော စကားကို ဆိုလျက် တိုင်းပြည်သို့ ရောက်သွားပြီးသော် ရှုးသွပ်သောဝေဒနာကို စွဲကပ်ရလေသတည်း။

(ပုံဝတ္ထုပေါင်း များစွာ ပါရှိနေသည်ကို ဝတ္ထုလေးမည်ဖြစ်၍ ချန်ထားခဲ့ပါသည်။ အကျယ်ကို ဦးဘိုးသင်း တည်းဖြတ် စီစဉ် ရေးသားထားသော ငမဲကျွန် ဝတ္ထုရှည်ကြီးတွင် ဖတ်ပါလေ။)

"ညီတော်သတိုးနွယ်၊ သည်ပုံကို ထောက်ဆ၍ လူစဉ်းလဲ၊ သူယုတ်၊ သူယုတ်မာ၊ လှီးစားဖြတ်စားပြုသသူ၊ ခေါင်းပုံဖြတ်လိုသောသူ၊ ကျောလိုသော လိမ်လည် ကောက်ကျစ်သောသူ၊ ကိုယ့်ဖို့ကောင်းနှင့် ကိုယ်ကသာ အသာလိုသော သူတို့သည် အလွန် စကားတတ်သည်။ ဥပမာထုံးပုံတို့နှင့် သူတစ်ပါး ယုံကြည်အောင် ယုတ္တိပါပါ စကားဆိုတတ်သည်။ ဟုတ်လိမ့်နိုး ထင်မှတ်လာအောင်၊ အကြောင်းအကျိုး ဆိုက်ရောက်အောင် စကားပြောတတ်သည်။ ထိုအခါ ခွေးတောက်၊ တမာတို့သည် သဘာဝကို ဖောက်ပြန်၍ ဘယ်တော့မှ မချိုနိုင်ဘိသကဲ့သို့ ထိုသူတို့၏ သဘောသည်လည်း ဖြစ်ချေသောကြောင့် ၎င်း၏ စကားကို မည်သည့်အခါမျှ၊ မည်သည့်နည်းနှင့်မျှ မယုံမှားလေနှင့်။

"ညီတော်မောင်၊ သူ၏အကျင့် မကောင်းဘဲနှင့် (ဝါ) သူ့တွင် ချီးမွမ်းရလောက်အောင် အကျင့်ကောင်း အကျင့်မွန် မရှိဘဲနှင့် သူတစ်ထူး၏ မကောင်းကြောင်းကို လာရောက်ပြောဆိုသော သူအား ဘယ်အခါမှ ထိုသူနှင့် ဆက်ဆံနီးရင်းခြင်း မပြုပါလေနှင့်။

"လောက၌ ကောင်းစားလိုသော သူတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားတို့ကို သည်းခံနိုင်သရွေ့ သည်းခံရာ၏။ သူတစ်ပါး၏ မကောင်းမှုကို သည်းခံခြင်းထက် မိမိ၏ မကောင်းမှုပြုလိုသော၊ သူတစ်ပါးအား နစ်နာထိခိုက် ပျက်စီးစေလိုသော စိတ်ကို ချုပ်တည်းနိုင်သမျှ ချုပ်တည်း၍ ကျရောက် တွေ့ကြုံလာသမျှသော ဆင်းရဲမှုနှင့် ဆန့်ကျင်မှုတို့ကို သည်းခံနိုင်သမျှ သည်းခံရာ၏။ မိမိ၏ မကောင်းသော အလိုကို ချုပ်တည်းခြင်း မရှိသောသူ၊ တွေ့ကြုံသော ဆန့်ကျင်မှုတို့ကို သည်းခံခြင်း မရှိသော သူတို့သည် သူတစ်ပါး အပေါ်၌ အပြစ်ပြုရန်၊ မိမိအား တုပ ဖက်ပြိုင် တိုက်ခိုက်ရန် အားပေးမှုကို ပြုသကဲ့သို့ ဖြစ်ချေသည်ပြင်၊ မိမိ၏ ရှုံးနိမ့်ခြင်းနှင့် ဆင်းရဲခြင်းတို့ကို လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်ချေသည်။ အကျိုးစီးပွားကို လိုလားသော ယောက်ျားသည် အမှိုက်သရိုက်များကို ဖယ်ရှား သုတ်သင်ရမည် ဖြစ်သော်လည်း သူတစ်ပါး၏ အပြစ်ကို ရှုခြင်းထက် မိမိ၏အပြစ်ကို ရှေးဦးစွာမြင်၍ ထိုအပြစ်ကို မ ပျောက်အောင် ဉာဏ်၊ ပညာ၊ သမာဓိတို့နှင့် ဆေးကြောသုတ်သင်ရာချေသည်။

"သူတစ်ပါး၏ အပြစ်ကို လိုလားသော သူသည် သူတစ်ပါး၏ ကောင်းမြတ်သည့် အကျိုးကျေးဇူးကို ဖုံးကွယ်ရာရောက်၍ တော်မှန် တည့်မတ်ခြင်းနှင့် ဆန့်ကျင်ဘက် ပြုမိခြင်း၊ သူတော်ကောင်းတို့ကို ပြစ်မှားမိခြင်းတို့ ဖြစ်တတ်ချေ၍ ကောင်းစားခြင်းမှ ဆုံးရှုံးရတတ်ချေသည်။ သူတစ်ပါး၏ တောင်ကြီးမျှရှိသော အပြစ်ကို ဖုံးဖိ သည်းခံ၍ ဆီးကင်းမျှသော ကျေးဇူးတရားကို ရှာဖွေ ချီးမြှင့်တတ်ခြင်းသည် ကိုယ်၏အောင်မြင်ရာ အောင်မြင်ကြောင်းကိုသာ ရှာဖွေခြင်း ဖြစ်ရတတ် ချေသည်။ နောင်ဘုရား၏ ညာလက်ရုံးအလား အားထားရသော ညီချစ်မောင်၊ နောင်တော်သည်ကား ခမည်းတော်ဘုရား၏ ထီးနန်းစည်းစိမ်ကို လက်ခံသိမ်းပိုက်ခြင်းငှာ မပြုသာသေးဘဲ သုံးနှစ်သုံးဝါ နေပြည်တော်က ခွာ၍ သွားရဦးမယ်။ ညီတော်မောင်သည်သာလျှင် ဤပြည်ကြီးကို တရားနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်လျက် အုပ်ချုပ်ရစ်ဦးလော့"

သတိုးနွယ် မင်းသားလည်း အလွန်အံ့ဩခြင်းဖြင့် ဤသို့ လျှောက်တင်လေ၏။

"နောင်တော်ဘုရား၊ နောင်တော်ဘုရား၏ အကြံတော်သည် သင့်လျော်တော် မမူပါ။ ဤပြည်တော်သာမှ ထွက်ခွာတော်မူ၍ မည်သို့သော အကျိုးစီးပွားသည် ရှိပါအံ့နည်း။ နောင်ဘုရား အလိုတော် ရှိသမျှကို ညီမောင်သာလျှင် ဆောင်ကြဉ်း၍ ဖြည့်တင်းကာ ဆက်သပါမည်။ အလိုတော် ရှိသမျှကိုသာ မိန့်တော်မူပါ။ ညီတော်သာလျှင် တာဝန်အရပ်ရပ်ကို ဆောင်ရွက်ပါမည်။ ပြည်တော်သာမှ ထွက်ခွာတော်မူမည့် အကြံတော်ကို ရုတ်သိမ်းပယ်ဖျက်တော်မူပါ နောင်တော်ဘုရား"

"ချစ်ညီ၊ နောင်ဘုရားကိစ္စသည် နောင်ဘုရားနှင့်သာ သက်ဆိုင်သည်။ နောင်ဘုရားကား ပြည်တော်မှ ထွက်ခွာသွားရဦးမည်။ ညီချစ်သည် ငါ့ကို ချစ်သည်၊ ကြည်ညိုသည်၊ ရိုသေလေးမြတ်သည် ဆိုခဲ့ချေသော် ငါ့ကို အဍ္ဍလီဂါရဝ ပဏာမမျှဖြင့် ရှိခိုးပူဇော် ပြုနေခြင်း မဟုတ်။ နောင်ဘုရားကိုယ်စား စေတီတည်ထား၍ ကိုးကွယ်နေခြင်းလည်း မဟုတ်။ နောင်ဘုရား မှာထားသော စကားတို့ကို မြေဝယ်မကျ လိုက်နာ နားထောင် ကျင့်သုံး ဆောက်တည်ခြင်းသာလျှင် ဖြစ်ချေသည်။ ထို့ကြောင့် ညီတော်မောင်အား မှာထားခဲ့မည်။

"ညီတော်မောင်၏ ခမည်းတော်၊ မယ်တော်တို့ကို ဤပြည်တော်သို့ လျှို့ဝှက်ကာ ပင့်ချီ၍ အိမ်ဖြူပြတင်း မှန်စီရွှေချနှင့် ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ပူဇော်သမှု ပြုထားပါ။

"ထိုမှတစ်ပါးလည်း တိုင်းပြည်ကို အုပ်ချုပ်နေသော မင်းတို့မည်သည် တိုင်းပြည် တရားဥပဒေကို မိမိကိုယ်တိုင် ရှေးဦးစွာ လိုက်နာရမည်။ မိမိ မလိုက်နာနိုင်သော ဥပဒေကို

ပညတ်ခြင်းသည် တိုင်းပြည်ကို ဖျက်ဆီးခြင်း မည်ချေသည်။ တိုင်းသူပြည်သားများ လိုက်နာရမည့် ဥပဒေသည် တိုင်းသူပြည်သား အများသဘောကျ ဖြစ်စေရမည်။

"တိုင်းပြည်နိုင်ငံ၌ အခွန်အတုတ်ကို မကြီးလွန်းစေရ။ တိုင်းသူပြည်သားတို့ မင်းကို မကြည်ညိုသည်ကား အခွန်အတုတ်ကြီးခြင်း ပင်လျှင် ရှေးဦးစွာ အကြောင်းရပ် ဖြစ်ချေသည်။ သို့သော် တိုင်းပြည်၌ အသုံးငွေ လုံလောက်အောင် အခွန်ဘဏ္ဍာ မခွဲခန့်၊ မကောက်ခံရဟု နောင်တော် မဆိုလို။ တိုင်းသူပြည်သားတို့သည် အကြင်အခါ၌ ဗဟုသုတ နည်း၏။ ထိုအခါ၌ တိုက်ရိုက်ကျရှိသော အခွန်တော်ကို ဝန်လေးလျက် ပင်ပန်းကြီးစွာ ရှိတတ်၏။ ထို့ကြောင့် သွယ်ဝိုက်သော နည်းဖြင့် ပြည်တော်သာ၍ ဝင်ထွက်နေသော ကုန်စည်ပစ္စည်းတို့အပေါ်၌ အကောက်အခွန် စီမံခြင်းဖြင့် အခွန်တော်ကို ပွားများနိုင်ခြင်းသာလျှင် အကြားအမြင် နည်းသေး၍ အခွန်တော်ကို ဝန်လေးသည့် ပြည်သူတို့ကို နှစ်သက်သည့် အခွန်တော် ဖြစ်စေ၏။

"အခွန်တော် တောင်းခံခြင်းသည် အပြစ်တင်ဆိုဖွယ် မဟုတ်သော်လည်း ထိုအခွန်တော်ကို ဖြုန်းခြုံးချေတာ၍ မသုံးစွဲခြင်း၊ ထိုအခွန်တော်နှင့် တိုင်းပြည်အကျိုးရှိအောင် မဆောင်ရွက်ခြင်း တို့သည်ကား တိုင်းပြည် ဘဏ္ဍာတော်ငွေကို အလွဲသုံးစားရာ ရောက်ချေသောကြောင့် ထိုမင်းသည် တိုင်းသူပြည်သားတို့၏ ရန်သူသဖွယ် ဖြစ်ရချေသည်။ ထို့ကြောင့် သမ္မာပါသတရားကို အမြဲလေးစားပါ။

"တရားစီရင် ဆုံးဖြတ်ရာ၌လည်း ခုံသမာဓိကိုသာလျှင် ပြည်သူတို့ ယုံကြည်အားထားခွင့်ရမှ ကျေနပ်ကြ၍ ခုံများကို အားပေးခြင်း ပြုရာသည်။ မင်းကျင့်အပ်သော တရားကို ညီတော်မောင် တတ်သိပြီးဖြစ်၍ အထူး သွန်သင်ရန် မလိုတော့ပြီ။ လောကရေးရာ အတွက်ကိုကား ဆိုဦးမည်။

"တိုင်းပြည်ကို ချစ်လျှင်၊ တိုင်းနေ ပြည်သူတို့ကို ချစ်ရာ၏။ တိုင်းနေပြည်သူတို့ကို ချစ်သော မင်းသည် တိုင်းပြည်ကို ဖျက်ဆီးသော သူတို့အား မနိမ့်၊ နိမ့်အောင် နှိမ်နင်းရာ၏။ တိုင်းပြည် မြို့ရွာတို့ကို ဖျက်ဆီးသော သူတို့ အစစ်သည်ကား ခိုးသားဓားပြများ မဟုတ်ချေ။ တိုင်းပြည်ကို စောင့်ထိန်းကြီးကြပ်နေသော မင်းမှုထမ်းများနှင့် မင်း၏အကျွမ်းဝင်များသာလျှင် ဖြစ်ချေသည်။ မင်းမှုထမ်းများနှင့် မင်းကျွမ်းဝင်များ တော်ဖြောင့်ရန်ကား မင်းသည်စောင့်ကြပ် ထိန်းသိမ်းရေး၌ တိုင်းသူပြည်သားတို့အား နားမျက်စိ ဖွင့်ပေး၍ ပါးစပ် တပ်ပေးရမည်။ မင်းကို ဖျက်ဆီးသော သူသည် အခါခပ်သိမ်း မင်းမြှောင်များပင်ဖြစ်၍ မင်းမြှောင်တို့၏ စကားကို စဉ်းစားမဲ့နှင့် မယုံကြည်ရာ။ မင်းတို့၌ သူလျှို စုံထောက်တို့ကို မပြတ်ထားအပ်သော်လည်း မင်းမြှောင်တို့နှင့် သူလျှိုစုံထောက်တို့၏

စကားတို့ကို ယုံကြည်သင့်မှ ယုံကြည်ရာချေသည်။ အကြောင်းသော်ကား ၎င်းတို့သည် ကိလေသာ မကုန်သေးသော သတ္တဝါမျှသာလျှင် ဖြစ်ချေသောကြောင့် ကတိလိုက်စား၍ မကောင်းမှု၌ မွေ့လျော်မည်မှာ ခေတ်၏ သဘာဝပင် ဖြစ်ချေသည်။ ထို့ကြောင့် ယုံကြည်လွယ်ခြင်းကို ခက်ခဲပါလေတော့။

"ညီတော်မောင်၊ ယုံကြည်လွယ်ခြင်းသည် ဆုံးရှုံးရခြင်း၏ ရှေးဦးစွာအချီး နိဒါန်း ဖြစ်ချေသောကြောင့် ပြောတိုင်းလည်း မယုံပါလေနှင့်။ စာတွေ့ကိုယ့်တွေ့ ဟူ၍လည်း မယုံပါလေနှင့်။ လောက၌ မှားခြင်းကြီး အကြီးဆုံးသည်ကား စာတွေ့နှင့် ကိုယ်တွေ့များသာလျှင် ဖြစ်ချေသည်။ အကြောင်းသော်ကား စာသည် စာတတ်သူက ရေးထားတိုင်းဖြစ်၍ ပဋ္ဌလက်ဆရာများ၊ မျက်လှည့်ဆရာများ၊ လူလိမ်များတို့သည် ကိုယ်တွေ့ဖြစ်အောင် ပြုမူလိမ်လည် နိုင်ကြကုန်သည်။

"ထိုထိုတို့ကြောင့် ယုံကြည်လွယ်သော သူတို့၏ နိဂုံးသည် ပညာ ခေါင်းပါး၍ ဗဟုသုတ ကင်းရှင်းရာသော ကျရောက်လျက် ပျက်စီးရမြဲ ဖြစ်ချေသည်။

"ယုံကြည်ခြင်းသည် သာမန်အားဖြင့် ကဲ့ရဲ့ဖွယ် မဟုတ်သော်လည်း သူတစ်ပါး၏ ဖြားယောင်း လှည့်စားခြင်းကို ခံရခြင်း၏ အကြောင်းရင်းမူလ ဖြစ်ချေရကား အမှန်ဖြစ်ပျက် တော်ဖြောင့်ခြင်းတို့နှင့် ဆန့်ကျင်ပြီးသော် များယွင်း ချွတ်ချော်ခြင်းတို့သာ တွေ့ကြုံရတတ်ခြင်း များချေသည်။ ထို့ကြောင့် ငါ့ညီသည် တည်ကြည်သော ဣန္ဒြေရှင် ဖြစ်ရမည် မှန်သည့်အတိုင်း စကားအပေးအယူ၌ တည်တံ့သော စိတ်နှင့် မိမိ၏ ကာယိန္ဒြေ၊ ပညိန္ဒြေတို့ကို ကောင်းစွာ အသုံးပြု တတ်မှသာလျှင် ညီတော်ကို မှီ၍နေသော တိုင်းပြည်သည် ရေတွင်းကြာကဲ့သို့ တင့်ပန်းအေးချမ်း၍ စည်ပင်သာယာခြင်း ရှိစေလိမ့်မည်။

"ညီတော်၊ ကိလေသာ မကင်းသော သူတို့မည်သည် များသောအားဖြင့် ကတိလေးပါးကို ငဲ့၍ မကောင်းမှုကို ပြုမြဲဖြစ်ချေသည်။ သူတော်ကောင်းတို့သာ အပါယ်ဘေးကို မြင်၍ မကောင်းမှုကို ရှောင်ကြဉ်ဘိသကဲ့သို့ လောကီမှု၌ တိုင်းပြည်သည် မင်းပြစ် မင်းဒဏ်ကို မြင်၍ တရား၌ တည်ကြည်ရ၏။ ထို့ကြောင့် ပြစ်ဒဏ်ပေးခြင်း၌ မလွန်ကျူးအပ်သော်လည်း မြားကဲ့သို့ တဖြောင့်တည်း ဖြစ်စေရာသည်။ မင်းမှုထမ်း၊ မင်းစေ၊ တရားသူကြီး၊ သေနာပတိ စသည်တို့မှာလည်း များသောအားဖြင့် ရားထူး၊ စည်းစိမ်၊ ဂုဏ်သိန်တို့မှ ယုတ်လျော့မည်ကို စိုးရိမ် လေးစားရခြင်းဖြင့် တော်ဖြောင့် ကြရသည့်အတိုင်း နိုင်ငံတော်၌ တော်ဖြောင့်သော မှူးကြီး၊ မတ်ကြီး၊ သေနာပတိ၊ မင်းမှုထမ်းတို့ ထွန်းကားအောင် ကျင့်ဆောင်ပါလော့။

"ညီတော်လည်း ငါသည် ရေမြေကို အစိုးရ၍ အသက်ဦး ဆံပိုင်ဖြစ်ချေသည်။ ငါကြောက်အပ်၊ ရိုသေအပ်၊ ခန့်ညားအပ်သည်ကား မရှိဟု ယူမှတ်ချေသော် တရား၌ တည်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် မင်းမည်သည် တိုင်းသူပြည်သားတို့ ကြောက်ရွံ့ရိုသေ ခန့်ညားခြင်းတို့ဖြင့် မင်းကျင့်တရားများ၌ တည်ပါလော့။ မင်းသာလျှင် ပြည်သူပြည်သားတို့ကို ပြစ်ဒဏ်ပေးနိုင်သည် မဟုတ်။ ပြည်သူပြည်သားတို့ကလည်း မင်းကို ပြစ်ဒဏ်ပေးနိုင်လေသည်။ ပေးဖို့ရာလည်း လွယ်ကူလေသည်။ ပြည်သူပြည်သားတို့ မင်းကို ပြစ်ဒဏ်ပေးခြင်းကား မကြည်ညို၊ မချစ်ခင်ခြင်းပင် ဖြစ်ချေသည်။ ထိုသဘောဖြင့် နိုင်ငံတစ်ပါးမှ မင်းကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်၏။ နိုင်ငံတစ်ပါးမှ သူလျှို၊ စုံထောက်များတို့၏ အခွင့်အရေး ရခွင့်ကို ပြုထားသကဲ့သို့လည်း ဖြစ်ချေ၏။ တစ်ဖက် ရန်သူမင်း၏ နောက်သို့လည်း ပါစေခွင့်ကို ပြုရာရောက်ချေ၏။ ထို့ကြောင့် ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံ၍ စည်းစိမ်၌ တည်လိုသော မင်းသည် တိုင်းပြည်ကို ကြောက်အပ်၊ ရိုသေအပ်၊ ခန့်ညားအပ်၊ လေးစားအပ်ချေသည်။"

မျိုးညွန့်ရှိန် မင်းသားသည် ထို့ကဲ့သို့ ညီတော်ကို သွန်သင်ပြီးနောက် မှူးမတ် သေနာပတိတို့ကို စည်းဝေး၍ မိမိသည် အဘိသေက မင်္ဂလာကို မဆင်မြန်းသေးဘဲ ပြည်တော်မှ ထွက်ခွာဦးမည် အကြောင်းကို အမိန့်တော်ရှိလေရာ၊ မှူးမတ် သေနာပတိတို့သည် ယိုစီးသော မျက်ရည်တို့နှင့် တောင်းပန် အသနားခံကြသည်ကို ဤသို့ မိန့်တော်မူလေ၏။

"အသင်တို့၊ ကျွန်ုပ်ကို ချစ်ခင်၊ ကြည်ညို၊ လေးမြတ်၊ အားထားကြသည်မှာ ယုံကြည် ကိုးစားလောက်ဖွယ်ပင် ဖြစ်ချေသည်။ ကျွန်ုပ်ကား ဇာတာတော် မသန့်သေး၍ ခေတ္တ နေပြည်တော်မှ ထွက်ခွာရဦးမည်။ ကျွန်ုပ်ကို ချစ်ခင်၊ ကြည်ညို၊ လေးမြတ်ကြသည်နှင့် အညီ ကျွန်ုပ် လွှဲအပ်ထားခဲ့သော ညီတော်ကိုလည်း အတူ ပြုကြကုန်လော့။ သို့မှသာ ကျွန်ုပ်၏ ချစ်ခင်၊ ကြည်ညို၊ လေးမြတ်ရာ ညီချေမည်။ မင်း မင်းများ၊ မင်း မှူးမတ် သေနာပတိ အမှုထမ်းတို့ တညီတညွတ်တည်း ဖြစ်ကြလော့။ မင်းကြီးတို့ သဘောကွဲလွဲမည် ဆိုသော် တိုင်းပြည်ကို ဖျက်ဆီးရာ ရောက်ချေမည်။ ထို့ကြောင့် ကိုယ့်အပြစ်ကို ကိုယ်စီမြင်သိကြ၍ သည်းခံခြင်းဖြင့် မာနကို နှိမ့်ချကြလျက် ညီညွတ်စွာ ပြုကြလော့။ မြင့်မြတ်တည်ကြည် အဖိုးတန်သူတို့၏ မကြည်ညို၊ မယုံကြည်မှုတို့ကို ထင်ရှားပြသော အခါ ယဉ်ကျေးသော သဘောကို ပြအပ်သည်အတိုင်း ရာထူးဂုဏ်သိန်မှ မိမိကိုယ်ကို မိမိ ရှုတ်ချကြလော့။

"ညီတော် မျိုးထွတ်တင်ကို သကျအင်း မိထွေးတော်ထံသို့ပို့၍ အိမ်ရှေ့အရာ၌ တည်စေပြီး သင်းကလေးမှာ ရာမညတိုင်းမှ ဘေးသည် အမြဲကပ်နေ၍ သင်တို့ ကာကွယ်စောင့်ရှောက် ဘေးမမြင်သည်သာလျှင် သင်းကလေး၏ ယုံကြည်၊ ကိုးစား၊ လေးမြတ်ခြင်းကို အသင်တို့ ရပေလိမ့်မည်။

"ငါတို့၏ နိုင်ငံတော် ကမ်းယံပြည်သည်လည်း ကြမ်းတမ်းသော လူမျိုးတို့၏နေရာ အရပ်ရပ် ဖြစ်ချေ၍ ထိုပြည်ကို မျက်ခြည်မပြတ် စောင့်ရှောက်ပါလော့။ ပြည်တစ်ပြည်ကို ပြည်တစ်ပြည်က အုပ်ချုပ်ရာ၌ ရှေးဦးစွာ ချော့ရမည်၊ ချော့မရလျှင် ခြောက်ရမည်၊ ခြောက်မရလျှင် မြှောက်ရမည်၊ မြှောက်မရလျှင် ပရိယာယ်ပြု၍ အုပ်ချုပ်ရမည်။ ဤလက်နက်ကြီး လေးပါးသည် သာလျှင် ဝရဇိန်လက်နက်ထက်ပြင်းသော လက်နက်ဖြစ်၍ အရံပြည်များကို လက်မလွှတ်ရအောင် သိမ်းသွင်း စောင့်ရှောက်ပါလေလော့"

မျိုးညွန့်ရှိန် မင်းသားသည် ညီတော်နှင့် မှူးမတ် သေနာပတိတို့ကို ဤသို့လျှင် စုံညီမှာထားတော်မူပြီးလျှင် ပြည်တော်ကို ညီတော်အား လွှဲအပ်ခဲ့လျက် "ငါသည် သုံးနှစ်သုံးဝါရှိ၍မျှ ပြည်တော်သို့ ပြန်လည် မဆိုက်ရောက်ခဲ့ပါမူ ညီတော်သည် စစ်အင်္ဂါ ခင်းကျင်းပြီးသော် လိုက်ခဲ့ရမည်" ဟု အမိန့်ကို သတ်မှတ်လေ၏။

ထို့နောက် ညီတော်နှင့်တကွ မှူးကြီး၊ မတ်ကြီး၊ နန်းတွင်းသူ နန်းတွင်းသားတို့ ငိုကြွေး မြည်တမ်း နေကြစဉ်ပင်လျှင် မျိုးညွန့်ရှိန်သည် ခေါင်းမှဆံပင်ကို လေးကွက်ကျား ရိတ်ပြီးနောက် ဖာတစ်လုံးကို တုတ်တစ်ချောင်းနှင့် လျှိုကာထမ်း၍ မိကျောင်းကို ပိုက်လျက် နေပြည်တော်မှ ထွက်ခွာတော်မူလေ၏။

ကျေးလက် ဇနပုဒ်တို့၌လည်း မျိုးညွန့်ရှိန် ကိုယ်တော်ကြီးသည် ရွှေစိတ်တော် မသန့်၍ ထီးနန်းကို စွန့်ရသည်ဟု လည်းကောင်း၊ ဖာတစ်လုံးခေါင်းကျားအရူးဟု လည်းကောင်း ထင်ရှားကာ ရှိနေလေသည်။

## အခန်း(၂)

## ကျေးကျွန်ကောင်းကား အသို့နည်း

ဖာတစ်လုံးခေါင်းကျားသည် တပင်စောက်စောက် ခရီးထွက်လေ၍ တိုင်းတားရွာမကြီး အတွင်းသို့ မိကျောင်းကို ပိုက်လျက် ရွာလမ်းမ ခရီးဖြင့် ဝင်သွားလေရာ ခွေးတို့သည် ဆူညံစွာ ဟောင်ကြကုန်၏။ အချို့မှာ ကိုက်အံ့သည်ကဲ့သို့ သွားကိုဖြဲကာ လိုက်ကြကုန်၏။ အချို့ ကလေးတို့မှာ ၎င်း၏နောက်မှ ဝိုင်းအုံ၍၊ အချို့မှာ ခဲငယ်တို့နှင့် ပစ်ကာ ပစ်ကာ ကစားကြ၏။

ဖာတစ်လုံးခေါင်းကျားသည် ဤရွာသည် တိုင်တားရွာမ ဖြစ်၏။ ကလန်ကြီး ဦးဘိုးမှာ ငါ့ခမည်းတော် သူကောင်းပြု၍ မြှောက်စားထားသူ ဖြစ်၏။ ငါသည် ထိုသူထံသို့ ရောက်ရသော် ညေ့သည်ကောင်းတို့၏ ရရာသော ဝတ်ကောင်းကို ရပေသတတ်ဟု အောက်မေ့လျက်

"အို..... ကလန်ကြီး၊ ကိုယ်တော်မြတ် ကြွလာတာကို ကြိုဆိုခြင်း မပြုတာဟာ ပေါ့လျော့ ရောက်နေတယ်။ ကလန်ကြီးရဲ့ ခွေးများကို ကြည့်စမ်းပါဦး။ ကြာလျှင် ကိုက်ကုန်တော့မယ် ကလန်ကြီးရယ်" ဆိုကာ ကလန်ကြီး၏ အိမ်သို့ ခွေးတစီစီနှင့် ဝင်ရောက်သွားလေ၏။

ကလန်ကြီးလည်း ပရိသတ်အလယ်တွင် တရားစီရင်နေစဉ် ထိုအသံကို ကြားရ၍ ရှေ့တူရှုသို့ လှမ်းကြည့်လိုက်ကာလ ဖာတစ်လုံးခေါင်းကျားကို ခွေးတစီစီ၊ ကလေးတညံညံတို့နှင့် မြင်ရလတ်သော် မျိုးညွန့်ရှိန် ကိုယ်တော်ကလေး ပါကလား။ ဗိပါက အကြောင်းကြောင့် ရှုံးရာရချေပြီ။ ငါတို့ ရွာမိရွာဖဆိုတာဟာ မင်းကောင်းကို ခ စားရမှာသာ တန်ခိုးရှိနိုင်ပေတယ်။ မင်းရှုံးကို ခစားလို့ ဘာများ အကျိုးရှိမလဲ၊ မသိကျွန်ပြုမှ တော်မယ်ဟု တွေးဆလျက် "ဟေ့ မင်းလုလင်များ

မရှိကြဘူးလား။ သင်အရှူးကို ဆွဲလွဲပြီး ရွာပြင် ထုတ်လိုက်ကြပါကွယ်ရို့.” ဆိုကာ အမိန့်ပေးလေ၏။ လုလင်တို့လည်း ၎င်းတို့၏ အခင်အမိန့်အတိုင်း အကြမ်းပတမ်းပြုကာ ဆွဲပြီးသော် ကျေးရွာအတွင်းမှ နှင်ထုတ်လိုက်ကြကုန်၏။

“ဟယ်..... လောက၊ သင်လောကရဲ့ အကြောင်းသဘောကို ငါဟာ ရှေးဦးစွာ ဆားမြည်းမိပြီ။ ငါ၏ ဆရာတော်ဘုရားသည် များစွာ အမြင်ကျယ်ဘိ၏။ ဟုတ်လှပေစွ၊ တော်လှလေစွ။ အို အချင်းတို့၊ လောက၏ ကျေးဇူးတရားကို သိတတ်သောသူ အစစ်အားဖြင့် ရှားဘိ၏။ ဂုဏ်ကြီးမြင့်စဉ်အခါ ခစားမည့်သူ ပေါ်များလျက် ဆင်းရဲသော်ကား အသိလုပ်လိုသူ မရှိတတ်ပါ တကား။ အချင်းတို့၊ ခစားခြင်းသည် လိမ်လည်လှည့်ဖြား စားသောက်ခြင်းသာတည်းဟု ငါဆိုပါ၏။ ထိုသို့ ခစားခဲ့ပြီးမှ ကျေးဇူးကို မသိသောသူသည် အလွန် ယုတ်မာဘိ၏။ ထို့ထက် ခစားခြင်းကို ခံမှား၍ သာယာသော သူသည် သာ၍ ယုတ်ညံ့ရာ ရောက်ချေ၏။ ဟယ်..... လောက၊ ငါ့စကားသည် သင့်အဖို့ သင်ခန်းစာတစ်ခု ဖြစ်စေပါလော့။ ဆရာတော်ဘုရား၊ တပည့်ချစ်သည် လောက၏ သဘောကို ရှေးဦးစွာ တွေ့ရပေပြီ” ဟု တမ်းတ ဟစ်ဆိုကာ ဆရာကို ရည်မှန်း ကန်တော့လျှင် ရွာလယ်လမ်းမတစ်လျှောက်၌ လုလင်တို့၏ ဆဲရေး၊ ဆိုမြည်၊ တောက်တီးခြင်းကို သည်းခံကာ တိုင်တားရွာမထဲမှ ထွက်ခွာသွားရရှာလေသည်။

ဖာတစ်လုံးခေါင်းကျားသည် ထိုရွာမှ ခရီးနှစ်တိုင်ခန့် သွားမိလေရာ၊ အစာ ဆာလောင် မွတ်သိပ်သည်ပြင် ခြေကျင် လာခဲ့ရသဖြင့်လည်း ပင်ပန်း နွမ်းရိခြင်းတို့ကြောင့် တစ်ခုသော လင်းလွန်းပင်အောက်တွင် မိကျောင်းတီးကာ သက်သာစွာ နေလေ၏။

ထိုခဏ၌ နောက်လိုက်နောက်ပါ အခြွေအရံတို့နှင့် ဆင်စီးလျက်လာသော အလွန် ခံ့ညားသည့် လူကြီးတစ်ယောက်သည် ဖာတစ်လုံးခေါင်းကျားကို သေချာစွာ ကြည့်ပြီးလျှင် ရုတ်တရက် ဆင်ပေါ်မှ ဆင်း၍ အခြွေအရံတို့ကိုလည်း မိမိကဲ့သို့ ပြုစေပြီးသော် အရိုအသေ ပြုလေ၏။ ဤသို့လည်း လျှောက်ထားလေ၏။

“ကိုယ်တော်ကြီးဘုရား၊ အဘယ်အတွက်ကြောင့် နန်းမရိပ်ငြိမ်၊ မြတ်စည်းစိမ်ကို စွန့်လွှတ်တော်မူ၍ တိုင်းစွန်ပြည်နားသို့ လက်သုံးတော်မျှ မပါဘဲ၊ ကိုယ်တော်တစ်ပါးတည်း ကြွလာတော်မူရပါသနည်း။ တိုင်းတစ်ပါးက ရန်တင်းထောင်၍ တိုင်းဘောင်မြို့ပြည် မတည်မရပ် နိုင်ခြင်းကြောင့် တစ်ကိုယ်တော်ထီးတည်း ကြွချီတော်မူလာရပါသလော။ သို့တည်းမဟုတ် ပြည်တော် အတွင်းသို့ သူပုန်တို့ဝင်ပြီးလျှင် ချင်းနင်းတိုက်ခိုက် လေသောကြောင့် အဖော်မပါ၊ တစ်ကိုယ်တော်

ထီးတည်း ကြွလာတော်မူရပါသလော။ ကျွန်တော်မျိုးသည် အရှင်သား၏ ရှေ့တော်က ရင်ကို မြေကတုတ်ပြု၍ ရန်သူဟူသမျှကို တွန်းလှန်ခုခံ ဖြိုဖျက်ပါအံ့၊ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော ဤဆင်မြတ်ရတနာကို ခြေတော်တင်၍ ရွှေမြို့တော်သို့ ပြန်လည် ကြွချီတော်မူပါလော့ ကိုယ်တော်ကြီးဘုရား"

ဖာတစ်လုံးခေါင်းကျားသည် ထိုသူကိုကြည့်ကာ ပြုံးရယ်လျက် ဤသို့ဆို၏။

"မဟုတ်ပါဘူး သူတော်ကောင်းကြီးရယ်၊ ကိုယ်တော်ကလေး မိကျောင်းတီးပြီး အငြီးပြေ လည်ပတ်နေခြင်းပါ"

ထိုအခါ ထိုသူသည် လက်ဖျောက်တီးက လက်ကိုခါလျက် "ဖြစ်မှုဖြစ်ရလေခြင်း၊ ကိုယ်တော်ကြီးတော့ ကိုယ်ကျိုးကြီး နည်းရှာပေါ့။ ဝိပါကဝဋ်များဟာ အင်မတန်ကို ဆိုးလှပါကလား" ဟု ညည်းတွားလျက် ဖာတစ်လုံးခေါင်းကျားအား နံနက်စာပွဲတော်ကို တည်ကျွေးပြီးသော် အနီးမှ ခစားကာ နေလေ၏။

"စစ်သူကြီး နေမျိုးကျော်ထင်၊ သင့်ကို ငါကိုယ်တော်မြတ် ကောင်းကောင်းကြီး မှတ်သား သတိပြုမိတယ်။ သင့်အား တံစိုးစားမှုနှင့် ခမည်းတော်က ပြည်မှအပ နှင်ထုတ်ထားခြင်း ဖြစ်ပါလျက် ဘာကြောင့် လောကွတ်ပျူငှာနှင့် ငါ့အားဝတ္တရားကို ပြုရသလဲ။ သင်ဟာ အပေါ်ပစ်သည့်မြား၊ အထဲ ချွန်အလားဆိုစကားလို ငါတို့ ရန်တုံ့ပြုမယ်လို့ ကြံတယ် မဟုတ်လား။ သင့် ဝက်ဝုတ္တိကျော့ကွင်းထဲသို့ ငါ့ကို သက်ဆင်းစေတယ် မဟုတ်လား။ လောကမှာ သင်နှင့်တူပြီး လှည့်စားတတ်တဲ့သူ ရှိမယ် မထင်။ စစ်သူကြီးတို့ရဲ့ ပရိယာယ်ကို ငါလည်း တက္ကသိုလ်ပြန်ပဲ၊ ကောင်းစွာ တတ်သိပါတယ် နေမျိုးကျော်ထင်။ ငါ့အနားမှ ဖဲပြီး တော်ရာသို့ ရှောင်ရှားပါ။ သင်ရဲ့ အောင်အပ်သူ ငါမဖြစ်နိုင်" ဟု ဖာတစ်လုံးခေါင်းကျားသည် တင်းမာခက်ထန်သော မျက်နှာနှင့် ဆိုလေ၏။

"အရှင်သား၊ ကျေးမိုက် ကျွန်မိုက်အပေါ်၌ အထင်မှားတော် မမူသင့်ပါ။ အရှင်ကဲ့သို့သော ကျေးဇူးရှင်၏ သားတော်အပေါ်၌ ကောက်ကျစ်စဉ်းလဲခြင်းကို မပြုဝံ့ပါ။ မကောင်းမှု မည်သည်မှာ လျှို့ဝှက်၍ မလုံစကောင်းပါ။ မကောင်းမှုပြုခြင်းကို သူတစ်ပါး မသိစေကာမူ ကိုယ်စောင့်နတ် သည်ကား သိ၍ သံသရာ၌ ထိမ်ချန် သိုဝှက်ခြင်းငှာ မတတ်နိုင်ပါ။ သတ္တိစွမ်းပကားနှင့် ပြည့်စုံသော သူသည် ကောက်ကျစ်စဉ်းလဲမှုကို မစင်ကိုထက်ပင် စက်ဆုပ်ရွံရှာပါသည်။ "တိမ်ယောင်နှင့် နက်သည့် ရေအလား" အရှင့် ကျေးဇူးတော်ကို ထောက်မထောက် သိသင့်ပါပြီ။

"အရှင့်သား မိန့်တော်မူသည့်အတိုင်း အရှင့် ခမည်းတော်က ပြစ်ဒဏ်ပေးတော်မူခြင်းသည် ကျွန်ုပ်ကို မုန်း၍ မဟုတ်ပါ။ တရားနှင့်အညီ ကျင့်ခြင်းမျှသာ ဖြစ်ပါသည်။ အကယ်၍ မုန်းထားစေကာမူ မုန်းသည်ကို ပဓာန မပြုဘဲ မုန်းတော်မမူမီ ချီးမြှင့်မြှောက်စား သထားတော်မူထားသည့် ကျေးဇူးတော် မြတ်ကိုသာ အောက်မေ့ဖို့ ရှိပါသည်။ အရှင့်ခမည်းတော် ကျွေးမွေးထားတော်မူသော ထမင်း သည်လည်း သည်ကျွန်၏ ဝမ်းတွင်းမှ ယနေ့ထိပင် မဆင်းသေးပါ။

"အိုအရှင်၊ "လောက၌ ဂုဏ်ကြီးမြင့်စဉ်အခါ အခြွေအရံ ပေါ်များတတ်ခြင်းသည် ဓမ္မတာ ဖြစ်၍၊ ဆင်းရဲ တွေ့နေသောအခါ ခြွေရံလာသော ကျွန်သည်သာလျှင် ဖဝါးခြေအောက်သို့ ရောက်လာ၍ ဂုဏ်ရည်တူညီပြီဟု ထင်သောအခါ ခွာရာတိုင်းပြီးလျှင် တုပြိုင်ချိုးဖွဲ့ တတ်ပါသည်"။ ထိုသူတို့သည် စင်စစ် ယုတ်ညံ့သူများ ဖြစ်ပါသည်။ ထို့ကြောင့် သည်ကျွန်ရင်း ကျော်ထင်က နောက်တော်ပါးက ဝတ်ကြီးဝတ်ငယ်ကို ပြုကာ ခစား၍ လိုက်ပါပါမည်။ သနားတော်မူရင်းကို မဖျက်သော အားဖြင့် ထင်မှားတော်မူခြင်းကို ဖျောက်လျက် အခွင့်ပြုတော်မူပါအရှင့်သား"

ဖာတစ်လုံးခေါင်းကျားသည် နေမျိုးကျော်ထင်၏ စကားကို ကြားရကာလ ဤသို့ စဉ်းစားမိလေ၏။

လောက၌ ကျေးယောင်၊ ကျွန်ယောင်၊ ကျေးယုတ်၊ ကျွန်ယုတ်တို့အလွန်ပေါ်များ၍ သခင် ချမ်းသာသောအခါ ခစားလျက် ရှေ့တွင် ဝတ်ကြီး၊ ဝတ်ငယ်ကို ထိန်းသိမ်းယောင်ပြုပြီးလျှင် မျက်ကွယ်၌ကား မိမိ၏ ကိုယ်ကျိုးကိုယ့်စီးပွား အတွက်ကိုသာလျှင် ယက်ယုတတ်ကြကုန်၏။ ထိုသူတို့၏ နလုံးမှာ ခွေးမြီးကောက်ကဲ့သို့ ဖြစ်လျက် မည်သည့်အခါမျှ တော်ဖြောင့် လိမ့်မည် မဟုတ်ပေ။ ကိုယ်ကား ကျွန်းတုံး၊ နလုံးထဲကား ခွေးမြီးလားလို့ စာလုည့်ခေါ်သော် အော်လာ ပြေးတည့်၊ လုပ်လုည့် ခေါ်သော် ငုံ့မျှော်တုံ့တည်းဆိုသော ကျွန်ယုတ်တို့ထက်ပင် ချမ်းသာစဉ် (ဝါ) ကောင်းစားစဉ် ခစားလာသည့် သူတို့သည် သာ၍သာ၍ ယုတ်ညံ့ပေစွတကား။ စစ်သူကြီး ကျော်ထင်မှာ ခမည်းတော်၏ ဒဏ်ခတ်ခြင်းကို ခံရလျက်လည်း သူ၏အပြစ်မျှသာဟု အောက်မေ့၍ ကျေးဇူးတော်ကို မမေ့ပေ။ ချမ်းသာ ကောင်းစားစဉ် အခါမှာ ကိုးစားရသည်ထက် ဆင်းရဲတွေ့သော် သာ၍ ကိုးစားရပါတကား။ ကျေးကောင်း ကျွန်ကောင်း ပီသ ပါပေရဲ့။ "လောက သဘောဟာ တစ်သမတ်တည်း မဟုတ်၊ သည်လိုပေပဲကိုး"

"ကိုယ်တော်မြတ် လှမ်းချီသော် မှုဦးမယ်။ ငါ မင်းသားကြောင့် သင် ခစားတာကို ကျေးဇူးမတင်နိုင်ပါဘူးကွယ်"

"အရှင့်သား၊ ကျေးဇူးကိုလို၍ သည်ကျွန် ခစားခြင်း မဟုတ်ပါ။ သည်ကျွန်သည် လောက၏ သာယာမှုကို တည်ထောင့်သည့် ဝတ္တရားကောင်းကို ပြုမူခြင်းမျှသာ ဖြစ်၍ အရှင့်ခမည်းတော်မြတ်၏ ကျေးဇူးတော်ကို ဆပ်မကုန်နိုင်ခြင်းကြောင့် အရှင့်သားအား ကျေးဇူးဆပ်ပါသည်။ "ကျေးဇူး တင်ပါသည်၊ ကြီးလှပါသည်ဆိုသော စကားသည် အပေါ်ရိက ယဉ်ကျေးဖွယ်ရာ တန်ဆာဆင်သည့် တစ်ဦးနှင့်တစ်ဦး လှည့်ဖြားမှုမျှသာ" ဟု သည်ကျွန် ထင်မိပါသည်အတိုင်း ကျင့်ဝတ်နှင့် သက်သေခံခြင်း ဖြစ်ပါသည်"

"ကိုင်း.... နေမျိုးကျော်ထင်၊ နေရစ်ပေတော့" ဟု ဖာတစ်လုံးခေါင်းကျားသည် မြွက်ဟ၍ မိကျောင်းကို တီးလျက် ခရီးဆက်လက် သွားလေ၏။

စစ်သူကြီးဟောင်းလည်း အခြွေအရံတို့နှင့်တကွ နောက်တော်ပါးက ထပ်ကြပ်မကွာ လိုက်လေ၏။

"စစ်သူကြီးနေမျိုး၊ ဘာကြောင့် လိုက်လာသလဲ၊ ပြန်တော့၊ အလိုရှိရာသို့ သွားလော့"

"အရှင့်သား၊ သည်ကျွန်သည် အရှင်တို့ မြင့်မြတ်ကောင်းစားစဉ် အခါ၌ ဘုန်းတော်ရိပ်၊ ကံတော်ရိပ်ကို ခိုလှုံခဲ့ပါလျက် အရှင့်သားသည် ယခုလို တွေ့နေရသောအခါ သည်ကျွန်သည် ရက်စက်စွာ စွန့်ခွာ၍ မသွားရက်နိုင်ပါ တကား။ သည်ကျွန်သည် အရှင့်သား၏ ဆင်းရဲအမျိုးမျိုး၊ ဘေးအမျိုးမျိုးတို့ကို အရှင့်ရှေ့က အရင် ကတုတ်ရင်တား ပြု၍ လိုက်ရပါတော့အံ့။ ကျေးဇူးတော်ရှင် အရှင့်သား"

ထိုကဲ့သို့ ဝမ်းနည်း ကြေကွဲခြင်းဖြင့် မျက်ရည်စီးယိုကာ လျှောက်တင်လျက် ဖာတစ်လုံး ခေါင်းကျား၏ နောက်သို့ ထက်ကြပ်မကွာ လိုက်မြဲ လိုက်ပြန်လေ၏။

ဖာတစ်လုံးခေါင်းကျားလည်း နောက်ဆုံး၌ စစ်သူကြီးအား စကားခက်ထန်စွာ ဆို၍ ဤသို့ တားမြစ်လေ၏။

"ငါ့အကျိုးစီးပွားကို လိုလားတယ်ဆိုတဲ့ စစ်သူကြီးဟောင်း၊ သင်ဟာခမည်းတော်ဘုရားရဲ့ ကျွန်တော်ရင်း ဖြစ်လို့ ငါ့ ကျေးကျွန်လည်း မှန်ရမယ်။ သခင်တို့အာဏာ ကျေးကျွန်ပေါ်မှာ တည်ရမည်။ မတည်ခဲ့ရင် တော်လှန် ခြားနားတဲ့ ကျွန်ယုတ်မာဆိုတဲ့ စကားထုံး ရှိတယ်။ အဲ

သို့မို့ကြောင့် ငါ စည်းသုံးတန် တားခဲ့မယ်။ သင်သော်လည်းကောင်း၊ သင့်ကျွန် သော်လည်းကောင်း တစ်ဦးတစ်ယောက်မျှ ငါ့စည်းကို မဖြတ်မကျော်ရ၊ ကျော်ငြားက ငါ၏သူပုန်ဖြစ်စေ”

ထိုသို့ တားမြစ်၍ ဖာတစ်လုံးခေါင်းကျားသည် ခရီးဆက်လက် သွားသောအခါ စစ်သူကြီး ပောင်းလည်း ရင်ဘတ်စည်းတီး ရှိုက်ကြီးတငင်နှင့် ငိုကြွေးမြည်တမ်းကာနှင့် မိမိ၏ အရှင်သခင်ကို ဖူးမြော်လျက် ကျန်ရစ်ခဲ့ရလေသည်။

ဖာတစ်လုံးခေါင်းကျားသည် ခရီးအစဉ်အတိုင်း သွား၍ ပန်းတိမ်းရွာမကြီးထဲသို့ ရောက်သွားလေရာ ခွေးနှင့် ကလေးများသည် နောက်မှ လိုက်ကြကုန်လျက် စီစီကျွက်ကျွက်နှင့် ဆူညံကာ ရှိနေကုန်၏။ ထိုရွာမဌ် မျိုးညွန့်ရှိန်၏ ခမည်းတော်က သူဌေးဘွဲ့နှင့် ချီးမြှင့် မြှောက်စားထားသော တော်သုံးသူဌေးကြီးသည် ရှိ၏။ ထိုသူဌေး၏ ဝင်းအတွင်းသို့ ဤသို့လျှင် ဟစ်အော်ပြောဆိုလျက် ရဲတင်းစွာ ဝင်သွားလေ၏။

“သူဌေးကြီး၊ ငါကိုယ်တော်မြတ် မျိုးညွန့်ရှိန် မိကျောင်းနှင့် တိုင်းခန်းလှည့်လာခဲ့တယ်။ တစ်ရက်တာမျှအတွက် ကွန်းတောက်အဖြစ်နှင့် တည်းခိုတော်မူပါရစေ”

မျိုးညွန့်ရှိန်သည် ထိုကဲ့သို့ ဆို၍ မိကျောင်းကို သာယာစွာ တီးနေလေ၏။

ထိုသူဌေးကြီး၏ သမီး နှင်းနုသည်ကား တိုက်ပေါ် ပြတင်းပေါက်မှ အလွန်ထူးဆန်းသော ဖာတစ်လုံးခေါင်းကျားကို ကြည့်လျက်၊ သာယာသော စောင်းသံကို ဘဝင်ငြိ၍ မိပြီးလျှင် “သိပ်ကို သာယာပါကလား၊ သည်စောင်းသံကို နားထောင်ရတာဟာ မိနှင်း နတ်စောင်း နတ်ငြင်းကို ကြားဖူးပြီလို့ ထင်မိတာပဲ။ ဩော်….. သည်သူ့ကို ကြည့်ရတာဟာ အရှုးရဲ့ အဆင်အပြင်ထဲမှ အားကိုးအားထားရာသော နဖူး၊ မျက်လုံး၊ ပါးစပ်တို့သည် ပေါ်လာလေတော့ တကား။ ဖြစ်မှ ဖြစ်ရပလေနော်၊ လွှဲပါလေ၊ ဖယ်ပါလေ၊ သိကြားမင်း အရှုးယောင်ဆောင်လာတာ ဖြစ်ပါစေ” ဟု ဘယ်လက်နှင့် ၎င်း၏ရင်ကို ဖိလျက် တစိမ့်စိမ့် ကြည့်၍ တစေ့စေ့ တွေးနေလေ၏။

သူဌေးကြီးကား…… အလို မျိုးညွန့်ရှိန် ကိုယ်တော်ကြီးပါ ကလား။ ရှုးသွပ်ခြင်း ဖြစ်ရရှာလေစွ။ အုတ် မည်သည် စေတီပုထိုး တည်သောအခါအမြင့် အမြတ် ဖြစ်သော်လည်း လမ်းခင်းသော အခါ၌ကား အယုတ်အနိမ့် ဖြစ်ရသလို လူတို့၏ အချင်းအရည်သည် ဂုဏ်၌သာ တည်ချေတော့ပြီ။ ငါသည် ဤလူရှုးကို မင်းသားအဖြစ်နှင့် ဧည့်ခံချေသော် “ငါးပုပ်ကို ထုပ်သော ပေါက်ဖက်ကဲ့သို့” ငါလည်း တန်ခိုးနိမ့်ကျ၍ ဂုဏ်ကျက်သရေ ကင်းမဲ့ရချိမ့်မည်ဟု အောက်မေ့ခြင်းဖြင့်

ငင်း၏ အစေအပါးတို့အား "သူရူးကို လက်ခံမထားကြပါနှင့် ကွယ်ရို့၊ မြန်မြန် မောင်းထုတ်လိုက်ကြပါ" ဆိုကာ အမိန့်ပေးလေ၏။

နင်းနသည် ငင်း၏ဖခင် စကားကို ကြားရသောအခါ တိုက်ပေါ်မှ ပြေးတည့်ကာ ဆင်းလာ၍ သူဌေးကြီးထံ၌ စဉ်းစားဖွယ်ရာ စကားတို့ကို ဆိုလေ၏။

"ကျေးဇူးတော်ရှင် ဘဘ၊ စဉ်းစားတော်မူပါ။ ဉာဏ်မျိုးမှန်လျှင် စကားမဆိုတတ်ပါ။ သည်အသံမျိုးသည် သူရူးအစစ်၏ အသံ မဟုတ်ပါ။ သူ၏ မျက်နှာသည် အဆင်ဆိုးဝါးသော်လည်း တည်ငြိမ်သော ဣန္ဒြေ၊ စူးရှသော မျက်လုံး၊ ရေးထားသကဲ့သို့သော ပါးစပ်တို့ရှိ၍ သူရူးအစစ် မဟုတ်နိုင်ပါ။ ကျွန်မတို့၏ ဧည့်သည်တော်ကောင်းနှင့် တည်ပါစေရှင်"

"ဟယ်.... သမီးချစ်၊ မင်္ဂလာအိမ်ဝင်းသို့ မင်္ဂလာ မရှိသောသူ မဝင်ရ။ ကျက်သရေရှိသူသည် ကျက်သရေမဲ့သူ၏ ဧည့်ခံမဖြစ်သင့်။ ဒုက္ခိတကို စဉ်းစားခြင်းသည် ဂုဏ်သရေ ရှိသူ၏လုပ်ငန်း မဟုတ်။ ဟေ့...... အိမ်စိုးမောင်များ၊ သည်အရူးကို မောင်းနှင် ဆွဲထုတ်ကြပါကွယ်၊ တော်ရာသို့ သွားပါစေ"

အိမ်စိုးနှင့် အစေခံတို့သည် ဖာတစ်လုံးခေါင်းကျားကို တွန်းထိုး ထုရိုက်ကာ ရွာပြင်သို့ မောင်းနှင်လွှတ်လိုက်လေသည်။

ဖာတစ်လုံးခေါင်းကျားသည် ရွာလမ်းမ တစ်လျှောက်၌ အောက်ပါအတိုင်း ရေရွတ်လျက် ထွက်သွားရှာရလေသည်။

"အချင်းတို့၊ ကျေးဇူးရှိမှ ကျေးစွပ်နိုင်သည်။ သူယုတ်တို့၏ သိခြင်းသည် ဂုဏ်သာလျှင် ဖြစ်၏ ဂုဏ်ကြီးမြင့်စဉ် အခါက မြင်းမိုရ်တောင်မျှ ကျေးဇူးပြုထားသော်လည်း ဂုဏ်ကင်းကွာသော် ပပျောက်တတ်မြဲ အစဉ်တည်း။

"ကျေးငှက် တိရစ္ဆာန်တို့သည် ကျီးအာသီးကို မမြည်းကြသော်လည်း သူယုတ်တို့မူကား အပေါ်ရည်သမ်းလှကို နှစ်ခြိုက်စုံမက်ကြကုန်၏။

"ရွံ့ညွန်ထဲ၌ ကြာပန်း ပေါက်နိုင်သေး၏"

ထိုမှတစ်ဖန် ဖာတစ်လုံးခေါင်းကျားသည် စေတုတ္တရာပြည်ကြီး၏ သြဇာခံ မဘဲမြို့မသို့ ဝင်၍ မိကျောင်းတီးပြီးလျှင် လှည့်လည်နေလေ၏။ ကလေးများနှင့် ခွေးများသည်လည်း ၎င်း၏ နောက်က စုရုံးကာ လိုက်ပါကြလျက် တစ်မြို့လုံးသည် ဆူညံကာ ရှိနေလေ၏။

"ကျေးရင်း ကျွန်ရင်းကောင်းကို အဘယ်မှာ ရှာရပါမည်နည်း၊ ကျေးရင်းကျွန်ရင်း ကောင်းသည် အဘယ်မှာ ရှိပါသနည်း"

ထိုအသံတို့သည် စူးစူးဝါးဝါးနှင့် တစ်ခါတစ်ခါ ထွက်ပေါ်လျက် ရှိနေစဉ်တွင် သူဌေးကြီး တစ်ဦးသည် ရုတ်တရက် ရောက်လာ၍ "အရှင်ကျွန်ရင်းခြေတော်စုံကို ဦးတိုင်လျက် မပျက်မကွက် အသင့် ရောက်ရှိပါပြီ ဘုရား" ဟု လျှောက်တင်ကာ ရှိသေစွာ တည်နေလေ၏။

မြို့သူမြို့သားများနှင့် သူဌေးကြီး၏ အစေအပါး၊ ကြေးကျွန်၊ ကျေးကျွန်တို့သည် အံ့အားသင့်ကြကုန်လျက် တီးတိုး တီးတိုးနှင့် မေးငေါ့ကာ စကားတင်းဆိုကြပြီးလျှင် ကြည့်ရှု အကဲခတ်နေကြကုန်၏။

"ဦးရီးတော်၊ ကျွန်းခံ့သာ၍ မာတော်မူသေးရဲ့နော်"

"ဦးတည့်ရပ်ပါ ဘုရား" ဟု နှုတ်ဆက်ပြီးလျှင် သူဌေးကြီးသည် ၎င်း၏ နေအိမ်သို့ ပင့်ဖိတ် ဆောင်ယူသွားလေ၏။

သူဌေးကြီးလည်း ကျေးကောင်း၊ ကျွန်ကောင်းတို့၏ ဝတ္တရားအတိုင်း (၁) အရှင်ကို တွေ့လျှင် ရိုသေ ကျိုးနွံစွာနှင့် နှုတ်ဆက်ခြင်း၊ (၂) တင့်အပ်လျောက်ပတ်သော အိပ်ရာနေခင်းတို့ကို ပေးခြင်း၊ (၃) မြိန်နိုးရာရသော ဘောဇဉ် အရသာတို့ဖြင့် လုပ်ကျွေးခြင်း၊ (၄) မိမိ၏ အိမ်သူ အိမ်သားတို့ကို ထိုသူ၏ ကျေးရင်းအဖြစ်၌ တည်စေ၍ လုပ်ကျွေးသမှု ပြုစေခြင်း၊ (၅) အရှင်၏ ကောင်းသော အလိုဆန္ဒကို ပြည့်ဝလေအောင် တတ်စွမ်းနိုင်သမျှ ဆောင်ရွက်ခြင်း၊ (၆) ဘေးရန်ခပ်သိမ်းမှ ကာကွယ်နိုင်သမျှ ကာကွယ်ခြင်း၊ (၇) အရှင်၏ အပြစ်ကို မေ့၍ အချစ်ကိုသာလျှင် အဖန်တလဲလဲ အောက်မေ့သုံးသပ်ခြင်းတို့ဖြင့် ကျေးဇူးတုံ့ဆပ်ခြင်းကို ပြု၍ ဖာတစ်လုံးခေါင်းကျား အလိုရှိသည်လောက် တည်းခိုနေထိုင်ခွင့်ကို ပြုထားလေ၏။

တစ်နေ့သ၌ ဖာတစ်လုံးခေါင်းကျားသည် ခရီးထွက်တော့မည်ဟု သူဌေးကြီးနှင့်တကွ အိမ်သူ အိမ်သားတို့ကို နှုတ်ဆက်လေရာ အိမ်သူအိမ်သားတို့သည် ရှိုက်ကြီးတစ်ငင် ပူပင်းပြင်းပြ

ဝမ်းနည်းလှစွာ ငိုကြွေးမြည်တမ်းကာ တောင်းပန် တားဆီးကြခြင်းတို့တွင် သူဌေးကြီး၏ သမီးထွေး ထွေးရည်သည် "ကိုကိုကြီးရဲ့ ထွေးရည်ကို ကိုကိုကြီး မသနားဘဲ ထားခဲ့ပြီး သွားတော့မှာလား" ဟု တမ်းတကာ ဟစ်အော်ငိုပြီးလျှင် ဖာတစ်လုံးခေါင်းကျား၏ ခြေကို ဖတ်ထားလေ၏။

ဖာတစ်လုံးခေါင်းကျားသည် မျက်ရည်ဖြိုင်ဖြိုင်ကျလျက် "ငါ့နှမထွေး ထွေးရည်၊ ငါအမှုမဲ့ နေခဲ့မိတယ်၊ နင် သိပ်ကို ငါ့အားကိုးပါကလား၊ ငါ သုံးနှစ်ရှိရင် လာပြီးခေါ်မယ်၊ နေခဲ့ပေတော့ ထွေးရည်၊ အစ်ကိုကြီး သွားဦးမယ်"

"အစ်ကိုကြီး မသွားရဘူး၊ အစ်ကိုကြီးကို ကျွန်မ မလွှတ်ဘူး။ အစ်ကိုကြီး လိမ်တာ၊ ပြန်လာမှာ မဟုတ်ဘူး။ အစ်ကိုကြီး သွားရင်လေ သူများတွေက အရူးဆိုပြီး ဝိုင်းရိုက်ကြမယ်၊ ခွေးတွေက ဝိုင်းကိုက်ကြမည်၊ မသွားပါနှင့် အစ်ကိုကြီးရယ်၊ ကျွန်မ အစ်ကိုကြီးကို ပြုစုပါမယ့်"

"ထွေးရည်ရယ်၊ နင်သံယောဇဉ် ငါ့မှာ ကြီးလှချည်။ တိတ်ပါ ထွေးရည်ရယ်၊ လာလာ ငါပြောမယ်" ဆိုကာ ဖာတစ်လုံးခေါင်းကျားသည် ထွေးရည်၏ နဖူးကို ကိုင်၍ သူတစ်ပါး မကြားရအောင် တိုးတိုးကလေး မှာထားပြီးနောက် ဤသို့လည်း ပြောပြန်၏။

"ထွေးရည်၊ အစ်ကိုကြီးကို ချစ်ရင်လေ အစ်ကိုကြီးရဲ့ စကားကို နားထောင်။ နင် ယခု ၁၄ နှစ်ကျော်ပြီ၊ အသက် ၁၈ နှစ်ကျော်မှ အိမ်ထောင်ပြုရမယ်။ ဟော..... နင်၊ နင်တို့ အိမ်သားတွေ နေမကောင်း ထိုင်မသာရှိရင် ဟောသည်ဆေးကို သန်းဦးနောက်လောက် အပ်ဖျားနှင့်တို့ပြီး ရေနှင့် နင်ကိုယ်တိုင်သုံး၊ တိုက်။ နင်တို့မှာ ပစ္စည်းကုန်ခန်းသွားရင် တစ်ပိဿာရှိ ခဲမပုပ်ကို ကျို၊ ဟောသည် ဆေးဖြူကလေး ကွမ်းရိုးတစ်တို့နှင့်မွှေ၊ ဘောနီသာစွာ ခုနစ်ဆယ့်ငါးကျပ်သား ရမယ်။ ခဲမဖြူ တစ်ပိဿာကို ကျို၊ ဟောသည် ဆေးဖြူကလေး ကွမ်းရိုးတစ်တို့နှင့် မွှေ၊ နာရနီအစစ် ၇၅ ကျပ်သား ရမယ်။ မှတ်ထား၊ ကိုင်း ငါသွားတော့မယ်၊ နင် မငိုပါနှင့်၊ နင်ငိုရင် ငါ သွားရာလမ်းမှာ အခက်ကြုံရတတ်တယ်။ သုံးနှစ်က ကျော်ရင် ငါ့ကို မျှော်တော့"

"အစ်ကိုကြီး ကျွန်မ မငိုဘူးနော်၊ အစ်ကိုကြီးကို ခွေးတွေ မကိုက်နိုင်အောင် လက်မနစ်ဖက်ကို ဖွက်ကာ ဆုပ်ပြီး ခွေးတွေနှင့် တွေ့ရင် ငါဟဲ့လို့ ကြိမ်းပါ" ဆိုလျက် ရှိုက်ကာ ရှိုက်ကာနှင့် နေလေ၏။

"အေး...... အေး..... ထွေးရည်ရယ်၊ နင့်သံယောဇဉ် ငါ့မှာ ဘာကြောင့် ကြီးပါလိမ့်မလဲ" ဆိုကာ ထွေးရင်၏ နဖူးကို နမ်းရှုပ်၍ မျက်ရည်စက်လက်နှင့် ကျောခိုင်းကာ ထွက်သွားလေ၏။

"အစ်ကိုကြီးရေ...... ကျွန်မ မျှော်နေမယ်၊ ဆက်ဆက်ကြီး ပြန်ခဲ့ပါ" ဟု ထွေးရည်သည် တမ်းတကာ မှာထားလေ၏။

အင်း..... ရွှေပင်က ရွှေသီးပေသကိုး။

လောက၏ မှန်သောကြောင်းကို ပညာရှိတို့သာလျှင် သိဘိ မြင်ဘိ၏။ ငါ့ ခမည်းတော် ချီးမြှင့်မြှောက်စားထားသော သူဌေးသည် ခမည်းတော်၏အနွယ် ငါ့အား ကျေးဇူးယုတ်ကို ပြုဘိ၏။ ငါ့ခမည်းတော် တိုင်းပြည်မှ နှင်ထုတ်ထားသည့် မဘဲမြို့မှ သူဌေးကြီးသည် ငါ့ခမည်းတော်၏ အပြစ်ကို မမြင်၊ ပြုခဲ့ဖူးသော ကျေးဇူးကိုသာ အထူးတင်ခြင်းဖြင့် ငါ့အား ကျေးဇူးမွန် ကျေးဇူးမြတ်ကို အတိုင်းထက်အလွန် ဆောက်ရွက်ဘိ၏။

ခမည်းတော် မြှောက်စားထားသော ကလန်ကြီးသည် ခမည်းတော်၏ မျက်နှာတော်ကိုမျှ မထောက်၊ ငါ့အား အကျိုးယုတ်ကို ပြုဘိ၏။ ခမည်းတော် ပြစ်ဒဏ်ပေးထားသော စစ်သူကြီးသည် ငါ့အား ကျေးဇူးကို အတိုင်းထက် အလွန် ဆောက်ရွက်ဘိ၏။

လောက၌ သူယုတ်ကို မြင်းမိုရ်တောင်နှင့် အမျှ ကျေးဇူးဆောင်သော်လည်း ထိုကျေးဇူးနှင့် အရှိ အကျိုးယုတ်ကို ပြုပေလတ္တံ့။ စိတ်သဘော ဖြူဖြောင့်သော သူမြတ်ကို ပြစ်ဒဏ် ထားမိစေကာမူ ထိုသူသည် ပြစ်ဒဏ်ထားသူ၏ အကျိုးကိုသာလျှင် ရှေးရှုဆောင်ရွက်တတ်၏။

ယုတ်သော သူတို့သည် ကိုယ်၏အတွက် သက်သက်ကိုသာ ငဲ့ကွက်၍ သူ့ကျေးဇူးကို မမြင်မြော်တတ်ဘဲ အပြစ်ကိုသာလျှင် ထင်တတ်လေ၏။ တကား။ လောက၌ အရှက်အကြောက် တရား နှစ်ပါး မကပ်သောသူ ဟူသမျှသည် သူကောင်းသူမြတ် ဘယ်အခါမှ မဖြစ်နိုင်။

လောကကြီးသည် အချိန်ရှိသမျှ ရှုပ်ထွေးပွေလီနေသော အဖြစ်အပျက်ကို ရှင်းလင်း ဖော်ပြနေသော်လည်း အမှုမဲ့ အမှတ်မဲ့နှင့် အချိန်ကုန်သော သူတို့သည် လောကကြီး၏ ရှုပ်ထွေးနေသော ပြဿနာကို မည်သည့်အခါမှ မှန်အောင် မဖြေကြကုန်။

myanmar teashop www.mmteashop.com

## အခန်း(၃)

## သူငယ်ချင်း မိတ်ဆွေကောင်းကား မည်သို့နည်း

တစ်နေ့သော မင်္ဂလာနှင့် ပြည့်စုံသည့် ညနေဆည်းဆာဝယ် ပရိမ္မပြည့်ရှင် ဘုရင်မင်းခေါင်သည် နန်းတက်ပြီး၍ သုံးလမြောက်၌ မင်းမှုုမတ် ဗိုလ်ပါအပေါင်း ခြံရံလျက် တာဝတိံသာ နတ်မြို့တွင်းတွင် ထွက်တော်မူ၍ လှည့်လည် ရှုစားတော်မူ၏။ မြို့သူမြို့သား အပေါင်းတို့သည် မိမိတို့၏ အိမ်မှ ကိုယ်စီ ကိုယ်င ထွက်ကြလျက် ပန်း၊ နံ့သာ၊ သပြေ၊ ရေချမ်းအိုးတို့ကို စွဲကိုင်ကာ ရှိခိုးဖူးမြော် ကန်တော့ကြကုန်၏။

ရှေ့တော်ပြေး ကောင်ဟန်များတို့သည် ကြိမ်လုံးကို စွဲကိုင်ကြကုန်လျက် မင်းလမ်းခရီးကို သုတ်သင်ရှင်းလင်းကာ သွားကြ၍ လောက်လွှဲသမားတို့သည် ချပ်မိန်ညိုတို့ကို ဝတ်ဆင်ကာ နံဘေးဝဲယာမှ စောင့်ရှောက်ခြင်းဖြင့် ရန်သူကို ကြည့်လျက် ကာကွယ်ကာ လိုက်ကြကုန်၏။ ထိုကဲ့သို့လျှင် နတ်မြို့ကြီးကဲ့သို့ စည်ပင်သာယာသော ပရိမ္မမြို့တော်ကြီးတွင် သိကြားမင်း၏ စံပယ်ခြင်းဖြင့် စံပယ်လျက် မင်းခေါင်သည် လှည့်လည်ရှုစားလေရာ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေသည် သူရဲတပ်တို့၏ အသံ၊ စည်တော်ရွှမ်းသံတို့ဖြင့် မိုးလုံးခြိမ့်မျှ ပွဲတင်ရိုက်ကာ ရှိလေ၏။ ထိုအချိန်ဝယ် မင်္ဂလာရှိသောစကား၊ မင်္ဂလာ ရှိသော တေးချင်း၊ မင်္ဂလာရှိသော သီချင်း၊ သာယာသော စကား၊ သာယာသော တေးချင်း၊ သာယာသော သီချင်းတို့ ရွတ်ဆို သီကုံးခြင်းဖြင့် အလွန် ပျော်ကောင်းပျော်ဖွယ် ဖြစ်နေလေ၏။

ထိုသို့သော အခိုက်အတန့်၌ တပ်တော်ဦးမှ "ညီတော် မင်းခေါင်ရေ၊ နောင်ကြီး ရောက်လာလို့ တပ်တောင်တာ ဗိုလ်ထုနှင့် ရံစုကာ ကြိုဆိုနှင့်တာလား။ ကျန်းခံ့ပြီး ကာယသုခ၊

စိတ္တသုခ နှစ်ဝနှင့် ပြည့်စုံပါရဲ့လား” ဟု ခံ့ညားသော ဣန္ဒြေနှင့် ပီပြင်လေးနက်သော အသံဖြင့် ယခင်က ပြဆိုခဲ့သော အသံတို့ကို လွှမ်းကာ ဖာတစ်လုံးခေါင်းကျားသည် ဟစ်ဆို နှုတ်ဆက်လေ၏။

ထိုသို့လျှင် ညီတော်၊ နောင်ကြီးဟူသော စူးရှသည့် ကြည်လင် ကျယ်လောင်သော အသံ၏ အရှိန်ကြောင့် မင်းခေါင်၏ အမှုထမ်းတို့သည် အံ့အားသင့်ကာ ငေးစိုက်လျက် ရှိနေကြကုန်၏။

(လောက၌ လူတို့တွင် မည်သို့သော အတန်းအစားနှင့် တည်နေရာ စေကာမူ ပါရမီ အဆောက်အအုံနှင့် ဘုန်းကံတို့သည် မျက်နှာနှင့် အသံတို့တွင် ထင်ရှားပြလျက် ရှိ၍၊ ညံ့သော အမျိုးအစားသည် မြတ်သော အမျိုးအစား၏ မျက်နှာကို ရဲရဲတည့်တည့် မကြည့်ဝံ့ချေ။ လူတစ်ယောက်သည် လူတစ်ယောက်ကို ကြောက်ရွံ့ခြင်း ဆိုသည်မှာ ပါရမီ အဆောက်အအုံချင်း ပြိုင်ရာ၌ ရှုံးခြင်းပင် ဖြစ်ချေသည်။ မည်မျှလောက်ပင် ဆင်းရဲနိမ့်ကျနေသဖြင့် အခြေအနေ သေးသိမ်ကာ ကိုယ်ရောင်ကိုယ်ဝါ ညစ်ထည်း စုတ်ပွဲ နေစေကာမူ ဘုန်းကံ ပါရမီနှင့် ပြည့်စုံလာသော သူတစ်ယောက်သည် သဘင်အလယ်၌ဖြစ်စေ၊ လူထုပရိသတ်အလယ်၌ ဖြစ်စေ ပီပြင်လေးနက်သော အသံ၊ ခံ့ညားသော ဣန္ဒြေတို့ကို ထင်ရှားစွာ ပြဝံ့၍ ပြချေသော် လူညံ့စုတို့သည် ရုတ်တရက် ထိကပါး ရိကပါး မပြုဝံ့ကြချေ။ ဤကား ပါရမီနှင့် ဆိုင်သော စိတ်ဓာတ်သဘော ဖြစ်ချေသည်။ ။စကားချပ်)

ဖာတစ်လုံးခေါင်းကျားသည် မိကျောင်းကို ပိုက်လျက် တပ်ဦးက နှုတ်ဆက်နေသည်ကို ရှန့်ရင်း ကြမ်းတမ်း ခက်ထန်လှသည့် ပရိမ္မပြည့်ကောင်ဟန်တို့သည် ၎င်းတို့၏ ကြိမ်လုံးကို အရမ်းမဲ့ မသုံးဝံ့ကြ။ လောက်လွှဲသမားတို့သည်လည်း အရမ်းမဲ့ မပစ်ခတ်ဝံ့ကြ။ ညီတော်၊ နောင်ကြီးဟူသော အသံတို့သည် ၎င်းတို့ကို တံဆိပ်ခတ်လျက် တုန်လှုပ်နေစေ၍ ဘုရင့် အမိန့်တော်ကိုသာ စောင့်ဆိုင်း နာခံကာ ရှိကြကုန်၏။

ဖာတစ်လုံးခေါင်းကျားသည်လည်း ဘုရင်မင်းခေါင် စီးလျက် ပါလာသော ဆင်တော်နှင့် ပက်ပင်းပါ တွေ့ဆုံမိလေ၏။

“ညီတော် မင်းခေါင်၊ နောင်ကြီးဖြင့် တောစခန်း တောင်စခန်းတို့ကို ဖြတ်သန်း ကြွလာခဲ့ရလို့ မောပန်းတော် မူလှပေါ့။ သောက်ရေတော် ကြည်ကြည်အေးနှင့် ကွမ်းဖတ်တော်နနကို မဆက်သသေး တာဟာ ညီတော် သတိလစ်ဟန် ရှိတယ်နော်”

မင်းခေါင်သည်ကား ဤသို့ ထင်မြင်မိလေ၏။

ဩော်.... မျိုးညွန့်ရှိန်၊ မျိုးညွန့်ရှိန်၊ အလွန်ကြီးလေး ဆိုးယုတ်သော ရှေးရှေးဘဝက ကံကိုမှီ၍ ဖြစ်ပေါ်လာရသော ဝဋ်သည် သူ့အပေါ်သို့ ကျရောက်လာလျက် ဘဝဆုံး၊ လူညွန့်တုံး ဖြစ်ရသည့် အရှုံးဖြစ်ရချေပြီ။ ကျောင်းတော်တွင် ပညာတော်သင်စဉ်က တပည့်ပေါင်း ငါးရာတွင် အထွတ်အထိပ်ဖြစ်၍ ဆရာစောင်တပည့်၊ ဆရာ၏ လက်သုံးတော်ကြီး ဖြစ်ခဲ့ပေသည်။ ငါ၏ ဆရာ အဖြစ်နှင့်လည်း မကင်းခဲ့။ အလွန်ချစ်ကျွမ်းဝင်ခြင်းဖြင့်လည်း မုန့်တစ်ယုက်ကို တစ်ခြမ်းစီး လည်းကောင်း၊ ဘဲဥတစ်လုံးကို တစ်ခြမ်းစီလည်းကောင်း မျှ၍ မျှ၍ သုံးဆောင် လာခဲ့ကြချေသည်။ ကျောင်းတော်တွင် ဆင်းရဲအတူ၊ ချမ်းသာအမျှ သလည့်သလွင်း ရောင်းရင်းအစစ် ဖြစ်ခဲ့ကြချေပြီ။ အကယ်၍သာ မျိုးညွန့်ရှိန်ကို မင်းအဖြစ်နှင့် တွေ့ရချေသော် ပြည်တော်ကို တစ်ဝက်ခွဲ၍ သဒ္ဓါနိုင်ပါရဲ့၊ ယခုမှာတော့ လူရာမထင် တော်မဝင်သည့် လူရှုးစင်စစ် ဖြစ်ရချေပြီ။

လောက၌ လူနှင့်လူချင် ပေါင်းသင်း ဆက်ဆံခြင်းသည် ဂုဏ်အရည် အချင်းချင်း တူမျှသည်ကိုသာ ပေါင်းသင်းဆက်ဆံ ရောနှောရာချေသည်။ အိမ်၏ အသရေကို ဖျက်သည်ကား အ အနှင့် အရှုး၊ ဂုဏ်ကို ဖျက်သည်ကား အ အ၊ အရှုးနှင့် အမူးတို့ ဖြစ်ချေ၍ ငါ၏ ရာဇဂုဏ် အပျက်မခံနိုင်။

ထိုသို့ စဉ်းစား၍ မင်းခေါင်သည် ဤသို့ အမိန့်တော် ချမှတ်လေ၏။

"ဟဲ့....... ရွှေမြို့တော် ဝန်မင်း၊ မင်္ဂလာရှိတဲ့ ငါ့တပ်ဦး၌ ဖြတ်သန်း ကျူးကျော်လာတဲ့ သည်အရှုးကို ထုံးစံအတိုင်း စီရင်လေ။ ယနေ့အဖို့ကား မင်္ဂလာမရှိ၊ နိမိတ်မကောင်း၊ နန်းတော်သို့ ငါ ပြန်လည်တော်မူမည်။ တပ်ဦးလှည့်လော့"

ရွှေမြို့တော်ဝန်မင်း၏ အမိန့်အရ အာဏာသားတို့သည် ဖာတစ်လုံး ခေါင်းကျားကို ကွပ်မျက်ရန် သုသာန်သို့ ဆောင်ယူသွားကြရာ၊ ဖာတစ်လုံးခေါင်းကျားသည် အောက်ပါအတိုင်း ရေရွတ်ကာ လိုက်ပါသွားရလေ၏။

"သူငယ်ချင်းကောင်း မိတ်ဆွေသည် ဘယ်မှာနည်း၊ သည်လိုဟာ သူငယ်ချင်းကောင်း မိတ်ဆွေလား။

"အို.... သူငယ်ချင်း မိတ်ဆွေကောင်း၊ သင်သည် လောက၌ အမည်သာ ရှိ၍ လူစင်စစ် မရှိလေယောင် တကား။

"ဂုဏ်ကျက်သရေနှင့် တင့်၍ မြင့်နေစဉ်အခါ တုနှိုင်းမဲ့ဖွယ်သော စည်းစိမ် ဥစ္စာတို့နှင့် ပြုစုသည်ထက် ဆင်းရဲတွေ့ရစဉ်အခါ တစ်ဖွန်းစာသော ယာဂုရည်သည် အနမတဂ္ဂ အထိုးတန်လှ လေ၏ တကား။

"အို..... လောက၊ သင်သည် အဘယ်ကြောင့် လူတို့အား အလင်းကို မပေးပါဘိသနည်း။ လူတို့သည် အလင်းကို မရသမျှ ကာလပတ်လုံး ဂုဏ်ကိုသာ ပေါင်း၍ လူကို မပေါင်းချေတော့ တကား။

"ဝသော သူ့အားသာ ပေးကမ်းစွန့်ကြဲ၍ ငတ်မွတ်သော သူတို့ကိုကား ရိုက်ပုတ် နှင်ထုတ်ကြလေပြီ တကား။

"လှသော သူ၌သာ တန်ဆာဆင်၍ အကျည်းတန်သော သူတို့ကိုကား မမြင်လိုဘဲ မုန်းထားကြလေပြီ တကား။

"အို လောက၊ သင်၏ မျက်စိသည် ဂုဏ်ရှိသော သူကိုသာ စူးစိုက်၍ ကြည့်လေတော့ပြီ တကား"

ဖာတစ်လုံးခေါင်းကျားသည် ထိုကဲ့သို့ ရေရွတ် မြည်တမ်း၍ သုသာန်တစပြင်သို့ လိုက်ပါသွားရသည်ကို နန်းရင်ဝန် သက်တော်ရှည် အမတ်ကြီးသည် မြင်လတ်လေသော်၊ အာဏာသားများကို ခေါ်စေလျက် "လူမိုက်သားများ၊ အရေးအရာ မဖောက်ကြပါကလား၊ ဤသူကို သတ်ရင် နင်တို့ တစ်ပြည်လုံး လောင်မီး ဖုံးလွှမ်းကျရောက်သလို ဆင်းရဲခြင်းကြီးစွာနှင့် ပျက်စီးကြရလိမ့်မည်၊ ကြေးတိုက်ထဲ၌ သွင်းထားလိုက်ကြဦး၊ ငါ နန်းတော်ကြီး ဝင်ပြီး အမိန့် တောင်းခံကာ စီရင်ချက် ချမှတ်ပေးမယ်" ဟု အမိန့်ပေးလေ၏။

"ဘိုးဘိုး၊ ကိုယ်တော်မြတ်ရဲ့ အကြောင်းက ဆိုးရှာပေသကိုး၊ သတ်ခြင်းသာလျှင် မင်္ဂလာရှိပါတယ်၊ သူယုတ်တို့ရဲ့ သတ်ခြင်းဖြင့် သူတော်ကောင်းဟာ သံသရာမှာ မသေနိုင်ပါ။ သတ္တဝါတို့ဟာ အဝိဇ္ဇာတရားကြောင့် သင်္ခါရအားဖြင့် မြဲခြင်း မရှိပါ။ ညနေချိန် အိပ်တန်းဝင်ရန်လာတဲ့ ငှက်များဟာ ရေဆိပ်နားရှိ သစ်ပင်ကြီးမှာ ခေတ္တကြုံကြိုက် တွေ့ဆုံကြသလို ဖြစ်လို့ ဆရာဟာ ချစ်ခင်တဲ့ တပည့်ရဲ့ သတ်ခြင်း၊ အကြင်သူတစ်ယောက်ဟာ မိမိကိုယ်ကဲ့သို့ ချစ်ခင် ထားသော သူသာလျှင် ဘဝအဆက်ဆက်မှာ ပျက်စီးရာတိုင်ပါမည်။ ဒါကြောင့် ကိုယ်တော်မြတ်ကို ပရိမ္မပြည့်ရှင် ဘုရင်မင်းခေါင်က သတ်ပါစေ ဘိုးဘိုး"

"အလို၊ လက်စသတ်တော့ မျိုးညွန့်ရှိန် ကိုယ်တော်ပါကလား။ ဘိုးလို အိုမင်းမစွမ်း ရှိသောကြောင့် ပေါ့လျော့သကဲ့သို့ ဖြစ်သည်ကို သည်းခံတော်မူပါ။ ဘိုးဘိုး၏ အိမ်ကိုပင် ယာယီတဲနန်းတော် ပြုပြီးလျှင် ခေတ္တ သိမ်းပိုက် စံမြန်းတော်မူပါ"

"သည်းခံတော်မူပါ ဘိုးဘိုး၊ သခင့်အာဏာ ကျွန်မှာ တည်ရမတဲ့၊ လက်နှင့် ရေးတာကို ခြေနှင့်ဖျက်လို့ မတော်ပါ။ သူ့နိုင်ငံ သူမင်း၊ သူခင်းတဲ့ ဇာတ်လမ်း၊ သူ့ထုံးတမ်း၊ သူ့စီရင်ချက်၊ သူ့ဥပဒေ ပေပဲကိုး။ သူ့ရှင်းတမ်း ဖွေထုတ်ပါလိမ့်မယ်။ ထောင်တွင်းမှာလည်း မထားပါနှင့်။ သူ့အလိုအတိုင်း သတ်ပါစေ ဘိုးဘိုး"

ထိုခဏ၌ နတ်စစ်သူကြီးကဲ့သို့သော သူတစ်ယောက်သည် မြင်းသည်တော် တစ်ရာကို ဦးဆောင်လျက် ချက်ချင်း အာဏာသားများနှင့် ဖာတစ်လုံး ခေါင်းကျားထံ ရောက်လာလေ၏။

"နောင်ကြီး၊ နောင်ကြီးရဲ့ ညီချစ် အကြောင်းကို ကောင်းကောင်းကြီး နားလည်ပါပြီလား။ ဟေ့..... ကျွန်မျိုးတွေ၊ ဖယ်လိုက်၊ အနားမကပ်နှင့်။ ဘိုးဘိုးမှအပ ဒူးတုပ်ခစားနေ၊ ငါ့ခြားဟာ နေရာ မရွေး၊ အသား မရွေးဘူး။

"သတင်းရတာနှင့် စုံစမ်းနားထောင်ပြီး ငါ့ပြည်ကိုဖြင့် လာလိမ့်မယ် ဟဲ့လို့ အားခဲကာ ပြင်ဆင် စောင့်စားနေပေမဲ့ အချစ်တော်ကြီးထံ ခရီးကျွံမိလို့ ဘေးတွေ့ရပေပေါ့။ ငမိုက်ညီတော်သာ မမီလျှင် မခက်ပါလား နောင်ကြီး"

"အင်း.... စေတုတ္တရာပြည်က အိမ်ရှေ့ကိုယ်တော်ကလေး ထင်ပါတယ်"

"ဟုတ်ပါတယ် ဘိုးဘိုး"

"ယမန်ကပဲ ခမည်းတော်က အိမ်ရှေ့လျာ ချီးမြှင့်တဲ့ သဘောတော်ကို ဘိုးဘိုး ရောက်ခဲ့ပေမဲ့ အသက်အရွယ် ကြီးတော့လည်း ရုတ်တရက် မသိဘူး။ ရွှေစိတ်တော် မငြိုပါနှင့်နော်၊ သည်းခံတော်မူပါ။ ကိုင်း...... ကိုယ်တော်ကလေးရဲ့ နောင်ဘုရားကိုသာ ပင့်ချီသွားပါတော့"

"ဟေ့..... အာဏာသားများ၊ မင်းတို့ဘုရင်ထံ တင်လေ၊ ငါ မျိုးညွန့်ကိုယ်တော်ကြီးကို ဆောင်ယူသွားပြီ။ စစ်ရေး၊ လူရေးကို စမ်းချင်လျှင် မြို့တော် ၅ တိုင်ကွာတွင် ငါ တပ်စခန်း ချနေမည်။ ဝံ့ရင် စွန့်ခဲ့လို့ တင်လိုက်ကြ၊ ကြားလား"

ထိုသူသည် မိမိ၏ တပ်စခန်း၌ ပိန်လှီဖျော့တော့ အားလျော့ နွမ်းလျနေသော ဖာတစ်လုံး ခေါင်းကျားကို အထူး စောင့်ရှောက်ခြင်းဖြင့် ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုစုထားလေသည်။

ဖာတစ်လုံးခေါင်းကျားလည်း အနည်းငယ် အားအင်ပြည့်ဖြိုးလာသောအခါ မည်သူနှင့်မျှ စကားမဆိုဘဲ မိကျောင်းကို သာယာစွာ တီးနေလေ၏။

"နောင်ကြီး ရွှေစိတ်တော် မများရအောင် သတိတော်ထားပါ"

"ဟေ့ မင်းဘီလူး၊ ငါ့ကို မင်းက အရူးများ ထင်သလား။ ငါ မရူးဘူး။ မင်း ဝင်္ကန္တဉာဏ်ကို ငါလည်း တက္ကသိုလ်ပြန် မင်းသားကပဲ၊ သိပါတယ်ကွယ်။ သင် ငါ့ကို မလှည့်စားပါနှင့်၊ ကျောင်းတော်မှာ ဆရာ့ရင်နို့ကို သောက်စို့စဉ်ကပင် သင်နှင့် ငါ ရန်သူဖြစ်ခဲ့တာကို ငါ သတိရပါတယ်။ မှတ်မိပါတယ်။ ငါဟာ အရူးမဟုတ်၊ အသင့်လို အကောက်ဉာဏ်နှင့် လောကအား ရှုပ်ထွေးစေတဲ့ ပြဿနာများကို ကိုယ်ပိုင် သိလိုလို့ ခရီးဦးတည့်ရာ လှည့်လည်ခြင်းမျှသာပါ။ မြဝတ်ရည်အတွက် သင့်အား ငါ့ကို အောင်မြင်ခွင့် ပေးပါတယ်။ သင်သာလျှင် ရာဇ့မာယာကို တတ်ကျွမ်းသူ မဟုတ်၊ ငါလည်း တတ်ကျွမ်းပါတယ်"

မင်းဘီလူးသည် လက်ဖျောက်တီးကာ လက်ဖျားခါလျက် ဤသို့ ဆိုလေ၏။

"ဟာ..... နောင်ကြီး၊ အထင်လွဲကုန်ပြီ။ ဟိုတုန်းက ညီတော်ဟာ ကျောင်းသား၊ ကလေး စိတ်၊ ယခု အိမ်ရှေ့မင်းသား လူကြီးဖြစ်ပါပြီ နောင်တော်။ မ အတွက်နှင့် တစ်သက်မှာ အရှက်ကို နားလည်ပါပြီ နောင်ကြီး"

"ညီတော်မောင် လူကြီးဖြစ်ပြီနော်၊ မိန်းမဆိုတာဟာ စိတ်မိုက်ကို ထိန်းမရအောင် အသိဉာဏ်ကို ပိန်းချတာ သိပြီနော်"

"နောင်ကြီး၊ အိမ်ရှေ့ဘဝကို ရကတည်းက အရှက်အကြောက် ညီတော်မှ ရပါပြီ။ လောကကြီးသည် မိုးကောင်းကင် မျက်နှာကြက်၌ ခြူးပန်း၊ ခြူးနွယ်ကဲ့သို့ နွယ်ယှက်၊ တွန့်လိမ်၊ ကွေ့ကောက်ကာ နေသော လောကဗျူဟာများ ဖြစ်သည့် တိမ်နွယ်တို့သည် ဤသို့ဟု ဥပမာပြကာ ဟောပြောနေခြင်းဖြင့် မှောင်အတွင်းမှ လင်းစ ပြုလာပါပြီ။

"ရုပါရုံ၏ အရသာကို မသိ၍ ရုပါရုံကို မက်မောသော သူတို့သည် ဆေးတစ်ကြောင်းတည်းဖြင့် ဆွဲရေးထားသည့် အရုပ်ကားကို မနှစ်သက်ဘဲ စုတ်တံအမျိုးမျိုးနှင့် ဆေးအမျိုးမျိုးတို့ဖြင့် ရှုပ်ထွေးပွေလီ ဆန်းပြားစွာ ရေးထားသော အရုပ်ကားကိုကာ နှစ်သက်စုံမက်တတ်ကြချေသည်။ ထို့အတူ လောက၏ အရသာ ကောင်းကို မသိတတ်သော သူတို့မှာ လောက၏ ကွေးကောက်ခြင်း၊ တွန့်လိမ်ခြင်း၊ ရှုပ်ထွေးခြင်း၊ ပွေလီခြင်း၊ ဆန်းပြားခြင်း၊ ညွှတ်ပျောင်းခြင်း တို့ကိုသာ နှစ်လိုစုံမက်တတ်ကြချေပြီ။ ထို့ကြောင့် လောကသားတို့သည် လောက၏ အကြည်ဓာတ်ကို မရရှာဘဲ အဆိပ်ကိုသာလျှင် ဟပ်မျိုမိကြချေ ကုန်ပြီ။

"အတည့်အလင်း ထင်ရှားပြပါဦးမည် နောင်ကြီး။

"သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်း မည်သည် အဘယ်မှာနည်း။ ကျောင်းတော်တွင် သဘာဝအလျောက် ချစ်ခင်ခဲ့ကြခြင်း၊ အတူသွားလာ နေထိုင် စားသောက်ခြင်း၊ ခွဲခွာကြရ၍ လွမ်းဆွတ်ခြင်းတို့သည် မိုးကောင်းကင် မျက်နှာကြက်မှ တိမ်ညွှန့်ဥပမာကဲ့သို့ ကောက်ကွေးခြင်း၊ တွန့်လိမ်ခြင်း၊ ရှုပ်ခွေးခြင်း၊ ပွေလီခြင်း၊ ဆန်ပြားခြင်း၊ ညွှတ်ပျောင်းခြင်း တို့မျှသာဖြစ်၍ မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်းတို့၏ အချစ်ဟု မည်သို့သော ပညာရှိသည် ဆိုဝံ့ပါအံ့နည်း။

"မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်းတို့၏ အနှစ်ပါ၍ အရသာရှိသော အချစ်သည်ကား ဤသို့ပါတည်း နောင်ကြီး။

"(၁) ကြီးပြင်း၍ တွေ့ကြသောအခါ နှစ်ကိုယ့်တစ်စိတ် ချစ်ခင်ကြင်နာခြင်း၊ (၂) အဝတ်၊ ပုဆိုး၊ နေရာထိုင်ခင်းတို့နှင့် ပြုစုခြင်း၊ (၃) စည်းစိမ်ကို ဝေငှ၍ ပေးခြင်း၊ (၄) ဘေးရှိသောအခါ အားကိုးဖော်ဖြစ်ခြင်း၊ (၅) ဆင်းရဲကို ကယ်ဆယ်ခြင်း၊ (၆) ငါ့ထက် ယုတ်နိမ့်သည်ဟု မအောက်မေ့ဘဲ ကိုယ်နှင့်တန်းတူစိတ် ထားရှိခြင်း၊ (၇) မြင့်မြတ်သော သူငယ်ချင်း မိတ်ဆွေကို ကိုယ့်ထက် မြင့်မြတ်သည်ဟု သိတတ်ခြင်း၊ (၈) ဆင်းရဲ၊ ဘေးဥပဒ်၊ ရောဂါတို့တွေ့သော သူငယ်ချင်းကို တတ်အားသရွေ့ သင့်တော်အောင် စောင့်ရှောက်ပြုစုခြင်း၊ (၉) မကောင်းရာကို တားမြစ်၍ ကောင်းရာသို့ ညွှန်ကြားခြင်း၊ (၁၀) အခါခပ်သိမ်း တိုင်ပင်ဖော် တိုင်ပင်ဖက်၊ လုပ်ဖော်ဆောင်ဖက် ဖြစ်၍ မကောင်း မကြံစည်ခြင်း။

"ထို့ကြောင့် နောင်ကြီး၊ ဟိုတုန်းက ဟာတွေကို သင်ပုန်းချေ၍ ညီတော်ကဖြင့် မိတ်ဆွေကောင်း မိတ်ဆွေမြတ် အဖြစ်ဖြင့် တည်၍သာ နောင်ကြီးကို ပြုစုပါသည်"

"သာဓု၊ သာဓု၊ သာဓု မင်းဘီလူး၊ ယနေ့ကစ၍ နောင်ချစ်၏ ညီတော်ရင်း အဖြစ်နှင့် တည်ပါ။ နောင်ကြီး ခရီးဆက်လက် သွားဦးမည်"

"ဟာ....မတော်ဘူး၊ နောင်ချစ် ပြည်တော်သို့ပြန်၍ ဇေရာဇ်စည်းစိမ်နှင့် မြိန်မြိန်ကြီး စံစားနေတော်မူပါ။ အတွေးသမား၊ အစဉ်းစားသမား အဖြစ်နှင့် လှည့်လည်တော် မမူလိုပါနှင့်"

ဖာတစ်လုံးခေါင်းကျားသည် မျက်ရည်စက်လက် တောက်တခေါက်ခေါက်နှင့် ကျန်၍ ကြည့်နေရစ်ခဲ့သော မင်းဘီလူးကို ကျောခိုင်းကာ အောက်ပါအတိုင်း မြည်တမ်းလျက် ခရီး ဆက်လက် သွားလေ၏။

"အချင်းတို့၊ သစ်ရိပ်၊ တောရိပ်၊ တောင်ရိပ်သည် အေး၏။ ထို့ထက် စန္ဒကူးနှစ်သည် အေး၏။ ထို့ထက် လရောင်သည် အေး၏။ ထို့ထက် ပညာရှိ သူတော်ကောင်းတို့၏ အရိပ်သည် အေး၏။

"သူယုတ်မာကို ချစ်ခင်မိခြင်းသည် ဘေးဖြစ်တတ်၍၊ တကျက်ကျက် ဖြစ်ခဲ့ဖူးသော ရန်ဘက် သူငယ်ချင်း သူတော်ကောင်းသည် အားကိုးရာ ရပါတကား။

"ဂုဏ်သရေနှင့် ပြည့်စုံသောအခါ မိတ်ဆွေကောင်း ပေါများလိမ့်မည်။ ထိုမိတ်ဆွေတို့သည် လူရာမဝင်သောအခါ ရန်သူဘ၀သို့ ပြောင်းတတ်ကြလေသည်။

"ဆင်းရဲတွေ့နေရသော အခါမှသာ မှန်ကန်တည့်မတ် တည်တံ့သော သူငယ်ချင်းကောင်း၊ မိတ်ဆွေကောင်းကို တွေ့နိုင်ပါသည်။

"ဟယ်...... လောက၊ သင် လောက၏ မိတ်ဆွေ ဆိုသူများကို ကျွန်ုပ် စမ်းဝါးမိပြီ"

## အခန်း(၄)

## တစ်မိဝမ်းတွင်း ရှေ့နောက်ဆင်းသော်လည်း အစ်မလော

သလ္လာဝတီပြည်ကြီးသည် ထိုခေတ်က အလွန်ထင်ရှားကျော်စော၍ များစွာစည်ပင်သာယာဝပြောလေ၏။ ကုန်သည်ကြီးငယ်တို့သည် အရပ်လေးမျက်နှာမှ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ဝင်ထွက်သွားလာကြခြင်းသည် မဆိတ်ကုန်။ သလ္လာဝတီမြစ်ကြီးအားဖြင့်လည်း ထိုပြည်ကြီးသည် အထူးပြုကာ တင့်တယ် သာယာဝပြော စည်ပင်လေ၏။

ထို့ ပြည့်ရှင် ဘုရင်မင်းမြတ်သည်ကား တန်ခိုး အာဏာ ကြီးကျယ်သောမင်း ဖြစ်သဖြင့် အတိုင်းတိုင်း အပြည်ပြည်မှ လက်ဆောင်ပဏ္ဏာတို့သည် နှစ်စဉ်ပို့ဆက်မြဲ ဖြစ်လေ၏။ ဘုရင်မင်းမြတ်သည် မင်းတို့ ကျင့်ရာသော တရားနှင့် မချွတ်သဖြင့် တိုင်းသူပြည်သားတို့မှာ ယဉ်ကျေးသိမ်မွေ့၊ တော်မှန်၊ တည့်မတ်ကြသောကြောင့် ထိုပြည်ရှိ ထောင်ကြီးများသည် ဟင်းလင်းအတည့် ဖြစ်၍ ပိတ်ထားရလေရကား တစ်နှစ်တစ်ကြိမ် စတီအနေနှင့် သံချေး မတက်ရအောင် ဖွင့်ရလေ၏။ ထိုတိုင်းကြီးရှင် ဘုရင်မင်းမြတ်ကို အတိုင်းတိုင်း အပြည်ပြည်ကပင် ဦးဆောင် တရားမင်းမြတ်ဟု ကော်ရော် ရှိးကျိုးကြကုန်၏။

တစ်နေ့သော နံနက်ချိန်၌ သလ္လာဝတီပြည်ကြီးရှင် ဘုရင်းမင်းမြတ်သည် ဝဲယာ မိဖုရား နှစ်ပါးနှင့် ညီလာခံသဘင် ဆင်ယင် ကျင်းပနေတော်မူသည်တွင် နတ်စောင်းသံတမျှ သာယာလှသော မိကျောင်းသံသည် ညီလာခံ ပိုလ်ထုကို နှစ်သိမ့်စေခြင်းဖြင့် ကောင်းကင်မှ ထွင်းဖောက်ကာ

ဝင်ရောက်လာလေ၏။ မင်းမှူးမတ်တို့သည် ဘုရင်မင်းမြတ်၏ ဘုန်းတော်ကြောင့် ညီလာခံ သဘင်ကို နတ်များကပင် တူရိယာနှင့် ချီးမြှင့်လာရသည်ဟု ထင်မှတ်နေကြကုန်၏။

"အစ်မတော်ဖျားတို့၊ မောင်တော်မျိုးညွန့် ရောက်လာပေ့ါ၊ နောင်ကြီးဘုရား ကျန်းခံ့သာ၍ မာတော်မူပါရဲ့လား ဘုရား။ ပွဲတော်စာ ဆာလှလို့ ခွေကျပြီး နွမ်းရိတော် မူလှပါပေ့ါ" ဟူသော အသံစူးစူးရှရှသည်လည်း ညီလာခံ ဗိုလ်ထုကို လှုပ်လှုပ်ရွရွ ဖြစ်လေလေ၏။

မင်းကြီးသည် အသံရှင်ကို ရှေ့တော်သို့ သွင်းစေရာ ဖာတစ်လုံးခေါင်းကျားလည်း ဖာကြီးကို တုတ်နှင့်လျှိုကာ ထမ်းလျက် တင့်အပ် လျှောက်ပတ်သော အရပ်က မတ်တတ်ရပ်၍ ဤသို့လျှင် နှုတ်ခွန်းဆက် စကားကို ဆိုလေ၏။

"အစ်မတော်ဖျားတို့၊ ကျန်းခံ့သာတို့ မာတော်မူကြပါရဲ့လားဖျား။ နောင်ကြီးဘုရား၊ တိုင်းတော်ပြည်တော် စည်ပင်သာယာလာလို့ ခိုးသားဓားပြငြိမ်းအေးတော်မူပါရဲ့လား၊ ဖောက်ကား ရောင်းဝယ် အသွယ်သွယ်သော ကုန်သည်တို့ ကူးလူးမစဲ ရှိကြပါရဲ့လား ဘုရား"

မှူးမတ်၊ သေနာပတိတို့နှင့် ဗိုလ်ထုသည် ဘုရင်မင်းမြတ်၏ ယောက်ဖတော်တဲ့၊ မိဖုရားမြတ်နှစ်ပါး၏ မောင်တော်မျိုးညွန့်ရှိန် ကိုယ်တော်တဲ့ဟု လှုပ်လှုပ်ရွရွနှင့် တီးတိုး ပြောဆိုကြကုန်၏။

ထိုအခါ မိဖုရားကြီးကား မသာသော မျက်နှာနှင့် ဤသို့လျှင် ဆို၍ ဘုရင်မင်းမြတ်၏ အပါးတော်သို့ ကြောက်အားနှင့် တိုးရှာလေ၏။

"အို...... ဘယ့်နယ့် ဘယ့်နာပါလိမ့်မလဲ၊ ဘယ်က အရူးက ထူးထွေစွာ လာရောက် စွပ်စွဲပါလိမ့်မလဲ"

မိဖုရားငယ်ကား "အို ခက်ပါဘိ၊ ကြည့်ရ မြင်ရတာ ရက်စရာကြီးပါကလား၊ ဘယ်က မောင်တော်မျိုးညွန့်ရှိန် ဟုတ်ရမှာလဲ၊ မျိုးညွန့်ဟာ ခမည်းတော် ရိပ်ရာကို ဆက်ခံကာ အုပ်စိုးလို့ သူ့တန်ဖိုးနှင့်သူ နေရှာလေပြီ။ မောင်တော်ငယ်လည်း မိထွေးတော် ပြည်တော်သာမှာ အိမ်ရှေ့လျာ အဖြစ်နှင် သင့်သလို စံနေချေပြီ။ ဘုရားနမတို့ ရွှေရက်တော်ရပြီး ကိုယ်ကျိုးကြီး နည်းလှပါပြီ ဘုရား" ဆိုကာ ငိုလျက် မင်းမြတ်အပါးသို့ တိုးကာ ခ စားလေ၏။

မိဖုရားနှစ်ပါးသည် ထိုကဲ့သို့သော ပြောဆိုကြပြီး ခဏဌ ဘုရင်မင်းမြတ်၏ ရှေ့တော်တွင် မိန်းမော ကျွန်ပြုကာ နေကြလေ၏။

ဖာတစ်လုံးခေါင်းကျားသည် အစ်မတော်များ၏ အမူအရာကို မြင်ရလတ်သော် မိကျောင်းကို ပိုက်လျက် ဤသို့လျှင် ရေရွတ်လေ၏။

"နတ်ထီး၌ ပျော်တော်မူကြကုန်သော ခမည်းတော်နှင့် မယ်တော်မြတ်ဖျားတို့။ အစ်မတော်များ၏ ရက်စက်တော်မူပုံကို မြင်ဝံ့တော် မူကြပါသေးရဲ့လား။ တရားမင်းမြတ် နောင်တော်၊ မိန်းမဖျက်၍ အကျင့်တော် မပျက်ပါစေနှင့်။ လောက၌ "မခေါ်ချင်လျှင် နေရ မတော်ချင်လျှင် မနေရ" ဆိုသော ရှေးစကားသည် ပျက်ရတော့မည်လား။ အစ်မတော်ဖျားတို့ မခေါ်ချင်လျှင်လည်း နေရပါ၏။ မတော်ချင်လျှင် နေရပါ၏။ မောင်တော်မှာ ရာဇဝတ်တော် သင့်ရှာအောင် မာယာပြုပြီး ကြံဆောင်တော် မမူပါနှင့်ဖျား"

တရာမင်းမြတ်လည်း မိဖုရားမြတ် နှစ်ပါးအား သတိကို ဖြစ်စေ၍ ဤသို့ မိန့်တော်မူ၏။

"ညှော့သည်တော်က နတ်ထီးပျော် ခမည်းတော်နှင့် မယ်တော်ကိုပင် တိုင်တည်ပြီး ဆိုနေပါကလား။ မှန်ရာကိုသာ သံတော်ဦး တင်ကြပါ။ လောကဓံဆိုတာဟာ သံသရာမှာ သူသူငါငါ တွေ့ရတာချည်းပဲ။ ဆွေတော် မျိုးတော် ဆိုတာဟာ လောကမှာ အလွန်ကြီးမြတ် အဖိုးထိုက်တန်တဲ့ ဥစ္စာရတနာ အစစ်ဖြစ်တယ်။ လူမှာ ဆွေမျိုးဖြစ်ချေက ဆွေမျိုးတော်ရမြဲ ဖြစ်ပါတယ်။ မောင်တော့် ထံမှာလည်း ဆေးဝါးမန္တရား တတ်ကျွမ်းသသူ၊ ကိန်းခန်း ယာယီ ယတြာတို့၌ ကောင်းစွာ နားလည် ကျွမ်းကျင်သောသူ စသည်ဖြင့် ဟူးရားဖြူ ဟူးရားညိုတို့ အများအပြားပင် ရှိပါတယ်။ မောင်တော် မှန်လျှင် ဆေးဝါးမန္တရား အမျိုးမျိုးနှင့် ကုစားလို့ သည်ဝေဒနာမှ ပျောက်ကင်းစေရမည်။ ဟုတ်တိုင်း မှန်ရာကိုသာ သတိပြု၍ သံတော်ဦး ပြန်တင်ကြ၊ ရှင်မိဖျားတို့"

ထိုအခါ မိဖုရားကြီးသည် လောက၏ အဆင်ကို ငဲ့လျက် ဤသို့ တင်လေ၏။

"ရွှေဘုန်းတော်ရှင် မယ့်ထိပ်တင်ဘုရား၊ ခမည်းတော်နှင့် မယ်တော်မြတ်ဖျား မင်းနှစ်ပါး တို့က သမီးတော်ကြီး နှစ်ပါးနှင့် မောင်တော်ငယ် နှစ်ပါး၊ မင်းလေးပါးတို့ကို ထားတော်မူခဲ့၍ နတ်ထီး ပျော်တော်မူကြာ မျိုးညွှန့်ရှိန် မောင်တော်အကြီးမှာ တက္ကသိုလ်ပြည်မက ပညာတော် ကုန်ကြ၍ ရွှေဘုံပြန်လှသည်နှင့်အညီ ပြည်တော်သို့ ပြန်ရောက်လျှင် ရောက်ချင်း ခမည်းတော် ရိုက်ရာကို သိမ်းပိုက်ကာ စိုးစံတော်မူနေချေပြီ။ မောင်တော်ငယ် မျိုးထွတ်တင်မှာလည်း သကျအင်း

မိထွေးတော်က ထီးမွေခံ ရှိရအောင် အိမ်ရှေ့လျာ ပေးထား၍ သကျအင်းမှာ စံစားကာ ရှိချေပြီ။ သည်အရူးသည် ဘယ်ပြည်က ဘာပလီယို၍ ဘုရားနမတို့ကို မကြည်ညိုရအောင် ဤသို့လို ရှက်ဖွယ်စကား လာဆိုပါသနည်း။ ဖျားနမတော်တို့ကိုသာ သတ်လိုက်ပါတော့ မောင်တော်ဖျား”

ဖာတစ်လုံးခေါင်းကျားကား ပြုံး၍ ဤသို့ ဆိုလေ၏။

“အစ်မတော်ဖျား၊ တကယ်စိမ်းကား အသနား ကင်းဘိပြီနော်၊ သည်ကိုယ်တော်ကလေးဟာ အရူးမဟုတ်ပါ။ မျိုးညွှန့်ပါ။ ခေါင်းက လေးကွက်ကျားကြီးကို အစ်မတော်က အရူးဆိုပါသလား။ ဒါမှ မဟုတ် ဖာစုတ်စုတ်ကို တုတ်နှင့် ကုတ်ပြီး ထမ်းနေတာကို အရူးဆိုသလား။ ဘာကိုများ အရူးဆိုပါသလဲ။ နောင်ကြီးကလည်း မမှားရအောင် သတိတော်ပြုတော်မူပါ။ အရူးဆိုတာဟာ အင်မတိ အင်မတန် ဂုဏ်ကြီးချင်တဲ့သူ၊ အင်မတိ အင်မတန် ကောင်းစားချင်တဲ့သူ၊ သူတစ်ပါးထက် အသာကိုချည်း လိုချင်တဲ့သူ၊ သူတစ်ပါးကို မနာလိုခြင်း၊ ဝန်တိုခြင်း၊ ပြုစုခြင်း လွန်ကဲတဲ့သူ၊ ဥစ္စာပစ္စည်း၌ မက်မောခြင်း လွန်တဲ့သူ၊ ကာမဂုဏ် ခံစားခြင်း၌ လွန်ကဲသောသူ၊ အပျော်ကြူးသောသူ၊ ဘဝင်နိမ့်နေသောသူ၊ ဘဝင်မြင့်နေသောသူ၊ ဘဝင်ကြွနေသောသူ၊ တဏှာရာဂ လွန်ကဲသောသူ၊ ဂုဏ်ကို လိုလွန်းသောသူ၊ ဆွေမျိုး ဉာတိ သူငယ်ချင်း စသည်တို့ကို မသိသောသူ”

ထိုအခါ မိဖုရားငယ်သည် စကားဖြတ်၍ ဘုရင်မင်းမြတ်အား ငို၍ လျှောက်တင်လေ၏။

“မောင်တော်ဘုရား၊ မင်္ဂလာရှိသော ညီလာခံ သဘင်၌ သည်အရူးကိုစကား မဆိုပါစေနှင့်။ သည်အရူးသည် မင်းမှူးမတ် ပရိသတ် အလယ်၌ ဘုရားကျွန်မတို့၏ အသရေတော်ကို ဖျက်ချေ စော်ကားလာခြင်း ဖြစ်ပါသည်။ ဘုရားနမတို့သည် အရှင်မင်းကြီးကို တစ်ရံတစ်ဆစ်မျှ မထီမဲ့မြင် မပြုစဖူး။ ပြုစုရာသော ဝတ္တရားတို့မှလည်း ချွတ်ယွင်းဖူးသည် မရှိ။ ရသေ့ရဟန်း သူတော်သူမြတ်တို့ကိုလည်း ကော်ရော်ပူဇော်မိပါ၏။ မကောင်းမှုကိုလည်း သီလမြဲသော အားဖြင့် တစ်ရံတစ်ခါမျှ မပြုဖူးပါ။ သို့ပါလျက် သည်အရူးထူးက နမတော်တို့အား အသရေ ယုတ်ရအောင် ဘယ်က ဘယ်လို ကြံဆောင်လာပြီး မောင်တော်ဟု လာရောက်ကာ အရှက်ခွဲပါဘိသနည်း။ ဘုရားနမတို့မှာ သေရခြင်းထက် မြတ်သော စည်းစိမ်သည် မရှိတော့ပါပြီ တကား”

မိဖုရားနှစ်ပါးသည် ချုံးချကာ ငိုပွဲဆင်လျက် မင်းကြီးထံ ခွင့်ပန်ပြီးသော် ရံရွေတော်များနှင့် အဆောင်တော်တွင်းသို့ ဝင်လေ၏။

မင်းကြီးလည်း ဖာတစ်လုံးခေါင်းကျားကို သေချာစွာ ကြည့်၍ အရူးဆိုပေမဲ့ စကားတော် လေးနက်ပါ ကလားဟု အောက်မေ့ကာ "ဖာတစ်လုံးခေါင်းကျား မောင်ရယ်၊ မောင်က မိဖုရားများရဲ့ မောင်တော် ဆိုနေမှဖြင့် ငါ့ညီတော်မောင်ပေါ့၊ နောင်ကြီးနှင့် ချစ်ကြည်စကား ပွားများရအောင် ရာဇပလ္လင်ပေါ် နှစ်ခြိုက်စွာ နေရာယူပြီး နောင်ကြီးနှင့်အတူ ညီလာခံ သဘင်ကို ဆင်ယင်ပါ"

"နောင်ဘုရား အသို့ မိန့်တော်မူဘိသနည်း၊ အစ်မကြီးက အမိဖြစ်၍ နောင်ဘုရားသည် အဖဖြစ်ချင်သည်။ အသို့လျှင် နောင်ဘုရားနှင့်အတူ နေရာတူ ယူအပ်ပါအံ့နည်း၊ ညီတော်သည် စကြဝတေးမန္တတ်မင်း ဖြစ်ငြားစေကာမူ နောင်ဘုရားသည် အဖအရာ ရောက်နေပြီဖြစ်၍ ညီတော်၏ ပူဇော်မှုကိုသာ ခံယူရာပါသတည်း"

"အင်း..... စကားအရာ၌ လေးနက် လှပေတယ်၊ ဆိုစရာစကား ရှိသေးလျှင် ဆိုဦး"

ဖာတစ်လုံးခေါင်းကျားလည်း အကြောင်းပေါင်း များစွာနှင့် ဤသို့ သံတော်ဦး တင်ပြန်၏။

"အရှင်မင်းကြီး၊ ညီတော်ကား မျိုးညွှန့်ရှိန်အစစ် ဖြစ်ပါသည်။ မိန်းမတို့ မည်သည်ကား ပရိယာယ်ဝေဝုစ် အလွန်များတတ်ခြင်းကြောင့် လိုးလွဲမိန့်ဆိုခြင်းမျှသာ ဖြစ်ပါသည်။ အရှင်မင်းကြီး၊ ခပ်သိမ်းသော မြစ်တို့သည် တောတောင်တို့ အတွင်း၌ ကောက်ကွေ့သည်ထက် မိန်းမတို့သည် သဘင်္အလယ်၌ သာ၍ ကောက်ကွေ့နိုင်တတ်၏။ ကျီးအနှင့် မျောက်တို့သည် စားကျက်၏ ကျေးဇူးကို မသိတတ်ကုန်။ ထို့ထက် ဘုန်းတောင်းယာစကာတို့သည် အလှူ့ရှင်တို့၏ ကျေးဇူးကို မသိတတ်ကုန်။ ထိုထိုတို့ထက် မိန်းမတို့သည် မိမိတို့၏ ကိုယ်ကျိုးကိုသာ ရှေးရှုလျက် အရာရာ၏ ကျေးဇူးကို မြော်ခေါ်၍ မသိတတ်ကုန်။ သစ်ပင်တို့တွင် အဆိပ်ပင်သည် ယုတ်မာ၏။ ထို့ထက် တိရစ္ဆာန်တို့တွင် မြွေခွေးသည် ယုတ်မာ၏။ ထိုထိုတို့ထက် မိန်းမတို့သည် မိမိတို့၏ အလိုနိုင်ငံသို့သာ ကြည့်တတ်လျက် ယုတ်မာလိုက ယုတ်မာနိုင်တတ်၏။ ထိုယုတ်မာသော မိန်းမတို့တွင်လည်း စည်းစိမ်ရှင် မိန်းမတို့သည် သာ၍ ယုတ်မာတတ်ချေ၏။ ထိုစည်းစိမ်ရှင် မိန်းမတို့ကိုပင်လျှင် မာယာပြုခြင်း၌ လွန်လွန်းတတ်၏ဟု ညီတော်သည် ဆိုတော့၏"

"အင်..... အလွန် အဖိုးတန်သော စကားတို့ပါ တကား။ ဆိုနိုင်သေးလျှင် ဉာဏ်ကွန့်ပြီး လွန့်ကာ လွန့်ကာ ဆိုဦးတော့"

"အရှင်မင်းကြီး၊ စဉ်းစား တည်းဖြတ်တော်မူပါလော့၊ ညီတော်မောင်၏ အစ်မတော်ကြီး၊ အရှင်မင်းကြီး၏ တောင်ညာစံဒေဝီ မဟေသီ မိဖုရားခေါင်ကြီး စကြာမယ်သည် တောင်နန်းထက်မွေး

ရွှေလင်ပန်းနှင့် အချင်းဆေးသည့် မင်းသွေး မျိုးမြတ်သာကီ ဖြစ်သည်နှင့်အညီ အရှင်မင်းကြီးသည် ထားဝယ်ဖိုလ် ထားဝယ်စုကို ပြုလျက် ရုံးတစ်လုံး ဓားတစ်စင်းအပြင် စစ်သည်တော် များစွာကိုလည်း လွှဲအပ်ထားရချေပြီ။ ထိုသို့ ထားခြင်းကို အပြစ်မဆိုသော်လည်း ပန်းရက်ကို သောက်သုံး ပျော်ပါးနေသော ပျားပိတုံးတို့သည် အဆုံး၌ မရှမလှ ပျက်စီးရဘိ၏။ ထိုအတူ သေရည်သေရက်ကို လွန်ကြူးစွာ သောက်သုံးပျော်ပါးသော သူတို့သည် အဆုံး၌ ရက်ဖွယ်လိလိနှင့် ပျက်စီးရဘိ၏။ ထိုထိုတို့ထက် မိန်းမတည်းဟူသော ပန်းရက်၊ မိန်းမတည်းဟူသော သေရည်နှင့် ယစ်မူးမိသည် ရှိသော် ဆင်ခြင်တုံသဘော ကင်းမဲ့ချေသော် ထိုသူသည် အဆုံး၌ ပျက်စီးခြင်းမလှ ပျက်စီးရတတ် ပါသည်။ ၎င်းသည် အရှင်မင်းကြီး၌ ပုံပမာတစ်ခု ဖြစ်ခဲ့ပါလျှင် ပြည်တော်တိုးတက်သာ၍ မင်္ဂလာ အခါကောင်း ဟူသမျှသည် နောင်ကြီး၏ နိုင်ငံတော်၌ မဆိတ်ကုန်သတတ်"

"သူကောင်းတော်ကြီးများ၊ ဤသူဟာ အဆင်အပြင် ညစ်သလို အမြင်မှ မနှစ်သက်ဖွယ် ဖြစ်ငြားရစေကာမူ သူ့ရဲ့စကားဟာ အသားအလွန် ပါပေတယ်။ မိဖုရားကြီးများက မောင်တော် မျိုးညွန့်ရှိန် မဟုတ်ပါဟု ငြင်းဆိုတဲ့အတိုင်း မှန်ငြားစေကာမူ သာမညသူကား မဟုတ်တန်ရာ၊ ဝေဖန်ကာ တင်ကြစမ်းမင်းကြီးများ"

ထိုအခါ ရွှေမြို့တော်ဝန်မင်းသည် ဤသို့ တင်လေ၏။

"ရွှေဘုန်းတော်ရှင်ဘုရား၊ စကားသာတိုင်း အသားပါသည် မဟုတ်ပါ။ ဘုန်းတောင်း ယာစကာ မည်သည် စွန့်ကြဲသူတို့ သဘောကျအောင် ကြံဆောင် ပြောဆိုတတ်လင့်ကစား သူ၏စကားသည် စကားမျှသာ ဖြစ်၍ အနှစ်မရှိပါ။ သည်ဥပမာကဲ့သို့ ယခုကြုံလာသော အရေး၌ တွေးဆဖို့လည်း ရှိပါကြောင်း ညွှတ်ပျောင်းကာ သံတော်ဦး တင်ဝံ့ပါဘုရား"

ဘုရင်မင်းမြတ်ကား ခေါင်းခါလျက် "အချင်း ဧည့်သည်မောင်၊ ဆိုဖွယ်စကား ကျန်သေး ရှိသေးလျှင် ဆိုဦးလော့၊ ငါ နာဦးမည်" ဟု ဆိုပြန်လေ၏။

"နောင်ကြီးဘုရား၊ မိန်းမတို့မည်သည် များသောအားဖြင့် လင်ထံ၌ တောင်းသောဆုကို ရ၍ဖြစ်စေ၊ နွဲ့ပလီ အခရာမှုကြောင့် အလိုရှိရာရာကို လင်ထံမှ ရသည်ဖြစ်စေ လင်ဟူသည်ကို အားကိုးအားထားပြုကာ မိဘဆွေမျိုး၊ အပေါင်းအသင်း မိတ်ဆွေတို့ကို ပမာဏ မထားတတ်သည်သာ များချေသည်။ ထို့ကြောင့် မိမိကိုယ်မိမိ မိုးပေါ်ကျ ဘုံကြိုးပြတ် နတ်သမီးဟု အောက်မေ့လျက်

နွမ်းပါးသော မိဘတို့ကို မိဘဟူ၍ မတော်ချင်၊ မိဘဟူ၍လည်း မထင်ချေ။ ဆင်းရဲနွမ်းပါးသည့် မောင်ဖွား ဆွေမျိုး စသည်တို့ အပေါ်၌လည်း ထို့အတူပင် ဖြစ်ချေပြီ”

“အင်း..... အတော် လေးနက်တယ်”

“နားသာပါဦးလော့ မြတ်နောင်တော်၊ ထိုသို့သော မိန်းမတို့သည် လင်စည်းစိမ် ရိပ်ငြိမ်ပေါ်၌ စံစားရခြင်းသည် ရွှေဂူတွင်း၌ ဝင်အောင်းမိသော မြေခွေးမသည် ဤဂူကား ငါပိုင်ဟု အောက်မေ့မိသည့် အလား မျက်မွေးတစ်ဆုံးသာ မြင်လျက် ဆွေကောင်းက တစ်ယောက်မ၊ မျိုးကောင်းက တစ်စလယ်၊ လင်ကောင်းမှ ဒွေးလို့ကြွယ်၊ ဆွေကောင်းလျှင် မေး၊ မျိုးကောင်းလျှင် ပေး၊ လင်ကောင်းလျှင် ဒွေး၊ ဆွေကောင်းက သင့်၊ မျိုးကောင်းက တင့်၊ လင်ကောင်းမှ မြင့် ဟူ၍ လင်ကို အားကိုးကာ ရှိချေပြီ။ ထိုမိန်းမတို့သည် လင်ဟူသည် နစ်လိုတုန်းအခါ ကြင်၍၊ မလိုမုန်းထားသောအခါ ကြဉ်တတ်သည်ကို မသိ။ မဖမ်းစားရအောင် မပြတ်ပူဇော်ပသ၍ သဘောကျရှိစေရန် အမြဲလုပ်ကျွေး ခယနေရသော မီးနတ်ဖြစ်ကြောင်းကိုလည်း မသိ။ ထိုသို့ မသိသဖြင့် အဆွေ့ထံတွင် မြောက်၊ အမျိုးထံတွင် မောက်၊ လင့်ထံတွင် အောက်။ ဆွေနှင့်တွေ့က လုံ၊ မျိုးနှင့်တွေ့က ဂုဏ်၊ လင်နှင့်တွေ့မှ နုံ။ ဆွေကို မဖယ်နှင့်၊ မျိုးကို မကျယ်နှင့်၊ လင်ကို မတွယ်သင့်။ ဆွေကို မပျက်နှင့်၊ မျိုးကို မဖျက်နှင့်၊ လင်ကို မမက်သင့်။ ဆွေကို အတိုးမစားသင့်၊ မျိုးကို အငြိုးမထားသင့်၊ လင်ကို မကိုးစားသင့် ဟူသော ပညာရှိတို့၏ စကားကိုလည်း များသောအားဖြင့် မိန်းမတို့သည် အရှည်ကို မကြည့်တတ်သဖြင့် အရာ မသွင်းကြကုန်”

“အင်း လေးနက်ပေတယ်”

“အစ်မတော်ဖျားတို့မှာ ထိုသို့သော မိန်းမစားတို့ဖြစ်၍ မောင်မတော်ချင်သည်ကို သဘာဝ အလျောက် မြင်ပြီးကြောင့် ညီတော် ခရီးဆက်လက်၍သာ သွားရပါတော့မည်”

ထိုခဏ၌ ထားဝယ်ဗိုလ်သည် ပုရပိုက်နှင့် ဘုရင်မင်းမြတ်ထံ တင်လျှာဆက်သရာ၊ ဘုရင်မင်းမြတ်လည်း မိဖုရားကြီး၏ တင်လျှာကို အောက်ပါအတိုင်း နားခံတော်အား ဖတ်ကြား စေတော်မူလေ၏။

တောင်ညာစံဒေဝီ၊ မဟေသီမိဖုရားကြီး ဦးထိပ်တင် ပန်ဆင်၍ သံတော်ဦးတင်လျှာ ဆက်သပါသည်။ မင်းမင်းထိပ်ဗွေ ကမုဆွေဘုရား။

အစဉ်အားဖြင့် အေးချမ်းသာယာ ဝပြောစည်ပင်သော သလ္လာဝတီ ပြည်ကြီးသည် မကြုံစဖူး ဖာတစ်လုံးခေါင်းကျား အရှုး၊ လူထူးလူမိုက်ကြောင့် ပြည်ဦး စနောင့်စနင်း ဖြစ်ရမည့် အရေးကို မြော်မြင်မိသဖြင့် မိဖုရား ခေါင်ကြီး၏ ဝတ္တရားအတိုင်း ပြည်တော် အစဉ်သာယာ၍ မင်္ဂလာပေါင်း ထပ်လောင်းနိုင်ရရန် ဖာတစ်လုံးခေါင်းကျား အရှုး၊ လူထူးလူပေါ့ကို ကျောတစ်ရာ၊ ရင်တစ်ရာ ဒဏ်ခတ်၍ လမ်းဆုံးလမ်းခွ လမ်းလေးဝတွင် မောင်းကြော်လျက်၊ ပြည်တော်မှ အပ နှင်ထုတ်ထိုက် ပါကြောင်းကို မောင်တော် ကမုဆွေထံ သံတော်ဦးတင်လျှာ ဆက်သပါသည်။

"သူတော်ကောင်းကြီးများ၊ ငါလည်း မျိုးမြတ်သာကီ စာမရီမိဖုရားကြီးမို့ ရုံးတစ်လုံး စားတစ်စင်းနှင့် ပြည်တွင်းရေးကို စီရင်ဖို့ ထားဝယ်တပ်စုနှင့် ဆုပေးထားခဲ့ပြီ။ ယခု မိဖုရားကြီးက စီရင်သတ်မှတ် ဆုံးဖြတ်ချက် ချချေပြီ။ စကားသာပေမယ့် မိဖုရားများက နာကြပေသကိုး။ သူကောင်းတော်ကြီးများကသာ သနားညှာတာ၍ လိုက်နာကြပေတော့" ဟု မင်းကြီးသည် မြွက်ဆိုတော်မူကာ ညီလာခံသဘင်မှ စိပ်ပုတီး လက်ဆွဲလျက် ဥပုသ်ဆောင်သို့ ဝင်တော် မူလေ၏။

ထားဝယ် အမှုတော်ထမ်းတို့သည် ထောင်းထု ရိုက်ပုတ်ကာ ဖာတစ်လုံးခေါင်းကျားကို နန်းတော်မှ ဆွဲချကြသဖြင့် ဖာတစ်လုံး ခေါင်းကျားသည် အောက်ပါအတိုင်း ရေရွတ် မြည်တမ်းကာ လိုက်ပါသွားရရှာလေ၏။

"မိန်းမဖျက်၍ ပြည်ပျက်သည်ကို မသိဘဲ မိန်းမဆောင်၍ ပြည်အောင်သည်ဟု ယူဆသဖြင့် သလ္လာဝတီ မင်းကြီး၏ တရားနှင့် ပြည့်ဝသည်ဟု ကျော်ကြားခြင်းသည် ယနေ့ကစ၍ ပြီးဆုံးတော့၏။ လောက၌ တရားရှင်တို့၏ ရန်သူများတွင် ကိုယ့်ဖို့ ကောင်းကိုသာ ရှေးရှုတတ်သော မိန်းမတို့သည် ပါဝင်၏။ လောကကြီး၌ မိန်းမတို့၏ အသာတမန္တကို မရိပ်မိဘဲ၊ မိန်းမတို့နှင့် ဆက်ဆံနေလျှင် တရားရှင် မဖြစ်နိုင်။ ယုတ်မာသော မိန်းမတို့သည် ကိလေသာ မခန်းခြောက်သေးသော ယောကျ်ား တို့၏ အလင်းရောင်ကို မှောင်အတည့် ဖြစ်စေတတ်၏။ လောက၌ ယုတ်မာသော မိန်းမတို့ထက် ထိုမိန်းမတို့၏ ယုတ်မာမှုကို မသိမမြင်၍ လိုက်မှားသော သူတို့သည် သာ၍ ယုတ်မာရာ ရောက်ဘိ၏"

အာဏာသားတို့သည် ဖာတစ်လုံးခေါင်းကျားကို လမ်းဆုံ လမ်းဝလမ်းလေးခွတိုင်း၌ ဒဏ်ခတ်လေရာ ဖာတစ်လုံးခေါင်းကျားသည် အောက်ပါအတိုင်း ရေရွတ်မြည်တမ်းကာ ခံရလေ၏။

"ငါ့အား မင်းကြီးသည် ပြစ်ဒဏ်ခတ်သည် မဟုတ်၊ ဂုဏ်ကို လို၍ ကာမဂုဏ် စည်းစိမ်၌ နစ်မွန်း ပျော်မွေ့လျက်ရှိသော အစ်မတော် ဘုရားတို့သည်လည်း ပြစ်ဒဏ်ခတ်ခြင်း မဟုတ်။ ငါ၏

ဝိပါက အကြောင်းကံ သာလျှင် ငါ့ကို ပြစ်ဒဏ်ခတ်သည် မည်လေစွ။ ငါ၏ ဆရာတော်မြတ်သည် မြင်စွမ်းလှ၏ တကား။ ဆရာတို့၏ သွန်သင်ချက်သည် အဖိုးတန်လှ၏ တကား။ အို....... တိုင်းသူပြည်သားတို့၊ ဆွေမျိုးသားချင်းဟူသည် အဘယ်မှာနည်း။ အစ်မကောင်း နှမကောင်း ဆိုသည်ကား မည်သို့နည်း။ ဂုဏ်ရှိလျှင် ဆွေမျိုးသားချင်း ပေါလိမ့်မည်။ အစ်မကောင်း နှမကောင်း ဆွေမျိုးသားချင်း ဆိုသည်ကား မိခင်က မွေးဖွားထားခဲ့ခြင်း၌ မတည်။ ဂုဏ်၌သာ တည်လေဟန် တကား။ အစ်မကောင်း နှမကောင်းကို အဘယ်မှာ ရပါမည်နည်း"

ထိုခဏ၌ အလွန် ရဲရင့်သော လူတစ်ယောက်သည် ရုပ်ဖျောက် ရောက်လာ၍ "ဘယ်လို ပြစ်မှုကို ကျူးလွန်တဲ့ ရာဇဝတ်သားကြောင့် သည်မျှလောက် ကြီးကျယ်တဲ့ ရာဇဒဏ်ကို ခံရပါသလဲ" ဟု မေးလေ၍ အာဏာသား အကြီးက "အရှူးက အရှူးလို မနေ၊ မြေခွေးဟာ ရာဇပလ္လင်ကို ကြည့်ပြီး အူသလို ငါတို့ ပြည့်ရှင် ဘုရင်မင်းမြတ်ရဲ့ မိဖုရားမြတ် နှစ်ပါးကို အစ်မတော်ဟု စွပ်စွဲလို့ ဒဏ်ခတ်ရတယ်" ဟု ပြန်ပြောလေ၏။

"သလောက် ပြစ်ဒဏ် မပေးထိုက်။ ခြင်္သေ့မျိုးကြောင် ရွှေဂူထဲ ဝင်ပြီး ဟိန်းဟောက်ခြင်း ဖြစ်တန်ရာပါတယ်"

ထိုအခါ အာဏာသားတို့နှင့် ထိုသူသည် ထိကပါး ရိကပါး စကားများရာက စပြီးသော် ရန်ဖြစ် သတ်ပုတ်ကြပြီးလျှင် ဖာတစ်လုံးခေါင်းကျားကို ကယ်ဆယ်ဆောင်ယူသွားလေ၏။

ထိုသူသည်ကား မိမိ၏မိတ်ဆွေ နောင်တော်ချစ်အား အကျိုးအကြောင်းကို နည်းပေါင်း များစွာနှင့် ဖျောင်းဖျပြောဆို၍ မိမိ၏ နေပြည်တော်သို့ အတန်တန် ပင့်ဖိတ်သော်လည်း ဖာတစ်လုံး ခေါင်းကျားသည် ပြင်းပယ်ရုံမျှမက ထိုသူ မသိရအောင် ညအချိန် ရုပ်ဖျောက်ထွက်သွားလေ၏။

ဖာတစ်လုံးခေါင်းကျားသည် ခရီးဆက်လက် သွား၍ တောအုပ်တစ်ခု သို့ ရေမိုးချိုးပြီးသော် ဝင်လေ၏။

ထိုတောအုပ်သည်ကား မိုးဦးကျစ၌ ရွက်သစ်ထိုးစ အခါဖြစ်၍ နပျိုရွှန်းတင့်လျက် စိမ်းလွင့်ညိုမှောင်သော အရောင်ကို ဆောင်ဘိ၏။ နေမင်းသည် တစ်ခါတစ်ခါ ညိုလိုက်၊ တစ်ခါတစ်ခါ တောက်ပလိုက် ရှိသဖြင့် ခရီးသည်တို့၏ စိတ်ကို ကစားကာ အမျိုးမျိုး ရှိနေသည်ပြင် သစ်ရိပ် ဝါးရိပ်တို့၌ ညို၍ ကြည်လင်သော အာရုံကို ထင်စေဘိ၏။

ထိုတောအုပ်သည် မြို့ရွာဒေသတို့နှင့် နီးသဖြင့် လူတို့ ချန်လှပ်ထားသော သစ်ကြီး၊ ဝါးရုံကြီးတို့မှ တစ်ပါး အခြား ကြီးကျယ်မြင့်မားသော သစ်ကြီး၊ ဝါးကြီးတို့ကား မရှိချေ။ မြေမြက်ရည်ယှက်သန်း၍ မှေးမှေးရေးရေးသာ အရာထင်သော လမ်းငယ်၏ ဝဲယာ၌ ဖုံးစိုး၊ ဖုံးတည်တို့ ဖြစ်ကြ၍ လူတို့၏ တစ်ရပ်ခန့်၊ တစ်ရပ်မရှိတရှိ၊ တစ်ရပ်ဘာသာတို့ဖြစ်သော ဇောင်းပလေးပင်၊ ပဲ့ပြားပင်၊ ရင်းမာပင်၊ သရဖီပင်၊ ပုလဲဥကဲ့သို့ ဖြူသော အဆင်းရှိ အသီးရှိသည့် ကုန်းကျင်းရဲပင်၊ မှည့်သောအခါ နီထွေးသော အရောင်၊ နီမောင်းသော အရောင်တို့ရှိ ခံချို ခံချဉ်ပင်၊ နဘူးချုံနွယ်၊ သနပ်ခါးပင် အစရှိသော အပင်ငယ်တို့ဖြင့် ပြွမ်းပေါက်လျက် တန်ဆာဆင်နေသည့်အတိုင်း နတ်ဖန်ထားသော တောအုပ်အတွင်း၌ ဥစ္စာစောင့် စီရင်ထားသည့် တောအရေးတမျှ တင့်တယ်ကာ ရှိဘိ၏။ ထိုသစ်ပင်တို့၌ ကမ္ဘာနဲ့သမားများဖြစ်သော ဒေါ့ရင်းတို့သည် ရင်ကွဲမတတ် တရေစပ်မြည်ကြသဖြင့် တောအုပ် အလုံးသည် နန်းမြို့ကြီးကို မေ့ပျောက်လောက်ဖွယ် အာရုံကို ဖြစ်စေလေ၏။

ဖာတစ်လုံးခေါင်းကျားသည် ထိုသို့သော တောအုပ်ငယ် အတွင်း၌ တောအရေး၏ အရသာကို ခံယူလျက် ဤသို့သော တွေးဆမှုသည် ပေါ်လာလေ၏။

လောက သဘောသည် အလွန်ဆန်းကြယ်ပါတကား။ မိဘနှင့် သားသမီးသည်လည်း သဘောထား မညီ၊ သားသမီးချင်းကား သဘောထားချင်းသည် သာ၍ ခြားနားလေစွ။ ထိုကဲ့သို့ ဘာကြောင့် ဖြစ်ရသလဲ။ အင်း...... လူတို့မှာ ပဋိသန္ဓေနေအုံ့၊ ပဋိသန္ဓေ ကျရောက်ဆဲ ခဏတို့၌ မိဘတို့၏ စိတ်အာရုံ၊ ပဋိသန္ဓေ တည်နေဆဲ၌ မိခင်၏အာရုံ၊ မွေးဖွားပြီးနောက် အပေါင်းအသင်း၊ အဆက်အဆံ၊ အတွေ့အကြုံ၊ အပြုအပြင်၊ ပညာသင်ကြား ရရှိမှုတို့ကို လိုက်၍ လူများ၏ စရိုက်သည် ဖြစ်ကြုံလေဟန် တကား။

ထိုခဏ၌ သစ်ပင်မြင့်တစ်ပင် အဖျားမှ ရွှေ-ပြည်-စိုးဟု ငှက်ငယ် တစ်ကောင်၏ ညည်းညည်းတွားတွား သီဆိုခြင်းကို ကြားရလတ်သော် ဟင်း..... ဟု သက်ပြင်းချကာ မည်သည်ကိုမျှ စိတ်မကစားနှင့်၊ ငါ့ဆရာတော်က ပြဿနာငါးချက်ကို စေ့စုံစွာ ဖြေဆိုတတ်သိပြီးမှ ရွှေပြည်ကို စိုးလော့ဟု မှာထားသည့်အတိုင်း ဤငှက်ငယ်သည် ငါ့အား အားပေးချေပြီဟု တွေးဆပြီးနောက် ဖာတစ်လုံး ခေါင်းကျားသည် မြဝတ်ရည်၏ အာရုံကို ပေါ်လာလျက် ငါနေထိုင်သွားလာ ဖြစ်တွေ့ပုံကို မြဝတ်ရည် မြင်ရလေလျှင် အလွန်ပင် သနားကြင်နာခြင်း ဖြစ်ပေလတ္တံ့။ မြဝတ်ရည်သည် သာမန်မျှသာ မင်းသမီး မဟုတ်၊ အပြည်ပြည်မှ မင်းသမီး ငါးဆယ်ခန့်တွင် မင်းယောက်ျားတို့ တတ်အပ်သော အတတ်၌ပင် တစ်ဆိုလောက်၍ ဓမ္မသတ်၊ ရာဇသတ်၊ အာကာသသျှုတ္တရတို့၌

ထိပ်ဆုံးကပင် တတ်မြောက်ချေပြီ။ ရုပ်ရည်မှာလည်း ကိုယ်လုံးကိုယ်ပေါက် အဆင်းနှင့်တကွ အထက်တန်းကပင် ဖြစ်ချေ၍ အပြစ်ဆိုဖွယ် မရှိ။ ထို့ကြောင့် ရုပ်အဆင်းနှင့် အညီ ၎င်း၏ စိတ်နေသဘောထားသည် မြင့်မြတ်ရမည်။ သင်းကလေးသည် ငါ့အား အကြိမ်ကြိမ် သနားစဖွယ် မျက်ရည်စက်လက်နှင့် မှာထားကာ ပြန်သွားရှာရချေပြီ။ ငါ့ကို တောင့်တ မျှော်လင့်ကာ ရှိနေပေသတတ်။

ထို့သို့လျှင် ဖာတစ်လုံးခေါင်းကျားသည် စိတ်ကစားလျက် မိုးမျက်နှာကြက်၏ ပွေလီသော အဆင်ကို ဝေဖန်ကာ မျောက်မျဉ်းအိပ်ပျော်သွားလေ၏။

## အခန်း(၅)

## မေတ္တာနှင့် ဆင်းရဲ

ပေါက္ကံပြည်ကြီးသည် ထိုစဉ်အခါက အညာပုဂံ၊ တကောင်းပြည်၊ မောရိယပြည်၊ ကလေး၊ တောင်ညို၊ ရာဇဂြိုဟ်ပြည်တို့နှင့် ကူးသန်းရောင်းဝယ် ဆက်ဆံလျက် ရှိသဖြင့် သလ္လာဝတီ ပြည်ကြီး ထက် စည်ကားခြင်း မရှိသော်လည်း ကူးသန်းရောင်းဝယ်ခြင်း၊ လက်မှုပညာသည်တို့ ထွန်းကား ပေါများခြင်းတို့ကြောင့် အလွန် ထင်ရှားကျော်ကြားကာ ရှိ၏။

ထိုပြည်၌ အထူးအားဖြင့် ထင်ရှားကျော်ကြားသည်ကား မြဝတ်ရည်မင်းသမီးပင် ဖြစ်ချေ၏။ အကြောင်းသော်ကား မြဝတ်ရည်သည် ပညာကြီးကျယ်ခြင်း၊ အကျင့်သီတင်း သီလ ပြည့်စုံခြင်း၊ တရား ဖြောင့်မှန်ခြင်း၊ ပြည်သူ့အကျိုးကို နစ်သက်လိုလားခြင်းတို့ကြောင့် ဖြစ်ချေသည်။

မြဝတ်ရည်သည် တစ်နေ့သ၌ နေ့ခုနစ်မောင်း နစ်ပတ်ရှိ၍ ၁၁ ချက်တီးပြီးဖြစ်သဖြင့် တရား လွှတ်ရုံးသို့ တက်အံ့သောငှာ ပြင်ဆင်လျက် မိုးဦးကျအဇဗ္ဗာပြင်၌ အလိပ်အလိပ် တက်လတ်သော မိုးတိမ်တို့ကို လည်းကောင်း၊ ငါးကြင်းကြေးအကွက်သို့ အဖြူရောင်တွင် မီးခိုးရောင်ကွက်ပြောက် ရောနှောကာ ရှိသည့် တိမ်ခြည် တိမ်ရည် တိမ်ပန်းတို့ကို လည်းကောင်း နစ်ခြိုက်ချမ်းမြေ့စွာ အာရုံခံစားပြီးသော် တောင်လေ၏ ဖြည်းညင်းစွာ တိုက်ခတ် တိုးဝှေ့လာသော အတွေ့ဖြင့် တရားသူကြီးမ မြဝတ်ရည်၏ အချိန်သည် ရာသီ၏ အခါကို တိုးတက်၍ မင်္ဂလာနှင့် ပြည့်စေလေ၏။ မိတ်ဆက် ဧည့်သည်တော်အဖြစ်နှင့် တည်းခိုနေသော စေတုတ္တရာ ရွှေပြည်တော်မှ အိမ်ရှေ့မင်းသား

မင်းဘီးလူးအပေါ်တွင် ဂုဏ်တင်ပလွှားလိုသော မာနရှိန်ကြောင့်လည်း မြဝတ်ရည်၏ စိတ်သည် အထူးရွှင်ပျ ပျော်မွေ့လျက် မိမိ တရားစီရင်အံ့သော အချိန်ကို အလွန် နစ်သက်ကာ ရှိလေ၏။

ကောင်းကင်၌ ပွေ့ဆင်လျက်ရှိနေသော မိုးတိမ်တို့သည်ကား မြဝတ်ရည်အား မျိုးညွန့်ရှိန် အာရုံဖြင့် ရုတ်တရက် လှည့်စားလေရကား၊ မြဝတ်ရည်၏ သမင်မ မျက်လုံးထဲသို့ ကြည်လင် တောက်ပ အဖိုးထိုက်တန်လှသည့် မျက်လုံး အိမ်အတွင်းမှ စမ်းရေကြည်အလား မျက်ရည်တို့သည် ပြည့်လာလျက် ကျောင်းတော်မှ စိုက်ပျိုးလာသည့် မေတ္တာပန်းသည် လန်းသည်ထက် လန်းကာ ရှိနေလေ၏။

မျိုးညွန့်ရှိန်သည်လည်း နတ်မြင်းပျံကို စီးလျက် တိမ်ကြားအတွင်းက လေပြည် လေညင်း တို့ကို ဖြတ်သန်းတိုးဝှေ့ကာ ပေါက်ရောက်လာခြင်းဖြင့် မိမိ၏ ပြာသာဒ် ပြတင်းပေါက် နားတွင် တည်ရှိနေသယောင် ထင်မှတ်မိလေး၏။

"နမကလေးရဲ့ မေတ္တာပင်ကြီး မောင်တော်၊ မောင်တော်ဟာ သစ္စာဖျက်ပြီး မဟေသီ လောင်းအသစ်နှင့် တွေ့နေရလို့ မေတ္တာတုံးကြီးဟာ အရည်ပျော်ဆင်းပြီး ဖျားနမကို မေ့နေတော် မူပြီပေါ့လေ၊ တစ်မိုးသောက်တော့ ရောက်လာတော် မူလိမ့်နိုး၊ တစ်နေဝင်တော့ မြင်ရတော် မူလိမ့်နိုး၊ တနိုးနိုးနှင့် နိုးရခြင်းနှင့်သာ လွမ်းလှပါပေ့ ကိုယ်တော်ဖျား"

ထိုကဲ့သို့ မြဝတ်ရည်သည် စိတ်ကစားနေသည်တွင် ပြာသာဒ်အနီးရှိ ကံကော်ပင်အဖျားမှ ရွှေကျီးညိုသည် ချိုအေးစွာ သာလာလေရကား "မောင်တော် ကလေး ရွှေကျီးညိုရေ၊ တမန်တော် အဖြစ်နှင့် လာပြီ လှည့်စားကာ မသာလာနှင့်တော့၊ ရွှေကျီးညို သာပေါင်းများလှပေ့၊ မောင်ဘုရား အထံတော်မှ တမန်မရောက်၊ သဝဏ်လည်း မထောက်လို့ စိတ်နောက်လှချည်" ဟု တွေးဆပြီးသော် အခြွေအရံပေါင်း များစွာနှင့် လွှတ်ရုံးတော်ပေါ်သို့ ဖြန့်ချီမြန်းကြွတော်မူလေ၏။

မြဝတ်ရည် လွှတ်ရုံးသို့ အတက်ကို သံတဲမှထွက်၍ စောင့်ဆိုင်းနေသော မင်းဘီးလူးသည် မြဝတ်ရည်ကို ယဉ်းကျေးချေင်စွာနှင့် နှုတ်ဆက်လင့်၏။ မြဝတ်ရည်လည်း မင်းဘီလူးအား နှုတ်ခွန်းတုံ့ပြီးမှ ဤသို့လျှင် တီတာတာ အပလီခရာ မပါဘဲ စကားကို ဆိုလေ၏။

"မျိုးညွန့် ကိုယ်တော် မယ့်ကေရှင်ဟာ မောင်တော်လို သံတော်အဖြစ်နှင့် မိတ်ဆက် ရောက်လာမည် ဆိုရင်လေး၊ မျိုးညွန့် ကိုယ်တော်ဘုရားရဲ့ ရွှေလက်တော်ကိုဆွဲပြီး မြကလေ လွှတ်တော်သို့ ပျော်ပျော်ကြီး တက်သွားမှာပဲ၊ ကိုယ်တော် မျိုးညွန့်ဟာလေ မြကို တ သပြီး

နေလိမ့်မယ်နော်၊ အောက်မေ့ လွမ်းဆွတ်ပြီးလည်း နေရှာတော် မူလိမ့်မယ်နော်၊ တိုင်းရေးပြည်ရေး နိုင်ငံရေးတွေက ရှုပ်ထွေးနေသေးလို့ မြထံ မလာသေးတာပဲနော်၊ နောင်တော့်ကိုများ တမန် လက်ဆောင် မပါးလိုက်ဘူးလား။ တစ်မျိုးလည်း ထင်မိပါရဲ့။ တိုင်းတော် ပြည်တော်သို့ ရောက်ရင် အချော့တော်၊ အမြှူတော်၊ ရံရွေတော်၊ အသီတော်၊ အကတော်တို့နှင့် ယုယုယယ ဖျော်ဖြေဖို့ အပျိုတော် အများအစား ရှိလေတော့ ကာမဂုဏ်မူးပြီး မေတ္တာဦး မြကို မေ့များပင် နေလေတော့သလား။ ကြင်ရာမြောက်သား မင်းမိဖုရား အလောင်းများကို ခမည်းတော်ဘုရားက အသင့်စီစဉ်တော်မူထားနှင့်လို့ ကိုယ်တော်ဟာ အကြံခက်နေတာနှင့် မရောက်လာတာများ ဖြစ်မလား"

မြဝတ်ရည်သည် ပြုံး၍ ပြုံး၍ ရှု၍ ချစ်မဆုံးနိုင်အောင် စကားကို ဆိုပြီးသော် လှွတ်သို့ တက်သွားလေ၏။

မင်းဘီလူးကား "နောင်ကြီးတော့ မယားနှင့်တူသော မယားကောင်းကို ရတော့မှာပဲ" ဟု ဝမ်းသာကာ မြဝတ်ရည် လှွတ်အတက်ကို ကောင်းချီးမင်္ဂလာပြုကာ ကြည့်နေလေ၏။

မြဝတ်ရည်သည် လှွတ်သို့တက်၍ တရားစီရင်နေဆဲမှာပင် နတ်စောင်းသံကဲ့သို့ ချိုသော အေးမြသော စောင်းသံသည် အာကာဝေဟင် အဇ္ဈာပြင်က ထွင်းဖောက်ကာ ပေါ်လာလေရကား၊ မြဝတ်ရည်၏ နှလုံးအိမ်သည် လှုပ်ရှားထကြွခြင်းဖြင့် အလွန်နှစ်သက်လျက် ဤစောင်းသံသည် မယ့်ကိုယ်တော်ညွှန့်၏ စောင်းသံ ဖြစ်ရမည်ဟု တရားစီရင်ရာမှ ထကာကြည့်လိုသည်ကို ဣန္ဒြေရင် ကြောင့် အသာသိမ်းဆည်းကာ နေရလေ၏။

စောင်းသံသည်လည်း တိုးတိုး၍ သာယာကာ ထွက်ပေါ် နီးကပ်လာလေ၏။ "ဒါဟာ ကိုယ်တော့် စောင်းသံအစစ် ကိုယ်တော့်စောင်းသံ၊ ဟောကိုယ်တော် ရောက်လာပြီ၊ မြ တရားတီရင်နေတယ်လေ၊ ဝမ်းသာသလား၊ ကောင်းချီးပေးသလား၊ ဟော..... မင်းမျူးမတ် အလယ်မှာ ပွေ့ကြည်ပလီကုန်ပြီ။ အလိုလေး...... ကိုယ်တော် သည်းခံ၊ မြ ဟစ်ပြီး အော်လိုက်လိမ့်မယ်၊ ဟင်...... ငါ့အတွေးပါလား၊ ငါ ဘာဖြစ်သလဲ" ဟု မြဝတ်ရည်၏ တစ်ကိုယ်လုံးသည် ဖိမ့်အိမ့်လျက် တရားစီရင်သည်ကို ရပ်ကား ဟင်း..... ဟု သက်ပြင်းချလျက် စောင်းသံကို နားထောင်ရလေ၏။

ဖာတစ်လုံးခေါင်းကျားလည်း ဖာကိုထမ်း၊ မိကျောင်းကို ပိုက်လျက် "မိမိကလေး မြဝတ်ရည်၊ မောင်ဘုရား ရောက်လာတော်မူပေ့ါ၊ အကြံတော် ကွမ်းထောက်နှင့် ရေကြည်တော်များကို အသင့်စီမံ

ဖန်တီးတော်မူနှင့်ပါ။ မောင်ဘုရား ခြေကျင်မြန်းလာရလို့ ပန်းတော်မူလှပေါ့" ဟု ရေရွတ်ကာ မင်းလမ်းခရီးမသို့ လျှောက်လာလေ၏။ ၎င်း၏နောက်မှ ခွေးတစီစီ၊ ကလေး တညံညံတို့နှင့် လိုက်ပါခြင်းဖြင့် လွှတ်ရုံးအနီးအပါးသို့ ရောက်လာလေ၏။

လွှတ်ရုံး အစောင့်တို့သည် "ဟဲ့...... အရူး၊ သည်ကို မလာနှင့်၊ တခြားကို သွားလေ။ လွှတ်တော်ပေါ်မှာ မြဝတ်ရည် သခင်မကလေး တရားစီရင်ကာ ရှိနေတယ်၊ တိတ်တိတ်နေ" ဆိုကာ ခြောက်မောင်းအော်ငေါ် နှင်ထုတ်ကြကုန်၏။

"မောင်တို့၊ ကိုယ်တော်မြတ်ဟာ သက်သာရွှေပြည်ကြီးက ခရီးလှည့်လာတဲ့ မင်းတို့ သခင်မကလေး မြဝတ်ရည်ရဲ့ ဧည့်သည်တော် မျိုးညွန့်ရှိန် ကိုယ်တော်ကြီး အစစ်ကွယ့်" ဖာတစ်လုံး ခေါင်းကျားသည် ထိုသို့ ပြောဆို၍ လွှတ်တော်ကြီးပေါ်သို့အတင်း တက်ရောက်မည်ပြုရာ အစောင့်တို့သည် တားဆီးကာ ဖမ်းထားကြကုန်၏။

"ဟော့...... ဒါဟာ ဖမ်းတော်မဟုတ်ဘူး၊ လွှတ်တော်ကွယ့်၊ ငါ သွားစရာရှိလို့ သွားတာ၊ ဖယ်ကြ မောင်မင်းတို့"

"သယ်...... ရှုးနောက်နောက် သွပ်ချောင်ချောင်နှင့် သေချင်တယ် ထင်တယ်၊ ထွက်သွား"

ဖာတစ်လုံးခေါင်းကျားသည် အစောင့်တို့ကို တွန်းဖယ်၍ လွှတ်တော်ပေါ်သို့ တက်သွားရာ အစောင့်တို့မှာ အားချင်းမတန်၊ လူရေးချင်း မမျှသဖြင့် လက်လျှော့လိုက်ရ လေရကား ဖာတစ်လုံးခေါင်းကျားသည် လွှတ်တော်ပေါ်သို့ ရောက်သွားလေ၏။

"ချစ်နမ မြ၊ ကျန်းခံ့သာလို့ မာတော်မူပါရဲ့လား၊ တရားစီရင်တာများကို လူနတ်သာစုခေါ်ကြပါရဲ့၊ ချစ်ကိုယ်တော်တော့လေ ခြေကျင်လာခဲ့ရလို့ ရွှေဖဝါးတော်နနမှာ သွေးခြည်များလည်း ဥကုန်ပေါ့၊ ဘယ့်နယ် ရေကြည်တော်အေးအေးနှင့် ကွမ်းဖတ်တော်နနလည်း မရောက်လာပါကလား၊ ချစ်နမ အကြိုတော်လျော့ပြီး ဧည့်ဝတ်တော် အင်မတန်ပေါ့ပြီ၊ ဟော မျက်နှာတော်ကလေးက အော့ပြီ......"

လွှတ်ရုံကြီးသည်ကား ထူးဆန်းလှသော ဖာတစ်လုံးခေါင်းကျားကို ကြည့်၍ သောသော ရုတ်ရုတ် အုတ်အုတ်ကျက်ကျက် ဖြစ်နေလေ၏။ "တို့ထိပ်တင်မကြီးရဲ့ ဧည့်သည်တော်တဲ့၊ တော်လှပေစွ၊ ထူးလှပေစွ" ဟု အချို့သည် တီးတိုးတီးတိုနှင့် တို့ကာ ဆိတ်ကာ လှောင်ပြောင်

ရယ်မောကြကုန်၏။ အချို့ကမူကား "သူမှ နတ်သားအစစ် သို့မဟုတ် သိကြားမင်းက တမင်သက်သက် နတ်တစ်ပါးကို ဖန်ဆင်းပြီး ပို့လိုက်တယ်" ဟု မင်းသမီးကလေး မကြားတကြား ပြောကြကုန်၏။

မြဝတ်ရည်သည်ကား ရုတ်တရက် စီးယိုကျဆင်းလာသော မျက်ရည်တို့ကို သလင်း လက်ကိုင်ပဝါဖြင့် သုတ်လျက်- ဩော်..... မျိုးညွန့် ကိုယ်တော်ပါကလား၊ ရှုးသွပ်တဲ့ ဝေဒနာ စွဲကပ်ပြီး နေရရှာပေ့ါ၊ သနားတော့ သနားစရာပေပဲ။ ငါ တောင့်တတိုင်း ရောက်လာသော်လည်း သည်လူရူးဖြင့် ငါ့ကျက်သရေဟာ ရှက်ဖွယ်ရာ မနိမ့်စတောင်းဟု တွေးတောကာ "သည်လူရူးကို လွှတ်ရုံးတော်ပေါ်မှ နှင်ထုတ်မောင်းမဲ လွှတ်လိုက်ကြပါ မောင်မင်းများ" ဟု အမိန့်တော် ချလိုက်လေ၏။

"အလို.... ကျီစားတာလား နမတော်မိမိ၊ ကျီစားတဲ့ အရွယ်ချင်း မဟုတ်။ မင်းလုပ်မယ့်အချိန် ရောက်ပြီ၊ မောင်ဘုရား ညောင်းတော်မူလှပေ့ါ၊ နေရာတော်များ ဆက်ပါဦး မိမိငယ်"

နားခံတော်လည်း "အမိန့်တော်၊ အမိန့်တော်" ဟု အော်လေ၏။

အစောင့်အကြပ်တို့လည်း ရုတ်ရုတ်ရက်ရက် ထကြလေရာ ဖာတစ်လုံးခေါင်းကျားသည် ဤသို့ ဆိုပြန်လေ၏။

"အလို.... နမတော် မိမိငယ်၊ အင်မတန် ပြောရက် ဆိုရက်တော် မူပါကလား။ မိမိတို့ရဲ့ တိုင်းတော်ပြည်တော်မှာမို့ မာနတော်ဝင်ပြီး အကဲတော်တင်နေပါသလား။ သန်တောင်းကူးပြီး မိုးဦးကျတဲ့အခါ မိမိတို့တိုင်းပြည်ဘောင်ဌာနသို့ အခါမနှောင်းရအောင် မောင်ဘုရား ကြွချီတော် မူခဲ့ပါလို့ မှာထားတာကို ကတိတော်ပြုမိတာနှင့် မောင်ဘုရား ရောက်လာခဲ့ပါတယ်။ ယခုတော့ တောက်တောက်ခါးခါး၊ သည်လူရူးကို တော်ရာသို့ သွားလေအောင် နှင်ထုတ်လိုက်ပါလို့ အမိန့်တော် ချမှတ်တာဟာ ကျောင်းတော်တုန်းက ထားရှိခဲ့တဲ့ ကတိစကားပါပဲလား မိမိငယ်"

ထိုအခါ မြဝတ်ရည်သည် သားးစိမ်းစား ဘီလူးမ၏ မျက်နှာကဲ့သို့ အမူပြောင်းပြီးသော် "ဟဲ့..... နားခံ" ဟု ခေါ်လိုက်၍ နားခံတော်လည်း "အမိန့်တော်" ဟု ဟစ်ရပြန်လေ၏။

လွှတ်ရုံးအစောင့်တို့သည် မင်းသမီး၏ အမိန့်တော်ကို ရိုသေလေးမြတ်ကြရသည်အတိုင်း ဖာတစ်လုံးခေါင်းကျားကို အတင်းအဓမ္မ ရိုက်ပုတ်နှင်ထုတ်မည် ပြုကြကုန်၏။

ဖာတစ်လုံးခေါင်းကျားလည် မင်းသံဖြင့် ဤသို့ ဆိုပြန်၏။

"ဟဲ့.... လုလင်များ၊ ငါလည်း တိုင်းပြည်ကို အုပ်ချုပ်ပြီး မင်းလုပ်နေတဲ့မင်း ဟဲ့၊ ငါလည်း ရာဇဓမ္မကို နားလည်တယ်၊ ငါ သာကီယအမျိုး၊ ဘယ်တော့မှ မညိုးတဲ့ မင်းရိုးကို ထိပါးခဲ့ရင် နင်တို့ကျွန်များရဲ့ လက်ကို ဖြတ်ရလိမ့်မယ်။ မင်းတို့ရဲ့ ဘုရင်တစ်ဆူမက အမြင်မလျော်လို့ နင်တော်မူရင် ငါ ထွက်သွားတော်မူမယ်၊ သူ့ရုံးပေပဲကိုး။ သို့သော် တစ်ဆိတ်သည်းခံကြပြီး နားစိုက်ကာ ဦးခိုက်ကြဦး မောင်မင်းတို့။

"တက္ကသီလ် သာပေါင်းခတဲ့ မြို့နိုင်ငံမှာ ပညာတော် အတူသင်စဉ်က အသက်တမျှ ချစ်ခင်ခဲ့ကြလို့ ချစ်ကာ မငြီး သစ္စာတည်းပြီး အချစ်ကို မဆီးနိုင်တဲ့ မောင်မင်းတို့ ဘုရင်တစ်ဆူမက သန်တောင်းပြောင်းကာ မောင်တော် အရောက်မနှောင်းပါနှင့်၊ မိမိကလေး ရွှေရင်ကွဲပြီး နတ်ပွဲဝင်ရပါလိမ့်မယ်လို့ တီတီတာတာ ခရာဆွဲနွဲ့ မာယာတွဲကာ အခါခါမှာတာနှင့် ငါကိုယ်တော်မြတ် တောအထပ်ထပ်ကို ကျော်ပြီး ရောက်လာခဲ့ရတယ်။

"မြကာ သဒ္ဒါတယ်၊ သထာတယ်၊ စုံမက်တယ်၊ မြတ်နိုးတယ်။ မောင်ဘုရားနှင့် နှစ်ကိုယ့် တစ်စိတ် ထားပါတယ်၊ စေတနာမယိုင် သစ္စာတော်ခိုင်ပါတယ်လို့ ကွမ်းပါးစပ်ကလေး နီနီနှင့် တည်တည်ကြီး မှာသွားတာဟာ ယခု ဘယ်ကို ရောက်သွားပါပလဲ မြရယ်။ မောင်ဘုရား သိပါပေ့၊ ရိပ်မိပါပေ့၊ ထင်မိပါပေ့၊ မြင်မိပါပေ့။ မိမိရဲ့ မေတ္တာ၊ ကြင်နာ၊ သဒ္ဓါဆိုတာတွေဟာ ကိုယ်တော်မြတ်ရဲ့ ပါရမီနှင့် မဆိုင်၊ ပစ္စက္ခဘူတရုပ် ရှစ်ပါးအပေါ် ၌သာ ခိုင်တယ်လို့ ပြဿနာကို ပြေပြီ။ ကေရာဇ်ဘဝနှင့် မိုးပေါ်က ကြွလာတဲ့သိကြားလို မောင်ဘုရား မားမားကြီး ချီခဲ့ဦးမယ်။ ရှိစေတော့၊ ရှိစေတော့၊ ဘယ်လိုများ အမိန့်တော်ကို ထပ်ထားဦးမလဲ"

"အင်မတန် ရိုင်းပျတဲ့ ဖာတစ်လုံးနှင့် ခေါင်းကျား အရှုး သည်လူထူးအား လွှတ်ရုံးတော်ကို ကျူးကျော်စော်ကားလို့ ထောင်မှာသွင်းပြီး အကျဉ်းထားကြလေ သူကောင်းတော်ကြီးများ"

"ဟင်..... တကယ်ပါပဲကလား၊ တယ် ရက်စက်တယ် နော်"

မြဝတ်ရည်သည် ထိုသို့ အမိန့်ကို ချမှတ်ပြီးနောက် လွှတ်မှ ဆင်းတော် မူလေ၏။

ထိုနေ့ည၌ ဖာတစ်လုံးခေါင်းကျားသည် ထောင်ထဲမှ နေ၍ မိကျောင်းကို အလွန် သာယာစွာ တီးသဖြင့် ပေါက္ကံပြည် အလုံးကို စောင်းသံဖြင့် လွှမ်းခြုံလျက် နတ်တူရိယာများနှင့် လာရောက် အသုံးတော် ခံနေသကဲ့သို့ ဖြစ်လေ၏။

နံနက်လင်းသောအခါ ယမန်ညက စောင်းသံသည် နတ်သိကြားများလာ၍ ပေါက္ကံပြည်ကို ဖျော်ဖြေဘိသည်အလား အလွန်သာယာလေစွ။ ဘုန်းကြီးသော ပါရမီရှင်သည် လာရောက်၍ စောင်းသံနှင့် ပြည်သူလူထုကို နှုတ်ဆက်သည်မှာ အတုမဲ့သာယာလေစွ တကားဟု စသည်ဖြင့် ရောက်တတ်ရာရာ ပြောဆိုနေကြခြင်းသည် မြဝတ်ရည်ထံ ကြားရောက်လာလေ၏။ ထိုစောင်းသံကို မြဝတ်ရည် ကိုယ်တိုင်လည်း ကြားရသဖြင့် ထိုစောင်းသံသည် မည်မျှလောက်ပင် သာယာစေကာမူ မြဝတ်ရည်မှာ သေရည်မူး၏။ သီချင်းသံကဲ့သို့ ကြားပြင်းကတ်လျက် ရှိသည်အတိုင်း "ရုံးပိုင်၊ ဓားပိုင်၊ အာဏာပိုင်၊ တရားသူကြီးမ မြဝတ်ရည်၏ အမိန့်တော်။ ယမန်ညကနှင့် နောင်ကြားရမည့် ညေ့သည်အရှူး၊ အထူး၏ စောင်းသံ ကောင်းကြောင်းကို ပြောဆိုက အာကို ဟက်စေ" ဟု အမိန့် ထုတ်လေ၏။

မြဝတ်ရည်သည် ထိုသို့ အမိန့်ထုတ်သော်လည်း "ငယ်က အချစ်၊ အနှစ်ဘယ်ခါ မမေ့သာ။ ငယ်ကမေတ္တာ တွေ့မိတာ၊ နှစ်နှစ်ကြာလေ ချစ်ရပေ" ဆိုစကားအတိုင်း ကျောင်းတော်ကအစ ကျမိသည့် မေတ္တာကြိုးကို ချိုးမရဘဲ ပေါ်လာသော်လည်း ဤသို့ တွေးဆမိလေ၏။

"သြော်.... ကျောင်းတော်တုန်းက အကြောင်းမျိုးကို ပြန်လှန်စဉ်းစားလိုက်ရင် ညွှန့်ကို သိပ်သနားစရာ ကောင်းတာပဲ။ ပညာကို အတူသင်စဉ်က ကတိမပျက်ဘဲ တစ်မိုးအောင်မှာ တစ်ယောက်သာဟု မေတ္တာကို စိုက်ခဲ့သော်လည်း ငါ့မှာ မိန်းမတကာတို့ကို လွန်ပြီး ဘဘုရား၏ အာဏာကို ယူကာ ပြည်ကို ထိန်းသိမ်းပိုက်ထုပ် အုပ်ချုပ်ကာ နေရာတဲ့အပြင် လွှတ်တော်တရား သူကြီးချုပ် အဖြစ်နှင့် ခုနစ်ပြည်ထောင်၊ ခုနစ်ဆောင်သော မင်းတို့အပေါ်မှာ သတင်းပြောင်ခဲ့ပါလျက် သည်လူရူးနှင့် ဖူးစာတော်ဆုံ၊ ကံတော်ကို ပုံရရင်၊ ဘဝတွင် ငါ့အသရေဟာ သိမ်းဆည်းမရ၊ ယုတ်ညံ့ လှတော့မည်သာ တကား။ စင်စစ် သူ ရှိနေသမျှမှာလည်း ငါ့အသရေတော်ဟာ ရော်ကြွေလို့သာ ကျဖို့ ရှိတော့တယ်။ လောကရဲ့ မျက်စိဟာလည်း တင့်တယ်ခြင်း၊ ဂုဏ်ရှိခြင်း၊ ကောင်းစားခြင်း၊ တန်ခိုးကြီးခြင်းကိုသာ မြင်တတ်လို့ သူနှင့် ဝေးရလေအောင် "သတ်စေ" ဟု အမိန့်တော်မြတ် သတ်မှတ်ရတော့မှာပဲ"

သို့သော် မြဝတ်ရည်သည် ထိုကဲ့သို့ အောက်မေ့လိုက်စဉ်၌ ခဏပင် သူ၏ မျက်ရည်တို့သည် ဆီးဆို့မရဘဲ အဖြိုင်ဖြိုင်ကျလာကြ၍ သူ၏ နလုံးသားသည် စုန်ပြီးလျှင် ထိုအကြံကို တညီတည်း တားဆီးကြကုန်သဖြင့် "သတ်၍ တော်မည်မဟုတ်၊ တိုင်းတစ်ပါး ဝေးရာသို့ နှင်လွှတ်မှသာ လျော်ကန်လိမ့်မည်" ဟု ယူဆလာပြန်လေ၏။

ထိုခဏ၌ မင်းဘီလူးသည် ရောက်လာ၍ အကြောင်းကြောင်းကို မသိကျွန် ပြုပြီးသော် ဤသို့သော စကားတို့ကို ဆိုလေ၏။

"ယမန်ညက စောင်းသံသည် ဇမ္ဗူဒိပ်၌ အတုမရှိ သာယာလှပေသည်။ နတ်များ လာ၍ တီးသည်ဟုပင် ယိုးမှတ်ဖွယ် ရှိချေသည်။ ထိုစောင်းသံသည် နိုင်ငံတော် အားလုံးကို သိမ်းရုံး အုပ်ချုပ်မည့် မျိုးညွှန့်ရှိန် ကိုယ်တော်ကြီး၏ စောင်းသံနှင့်ပင် တထေရာတည်း ဖြစ်ချေသည်။ မျိုးညွှန့်ရှိန် ကိုယ်တော်ကြီးသည် သုရှုးအသွင် ဖန်တီး၍ သည်းခံလျက် အတိုင်းတိုင်း အပြည်ပြည်သို့ ကိုယ်တော်တိုင် လှည့်လည်ကာ နေချေပြီ။ မျိုးညွှန့် ကိုယ်တော်ကြီးသည် မောင်တော်တို့၏ နေပြည်တော်သို့ ရောက်တော်မူလာ၍ တစ်ညဉ့်တာ တည်းခိုပြီးလျှင် မိမိ၏ မိကျောင်းကို တီးသွားသည်ဟု ယမန်ညကနှင့် ထူးမခြားနားပင် ဖြစ်ချေသည်။ မျိုးညွှန့် ကိုယ်တော်ကြီးသည် နမကလေးတို့၏ ပြည်တော်သာသို့ ရောက်နေဟန် ထင့်"

မြဝတ်ရည်သည်လည်း စကားကို ဆုံးအောင် နားထောင်မနေဘဲ ကြားဖြတ်၍ "မောင်တော်၊ ကျောင်းတော်တုန်းက မောင်တော်နှင့် ရန်သူတော်အကြီးဆုံး ဖြစ်ပါလျှင် ရောက်လာပေသေးသကိုး" ဟု ဆိုလေ၏။

"မြ၊ မြ လွဲကုန်ပြီ။ ဟိုတုန်းက ကျောင်းသား၊ ယခု မင်းချည်းနှင်နှင် ဖြစ်ကြသည့် မင်းသားများပါ။ နစ်ကိုယ့်တစ်စိတ် ချစ်ခင်ရမည့် မိတ်ဆွေစစ်ဖြစ်ကြ၍ စည်းစိမ်ကို ဝက်ခွဲပေးပြီးလျှင် တားထားမိပါသေးသည် မြရယ်"

"သာဓုပါရှင်၊ မောင်တော့် စိတ်ထားကို ချီးကျူးပါတယ်။ ကိုယ်တော်ကြီး မျိုးညွှန့်လေ၊ ညွှန့်ကိုယ်တော်ကြီးလေ၊ ရှုးသွပ်တဲ့ ဝေဒနာ စွဲကပ်နေလို့ ခြေဦးတည့်ရာ လှည့်လည်နေပြီ။ မနေ့ကပင် မြထံ လွှတ်တော်တွင် တရားစီရင်နေတုန်းမှာ ရောက်လာကာ ဆူညံနှောင့်ယှက်နေပါတယ်။ ထင်ရာ မြင်ရာတို့ကို ရေရွတ် ပြောဆိုနေပါသည်။ ဒါကြောင့် ရာဇဝမ္မ ကျင့်ထုံးမပျက်ရအောင် မြကလေ ညွှန့်ကိုယ်တော်ကြီးကို ထောင်သွင်းပြီး အကျဉ်းချထားလိုက်ရပါတယ် မောင်တော်"

"ဟာ.... မတော်တာ ရည်ရယ်၊ ကိုယ်က မနစ်လိုလို့ မကြည်ညိုရင်လည်း တိုင်းတစ်ပါး ဝေးရာသို့ ထွက်သွားရအောင် နှင်လွှတ်ဖို့ရန်သာ သင့်ပါတယ်"

မြဝတ်ရည်မှာ ပရိယာယ်တို့၏ ဘုရင်၊ မာယာတို့၏ ထိပ်ခေါင်တင်ဖြစ်နေ၍၊ ချိုမြအေးကြည်၍ ချစ်နစ်သက်ဖွယ်ရာသော အသံနှင့် ဤသို့လည်း ပြောဆိုပြန်၏။

"မောင်တော်၊ မောင်တော်လည်း တိုင်းပြည်ကို အုပ်ချုပ် မင်းလုပ်မည့် ဇာနည်ဖွား ဖြစ်တဲ့အတိုင်း စဉ်းစားတော်မူပါ။ မီးအမျိုးမဲ့၊ ရေအမျိုးမဲ့၊ မင်းအမျိုးမဲ့၊ ရဟန်အမျိုးမဲ့ပါတဲ့။ အပြစ်နှင့်တကွ ရာဇဝတ်တော်ကို ကျူးလွန်မယ်၊ မင်းပညတ်ထားတဲ့ ဥပဒေကို ဖောက်ချိုး ချေဖျက်မည် ဆိုခဲ့ပါရင် မိမိကိုယ်ကိုပင် မိမိ ပြစ်ဒဏ်ပြုကာ စီရင်ရမယ် မဟုတ်လား။ ဓမ္မသတ်ကလည်း သည်လိုပဲဆိုတယ် မဟုတ်လား။ ဒါ့ကြောင့် မင်းဟာ အလှူမလို ပုဂ္ဂိုလ် လေးဦးထဲမှာ ပါနေတယ် မဟုတ်ပါလား မောင်တော်။ မင်းဟာ တရားမစောင့်ဘဲ ဥပဒေကို ကျော်နင်းကျူးလွန်ခဲ့ရင် ငရဲသင်းငုပ်ဖြစ်ရမယ် မဟုတ်လား။ နမတော်မိမိလေ၊ ရှိန်ကိုယ်တော်ကြီးကို မေတ္တာ၊ ကြင်နာ၊ သထာ၊ သဒ္ဓါ ယနေ့တိုင် တိုးတက်ပါတယ်။ အကယ်တည့် အရှုးကြီး အစစ်ဖြစ်ပြီး အဝတ်မကပ်လျှင်တောင် ဆောင်တော်ဦးက ထားကာ ဘုရားတစ်ဆူ ဂူတစ်လုံးကို ပူဇော်ပြီး ဝတ္တရားကို ကုန်အောင် လုပ်ကျွေးသမှု ပြုနိုင်ပါတယ်။ ယခုတော့ လွှတ်ရုံးတော်ကို ကျူးကျော်စော်ကားပြီး ရာဇဓမ္မကို မထီလေးစားပြုကာ နောင့်ယှက်တဲ့ ရာဇဝတ်သားဖြစ်နေလို့ တရားကို ချစ်လွန်းတဲ့ မိမိကလေးမှာ သနားပါလျက်နှင့် အသွယ်သွယ် ကျဆင်းတဲ့ မျက်ရည်ကို သုတ်ပြီး ထုံးစံအတိုင်း စီရင်ရပါတယ် မောင်တော်"

ထိုခဏ၌ မြဝတ်ရည်၏ မောင်တော်ငယ် မြဘုန်းလှိုင် မင်းသားကလေးသည် မြဝတ်ရည်ထံ ပို၍ ရောက်လာလေ၏။

"မောင်တော်ကလေး၊ ဘာဖြစ်သလဲ၊ ဘာကြောင့် မဘုရားထံ ငိုလာသလဲ"

"ဖာတစ်လုံး ထမ်းပြီး ခေါင်းကျားကြီးနှင့် အရှုးဆိုတာလေ"

"ဒါ ဘာဖြစ်သလဲ မောင်တော်ကလေးရယ်၊ ဘာကြောင့် ငိုရသလဲ"

"မမဘုရား၊ အဲသည်ဖာတစ်လုံးနှင့် ခေါင်းကျားကြီးဟာ သိပ်ကို သနားစရာ ကောင်းပါတယ်၊ သူဟာ မမ ခဏခဏ ပြောနေတဲ့ မျိုးညွှန့်ရှိန် ကိုယ်တော်ကြီးတဲ့ မမဘုရားရဲ့"

"အင်း......ဒါ ဘာဖြစ်သလဲ"

"သိပ်ကို သနားစရာ ကောင်းပါတယ်။ သူ့ကို အာဏာသားတို့က တွန်းထိုးရိုက်ပုတ်ပြီး ထောင်ထဲ ခေါ်သွားတော့ မမဘုရားကို တသကာ ငိုပြီး လိုက်သွားရရှာတယ်။ မြဝတ်ရည်သည် ငါ့ကို အကျဉ်းချထားတာ မဟုတ်၊ သူ့ဝိပါက ဝတ္တရားက အကျဉ်းချထားတာတဲ့၊ မမဘုရားကို သူက အပြစ်လုံးလုံး မဆိုပါ။ သတ္တဝါတို့မှာ ပြုကျင့်ခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံဟာ အရိပ်ကဲ့သို့ လိုက်နေလို့ ဆုံဆိုက် ကြုံကြိုက် ဆက်သွယ်မိက ပေါ်လာကာ ပေးမြဲအစဉ်တဲ့။ မမဘုရားထံ၌ မိန်းမတို့နှင့် စပ်သွယ်နွယ်ယှက်တဲ့ ပြဿနာကို သင်လို့တတ်ပါပြီ ဆရာတော်ဘုရားလို့လည်း တမ်းတပြီး ငိုကာ လိုက်ပါသွား ရပါတယ်။ မမဘုရားရယ်၊ အာဏာသားတွေက ညှဉ်းဆဲ သွားလိုက်တာ။ ဘုန်းလှိုင်က ခံညင်းကစားရာက မြင်လို့ ထပြီး "ဟေ့ ခွေးမသားတွေ၊ သာယာ ညင်းပျောင်းနှင့် ခေါ်မသွားဘဲနှင့် ဘာကြောင့် ညှဉ်းဆဲရသလဲ၊ နင်တို့လက်ကို ဖြတ်ရမလား" ဆိုတော့မှ လက်လျှော့ကြတယ်။ သနားစရာကြီး မမဘုရားရယ်"

"မောင်တော်ကလေးက သနားသလား"

"မမဘုရားရဲ့၊ အနော်လေ သိပ်သနားတာပဲ၊ မျိုးညွန့်ရှိန် ကိုယ်တော်ကြီးတဲ့၊ အနော်က သိပ်ချစ်တာပဲ။ ထောင်သားတွေ၊ အာဏာသားတွေက နှိပ်စက် ကုန်တော့မယ့် မမဘုရား"

"ဘုန်းလှိုင်ရယ်၊ မျိုးညွန့်ရှိန် ကိုယ်တော်ကြီး ဟုတ်ပေမယ့် သူက ရူးနေပြီ။ အရူးဆိုတာဟာ လူတွေကို သတ်တတ်တယ်၊ မီးနှင့် ရှို့တတ်တယ်၊ ဆဲတတ်ရိုက်တတ်တယ်။ ကြောက်စရာကြီး မောင်ကလေးရယ်"

"သည်လိုအရူး ဟုတ်ပေါင်၊ ကိုကိုကြီး မျိုးညွန့်ကို ထောင်မှ လွှတ်ပေးပါ၊ ကြာရင် သေရပါလိမ့်မယ် မမဘုရား"

ထိုသို့လျှင် မြဘုန်းလှိုင် မင်းသားကလေးသည် ငိုလျက် သူ၏ အစ်မတော်ဘုရားကို ခေါင်းနှင့်ဝှေ့ကာ လျှောက်တင်လေ၏။

မင်းဘီလူးလည်း မင်းသားကလေးကို ကြည့်ရှု အကဲခတ်ကာ မျက်ရည်ကျနေလေ၏။

"ဘုန်းလှိုင်ရယ်၊ မောင်တော်ဟာ ငယ်သေးတယ်၊ တက္ကသိုလ်ပြည်ကြီးက ပြန်မှ သည်လို စကားမျိုးကို ပြောပါ" ဟု မြဝတ်ရည်သည် ပြောလျက် ဆိတ်ဆိတ်နေလေ၏။

ဖာတစ်လုံးခေါင်းကျားသည်ကား ထောင်တွင်းက ဤသို့လျှင် ရေရွတ်ကာ နေလေ၏။ ဗိုလ်ထုနှင့် ပြည်သူတို့သည် တရားနာသကဲ့သို့ ဝိုင်းဝန်းကာ နားထောင်ကြကုန်၏။

"မိန်းမတို့၏ သိမ်မွေ့နက်နဲသော စဉ်းစားမှုကို သျှုတ္တရဋ္ဌ နားစွဲသော ပညာရှိတို့မှ အပ မည်သို့သော ပုထုဇဉ်တို့သည် သိနိုင်ဘိသနည်း။ လောက၌ သည်သို့သော အမျိုးသမီးအား ဥစ္စာနှင့် အသက်ကို နှင်းအပ်၍ မေတ္တာချစ်ကြိုးဖြင့် ရစ်ပတ်ဖွဲ့နှောင့် ချည်ထားသင့်သည်ဟု လောကကြီး၌ ထိုပြဿနာကို ဖြေနိုင်စိမ့်သောငှာ ငါ့ဆရာတော်သည် သင်ကြားခံယူစေလေတော့ တကား။ မိမိ၏ ကောင်းစားမှုကိုသာ ရှေးရှုလျက် အာဝေနိကတရား ငါးပါးကို မလွန်ဆန်နိုင်ခြင်းကြောင့် မိမိ၏ နိမ့်ကျသော၊ အားနည်းသော၊ ကိုးကွယ်ရာ ရှိအပ်သော အဖြစ်ကို မသိသော မိန်းမတို့၏ အချစ်နှင့် ကတိစကားသည် သစ္စာ၌ မတည်။ စည်းစိမ်ဥစ္စာ ဂုဏ်သိန်ပေါ်၌သာ တည်လေဘိ၏ တကား။ အကြင်လောက၌ မိန်းမပျိုတို့သည် လှသည်ဟု မာန်တက်ခြင်း၊ အမျိုးမြတ်သည်ဟု မာန်တက်ခြင်း၊ ဥစ္စာကြေးငွေ ပေါ်များသည်၊ ဥစ္စာကြေးငွေကို ရှာဖွေနိုင်သည်ဟု မာန်တက်ခြင်း၊ ပညာတတ်သည်ဟု မာန်တက်ခြင်းတို့ ရှိရာတွင် တစ်ပါးပါးနှင့် မာန်တက်နေသဖြင့် တရားတည်းဟူသော ဆိတ်ငြိမ်ရာသည် ဖြစ်နေတတ်၏။ ထိုမိန်းမပျိုတို့သည် ကြွားမော်နေသောသူ၊ လှပ ပြေပြစ် ချောမောသောသူ၊ စည်းစိမ်ဥစ္စာ ဂုဏ်သိန်တို့နှင့် ပြည့်စုံသော သူတို့၌သာ မိမိတို့၏ မေတ္တာကို ပုဂ္ဂိုလ်၏ လျှို့ဝှက်ထားသည့် အနစ်၌ ရွေးချယ်လေ့ မရှိဘဲ အဖိုးမဖြတ်နိုင်အောင် ထိုက်တန်သည့် အလိုရှိရာပြီးစီးသော ပတ္တမြားကို သူတောင်းစား လူနု၏ လက်သို့ ကမ်းလှမ်းလိုက်သည်၏ အလားသာ များနေကြခြင်းကြောင့် လောကကို တန်ဆာဆင်နိုင်သော အိမ်ထောင်သည်တို့ ရှားပါးလေစွ တကား။

"စည်းစိမ်ဥစ္စာနှင့် ပြည့်စုံစဉ်အခါ ရရှိသည့် စည်းစိမ်ဥစ္စာကိုသာ မက်မောသော မိန်းမသည် စည်းစိမ်ဥစ္စာ ကင်းမဲ့လာသောအခါ ပြစ်ဒဏ်ပေးတတ်၍၊ အဆင်း၌ တွန်းချတတ်သော ရန်သူကို မွေးမြူထားရသည်နှင့် တူလိမ့်တကား။

"စည်းစိမ်ဥစ္စာနှင့် ပြည့်စုံစဉ်အခါ ထိုစည်းစိမ်ဥစ္စာအားဖြင့် ကျွန်နှင့် တူသော မယားကို ရပြားစေကာမူ၊ စည်းစိမ်ဥစ္စာ ကင်းမဲ့လာသောအခါ ထိုမယားသည် သခင်နှင့်တူသော မယားအဖြစ်သို့ ပြောင်း၍ အားမရဘဲ သူသတ်နှင့်တူသော မယားအဖြစ်သို့ ပြောင်းလဲတတ်လေ၏ တကား။

"အို..... လောက၊ မယားကောင်း မယားမြတ်ကို ဘယ်မှာ ဘယ်လို ရှာရမည်နည်း။ လောက၌ မယားကောင်း မယားမြတ်ကို ရရှိပါလျှင် သိကြားမင်း စည်းစိမ်နှင့်တူသော စည်းစိမ်ကို ရပြားနိုင်ချေ၏ တကား"

ဖာတစ်လုံးခေါင်းကျားသည် ထောင်တွင်းမှ နေ၍ မိုးကောင်းကင်ကို ကြည့်လျက် ဤသို့ စဉ်းစားမိလေ၏။

အချို့သော တိမ်တို့သည် အဖြူပေါ်တွင် မဲနယ်ရောင် ကွက်လျက် ပြောက်ကျား ဖြစ်နေခြင်းဖြင့် လည်းကောင်း၊ အချို့သည် ဘော်ပြားကို တစ်သားတည်း ကျအောင် ခင်းထား ဘိသကဲ့သို့ လည်းကောင်း၊ အချို့သည် ငါးကြင်းကြေးကဲ့သို့ အထပ်ထပ်ပြု၍ လည်းကောင်း တည်ရှိကုန်၏။ ကောင်းကင်၏ အချို့နေရာ၌ တိမ်မြူကင်း၍ မိုးကောင်းကင်သည် ညိုမှောင်သော အရောင်ဖြင့် တင့်တယ်ဘိ၏။ ဤမိုးကောင်းကင်သည် မညီမညွတ်ဘိသကဲ့သို့ အသက်ဝင်လျက် အမြဲရှိသော ဤလောကသည်လည်း မညီမညွတ် ဖြစ်နေဘိ၏ တကား။ ကောင်းကင်ရှိ တိမ်ညွန့်အကြား၌ မြင့်စွာပျံဝဲလျက်ရှိ၍ တိမ်ညွန့်ကို တန်ဆာဆင်နေသော ရွှေလင်းတတို့သည် ငါ့အား အတတ်ပညာ သင်ပေးနေချေပြီတကား။

ရွှေလင်းတတို့သည် အလွန်အကျည်းတန်၍ ရွံရှာဖွယ် ပုံသကူအစာကို စားနေခြင်းကြောင့် ဘေးရန်ကင်းရှင်း၍ မြင့်စွာ ပျော်ရွှင်လျက် ပျံဝဲနေနိုင်ဘိပြီ တကား။ လောက၌လည်း ထို့အတူ ဆင်းရဲ အမျိုးမျိုးတို့ကို သည်းခံ၍ ရသမျှနှင့် တင်းတိမ်ရောင့်ရဲလျက် ပုံသကူလို မြိန်ရှက်နိုင်ခြင်းသည်သာ၊ သို့မဟုတ် ပုံသကူကို နှစ်သက်နိုင်ခြင်းသည်သာ ရွှေလင်းတကဲ့သို့ အမြင့်ဆုံး ပျံဝဲနိုင်ရန် အကြောင်းရင်း ဖြစ်လေတော့တကား။ (ပုံသကူ ဟူသည်ကား မြူမှုန်လိမ်းကျံနေ၍ သူတစ်ပါး မနှစ်သက်ခြင်းပင် ဖြစ်ချေသည်) လောက၌လည်း လောကဓံ တရားမည်သည် လူတို့၌ ကျရောက်ရမြဲ ဖြစ်၍ ထိုလောကဓံကို သည်းခံနိုင်ခြင်း အဆင့်အတန်းနှင့် အညီ လူတို့၏ အဆင့်အတန်းသည် တည်လေတော့၏ တကား။ ဆင်းရဲဟူသမျှတို့သည် လောက၌ ကောင်းစားရန် အချီး နိဒါန်းမျှသာ ဖြစ်၍ ထိုဆင်းရဲမှုကို ဘေးတွင် ပုံချထားနိုင်လျက် အလိုရှိသည့် အကြံကောင်း ကြိုးစားအံ့ထောင် လုပ်ကိုင်နိုင်ခြင်းသည်သာ လောကကို အောင်မြင်နိုင်ရန်ပါ တကား။

ကောင်းကင်၌ တိမ်တို့သည် ဆင်ရုပ်၊ မြင်းရုပ်၊ ငါးရုပ်၊ ဘီးလူးရုပ်၊ နတ်သမီးရုပ် စသည့် အမျိုးမျိုးသော ရုပ်ပုံတို့ကို ဖြစ်တည်ရသော်လည်း လေအဟုန်ကြောင့် ခဏခဏ ပျက်ပြယ်ရ ဘိသကဲ့သို့ လေအဟုန်ထက် ပြင်းထန်သည့် လိုချင်တပ်မက်ခြင်းကြီးသော အကျင့်၊ သူတစ်ပါးကိုသာ

ဖို့ချလိုသော အပြစ်၊ ငါဟူ၍ ထောင်လွှားခြင်း မာနတရား၊ သဘာဝကို မသိတတ်သော အမိုက်တို့ကြောင့် တိမ်ရုပ် အမျိုးမျိုးတို့နှင့် တူသည့် လောကသားတို့၏ ဖြစ်ပျက်မှု အမျိုးမျိုးတို့သည် ပျက်စီးရလေတော့ တကား။ အင်း...... သင်အလိုမကြီးနှင့်၊ သူတစ်ပါးကို မပြစ်မပြုနှင့်၊ ငါဟု မထောင်လွှားနှင့်၊ သဘာဝကို ကြပ်ကြပ်ရှု။

ဖာတစ်လုံးခေါင်းကျားသည် ထိုကဲ့သို့ စဉ်းစားပြီး နောက်တစ်ဖန် မြဝတ်ရည်၏ အာရုံသည် ပေါ်လာ၍ ဤသို့ ထင်မြင်လာပြန်၏။

ငါသည် လောကသဘောကို နားမလည်၊ ကန်းနေသဖြင့် မြဝတ်ရည်ကို အဆင်းအားဖြင့် လည်းကောင်း၊ မြတ်သောအမျိုးအားဖြင့် လည်းကောင်း၊ အတတ်ပညာအားဖြင့် လည်းကောင်း သူကန်းသည် ပြောင်ချောလှသော လသာသီးကို နမ်း၍ စားသောက်ဖို့ရန် စမ်းသပ်ဘိသကဲ့သို့ အထင်အမြင် ကြီးခဲ့ပြီ။

မြဝတ်ရည်၏ သိမ်မွေ့ပျော့ပျောင်း၍ လုပ်လုပ်လဲ့လဲ့ နွဲ့နွဲ့လျလျ ဖြစ်သည့် ဟန်အမူအရာ သည် ငါ့ကို အလိုရှိတိုင်း ဖန်တီးနိုင်ရန် ထောင်ချောက်ကြီး ဖြစ်လေတော့တကား။ သူ၏ ကြည်လင် တောက်ပ ဝန်းဝိုင်းသော မျက်တောင်ကော့ရှိ မျက်လုံးကလေး၊ သုံးရက်လကဲ့သို့ မျက်ခုံးကလေး၊ မခို့တရို့ မဖို့တဖို့နှင့် အဆင်သင့် မပြုံးတပြုံး မစုံ့တစုံ့သော ပါးအို့ကလေး၊ ပုထုဇဉ်ယောကျ်ားတို့ မြင်လျှင် ခင်မင်တမ်းတ နှစ်သက်စမ်းချင့်ဖွယ် ပြောလိုက်တော့ မလိုလို၊ ဆိုလိုက်တော့မလိုလို၊ ရယ်လိုက်တော့မလိုလို ရှိသည့် နှုတ်ခမ်းကလေး၊ ကိလေသာ မကုန်သော ယောကျ်ားတို့ မြင်လျှင် ငေးနေလောက်သည့် ယဉ်ကျေးဖွယ်ရာ သိမ်မွေ့သော ဟန်အမူအရာ၊ ပြန့်ပြူးညီညာ ပြေပြစ် ကျစ်လျစ်သည့် ကိုယ်၊ ခြေလက်အင်္ဂါတို့သည် ငါ့ကိုထောင်ကြီး၌ လှောင်ထားနိုင်လေပြီတကား။ ငါသည် မှောင်အတည့်ပြီးသော ယောကျ်ားပါတကား။

ဩော်.... မြဝတ်ရည် မြဝတ်ရည်၊ ငါ့အလုပ်အကျွေး ဖြစ်ပါမည်ဟု ထားရှိသည့် ကျောင်းတော်တုန်းက ကတိသည် အချည်းအနှီး ဖြစ်ရုံမက ငါသည် ရာဇဝတ်ကောင် ဖြစ်ရချေပြီတကား။ ဟယ်...... ကာမဂုဏ်၊ သင်သည် လောကကြီး၌ ကိလေသာလိမ်းကျံနေသော လူရှုးတို့ကို အမျိုးမျိုးသော ကပွဲ၌ ဝင်စေလေပြီတကား။ ဟယ်...... လောက၊ သင်လောက၏ ပွေလီမှုကို ငါ နားလည်လာပါပြီ။

ထို့ကဲ့သို့ ဖာတစ်လုံးခေါင်းကျားသည် စဉ်းစားဆင်ခြင်နေစဉ် ထောင်တံခါးသည် ဖြည်းညင်းစွာ ပွင့်လာ၍ "နောင်ကြီး၊ ထောင်ထဲမှ ထွက်ပါလော့" ဟု ဆို၏။

"အလို..... ညီတော်မောင်၊ ယောက်ျားမြတ် ပီသလေစွ၊ နေပါဦး၊ ဟိုမောင်ကလေးက ဘယ်က ဘယ်သူတုံး"

"မြဝတ်ရည်ရဲ့ မောင်တော်ကလေး မြဘုန်းလှိုင် မင်းသားကလေးပါ"

"အင်း.... မြင်တွေ့ရတာ ဝမ်းသာလိုက်တာ၊ အင်မတန် ချောလှပြီး ယောက်ျားဇာနည် ပီသပါကလား၊ အမောင် ဘယ်အတွက် သည်ထောင်ထဲကို လိုက်ပါလာရသလဲ"

"နောင်တော်ကြီးဘုရား၊ မဘုရားရဲ့ အပြစ်များကို သည်းခံပြီး ဖွေယူတော် မမူပါနင့်လို့ တောင်းပန်ဖို့ တစ်ကြောင်း၊ နောင်တော်အား တွေ့ရတဲ့ ဆင်းရဲကို သနားခြင်းမက သနားလှလို့ ကူညီဖို့ တစ်ကြောင်းကြောင့် ဟောသည် နောင်ဘုရားနှင့် အခစား ဝင်လာပါတယ် နောင်ကြီးဘုရား"

"အလို ညီတော်ကလေး အင်မတန် မင်းသွေးပီသပြီး တည့်မတ်လှပါကလား၊ ညီတော်ငယ်က နောင်ဘုရားအား ဘယ်လိုများ ကူညီနိုင်ပါသလဲ"

"ညီငယ်က နောင်ဘုရားအား ထောင်မှ ထုတ်ရပါတော့မည်၊ ထုတ်ခွင့်ကို ပြု၍ ထွက်တော်မူပါတော့ ဘုရား"

"အလို ညီတော်မောင် အပြုအမူကို မြဝတ်ရည် အစ်မတော်ဖျား သိရင် မျက်မာန်တော်ရှပြီး ရာဇဒဏ် ကျနေမယ်၊ နောင်ဘုရားအတွက် ညီတော်မောင် အပြစ်မရသင့်ပါကလား"

"နောင်ကြီး၊ ခမည်းတော်ဘုရားလည်း တစ်လတာ ဥပုသ်သုံး၍ ပြည်တော်ကို မဘုရားအား လွှဲအပ်ထားခြင်းကြောင့် ယခုလို နောင်ဘုရားမှာ တွေ့ရပါသည်။ ညီတော်မောင်သည် ရာဇဒဏ်ကို မကြောက်၊ ခမည်းတော် တည်နေတဲ့ ဥသုပ်တော် မကျိုးစိမ့်သောငှာသာ ဘဘုရားထံ မတိုင်ကြားပါ။ အကြမ်းပတမ်းလည်း မပြုပါ။ နောင်တော်ကြီး ထွက်တော်မူပါတော့။ ညီငယ်သည် နောင်ဘုရားအား လိုက်၍ ဝတ်ကြီးဝတ်ငယ်ကို ပြုပါအံ့"

"ဟုတ်သေးရိုးလား ညီတော်မောင်၊ ညီတော်မောင်သည် ၁၆ နှစ်ရွယ် လွန်နနယ်ပြီး ပညာသင်ချိန်မျှသာ ဖြစ်ပါသေးတယ်။ နောင်ဘုရားကို ချစ်လျှင် တက္ကသိုလ်ပြည်သို့ သွား၍

ပညာသင်၊ ပြန်လာလျှင် ညီတော်မောင်ကို နောင်ဘုရား ချီးမြှင့်မည်။ ညီတော် မင်းဘီလူး၊ ဘယ်လိုများ ကြံဖန်ပြီး ထောင်ထဲက ထွက်ရရန် စီမံပါသလဲ၊ ညီငယ်ကလေး မြဘုန်းလှိုင်မှာ ပြည်သူ့မျက်ရှုရဲ့ ရာဇဒဏ် ပြုခြင်းကိုလည်း စဉ်းစားရလိမ့်မယ်"

"နောင်ကြီး စိတ်ချ၍ ထွက်တော်သာမူ၊ ထောင်မှူး ထောင်စာချီ စသည်တို့ကို အိမ်ရှေ့စံ တမန်တော် ကိုယ်တော်ကလေးအဖြစ်နှင့် ပေါင်းသင်းလေတော့ လောကမှာ ဂုဏ်သည် အလွန် တန်ဖိုးမြင့်သည်နှင့် အညီ သူတို့ကလည်း ဝမ်းပန်းတသာနှင့် လိုက်လျောကာ ဆက်ဆံကြပါသည်။ အဲသည်တော့မှ ထက်သော သေရည်ကို တိုက်ကျွေးကာ သူတို့အား ထားခဲ့၍ လူမှန်းမသိတော့မှ ယခုကဲ့သို့ စီမံခြင်းပါ နောင်တော်"

"အင်း..... ခက်ကုန်ပြီ၊ သင်းတို့တော့ မြဝတ်ရည် သခင်အလှက အမျက်ကျပြီး ရာဇဒဏ် ခံကြရဦးတော့မယ်။ သင်းတို့ကို ကယ်ဖို့ လိုသေးတယ် ညီတော်တို့"

ထိုကဲ့သို့ ပြောဆို၍ ဖာတစ်လုံးခေါင်းကျားသည် ပရိယာယ်မှုကို တတ်ကျွမ်းသည်အတိုင်း အောက်တွင် ဖော်ပြထားသည် သဝဏ်လွှာကို ရေးထားခဲ့ပြီးသော် ထောင်ထဲမှ ထွက်သွားလေ၏။

## မျိုးညွန့်ရှိန် ကိုယ်တော်ကြီး၏ သဝဏ်

အို..... နေရောင်ခြည် ကြည်ကြည်၌ ပန်းဝတ်ရည်ကိုသာ အလိုရှိသော လိပ်ပြာ ဘုရင်မကလေး မြဝတ်ရည်။

မောင်ဘုရား အကြောင်းကို နမတော် မိမိသည် ကျောင်းတော်တုန်းကပင် သိတန်ရာသည်။ ဝမ်းနည်းပါဘိ၏ နမတော်။

ငါကဲ့သို့သော ပညာရှင်၊ သမ္ဘာရှင်ကို မည်သို့သော သူသည် ထောင်မှာ သွင်း၍ အကျဉ်း ထားနိုင်အံ့နည်း။ ငါသည် လောက၌ ပြုရပ်ကောင်းကိုသာ သိလိုသည်။ အစစ်အားဖြင့် ဇဗ္ဗူဒိပ်ကို ကွပ်နိုပ်၍ ကေရာဇ် အဖြစ်ကို ယူနိုင်သော သမ္ဘာရှင်ဟု မြသည်၊ ဝတ်သည်၊ ရည်သည် မသိသည်မှာ သနားစရာပဲ။

ငါသည် ဝိဇ္ဇာတို့ တတ်အပ်သော အတတ်မျိုးကို ဒိုးကဲ့သို့ မွေ၍ တတ်ကြောင်းကို မိမိကလေးသည် အစကပင် မသိသလော။ ငါသည် ငါ့အတတ်နှင့် သင့်ထောင်ချောက်တွင် မိသော်လည်း သင့်ထောင်တွင်းက ထွက်သွားပြီ။ မည်သူ့ကိုမျှ အပြစ်မပြုလေနှင့်၊ ပြုလျှင် ငါ မခံ။

မိမိကလေးသည် အရုပ်အဆင်းမှာ သူမတူ လှပသလောက် စိတ်မာန်မှာကား ခက်ထန်ကြမ်းကြုတ် လေစွ။ သည်ရင်းကောင်းသည် နတ်သမီးကဲ့သို့ အဆင်းအရွယ်ကို ဆောင်သော မြဝတ်ရည်လော။ တကောင်းပြည်ကြီး၌ ထီးနန်းစည်းစိမ်ကို နဂါးရစ်မင်းသားအား ပေးသော ဘီလူးမလော။ မိမိကလေး၏ ရက်စက်မှုကို မောင်ဘုရားသည် မှတ်ပုံမတင်။ အကယ်၍ နမတော် မိမိက ဝတ္တရား ညီညီနှင့် ပလီတီတာ၊ နှုတ်ကခရောလျက်၊ ညော့်ဝတ်တော်ဆက်လျှင်လည်း လက်ခံမည့် မင်းမျိုးမင်းသား မဟုတ်။ ဩော်..... ကျောင်းတော်တုန်းက ထားခဲ့သည့် ကတိနှင့်အညီ ကလေးဘဝက ကျခဲ့သည့် မေတ္တာရည်ကြောင့် ရွှေမျက်နှာတော်ကလေး ကြည်ကြည်ကို ဖူးလိုသည် တစ်ဝကြောင့်လည်း မိကျောင်းကိုပိုက်လျက် ကတိုက်ကရိုက် လာခဲ့မိသည်။

သိပြီ၊ မောင်ဘုရား သိပြီ။ မျိုးညွှန့်ရှိန်၌ မြဝတ်ရည်သည် ဘာကိုချစ်သလဲ၊ မိန်းမတို့ အဆင်းကား ဘာလဲ၊ မောင်တော်ဘုရားကား မိကျောင်းကို ပိုက်လျက် တောင်ညာစံဒေဝီ မဟေသီ မိဖုရား မောင်ကြီးနှင့် ထိုက်တန်သူထံသို့ သွားတော်မူပေါ့။

ဖာတစ်လုံးခေါင်းကျားနှင့် မင်းဘီလူးသည် ပေါက္ကံပြည်မှ တကောင်းပြည်သို့ သွားရာ ခရီးလမ်းမရှိ ဇရပ်တစ်ထောင်၌ ညဥ့်အချိန် လသာသာတွင် ဤသို့လျှင် ချစ်ကြည်စွာ စကား ဆိုကြလေ၏။

"နောင်ကြီး၊ မြဝတ်ရည်ကိုဖြင့် ရက်ဆေး ချေသင့်ပါတယ်"

"သင့်ရိုးလား ညီတော်၊ မြဝတ်ရည်ဟာ လောကရဲ့ ပြဿနာ့ သဘောကို ဖြေကြားသူမျှသာ ဖြစ်ရာတယ်။ သူတစ်ပါး အပေါ်၌ ဖြူစင်သော စိတ်ထားသဘာဝကို နားလည်ပြီး ကြင်နာထောင်ထား တတ်တဲ့ စိတ်ထား၊ သူတစ်ပါးကောင်းစားတာကို ဝမ်းသာရမယ့် စိတ်ထား၊ ကိုယ်၌ တွေ့ကြုံတဲ့ လောကဓံကို သည်းခံတဲ့ စိတ်ထားတို့ဟာသာ လူတို့မှာ မြင့်မြတ်တဲ့ အဆင့်အတန်းဖြစ်တယ် ညီတော်"

"ညီတော်မှာလည်း သည်စိတ်ထားကို ထားရင်းစွဲပါ။ သို့သော် မြဝတ်ရည်တော့ အတော်ပင် ရှန့်ကြမ်းပါတယ် နော်တော်"

"ညီတော်မောင် အသို့ ဆိုဘိသနည်း။ လူတိုင်းသည် အဝိဇ္ဇာတရား ဖုံးလွှမ်းနေသမျှ ကာလပတ်လုံး ကာမဂုဏ်ကိုသာ အလိုရှိ၍ ကာ္ဘာရုံကို ဆင်းရဲခြင်းဟု မထင်၊ လောက သဘောကိုကား ဂရုမပြုမိကြ။ ထို့ကြောင့် လောကသည်အမြဲ ဆူညံလျက် ရှိနေသည်ကို သိရပြီ။ မိန်းမတို့၌ကား အဘယ် ဆိုဖွယ်ရာ ရှိပါအံ့နည်း။ မိန်းမတို့၌ အရုပ်အဆင်း မာန်၊ ဥစ္စာစည်းစိမ် မာန်၊ ပညာမာန်၊ သားသမီးမာန်၊ သို့မဟုတ် အားကိုးရသော မာန်ဟူ၍ ရှိလာခဲ့လျှင် အသက်ကို နင်းပြီးလျှင် လုပ်ကျွေးသော လင်ကိုပင်တည်း မထီမဲ့မြင် ပြုတတ်၏။ ၎င်းတို့၏ အရုပ်အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့တည်းဟူသော ကျော့ကွင်းအတွင်းသို့ သက်ဆင်းမိသော ယောက်ျားတို့ကို မုဆိုးသည် မိမိထောင်ချောက်၌ မိနေသော ခြသေ့်အား ကြွက်ငယ်ကိုကဲ့သို့ မထီမဲ့မြင် ပြုဘိသည်အလား စကြဝတေးမန္ဓာတ်မင်းကို စဉ်လျက်လည်း ဖဝါးခြေရင်းရှိ အလုပ်အကျွေး ကျေးကျွန်ဟု သဘောပြုကာ မထီမဲ့မြင် ပြုတတ်ချေသည်။ ထိုသဘောသည် များသောအားဖြင့် မိန်းမတို့၏ အစဉ်ဖြစ်သည်။ ငါသည် ခင်ပွန်းယောက်ျားကို မှီရ၍သာ အိုမင်း မစွမ်းသောအခါ၌ အားထားရာ သားသမီးတို့ကို ရပေသည်။ ကာမဂုဏ်တည်းဟူသော ဥစ္စာကို သူခိုးသူဝှက်နှင့် တူသော ယောက်ျားသည် ဆပ်မကုန်သော ကျေးဇူးရှင်ကြီးဖြစ်၍ သူ့သဘောကျ၊ အလိုကျ ပြုကျင့် လိုက်နာအပ်ပါတကားဟု သိတတ်သည့် မိန်းမသည် မိန်းမမြတ် ဖြစ်ချေသည်။

"ညီတော်မောင်၊ မြဝတ်ရည်မှာ အဆင်း၊ အချင်း၊ ဇာတိဂုဏ်၊ ဓနဂုဏ်၊ ဉာတိဂုဏ်၊ ပညာဂုဏ်တို့ ရှိနေသဖြင့် အဘယ်မှာလျှင် မာန်မတက်ဘဲ ရှိပါအံ့နည်း။ မိန်းမတိုင်းသည်လျှင် လင်ကောင်းကို အလိုရှိကြ၏။ လင်ကောင်းကို အလိုရှိသော မိန်းမသည် အဘယ်မှာလျှင် လူရူးကို လင်လုပ်နိုင်ပါအံ့နည်း။ လောက၌ အသည်တို့ အားကား ဥစ္စာဓနေ၊ လူမိုက်တို့ အားကား ခွန်အားဗလ၊ အကျိုးဆောင်တို့ အားကား ပညာနှင့် ဗဟုသုတ၊ မင်းတို့ အားကား ပညာရှိ အမတ်နှင့် မိတ္တဗန္ဓဝ၊ ရဟန်းတို့ အားကား အကျင့်သီလ၊ မိန်းမတို့ အားကား လင်ယောက်ျားသာ ပဓာနဖြစ်ချေသောကြောင့် မြဝတ်ရည်သည် အဘယ်မှာလျှင် သူရူးကို လင်လုပ်နိုင်ပါအံ့နည်း။

"ညီတော်မောင်၊ လောက၌ ကိလေသာ ပူပန်ခြင်းဖြင့် ယောက်ျားကို လုပ်ကိုင် ကျွေးမွေးလိုသည်ကား မရှိစကောင်း။ သို့သော် ဝတ္ထုကျမ်းဂန်၊ ဒဏ္ဍာရီစကား ရှိထားသည်ကိုလည်း နောင်ချစ် သိပါသည်။ မိန်းမ အချို့တို့သည်ကား လင့်ကျေးဇူး၊ သားသမီး ကျေးဇူးတို့ကို သိ၍ လည်းကောင်း၊ ထားပြီး၊ မေတ္တာရှိပြီး ကတိကို မဖျက်လို၍ လည်းကောင်း၊ လင် ကောင်းစားစဉ် စံခဲ့ရသော စည်းစိမ်ကျေးဇူးကို သိတတ်ခြင်းဖြင့် လည်းကောင်း လင်ယူသားမွေးခြင်း၊ လင် ဆင်းရဲသောအခါ အတူခံတတ်ခြင်းတို့မျှသာ ဖြစ်ချေသည်။ မိန်းမတို့သည် ယေဘုယျအားဖြင့်

အားကိုး ရရန်အတွင်သာလျှင် လင်ယောက်ျားကို ယူကြကုန်၏။ တော်လေး၀ သွင်းပြီးလျှင် မိန်းမပြတ်ဟူ၍ ဥဒါန်းတွင်ရစ်သော အမယာဒေ၀ီစဉ်လျက်တည်း မဟော်သဓာ သုခမိန် တည်းဟူသော အပ်ချုပ်သမား အဟန်ကို ချမ်းသာပေးနိုင်သော ယောက်ျားမြတ်ဟု ထင်မှတ်ခြင်း ဖြင့်သာ မဟော်သဓာအား သူ၏ မေတ္တာကို အပ်ပေသည်။ ညီချစ်၊ ထို့ကြောင့် မြ၀တ်ရည်ကို အပြစ် မဆိုသာ။ မိန်းမတို့၏ စဉ်လာဟုသာ အောက်မေ့သင့်ပေသည်”

မင်းဘီလူးသည် ထိုစကားရပ်ကို ကြားရလေလျှင် ကြည်လင်သော လရောင်ကို စိုက်ကြည့်၍ စဉ်းစားပြီးမှ ဤသို့ ဆိုလေ၏။

“နောင်တော်၊ ညီတော်သည် မိန်းမများကို အစဉ်လေးစားခဲ့ပြီး အားနည်းသူ ဟူ၍ ချီးမြှင့် ခဲ့သည်။ ညှာတာခဲ့သည်၊ သနားခဲ့သည်၊ ငဲ့ညှာခဲ့သည်၊ ထောက်ထားခဲ့သည်၊ ကူညီခဲ့သည်။ အပြစ်မှ လွှတ်နိုင်သမျှ လွှတ်ခဲ့သည်။ မ စ နိုင်သရွေ့ မ စ ခဲ့သည်။ အားပေးနိုင်သမျှ အားပေးခဲ့သည်။ ထောက်ထားနိုင်သမျှ ထောက်ထားခဲ့သည်။ ယခု ကိုယ်တွေ့သော်ကား ပညာရှိ အမျိုးမြတ် အမျိုးသမီးလျာပင် ဤကဲ့သို့ ယုတ်ညံ့ခဲ့ပါမူ အခြားအခြား အမျိုးသမီးတို့မှာကား အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ ညီတော်သည် မှားခဲ့ပြီ”

“ဟုတ်ရိုးလား ညီတော်မောင်၊ အမျိုးသမီးတို့သည် လောကကို ဖန်ဆင်းသော အိမ်တွင်းနတ်တစ်မျိုး ဖြစ်ချေပြီ။ အကယ်တန္တု မိန်းမတို့ကို ယုတ်ညံ့သည် ထားဘိဦး၊ အဆိပ်သီးထက် အဆိပ်သီးကို သွား၍ မြည်းသော သူသည် သာ၍ မိုက်မဲရာ ရောက်ဘိသကဲ့သို့ ၎င်းတို့သည် သူ့ဘာသာအလျောက် မယုတ်ညံ့နိုင်၍ မိန်းမတို့နှင့် နီးရင်း ဆယ်သွယ်လျက် သည်းခံခြင်းမှ မကုံသော ယောက်ျားညံ့၊ ယောက်ျားဖျင်၊ ယောက်ျားမိုက်တို့သည် သာလျှင် သာ၍ ယုတ်မာရာ ရောက်ချေသည်။ ထိုယောက်ျားတို့မှ ကူးစက်ခြင်းဖြင့် အမျိုးသမီးတို့သည် သာ၍ ယုတ်ညံ့ရချေသည်။

“ညီချစ်၊ မိန်းမတို့ကို အပြစ်မဆိုပါလင့်။ လောက၌ မိန်းမတို့ မရှိလျှင် ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ်များ၊ မြတ်စွာဘုရားများတို့သည် ဆိတ်သုဉ်းသ နိဗ္ဗာန် မဂ်ဖိုလ် တံခါးသည် ပိတ်ရလတ္တံ့။ တိုင်းပြည်နိုင်ငံတို့၏ ကောင်းစားရာ၊ ကြီးပွားရာတို့သည် မိန်းမတို့၏ ရင်ခွင်ထဲမှ သက်ဆင်း လာကြရ၏။ မိန်းမတို့သည် တိုင်းပြည်နိုင်ငံ၌ သူယုတ်မာကိုသာလျှင် မွေးဖွားသည် မဟုတ်၊ စကြ၀တေး မန္ဓာတ်မင်း၊ ဧကရာဇ်၊ ပဒေသရာဇ်၊ သူဌေးသူကြွယ်၊ တိုင်းပြည်အကျိုးဆောင် စသည်ဖြင့် အယုတ်အလတ် မရွေး ပေါ်ထွန်းရာ မဏ္ဍိုင်ကြီး ဖြစ်ချေ၏။

"ညီချစ်၊ မိန်းမတို့မှ သူယုတ်၊ သူမိုက်၊ သူဖျင်းတို့ကို ပေါက်ပွားများပြားစေသည် ဆိုလော့၊ မှန်၏။ ညီချစ်၏ လက်ချောင်းတို့ကို ကြည့်လော့၊ လက်မသည် တိုလျက် ရှိခြင်းကြောင့်သာ ညီချစ်၏ လက်သည် သာ၍ အသုံးဝင်ဘိသည်။ လောက၌ ကြေးငွေကို အရမ်းသုံးဖြုန်းသူ၊ ဥစ္စာစီးပွားကို မစုဆောင်းသူ၊ သောက်စား မူးယစ် ပေတေ ညစ်ပတ်နေသူတို့ ရှိသဖြင့် သူဌေးသူကြွယ် ဥစ္စာရှင်တို့ ရှိနိုင်သည်။ တရား မကပ်သူတို့ ရှိ၍ ဘုရား ပွင့်နိုင်သည်။ မိုက်သောသူ၊ တရားဥပဒေကို မလေးစားသူ၊ အကျင့် မကောင်းသောသူ၊ ကံငါးပါးကို မှောက်မှား ကျူးလွန်သူတို့ ရှိသဖြင့် မင်း၊ အစိုးရ၊ မင်းမှုထမ်း စသည်တို့ ရှိရသည်။ ထို့ကြောင့် ထိုမကောင်းသောသူ အမျိုးမျိုးတို့သည် ပါရမီရှင်၊ ကုသိုလ်ရှင်တို့၏ အလုပ်လုပ်နိုင်ရာ၊ ကောင်းစားရာ၊ အကျိုးဖွံ့ဖြိုးရာ ကိရိယာတန်ဆာများ ဖြစ်ချေသည်။ ထို့ကြောင့် မည်သည့်မိန်းမ မဆို လောကကို တန်ဆာနေသူ ဖြစ်သဖြင့် အဖိုးတန်ပေသည်။ မရှုတ်ချစကောင်း။

"ညီချစ်၊ ထိုအကြောင်းတို့ကြောင့် အမျိုးသမီးတို့ကို စောင့်ထိန်းလော့၊ စောင်မလော့၊ ကူညီလော့၊ ကယ်ဆယ်လော့၊ မြှင့်တင်လော့၊ ဂရုပြုလော့။ လောကကို ချစ်သောသူ၊ သို့မဟုတ် အမျိုးကို ချစ်သောသူတို့သည် မိန်းမတို့ကို မနှိပ်စက်အပ်၍ သည်းခံပြီးလျှင် ကောင်းရာကောင်းကြောင်း ဖြစ်အောင်သာ ပြုမူဆောင်ရွက်ရာချေသည်။ အမျိုးသမီးတို့ကို ဖျက်ဆီးသောသူ၊ မတရားကျင့်ကြံသောသူ၊ ကလူညည်းပန်း ပြုလုပ်သော သူတို့သည် လောကကို ကျိန်ဆဲရာ၊ အမျိုးကို ဖျက်ဆီးရာ ကျရောက်၍ ယောက်ျားကောင်း ယောက်ျားမြတ်တို့၏ အလေ့သည် မိန်းမတို့ ကျူးလွန်သော အပြစ်ကို သည်းခံလွန်သင် ဓမ္မတာဖြစ်ခြင်းကြောင့် မိန်းမတို့အား အပြစ် ပြုလိုခြင်းမှ သည်းခံပါလေ ညီတော်မောင်"

## အခန်း(၆)

## အစ်မကောင်းလော

ဖာတစ်လုံးခေါင်းကျားသည် မင်းဘီလူးနှင့် ခွဲခဲ့၍ ခရီးဆက်လက် သွားရင်း ဤသို့ စဉ်းစား၏။

ဩော်.... လောက၌ အမျိုးကို တန်ဆာကောင်း ဆင်နိုင်အံ့သော် မိန်းမမြတ်တို့ ရှာလေရှားလေ ဖြစ်တော့တကား။ မိန်းမမည်သည် (၁) အိမ်ထောင်ရေးနှင့် ပတ်သက်၍ ရည်ရွယ် မှန်းထားသော စိတ်နှင့် ထားရှိပြီး ကတိကို စာမရိပ်ငှက်သည် မိမိ၏အမြီးကို ရှိသေ လေးမြတ်စွာ စောင့်ထိန်းဘိသကဲ့သို့ သစ္စာရှိရှိနှင့် စောင့်ထိန်းခြင်း၊ (၂) ဉာဏ်ပညာ အကြားအမြင်နှင့် ပြည့်ဝ၍ အယုတ် အလတ် အမြတ် တို့ကို ခွဲခြားသိမှတ်တတ်လျက် မိမိနှင့် ထိုက်တန်ရာကို နှစ်လိုစုံမတ် ရွေးချယ်တတ်ခြင်း၊ (၃) စည်းစိမ်ဥစ္စာတို့ကို စောင့်ရှောက်တတ်ခြင်း၊ (၄) ကောင်းမြတ်သော ခင်ပွန်းသည်၏ စကားကို နားထောင်တတ်၍ ခင်ပွန်းသည်၏ အလိုကျ လိုက်နာ ဆောင်ရွက် တတ်ပြီးလျှင် ကူညီဖော်၊ တရားဆွေးနွေးဖော် ဖြစ်ခြင်း၊ (၅) လောက၌ ပြဖွယ်ရာသော ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်တို့ကို ပြုပြင်စီမံတတ်ခြင်း၊ (၆) အိမ်ထောင်ကို ဆုံးမနိုင်သော အရည်အချင်း ရှိ၍ လိမ္မာယဉ်ကျေးစွာ ဆုံးမတတ်ပြီးလျှင် ခင်ပွန်းသည်၏ မသင့်မြတ်မှုကို ပရိယာယ်ဖြင့် ပြုပြင်တတ်ခြင်း၊ (၇) မိဘ၊ ယောက္ခမ၊ ခင်ပွန်း၊ ဆွေမျိုးအစရှိသည့် မိရိုးဖလာ နတ်များ၊ အိမ်တွင်းနတ်များ တို့ကို သိပြီးလျှင် ပူဇော်တတ်ခြင်း၊ (၈) ကောင်းသော အကျင့်ရှိ၍ တည်ကြည်ခြင်း၊ (၉) ကျွန်နှင့် တူသော မယားအဖြစ်၌ တည်ခြင်း၊ (၁၀) ခင်ပွန်းသည်နှင့် သားသမီးတို့အား

ကောင်းရာဘဝသို့ ရောက်စေတတ်ခြင်း စသည်တို့နှင့် ပြည့်စုံရာချေသည်။ ထိုကဲ့သို့ ပြည့်စုံသော အိမ်ထောင်များ များမှသာလျှင် ထိုတိုင်းပြည်သည် တကယ့် တိုင်းကြီးပြည်ကြီး ဖြစ်နိုင်အံ့တကား။

မျိုးညွန့်ရှိန်၏ ဘကြီးတော်သည် နတ်ပြည်စံလွန်တော်မူသဖြင့် နောင်တော် "တရားရှင်" မင်းမြတ်သည် ထီးနန်းအုပ်ချုပ် မင်းလုပ်ကာ နေလေသည်။

မျိုးညွန့်ရှိန်လည်း ဖာတစ်လုံးခေါင်းကျား အဖြစ်နှင့် နောင်တော်၏ ဥကင်သမင်္ဂလာ ဖွင့်ပွဲသို့ ရဲရင့်စွာ ဝင်သွားလေ၏။

အစ်မတော်များဖြစ်သော စောဥမ္မာနှင့် စောရမယ်တို့သည် ဖာတစ်လုံးခေါင်းကျားကို မြင်လတ်သော်၊ အစ်မတော်သည် "ဟော..... မောင်တော်မျိုးညွန့်ရှိန် ရောက်လာပြီ၊ မောင်တော် ဘာဖြစ်သလဲ၊ မဘုရားကို လျှောက်ပါဦး၊ မောင်တော့်ကို မြင်ရတာ မဘုရား မသက်သာလှဘူး" ဆိုကာ မျိုးညွန့်၏လက်ကို ဆွဲလျက် လက်တစ်ဖက်က ချစ်စနိုးနှင့် ကျောကိုပုတ်ကာ ပုတ်ကာနှင့် ပြောနေလေ၏။

စောရမယ်ကား မျက်ရည်တွေတွေ ကျဆင်းလျက် ဤသို့လျှင် ပြောဆိုကာ ငိုကြွေးလေ၏။

"မဘုရားရဲ့ မောင်ချစ်၊ မောင်ချစ်မှာ ဘယ်လို ရောဂါဝေဒနာ စွဲကပ်ပြီး ဘယ်လို ဖြစ်ပျက်လာရတာလဲ၊ တိုင်းတော်ပြည်တော်ကို မင်းတစ်ပါးက ရန်တင်းထောင်သို့ တိုင်းဘောင်မြို့ပြည် မတည်မရပ်နိုင်ဘဲ ရှုံးကျွန်ပြုကာ ကိုကိုကြီးနှင့် မဘုရားတို့ထံ ပြေးလာခဲ့ရသလား။ မှူးမတ်စုံညီနှင့် တိုင်းပြည်ကြီးက တိုင်းမရပ်ချာ ပြည်အောင်ချာမှ နှင်ထုတ်ကြလို့ မဘုရားထံ ပြေးလာခဲ့ရသလား။ တစ်ကိုယ်တော်ထီးတည်း ရံရွေတော်မှ မပါ၊ မဘုရားမောင် ရောက်လာချက်ကို မဘုရား အသည်းနာလှချည် ကိုကိုကြီးဘုရား၊ ညီတော်နန မင်းရွှေဥကို ရှုစားတော်မူပါဦး ဘုရား။

"မမဖျားတို့က မြကရားနှင့် မျက်နှာသစ်တော်ရေ ဆက်ပြီ၊ ရွှေမျက်နှာတော်ကို သစ်ပါဦး၊ ရွှေကရားနှင့် ထည့်ပြီး သုံးရေတော် ရောက်ပေါ့။ ဖဝါးတော်နနမှာ သွေးခြည်တော် ဥကုန်ပြီ၊ မမတို့ ငွေကရားနှင့် ကိုယ်တိုင်တော် ဆေးပြီး ဆေးဝါးထည့်ပေးမယ်"

ဖာတစ်လုံးခေါင်းကျားသည် တစ်စုံတစ်ရာမျှ စကားမဆိုနိုင်ဘဲ အစ်မတော် နှစ်ပါးကို ကြည့်၍ မျက်ရည်ကျမိလေ၏။

ဘုရင်မင်းမြတ်ကား ဤသို့ မိန့်တော်မူလေ၏။

"နမတော်များကလည်း ဆင်ကိုယ်ပင် တွေ့ရမှ ဆင်ခြေရာကို ရှာနေသေးသလား။ တစ်စုံတစ်ရာမျှ ကံသည် လူထူး အရူးအပေါ်မှာ စုံးစမ်းဖို့မလို၊ အရူးဟာ အရူးမျှသာ ဖြစ်တယ်။ အရူးကို ညှော်သည်လုပ်တဲ့ လူထက် ရူးတာဟာ မရှိတော့ဘူး။ စောဥမ္မာတို့ သလ္လာဝတီပြည်ကြီးမှ အစ်မတော်ကြီးဘုရားကလည်း တင်ကြိုပြီး သဝဏ်တော် ပို့ထားတာပဲ။ ဘာကိုများ ထူးထူးထွေထွေ စဉ်းစားကာ ဖွဲ့နွဲ့နေရသေးသလဲ။ စာဆိုကို မလုစမ်းပါနှင့်၊ အရူးသွေးကြွပြီး ရမ်းကုန်ပါ့မယ်။

"ဟဲ့..... ကိုယ်လုပ်တော် မောင်းမများ မရှိကြဘူးလား၊ ညီမတော်နစ်ပါးကို ဆောင်တော်ထဲ သွင်းသွားကြလေ။

"မင်းကြီးများ၊ ခေါင်းကို လေးကွက်ကျား ရိတ်၊ ဖာကြီး တစ်လုံးကို တုတ်လျှိ ထမ်း၊ မိကျောင်းကို ပိုက်ကာ ရူးသွပ်တဲ့ ဝေဒနာကြောင့် ခြေဦးလှည့်ရာ လျှောက်ပြီး ရောက်လာတဲ့ "ဖာတစ်လုံးခေါင်းကျား" အရူးဟာ ကိုယ်တော်မြတ်ရဲ့ ညီတော်မောင် တစ်ဝမ်းကွဲ မျိုးညွှန့်ရှိန် မင်းသားအစစ်ပင် ဖြစ်တယ်။ ကိုယ်တော်မြတ် ကျောင်းတော်မှာ တစ်နစ်တာ အတူ နေခဲ့စဉ်ကပင် "ငါ့ညီ၊ မင်းက သဘာဝကို လိုက်တဲ့ အတွေးသမား၊ အစဉ်းစားတွေကို မများနှင့်၊ မိန်းမများကို အထင်မမှားနှင့်၊ ညီတော်မောင် ရူးမယ်" လို့ ဆုံးမခဲ့သေးတယ်။ ယခု ရူးပြီး ရောက်လာပြီ၊ မျိုးညွှန့်ဟာ ညီတော်ပင် မှန်သော်လည်း ရူးသွပ်ကာ နေပြီမို့ ထီးနှင့် မတန်၊ သဘင်နှင့် မဟန်တာကြောင့် ဉကင်သ သဘင်ကို အသရေပင် ယုတ်စေနိုင်တကား။ တော်ရာသို့ ဆွဲထုတ်မောင်းနှင် လိုက်ကြပေတော့ မင်းကြီးများ"

"ကိုကိုဘုရား စိမ်းကား ရက်စက်တော်မူတော့မည်လား။ နတ်ပြည်ထီး၌ စံပြီးတော်မူကြ ကုန်သော ဘကြီးတော်နှင့် ခမည်းတော်တို့၏ မျက်နှာတော်ကို ငဲ့ကွက်တော်မူ၍ မေးမြန်းစုံစမ်း စစ်ဆေးတော်မူပါဦး ဘုရား။ ညီခင်သည် ကိုးကွယ်ရာမဲ့ကြောင့် ကိုကိုဘုရားထံ ရောက်လာခြင်း မဟုတ်။ လောကသဘာဝကို တပ်ရာကျ သိချင်လို့ ခရီးထွက်လာရင် ဝင်မိခြင်းပါ။ တစ်ရက်တာမျှ တည်းခိုရာ အခွင့်တော် မပြုနိုင်ဘူးလား ကိုကိုဘုရား"

"ဟဲ့ အာဏာသားများ၊ မင်းတို့စကား မိုးကြိုးသွား တဲ့"

အာဏာသားတို့သည် ဖာတစ်လုံးခေါင်းကျားကို ဆွဲလွှဲ နှင်ထုတ်ကာ မောင်းမဲနေကုန်ကြ၏။

အစ်မတော်တို့သည်ကား အဆောင်တော်တွင်းမှ တားဆီးမရဘဲ ငိုယိုကာ ထွက်လာကြလျက် စောရမယ်သည် ဤသို့ လျှောက်တင်လေ၏။

“ကိုကိုဘုရား၊ စဦးစားတော်မူပြီးလျှင် သနားတော်မူပါ။ နန်းတော်ထက် မွေး ရွှေလင်ပန်းနှင့် အချင်းဆေးသည့် နေမျိုးရင်သွေးကို ခေါက်ခေါက်ရက်ရက် ဗိုလ်ထုအလယ်မှာ ထွက်သွားရအောင် အမိန့်တော်မြွတ် ချမှတ်တော်မူသည်မှာ အလွန်လျှင် ရက်စက်တော်မူရာ ကျနေပါပြီတကား။ မျိုးညွန့်မှာ ကိုကိုဘုရားမှ တစ်ပါး ကိုးကွယ်ရာ မရှိပါ။ ကိုကိုဘုရားသာလျှင် ခမည်းတော်၊ မယ်တော် ဖြစ်နေပါသည်အတိုင်း အမိန့်တော်ကို ပြန်လည် ရုပ်သိမ်းတော်မူပါ ဘုရား”

“ဟဲ့...... အစောတို့၊ မင်းရေမည်သည် နမတော်တို့၏ အရာမဟုတ်၊ သည်အရေးဟာ ဆွေတော်မျိုးတော်တို့နှင့် စပ်ဆိုင်တဲ့ မင်းရေးစင်စစ်ပါကလား။ “ကလေးကဝ ခွေးရူးထက် အိမ်မှာ လှပစွာ မွေးထားတဲ့ခွေးက ရူးလျှင် သာပြီး ဒုက္ခပေးတတ်တယ်” ဆိုတာကိုလည်း နားစွဲကြဦးမှပေါ့။ သလ္လာဝတီပြည်ကြီးမှ အစ်မတော်ဘုရားများထံက သဝဏ်တော် ရောက်လာနင့်လို့ ကိုကိုကြီး နည်းတူ နမတော်များလည်း အသိပြီးသားကပဲ။ မင်းကြီးများ၊ ညီအစ်မတော်နှစ်ယောက် လျှောက်တင်သံကို ငါညာနဘန် မဆင်လို။ အတွင်းတော်သို့သာ သင်းတို့ကို သွင်းလိုက်ကြ မင်းကြီးများ”

“စောဥမ္မာသည် မင်းကြီး၏ ရင်ခွင်ထက်သို့ ကိုယ်ကို ပစ်လှ၍ ငိုယိုကာ ဤသို့ လျှောက်တင်လေ၏။

“ကိုကိုကြီးဘုရား၊ မောင်တော်ကလေး၏ ကိုးကွယ်ရာသည် ကိုကိုကြီးဘုရားသာလျှင် ဖြစ်ပါသည်။ ကိုကိုဘုရားက သနားမဆပါလျှင် ညီတော်ကလေးမှာ သူ့ပြည်၊ သူ့ရွာ၊ သူ့ရပ်မှာ၌ သေခြင်းဆိုးမလှ သေရပါလျက် နေမျိုးဆက်ဝင် နွယ်တော်စင်သည် ဂုဏ်စဉ်ကာ ညှိုးနွမ်း၍ သေပန်း ဆုံးရှုံးရပါချေတော့အံ့။ တစ်ကြောင်းမှာလည်း မင်းတို့အားတွင် ဆွေတော်မျိုးတော်တို့အားသည် အလွန်ကြီးမြတ်လှပါသည်။ တိုင်းတစ်ပါးမှ ရန်တင်းထောင်၍ တိုင်းဘောင် ပြည်ဘောင်ကို နှောင့်ယှက် လာသောအခါ ကိုကိုဘုရားမှာ တစ်ပါးတည်းသာ ရှိရှာတော် မူရပေလိမ့်မည်။ ညီတော်ငယ်ကို သိမ်းဆည်းတော်မူ၍ ဆေးဝါးမှီးစေသင့်ပါသည် ဘုရား”

“အရူး ဆွေမျိုးဟာ ကောင်းကျိုးဘက်မှာ ပေးနိုင်မလဲ၊ အရူးဋ္ဌိကာကို ငါ ကိုယ်တော်မြတ် ဖြေတာ မပြလိုဘူး၊ အမိန့်တော်” ဟူ၍ မိန့်မြွက်တော်မူပြီးလျှင် အတွင်းတော်သို့ ဝင်တော်မူလေ၏။

စောဥမ္မာနှင့် စောရမင်ကား ဆီးဆို့မရဘဲ လူးလဲကာ ငိုကြွေးနေကြလေ၏။

"အစ်မတော်ဖျားတို့၊ အပူကို သိမ်း၍ ငြိမ်းရစ်တော်မူပါဘုရား။ ကိုကိုဘုရားနှင့် အစ်မတော်ဖျားတို့၏ ကိုကိုကြီးနှင့် အစ်မတော်တို့အား မောင်တော်ကလေးသည် ကန်တော့လျက် ကန်တော့လျက် ငိုပြီးလျှင် ထွက်သွားရှာပြီဟု ကိုကိုကြီးအား ပြောရစ်တော် မူပလေ။ သလ္လာဝတီပြည် မိဖုရားနှစ်ပါး အစ်မတော် ဖျားတို့ကလည်း မျိုးညွန့်ကို အရှုးကြောင့် အစ်မတော် ခွင့်မပြု၊ တကောင်းပြည့်ရှင် သခင်ရိပ်ထီး မြနောင်ကြီးကလည်း တိုင်းပြည်က နှင်ထုတ်ခြင်း ပြုပြန်လေပြီ။ အစ်မတော်ဖျားတို့၊ တေဘုမ္မက၊ သခါရ၊ ဖြစ်က ပျက်ပြန်၊ လောကဓံတရား၊ ကံကတ္တားကို၊ ကြုံကြိုက်ပြား၍ ဘုရားသော်မှ ဝိပါက ဝဋ်ကြွေးကို မငြင်းရှာနိုင်ပေ။ မောင်ငယ်ကလေးက အလီလီ ကန်တော့ခဲ့ပါရဲ့။ ကိုကိုဘုရားအားသာ နောင်ကြီးကို ကန်တော့၍ ထွက်သွားရှာပြီဟု ပြောရစ်တော် မူပါတော့ အစ်မတော်တို့"

အစ်မတော် နှစ်ပါးလည်း "ငါတို့ မောင်တော်နှင့် အတူ လိုက်ကြပါတော့အံ့၊ အတောင်ကျွတ်သော ရွှေဟင်္သာငှက်ကဲ့သို့ တစ်ရပ်တစ်ရွာ၌ ကိုးကွယ်ရာမဲ့ ဖြစ်သည့် ငါတို့ မောင်တော်အား ငါတို့လိုက်၍ ပြုစုပြီးလျှင် ဆေးဝါးကုစားခြင်း ပြုကြပါအံ့၊ အစ်မတော်ဖျားများ ကလည်း မခင်၊ နောင်ဘုရားကလည်း မကြင်၊ ကံသာလျှင် သခင် ရှိတော့ရှာသော ငါ့တို့ မောင်တော်အား ငါတို့လိုက်၍ စောင့်ရှောက်ကြပါအံ့၊ တခြား ပြည့်ရွာ ရောက်လေရာ၌ ငါးပါး ရန်သူ တွေ့ခဲ့မူလည်း ငါတို့ မောင်တော်နှင့်အတူ တော်ရာတွင် သေခြင်းဆိုးနှင့် သုံးလောင်းပြိုင် သေကြပါတော့အံ့။ မည်သူလျှင် ငါတို့အား တားမြစ်နိုင်ပါအံ့နည်း" ဟု ငိုကြွေးလျက် ထွက်သွားရှာသော ဖာတစ်လုံးခေါင်းကျား၏ နောက်သို့ လိုက်မည်ပြုရာ အထိန်းတော်၊ ရံရွေတော်များက ခြေကိုဖက်ကာ ထားကြသဖြင့် အစ်မတော် နှစ်ပါးသည် မောင်တော်ကလေး ထွက်သွားရသည်ကို မဆည်နိုင်ဘဲ မတ်တတ်မှလဲကာ မိန်းမောသွားရှာကြရလေ၏။

ဖာတစ်လုံးခေါင်းကျားလည်း အောက်ပါအတိုင်း ဟစ်အော်မြည်တမ်း ရေရွတ်လျက် တကောင်းပြည်ကြီးမှ ထွက်ခွာသွားလေ၏။

"အချင်းတို့၊ တစ်မိဝမ်းတွင်း ရှေ့နောက်ဆင်းသည့် မောင်နမချင်းပင်လည်း သဘောချင်း မတူ။ လောက၌ တရားသာလျှင် ညီအစ်ကို မောင်နမဆွေမျိုးသားချင် မိတ်ဆွေ အပေါင်းအသင်း တို့ကို သိဘိ၏။ သနားကြင်နာတတ်ဘိ၏။ ဟယ်....... လောက၊ သင့်ကို အေးချမ်းစေနိုင်သည်ကား တရားသာလျှင် ကတည်း။

"ဆရာတော်အားဖြင့် လောက၌ တိမ်မြုပ်နေသော ပြဿနာသည် ပေါ်လည်၍ သူငယ်ချင်း မိတ်ဆွေ၊ အစ်မ၊ နမ၊ ကျေးကျွန်တို့ကို တွေ့ခဲ့ရပေ့ါ။ ဆရာတော်အား အလီလီ ကန်တော့ပါ၏။"

ဖာတစ်လုံးခေါင်းကျားသည် မိမိပြည်မှ ထွက်ခွာလာခဲ့သည်ဟု ရက်လ များစွာကြာရှိရာ ဦးစွန်ဖုတ်မှာ ၎င်းကိုချန်၍ ရိပ်ထားလေသောကြောင့် များစွာရှည်၍ သာ၍ အရှုးဖြစ်နေလေ၏။ အဝတ်တို့မှာလည်း ညစ်ပတ်စုတ်ပြတ်ပေကျံလျက် အနားတွင် လူမထိုင်ချင်လောက်အောင် နံစော်ကာ ရှိနေ၏။ ရေမှာလည်း လူမမြင်ကွယ်ရာလောက်မှာသာ ချိုးသောကြောင့် ကြေးညှော်များနှင့် အကျည်းတန်လျက် ကြောက်စရာ၊ ရွံစရာ၊ နလုံးပျို့အန်စရာ ဖြစ်သော အရှုးကြီး ဖြစ်နေလေ၏။

၎င်းသည် လမ်းခရီးခဲတို့၌ လူဆိုးသူဆိုး အစရှိသော အမျိုးမျိုးသော ရန်သူပေါင်း များစွာ တို့နှင့် လည်းကောင်း၊ သားရဲတိရ္စာန်တို့နှင့် လည်းကောင်း၊ တွေ့ကြုံရခြင်း များလေ၍ တစ်ခါတစ်ရံ ပရိယာယ်ဖြင့် လည်းကောင်း၊ တစ်ခါ တစ်ရံ လက်ရုံးအားကိုးနှင့် လည်းကောင်း တိုက်ခိုက် အောင်မြင်ခဲ့ရခြင်း များသောကြောင့် ခွန်အား အလွန်ကြီးမား သန်စွမ်းလာလေ၏။ ဝမ်းစာအတွက်ကို ကိုယ်တိုင်ကြံရသဖြင့် လည်းကောင်း၊ သတ္တဝါအမျိုးမျိုးနှင့် ဆက်ဆံရ၍ လည်းကောင်း လောက သဘော၊ အင်္ဂဝိဇ္ဇာ အတတ်တို့၌ ကောင်းစွာ ကျွမ်းကျင်နားလည်ခြင်း ရှိနေလေ၏။ ဤနည်းဖြင့် တောအထပ်ထပ်၊ တောင်အထပ်ထပ်တို့ကို လှုဝံ၍ သွားခြင်းဖြင့် ကျော်နင်းကာ စမ္ပာနဂိုရ်ပြည်ကြီးသို့ ရေးရှုကာ သွားနေလေ၏။

## အခန်း(၇)

## မည်သို့သော သူများနည်း

စမ္ဗာနဂိုရ်ပြည်ကြီး၌ ရွှေမြို့တော်ဝန်သည် တရားတော်ဖြောင့်ခြင်း၊ အကျင့်သီတင်းနှင့် ပြည့်စုံခြင်းတို့ဖြစ်၍ ဝန်ကတော်မှာလည်း မြင့်မြတ်လိမ္မာလှသော အမျိုးသမီး ဖြစ်လျက် မယားအပြား ခုနစ်ပါးတွင် နမနင့် တူသော မယားအဖြစ်၌ တည်သဖြင့် ရွှေမြို့တော်ဝန်နှင့် ဝန်ကတော်မှာ ရွှေနှင့် မြကဲ့သို့ အလွန်တင့်တယ် ညီညွတ်သော ဇနီးခင်ပွန်းတို့ ဖြစ်ကြကုန်၏။ ၎င်းတို့မှာ ဖုန်းတောင်း ယာစကာတို့၏ လားရာ၊ အထီးကျန်သော သူတို့၏ ကိုးကွယ်ရာ၊ ဆင်းရဲသူ အပေါင်းတို့၏ မှီခိုရာ၊ ပစ္စည်းရှင်အပေါင်း ဂုဏ်ရှင်အပေါင်းတို့၏ မြတ်နိုးရာ၊ ရသေ့ ရဟန်းတို့၏ ဒါယကာ ဖြစ်ချေ သောကြောင့် ဝေးနီးအရပ်တို့၌ပင် များစွာ ကျော်ကြားက ရှိလေသည်။

(စမ္ဗာနဂိုရ်ပြည်သည်ကား ယခု ဗန်းမော်မြို့ မြောက်ဘက်၌ ရှိ၍ မြို့ရိုးပျက်များနှင့် တည်နေရာများသည် ရှိသေးသည်။)

ရှေးအခါက စမ္ဗာနဂိုရ်ပြည်သည် သက်သာ ကမ်းယံ ပေါက္ကံ သလ္လာဝတီစသော ပြည်များနှင့် တစ်ရံတစ်ဆစ်မျှသာလျှင် ဆက်ဆံလျက် မောပြည်ထောင် လေးဆယ်၊ မျက်နှာမည်းပြည်ထောင် ငါးဆယ်၊ ယွန်းပြည်ကိုးပြည်၊ ဂန္ဓာလရာဇ်တိုင်းတို့နှင့်သာ များစွာ ဆက်ဆံကူးလူးလျက် ရှိချေသည်။ ထိုခေတ် ထိုအခါက ၎င်းပြည်သည် လှေဆိပ်၊ တက်ဆိပ်အားဖြင့် ကူးသန်းရောင်းဝယ်ခြင်းကို မှီ၍ များစွာ မစည်ကားသော်လည်း၊ ကုန်းလမ်းခရီး၌ကား အပြည်ပြည်မှ ကုန်သည်တို့သည် ဝန်တင်

တိရစ္ဆာန်များကို အသုံးပြုလျက် လာရောက်ကြကုန်သဖြင့် တန်ဆောင်မုန်းလမှသည် တန်ခူးလ တိုင်အောင် ကုန်သည်တို့၏ ဝင်ထွက်သွားခြင်းဖြင့် မစဲလေရကား။ ထိုပြင်အဖို့ ဆောင်းဥတုသည် ညဥ့်မရှိ သကဲ့သို့ပင် ဖြစ်ချေသောကြောင့် များစွာ စည်ပင် သာယာ ဝပြောသော ပြည်ကြီးတစ်ပြည် ဖြစ်ချေသည်။

ထိုသို့သော ပြည်မဥ္စ ဖာတစ်လုံးခေါင်းကျားသည် မိကျောင်းကို ပိုက်လျက်၊ အလွန်စည်ကားသော ဈေးလမ်းမကြီးတွင် လူများကို ရှောင်လျက် သွားနေသည်တွင် မြို့တော်ဝန်ကတော်နှင့် ပက်ပင်းပါ တွေ့လေ၏။

"ဒေါ်ဒေါ်တူ ထမင်းများ စားရပလား"

(ဖာတစ်လုံးသည် တိုင်းပြည်က ထွက်ကတည်းက ထိုကဲ့သို့ လောကွတ်ပျူငှာပြုပြီးလျှင် ချိုသံသာနှင့် တစ်ယောက်ကမျှ အရေးထားလျက် စကားမဆိုဖူးသဖြင့် အလွန် အံ့အားသင့်ကာ စကားနှုတ်တုံ့ ပြုလေ၏။)

"အရီးတော်၊ ပွဲတော်စာ နေနေသာသာ ယာဂုရည်ကိုမှ ဆက်မယ့်သူ မတွေ့ရသေးပါ"

"ဖြစ်မှ ဖြစ်ရလေ၊ လာ.... လာ..... လာ ဟို ထမင်းဆိုင်ထဲကို လိုက်ခဲ့၊ ထမင်း စားရအောင်"

"မျက်နှာနှင့် ဦးစွန်းဖုတ်ကိုပဲ ကြည့်ပါဦးဗျာ၊ ထမင်းဆိုင်ထဲမှာ ထမင်းစားတဲ့ လူများလား လို့"

"ဒေါ်ဒေါ် မသိလို့နော်၊ သည်းခံပါ၊ ဒါဖြင့် ဒေါ်ဒေါ်တို့အိမ်ကို လိုက်ခဲ့ပါ"

"နောက်ကဖြင့် လိုက်တော်မမူနိုင်။ သူများက သူတောင်းစားလာ၊ အရူးလားလို့ ထင်မှာပေါ့ အရီးတော်ရဲ့"

"ကောင်းပါပြီ မောင်ရယ်၊ ရှေ့ကပဲ သွားတော်မူပါ"

ဝန်ကတော်လည်း ဤနည်းဖြင့် ဖာတစ်လုံးခေါင်းကျားကို ခေါ်လာခဲ့၍ အိမ်သို့ရောက်လျှင် ဝန်မင်းအား "မောင်ရေ၊ ကျွန်မတော့ တူတစ်ယောက် ရခဲ့ပြန်ပေါ့" သမီးဖြစ်သူအားလည်း "နန်းစိန်၊ ညည်းအစ်ကိုကြီးကို ယာဂုများ တိုက်ပါကွယ်၊ ဆာလှပြီတဲ့" သားကလေး နှစ်ယောက်ကိုလည်း

"မင်းတို့ အစ်ကိုကြီးနှင့် ကစားနေလိုက်ကြ၊ မခန့်လေးစား မထီမဲ့မြင် မလုပ်ကြနှင့်နော်" ဟု ဝမ်းသားအားရနှင့် ပြောနေလေ၏။

ဝန်းမင်း၏ အိမ်ဝိုင်းထဲ၌ အလုပ် လုပ်နေသော လူပေါင်း ငါးရာတို့က မူကား "ဟော့..... တို့ဝန်ကတော် အရင်က သူတောင်းစား ဓာတ်စာကျနေတာ တော်တော် ကြားခဲ့တယ်။ ပြတ်သွားတာ ဘာမှ မကြာသေးဘူး၊ ယခု အရှုံးဓာတ်စာ ကျလာပြန်ပြီ" ဟု တီးတိုးပြောဆိုကာ လှောင်ပြောင် ရယ်မောကြကုန်၏။

ဖာတစ်လုံးခေါင်းကျားသည် ဝဲလင်းခန်းအထက်ဖျားက သားနား တင့်တယ်စွာ တင်ပျဉ်ခွေကာ ထိုင်၍ မနန်းစိန် တည်ကျွေးသော ယာဂုရည်၊ မုန့်၊ အသားကင်တို့ကို စားရင်း ဝန်မင်း၏သား မောင်ခွေး၊ မောင်ဝက်တို့နှင့် စကားပြောနေကာ ဤသို့ ဆင်ခြင်မိ၏။

ခြော်..... အလွန်တရာ မြင့်မြတ်၍ ကျက်သရေ မင်္ဂလာရှိသော အိမ်ပါကလား။ ဝန်ကတော်ကြီးသည် မိခင်လည်း ဟုတ်၏။ အဒေါ်လည်း ဟုတ်၏။ အစ်မလည်း ဟုတ်၏။ နန်းစိန်ကလေးသည်လည်း အလွန် သဘော အနေအထား သန့်ရှင်းစင်ကြယ်လှပေသည်။ ရွှေဟင်္သာက ရွှေဟင်္သာ ပေါက်ပွားလာခြင်းပင် ဖြစ်ဟန် ရှိပါရဲ့။ ငါ့ကို မြင်သူ အပေါင်းတို့သည် တက်တက်ရှုံးဟု ထင်ကြကုန်၏။ သူတို့လည်း ထိုသို့ပင် ထင်ဟန်လက္ခဏာ ရှိကြ၏။ သို့သော် လောကသဘောကို သိတတ် ကျွမ်းကျင်သည်နှင့်အညီ အရှုံးဟူသော ပညတ်ကို အပပြုလျက် သမာနတ္တတာ ဟူသော သဘောနှင့်အညီ ငါ့ကို ပြုစုပေသည်။ ခိင္ဓာဒသက အရွယ်သာရှိသေးသော ကလေးတို့မှာလည်း မိဘကောင်းသားများ ပီကြပါပေသည်။ အရှုံးရယ် ဟု ကချော်ကချွတ် မပြောမဆို၊ မပြုမကျင့်။ ယဉ်ကျေးဖွယ်ရာသော စကားကို အသုံးပြုလျက် ယဉ်ကျေးဖွယ်ရာစွာပင် ပြုမူနေထိုင်ကြပေသည်။ ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ။

ထိုသို့သောအိမ်သည် အိမ်တော်မင်္ဂလာ အစစ်ဖြစ်၍ အစစ်ဖြစ်သော ကျက်သရေနှင့် ပြည့်စုံလျက် ဆင်းရဲခြင်း၊ ပင်ပန်းကြီးစွာ ဖြစ်ခြင်းတို့ကို အမြဲ ကျော်ပေးကာ ရှိရပေလိမ့်တကား။ မကောင်းသော ဂြိုဟ်စီး ဇာတာ၊ နက္ခတ် အစီးအနင်းတို့သည်လည်း မည်သည့်အခါမျှ ကျရောက်နိုင်မည် မဟုတ်။ အခုးအငွေ့ အဖြစ်နှင့်သာ ပပျောက်၊ ပျက်ပြယ်သွားရပေလိမ့် တကား။ ကျက်သရေပေါင်း၊ မင်္ဂလာပေါင်းနှင့် ပြည့်စုံသည့် အိမ်တော်မင်္ဂလာပါ တကား။

ထိုခဏ၌ ရွှေမြို့တော် ဝန်မင်းသည် အဝတ်ကောင်းများကို ယူလာ၍ "မောင့်အဝတ်များ ညစ်ပေ စုတ်ပြတ်လှပါပြီ၊ လဲပါဦး" ဟု ပေးလေ၏။

ဖာတစ်လုံးခေါင်းကျားကား ခေါင်းခါ၍သာ နေလေ၏။

"အဟောင်း မဟုတ်ပါ၊ ဝတ်လဲကျများလည်း မဟုတ်ပါ၊ သန့်စင်တဲ့ အသစ်စက်စက်များပါ။ ဦးတို့ရဲ့အိမ်က သူတစ်ပါးအား အကြွင်းအကျန် အဟောင်းအမြင်းများနှင့် ထောက်ပံ့ချီးမြှင့် မ စ လေ့ မရှိပါဘူး။ မောင့်ဖာနှင့် တုတ်ကြီးကိုလည်း ချထားပါ။ ကလေးများကလည်း လက်ခြေ ငြိမ်ပါတယ်"

"ကိုယ်တော်မြတ်အား ရွှေမြို့တော်ဝန်မင်းက အဝတ်ဆက်သရန် မလို။ ကိုယ်တော်မြတ် ကသာ ဝန်မင်းအား ဆုတော် လာဘ်တော်ချပြီး မင်းဝတ်စိုးသုံး အဝတ်များနှင့် ချီးမြှင့်ဖို့ရန်သာ ရှိပါတယ်။ ယခု ရွှေကံကော် ညှိုးမှိန်နေလို့ မလွဲသာ သေးတာနှင့် အားနာတော်မူလျက်နှင့်ပင် ကြည့်နေတော် မူရတယ်။ ပံ့သကူ အဝတ်မှသာ သန့်စင်တယ် ဆိုတာကိုလည်း ဦးရီးတော် သတိမထားမိပဲ ကိုး။ သည်ဖာတော်နှင့် တုတ်တော်က ပြည်တော်မှ စကတည်းက ပါရင်းမို့ ဖယ်ထားလိုက်ရင် မိတ်ဆွေသစ် တွေ့တာနှင့် မိတ်ဆွေဟောင်းကို ကျေးဇူးကန်းရာ ရောက်မှာပေါ့ ဝန်မင်း"

အလုပ်သမားများက "ဟေ့ တို့ဝန်မင်းကြီးအိမ် ရောက်လာတဲ့ လူထဲမှာ သူ အမောက်ဆုံးပဲ ကွယ့်" ဟု ဟားတိုက်ကာ ပြောဆိုရယ်မောကြကုန်၏။

ထမင်းစားရန် အသင့်ဖြစ်သောအခါ၌ နန်းစိန်သည် ဖာတစ်လုံး ခေါင်းကျားအား "ရှင့် ညေ့သည် အစ်ကိုကြီး၊ နာမည်ကိုလည်း မသိပါဘူးလေ" ဟု ဆိုကာ ညည်းလေရာ၊ ဖာတစ်လုံးသည် "မျိုးညွှန့်ရှိန် ကိုယ်တော်ကြီးတဲ့၊ မျိုးညွှန့်ရှိန် ကိုယ်တော်ကြီးတဲ့၊ သေချာစွာ မှတ်ထားကွယ် လုံမကလေးရဲ့" ဟု ဆိုကာလေ ကြားကြသော အလုပ်သမားတို့ကား ဝါးခနဲ ရယ်ကြကုန်၏။

"ကိုယ်တော်ကြီး ထမင်း စားတော်ခေါ် ကြွတော်မူပါ"

ဖာတစ်လုံးသည် ခေါင်းခါကာသာ နေ၏။

"တူမောင်၊ ဘာကြောင့် ထမင်းမစားသလဲ၊ ဒေါ်ဒေါ်တို့နှင့် ထမင်းအတူတူ စားရမှာ မသတီလို့လား"

"အရှီးတော်နှင့် ဝရှီးတော်တို့ကို လူကဲ့ရဲ့မှာ စိုးလို့ပါ ခင်ဗျာ"

"သြော်.... အရီးတို့ကို လူကဲ့ရဲ့တာ ပဓာန မဟုတ်၊ မောင် ထမင်းစားရတာဟာ ပဓာနပါ"

ထို့ကဲ့သို့လျှင် ထမင်းစားရန် အကြိမ်ကြိမ် ခေါ်သော်လည်း မရသဖြင့်၊ နန်းစိန်သည် ဖာတစ်လုံးအား ကောင်းမွန်သားနား သပ်ရပ်စွာ သီးသန့် ထမင်းတစ်ပွဲ ပြင်ကာ ကျွေးလေ၏။

အင်း....... သူတော်ကောင်း သူတော်မြတ် အလွန် ပီသကြပေတယ်။ အင်း..... လောက၊ လောက၊ သည်လို သူမြတ်သူကောင်းများလည်း သင်လောကထဲမှာ ရှိသေးတယ်နော်။ နန်းစိန်လို့ သမီးရတနာကောင်းဟာလည်း တစ်မိုးအောက်မှာ တစ်ယောက်သာပဲ ထင်ပါရဲ့။ သောက်ရန် ရေခွက်က ရွှေဖလား၊ လက်ဆေးခံက ငွေပိုင်း၊ ယောက်ချိုက ငွေ။ "သတ္တဝါတို့ကို ကိုယ်နှင့် တန်းတူ မေတ္တာယူ၊ ကြည်ဖြူမြတ်လေး၊ ဝတ်စားပေး" ဆိုတဲ့ ပညာရှိ သူတော်ကောင်းများ ဆိုဆုံးမချက်ဟာ သည်အိမ်တော်မင်္ဂလာမှာ စု၍ တည်နေပါကလားဟု ဖာတစ်လုံးခေါင်းကျားသည် အောက်မေ့ကာ လက်လေးချောင်းနှင့် ထမင်းများကို နဂိုကျအတိုင်း သားနားစွာ စားလေ၏။

ရွှေမြို့တော် ဝန်မင်း၏ သားကလေး နှစ်ယောက်မှာ ပညာသင်ချိန် အရွယ် ရောက်သော်လည်း တက္ကသိုလ်ပြည်သို့ သွားရောက် မသင်ကြားရသေးသဖြင့် စာမျှသာလျှင် တတ်ကြသေး၏။

ဖာတစ်လုံး ခေါင်းကျားသည် ထိုသူငယ်တို့အား မင်းသားတို့ တတ်အပ်သော အတတ်များ၊ စစ်သူကြီးတို့ တတ်အပ်သော အတတ်များ၊ မင်းမှူးမတ်တို့ တတ်အပ်သော အတတ်များ စသည်တို့ကို တစ်စတစ်စ သင်ပေးလေရာ၊ ကလေးငယ်များမှာ ဇဝနပဋိဘာန် ဉာဏ်ပညာ အလွန် ထက်သန်သဖြင့် မခဲယဉ်းကြကုန်၏။

ထိုသို့ သင်ကြားပေးသည်ကို ရွှေမြို့တော်ဝန်မင်းနှင့် ဝန်ကတော်ကြီးသမီး နန်းစိန်တို့သည် ကြည့်မြင်ကြရ၍ အလွန်အံ့သြနေကြကုန်၏။ မြို့ဝန်မင်း၏ သားကလေးများမှာလည်း ဆရာကောင်း တပည့်ကောင်းများ ဖြစ်ကြသည်နှင့် အညီ တစ်ဆယ့်ရှစ်ရပ်သော အတတ်များနှင့် သာမက သျှတ္တရ အတတ်များ၊ ရွှေဖြစ် ငွေဖြစ် အတတ်များတို့ကို ခဏပန်းနှင့်ပင် ကောင်းစွာတတ်ကြလေ၏။ မနန်းစိန်သည်လည်း အပါးက ကြည့်နေသဖြင့် မောင်ကလေးများ ကဲ့သို့ပင် တတ်ကျွမ်းနေလေ၏။

"မိဘကောင်း၏ သားကောင်း သမီးကောင်းများတည်း"

ဖာတစ်လုံးခေါင်းကျားသည် ထိုအိမ်၌ သုံးလခန့် ကြာရှိ လွန်မြောက်သောအခါ အလုပ်သမားများ ထံသို့ သွား၍ ခဏခဏ မိကျောင်းကို မမြည်လွန်းစေဘဲ အသံအုပ်ကာ တီးလေ၏။ အလုပ်သမားများမှာလည်း စောင်းသံကြောင့် အလုပ်ပျက်ကြကုန်၏။ ရွှေမြို့တော် ဝန်မင်းလည်း အလုပ်မပြီးနိုင်သဖြင့် စိတ်ညစ်လှ၍ ခဏ ခဏ မှိုင်ကာ ရှိနေရှာ၏။

"ဦးရှီးတော်၊ ဘာကြောင့် ခဏခဏ မှိုင်ရပါသလဲ၊ ဘယ်လိုများ စိတ်ညစ်စရာ တွေ့ရပါသလဲ။ ဟိုအကောင်တွေက ဘာတွေကိုများ နေ့တိုင်း မပြီးနိုင်ဘဲ လုပ်နေရသလဲ၊ ဘယ်နေရာမှာ အသုံးချဖို့လဲ"

"သည်လိုကွယ့် တူတော်မောင်၊ ဘုရင်မင်းမြတ်ရဲ့ တစ်ပင်တိုင်မြနန်းနှင့် စံစားနေတော်မူတဲ့ သမီးတော် လှမျိုးမြင့်ထိပ်စုမြတ်ဖျားရဲ့ ပန်းကုံးစွပ် မင်္ဂလာသဘင်အတွက် ရွှေပန်းကုံး ပြုလုပ်ရရာ ခုနစ်လ ခုနစ်ရက် အခွင့်ပေးထားတယ်။ ရက်လည်း စေ့တော့မည်၊ ပန်းကုံးလည်း တစ်ဝက်မျှ မပြီးသေးဘူး မောင်"

"သည်လိုဖြင့် မစိုးရိမ်ပါနှင့် ဦးရှီးတော်"

မြို့တော်ဝန်ကား ဖာတစ်လုံးကို မျက်တောင်မခတ် ကြည့်နေလေ၏။

"ဦးရှီးတော်ကာ ကျွန်တော့်ကို အထင်သေးတယ် ထင်တယ်"

"မသေပါမောင်"

ဖာတစ်လုံးခေါင်းကျားသည် ဦးစီး၍ ရွှေပန်းကုံးကို ပြုလုပ်ရာ ခဏနှင့်ပင် အပြီးတိုင်သဖြင့် အားလုံးသော သူတို့သည် အလွန် အံ့သြကြကုန်၏။ ထိုရွှေပန်းကုံးသည်ကား ဆင်ပြောင် နှစ်စီးနှင့်မှသာ တင်ယူနိုင်သဖြင့် ဗိုလ်ခြေငါးရာနှင့် ထမ်းဆောင်ပို့ရမည် ဖြစ်ချေ၏။

ထိုအခါ ဖာတစ်လုံးလည်း မိမိသည် ဗိုလ်ခြေငါးရာတွင် အပါအဝင်ပြု၍ လိုက်ပါရရန် တောင်းပန်လေ၏။ ရွှေမြို့တော်ဝန်လည်း အတန်တန် ငြင်းပယ်ကာ ရှိ၏။ သို့ရာတွင် ဖာတစ်လုံးသည် အတန်တန် ပူစာသောကြောင့် မြို့ဝန်မင်းလည်း "မောင်တစ်ယောက်တည်း ရွှေပန်းကုံးနှင့် ပြာသာဒ်ကို မ ယူ ဆောင်ကြဉ်းနိုင်ပါမူ လိုက်ပေတော့" ဟု အခွင့်ပြုလိုက်ရလေ၏။

"ဒါထက် နေပါဦး ရွှေမြို့တော်ဝန်မင်းရဲ့၊ သည်ပန်းကုံးကြီး ဧရာနန္ဒာကို ဘုရင့်သမီးစုတ်က သူ မ နိုင်မတဲ့လား"

"အလိုလေး သည်လို မဆိုရဘူးမောင်၊ ဘုရင့်သမီးတော် ဆိုတာဟာ အင်မတန် ဘုန်းကြီးပြီး ဓားထက်လွန်းလို့ ထိပ်စုမြတ် သခင်မကလေးလို့ ခေါ်ရတယ်။ ရှင်ဘုရင်ဆိုတာဟာ ရေပိုင်၊ မြေပိုင်၊ လူများရဲ့ အသက်ဦးဆံကို ပိုင်တယ် မောင်ရဲ့။ ဘုရင်မင်းမြတ်က သဘောတော် မတွေ့ရင် ချက်ချင်း သတ်ပစ်နိုင်တယ် မောင်ရဲ့"

"ဟာဟ ကိုယ်တော်မြတ်လည်း ရာဇဝတ်ကျင့်ထုံးကို နားလည်ပြီးမို့ အထူးပြောဖို့ လိုမယ်မထင်။ ဒါပေမယ့် ဘုရင်မင်းမြတ်ရဲ့ စကားတိုင်း၊ အလိုတိုင်းဟာ တရားဖြစ်နေရင် မကောင်းဘူး။ တရားဟာ တရားမှ ကောင်းတယ် ဝန်မင်း၊ ဝန်မင်းတို့ရဲ့ မင်းသမီးဟာ အစုတ်ကြောင့် အစုတ်ပေ့ါ။ နားထောင်၊ ကိုယ်တော်မြတ် ရှင်းလင်းပြမယ်။ မိန်းမ ဆိုတာဟာ ယောကျ်ားတို့ ဘုန်းကို မှီခိုပြီး နေရတယ် မဟုတ်လား။ စကြာဝတေး မန္ဓာတ်မင်းရဲ့ သမီးပင် ဖြစ်စေကာမူ သူတောင်းစားနှင့် ဖူးစာကိုဆုံ၊ မေတ္တာကြိုးရုံမိလျှင် သူတောင်းစား ကတော်ပဲ မဟုတ်လား။ အလွန်နိမ့်ကျတဲ့ ပန်းသည်မကလေးပင်လည်း ဘုရင်က ကြည်ဖြူပြီး သဒ္ဓါတော်မူလို့ တော်ကောက်ခဲ့ရင် တောင်ညာ မြောက်ထား မိဖုရားကြီး ဖြစ်နိုင်တယ် မဟုတ်လား။ ဒါထက် ဦးရီးတော်ရဲ့ စကားကို ဆိုပါဦး၊ သူက မ နိုင်သတဲ့လား။ လျှောက်တင်စမ်းပါဦး"

"အင်း.... ခက်ပေ့ါ၊ ခက်ပေ့ါ၊ မ နိုင်တယ် မောင်ရေ့၊ မ နိုင်တယ်၊ ထိပ်စုမြတ် သခင်မကလေးဟာ သည်ပန်းကုံးမျိုးကို မဆိုထားနှင့်၊ ဆင်ပြောင်ငါးစီး အားကိုတောင် ဆောင်နိုင်တယ် မောင်ရေ့"

"ဟယ်..... တယ်နိုပ်သကိုး၊ အကြိုက်တော် ညီလို့ သဘောတော် သတီပေ့ါ။ ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင် ဆိုတဲ့ အတိုင်း လုမျိုးမြင့် အကြောင်းကို ကြားသိရတော့ ကိုယ်တော်မြတ် ဘဝင်တော်မှာ ထိပြီး ငြိတိတိကလေးဖြင့် နေပြီ ဝန်မင်း၊ ရွှေဖူးစာ ရှာလယ်သို့ ဖာတစ်လုံး ခရီးသည်မှာ မဟာနွယ်နှင့် သမ္ဘာချင်း နွယ်မိချင်လို့ ထင်ပါရဲ့။ ယောကျ်ားကို မှီကာ တီတာတာနှင့် ပလီခရာပြီး ဂုဏ်ကျက်သရေ၊ စည်းစိမ်းချမ်းသာကို ယူနေရှာရမယ့် မိန်းမသားကမှ သည်ပန်းကုံးကို မ နိုင်လို့ရှိရင် ကိုယ်တော်မြတ် ဘာကြောင့် မမနိုင်ရှိရမလဲ" ဟု ကြိမ်းပကာ၊ "ကိုင်း ကြည့်ဗျ၊ ရွှေမြို့တော်ဝန်မင်း" ဟု ပြောပြောဆိုဆိုနှင့် ရွှေပန်းကုံးနှင့်တကွသော ပြာသာဒ်ကို

ဘယ်ဘက် လက်တစ်ဖက်တည်းဖြင့် ဝါဂွမ်းပေါက် တစ်ပေါက်ကို ကိုင်တွယ်ဘိသည့်အလား မ ကာ ပြလိုက်လေ၏။

ဝန်မင်းနှင့်တကွ မြင်ကြရသော ဗိုလ်ခြေ အပေါင်းတို့သည် လက်ခုပ်တီးကာ၊ လက်ဖျောက်တီးကာတို့နှင့် ရင်သပ်ရှုမော ဖြစ်ကြကုန်လျက် တမာဝဲချီး အသီးသီး ဖြစ်ကြလေကုန်သည်။

ဖာတစ်လုံးခေါင်းကျားသည် ၎င်း၏ စွမ်းရည်ကြောင့် ရွှေပန်းကုံးကို ပို့ဆောင်ရန် အခွင့်ရလေရာ၊ တစ်ကိုယ်တည်း ပြာသာဒ်ကို မ၍ ဗိုလ်ခြေငါးရာ ဝန်းဝိုင်းရံလျက် ယူဆောင်သွားလေ၏။ ထိုသို့ ယူဆောင်သွား၍ မြို့တွင်းသို့ ဝင်လျှင် ဝင်ချင်းပင် ပန်းကုံးနှင့် တကွသော ပြာသာဒ်ကို မိုးကြိုး ခ သဖြင့် ပြာအတိ ကျသွားလေ၏။

(စာပြောဆရာတို့ကမူကား မြို့ရိုး မုခ်ဝ အထွက်မှ ပြုလုပ်ထားသော ရွှေဟင်္သာရုပ်က ပန်းကုံးကို ကောက်မျိုးလိုက်သည်ဟု လည်းကောင်း၊ ဖာတစ်လုံးသည် တစ်ရာ့တစ်ပါးသော မင်းတို့ကို အောင်၍ ပြည်တော်သို့ ဝင်သောအခါ ဟင်္သာရုပ်ကို ရွှေကြိမ်လုံးနှင့် ရိုက်ရာ ဟင်္သာရုပ်က ထိုရွှေပန်းကုံးကို အန်ထုတ် ပေးရသည်ဟု လည်းကောင်း ဟောပြောကြလေသည်။)

ရွှေမြို့တော်ဝန်ကား အိမ်သို့ ရောက်ကာလ မှိုင်တွေချလျက် နေလေ၏။

"ဦးရီးတော် စိတ်ပူနေသလား၊ စိုးရိမ်နေသလား၊ မထောင်းတာပါဘူး"

"တူမောင်၊ အဘယ်မှာ မစိုးရိမ်ဘဲ ရှိပါ့မလား။ သည်ရွှေများကို အစားထည့်လုပ်ဖို့ ဦးတို့မှာ ရွှေမရှိဘူး"

"ခက်ခက်နိုးနိုး ရှားရှားပါးပါး ဝန်မင်း၊ ဘော်များကိုသာ ရှာပါ။ ရွှေရပါစေ့မယ်"

"ဘာဘာဘုရား၊ စိုးရိမ်ဖို့ မရှိပါ။ ဘုရားကျွန်မပင် ရွှေလုပ်ပေးပါမယ်။ ပန်းကုံးကို မိုးကြိုး ခတုန်းက ကိုကိုကြီး ပြာတစ်ဆုပ် ယူခဲ့တယ် မဟုတ်လား။ ကျွန်မကပင် ရွှေကို လိုသလောက် လုပ်ပေးပါမယ်၊ ဘော်များကိုသာ ရှာပေးပါဘုရား"

"ဟဲ့ လုံမကလေး၊ မင်း ဘယ်က သည်အတတ်ကို တတ်သလဲ"

"ကိုကိုကြီးက ငွေးနှင့် ငဝက်တို့အား ဓာတ်သဘောအကြောင်းကို သင်ပေးစဉ်က မှတ်ထားလိုက်ပါတယ်"

ဝန်မင်း၏သမီး နန်းစိန်သည် ဖာတစ်လုံးခေါင်းကျားထံမှ အတတ်ကို ကြားဆရာ၊ မြင်ဆရာအဖြစ်နှင့် တတ်မြောက်နေသည်အတိုင်း ဘော်များကို ရွှေလုပ်၍ မိမိ၏ ဖခင်အား ပေးလေ၏။

ဖာတစ်လုံးခေါင်းကျားလည်း တစ်ဖန် ပြာသာဒ်နှင့် ရွှေပန်းကုံးကို ချက်ချင်း လုပ်ပေးပြီးနောက် ရေးနည်းတူ ယူးဆောင်သွားပြန်လေရာ။ ဖာတစ်လုံးခေါင်းကျားပင် ပါပြန်သဖြင့် မိုးကြိုးကျပြီးလျှင် ရေးနည်းတူ ဒုတိယတစ်ကြိမ် ပြာဖြစ်သွားပြန်လေ၏။

ရွှေမြို့တော်ဝန်ကား ယခုတော့ မုချ ဒုက္ခ ဖြစ်ရတော့မည်ဟု များစွာ စိတ်နှလုံး ပင်ပန်းခြင်း ဖြစ်သော်လည်း နန်းစိန်ကပင် ကြေးများကို ရွှေ လုပ်ပေးသဖြင့် သက်သာရာ ရလေ၏။ ရွှေပန်းကုံးလည်း ရေးနည်းတူ ပြုလုပ်ပြီးသော် ရေးကကဲ့သို့ ပို့ပြန်ရာ၊ ဖာတစ်လုံးခေါင်းကျားပင် ပါပြန်သဖြင့် မိုးကြိုးကျ၍ ပြာဖြစ်ပြန်လေ၏။

ရွှေမြို့တော်ဝန်မှာ ယခုအခါ၌ ရေးကထက် တိုး၍ စိတ်ပူပင်သော်လည်း သမီးဖြစ်သူက ခဲများကို စုဆောင်း၍ နာရဏီအစစ် ရွှေလုပ်ပေးပြန်၏။ ဖာတစ်လုံးခေါင်းကျားလည်း ရေးကထက် အဆများစွာ ကောင်းသော ရွှေများကို အဆများစွာ လှသော ပြာသာဒ်နှင့် ပန်းကုံးပြုလုပ်ပြီးသော် အဘယ်ကြောင့် မိုးကြိုးကျသည်ဟု ဓာတ်သဘောကို စဉ်းစားဆင်ခြင်၍ ပြာသာဒ်၌ စိန်ဖူး တပ်ဆင်ကာ ပြုလုပ်ထားလေ၏။

ရွှေမြို့တော်ဝန်ကား သည်တစ်ခါ ရွှေပန်းကုံး ပြာကျသော်ကား ငါတို့ပြည်မှာ ဘော်ကုန်၊ ကြေးကုန်၊ ခဲလည်း ကုန်ချေပြီ။ မြေကိုတော့ ရွှေလုပ်၍ မဖြစ်ကောင်း။ အရည်းများက လူဝင်မတော်ဘူးလို့ ဗေဒင်ဟောထားတာကို မိန်းမက နားမထောင်ဘဲကိုး။ တော်တော့ကို ကံဆိုးတဲ့ မောင်ပဲ၊ သိကြား မတောင် ရနိုင်မယ် မထင်။ သန်ဘက်ခါလည်း ပန်းကုံးစွပ်ပွဲ သဘင်ရက် ဖြစ်ချေပြီဟု အောက်မေ့ကာ အိမ်မှ သုတ်သီး သုတ်ပျာ ထွက်သွား၍ မကြာမီမှာပင် ပြန်လာကာ ဖာတစ်လုံးနှင့် ချစ်ကြည်စွာ စကားဆိုနေလေ၏။

စမွာနဂိုရ်ပြည်မှ အာဏာသားတို့သည်လည်း ရွှေမြို့တော်ဝန်မင်းအိမ်သို့ ရောက်လာကြ၍ "ဝန်မင်းရဲ့ အိမ်၌ ဖာတစ်လုံးခေါင်းကျား ဆိုတဲ့ လူထူးတစ်ယောက် ရှိတယ် မဟုတ်လား" ဟု မေးလေ၏။

"ရှိပါ့ မောင်တို့" ဟု ဝန်မင်းလည်း ရှိလေ၏။

အာဏာသားတို့လည်း "အမိန့်တော် ပါတယ်၊ နားထောင်..... အမိန့်တော်" ဆိုကာ အမိန့်တော်ကို ဖတ်လေ၏။ ဝန်မင်းလည်း ဒူးတုပ်ကာ နားထောင် နေရလေ၏။

**စမွာနဂိုရ်ပြည့်ရှင် ဘုရင်မင်းမြတ် အမိန့်တော်**

ဖာတစ်လုံးခေါင်းကျား လူထူးသည် ငါ၏နေပြည်တော်သို့ ရောက်နေသည်ဟု သိရသည်။ သည်လူထူးသည် ငါ့သမီးတော်၏ ပန်းကုံးစွပ် မင်္ဂလာ အခမ်းအနားကို ဖျက်ဆီးလိမ့်မည်။ ထို့ကြောင့် တွေ့လေရာ အရပ်၌ ဖမ်းဆီး၍ ထောင်သွင်း အကျဉ်းထားလေ။

စမွာဂိုရ်ပြည့်ရှင် အမိန့်တော်

"အလို..... ကိုယ်တော်မြတ်က ဘယ်လို နောင့်ယှက် ဖျက်ဆီးမှာလဲ မောင်မင်းများ"

"ကျွန်တော်များ မသိပါ၊ အမိန့်တော်အတိုင်း နာခံဆောင်ရွက်ရပါသည်"

"ဟော့..... ငါ ထောင်ထဲ မလိုက်ဘူးကွ၊ လူစွမ်းကို ပြရသေးတာပေါ့။ ဘာကိုမှ မထီတဲ့ ဇာနည်ဘွား၊ တစ်ယောက်အားနှင့် တစ်သောင်းဗိုလ်ခြေကို ညက်ညက်ကြေအောင် ခြေပြမယ်၊ သာကီမျိုးကို မိုးထိအောင် ကျော်စိမ့်မဟော့" ဟု ဖာတစ်လုံးသည် ကြိမ်းပလေ၏။

"ကိုယ်တော်ကြီး၊ ကိုယ်တော်ကြီး ကြိမ်းတာ ကျွန်တော်များလည်း နောက်ပါးက ခစားပြီး သဘောတူလို့ အသင့်ပါပဲ၊ ကိုယ်တော်ကြီးလည်း ဧကရာဇ်ဖြစ်မှာ အမှန်။ ကိုယ်တော်ကြီး ဧကရာဇ် ဖြစ်တဲ့အခါ သည်လိုပဲ "ပုတ်တစ်လုံး မုတ်ဆိတ်ရှည်" လို့ ပေါ်လာပြီး ကိုယ်တော်ကြီးရဲ့ အမိန့်ကို မနာခံရင် ဘယ့်နယ်လုပ်မလဲ"

"ဟင်..... သည်စကားနှင့်ဖြင့် ကိုယ်တော်မြတ်ကို မတိုက်ပါနှင့် မောင်မင်း၊ ကိုယ်တော်မြတ် ဝမ်းနည်းပါတယ်။ ဘုရင့် အမိန့်ကို ပြည်တွင်းသူများဟာ နာခံရမယ်။ ဟုတ်တယ်၊ ပုန်ကန်ထောင်ထား

ခြားနားလို့ နိုင်တယ် ထာဦး၊ ပြည်တွင်း ညက်ညက်ကြေလို့ နိုင်သူပင် ဖြစ်စေကာမူ လောက သဘာဝကတော့ ရာဇဝတ်သား တရားခံပဲလို့ ဆိုတာကို ကိုယ်တော်မြတ် နားလည်ပြီ။ ကိုင်း.... မောင်မင်းများ၊ မောင်မင်းတို့ ထောင်ထဲသို့ မြန်းချီတော်မူကြစို့။

"ဦးရှီးတော်နှင့် အရှီးတော်၊ ထောင်နန်းစံချည်ဦးမယ် ခင်ဗျာ့။ နန်းစိန်တို့၊ ငခွေးတို့၊ ငဝက်တို့၊ အစ်ကိုကြီး ထောင်နန်းစံချည်ဦးမယ်နော်"

"ဟင်...... အစ်ကိုကြီး၊ ဘာပြစ်မှုနှင့် ထောင်နန်းစံရမှာလဲ၊ ကျွန်မတို့ရဲ့ စမ္ဗာနဂိုရ် ပြည်ကြီးမှာ ဘာမဆို တရားလက်လွတ် မဖြစ်ရဘူးရှင့်။ ဘဘဘုရားလည်း ရွှေမြို့တော်ဝန် ဆိုပြီး မတတ်နိုင်တော့ဘူးလား"

ဖာတစ်လုံးခေါင်းကျားသည် လက်ကာ၍ "တိတ်တိတ်နေ နမတော်၊ ဒါဟာ လူ့လောကရဲ့ သဘာဝကွယ်၊ ဘုရင့်သမီးတော် လင်ရွေးပွဲကို အစ်ကိုကြီးက ပျက်အောင် ဖျက်မှာစိုးလို့တဲ့၊ ကြံကြံစည်စည်ပဲ ရှိလှတယ်ကွယ်။ သည်လင်ရွေးပွဲကြီး ပြီးသည့်တိုင်အောင် အစ်ကိုကြီးကို ထောင်ထဲမှာ နေလိုက်ပါဦးတဲ့။ ဘုရင့်ကာကွယ်ရေးဥပဒေ အထူးအာဏာတော်ပေးပဲကိုးကွယ်၊ မကြာပါဘူး နန်းစိန်ရယ်၊ သူတို့ လင်ရွေးပွဲဟာလည်း သန်ဘက်ခါက စ မှာပဲ"

"ဟာ.... အစ်ကိုကြီး၊ သည်လိုဆိုရင် ဘာခံမလဲ၊ ကိုင်း ကျွန်တော်တို့ ခေါင်းဆောင် တိုက်မယ်။ ဘာကြောင့် ထောင်ထဲ လိုက်ရမှာလဲ၊ မလိုက်ပါနှင့်။ ထောင်ထဲမှာ မကောင်းပါဘူး"

"ညီတော်ကလေးများ၊ သည်လို သဘောမထားရဘူး၊ အေးအေးနေကြစမ်း၊ လက်နက်နှင့် အနိုင်ယူလျှင် ပြည်သူတွေ မအေးဘဲ ဘေးကြီး တွေ့ရတတ်သတဲ့။ အာဏာနှင့် အသာယူလျှင်လည်း ပြည်တွင်းပူ၍ ဆူလာတတ်သတဲ့။ အဲသည်တော့ တရားသဘောနှင့် တိုင်းပြည်စင်းလုံးချော အေးအောင် အနနည်းနှင့် ကြံဆောင် အောင်မြင်ရပေမယ်ကွယ့်။ ဘုရင့်သမီးတော်ကသာကွယ် ငါ့ကို ထောင်ထဲလာပြီး လင်ရတနာရယ်လို့ ရွေးချယ်ကာ ပန်းကုံး မစွပ်ပါစေနှင့်၊ ပြောလိုက်ကြပါ ညီတော်ကလေးတို့"

"အစ်ကိုကြီး ထောင်ကထွက်တော့ ကျွန်တော်တို့ဆီ လာခဲ့ပါနော်"

"ဒါတော့....."

"ဟင်.... အစ်ကိုကြီးက ကျွန်တော်တို့ကို မုန်းပြီး ခွဲသွားတော့မှာလား"

ဖာတစ်လုံး ခေါင်းကျားသည် မျက်ရည်လည်လာ၍ ငခွေးနှင့် ဝဂ်တို့၏ နဖူးကိုနမ်းလျက် "ဟင်... မင်းတို့ သံယောဇဉ် ငါ့ကို ကပ်ပြန်ပြီကွယ်။ ဒါကြောင့် လူလိမ္မာ သူတော်ကောင်းကို ငါမတွေ့ချင်တာပဲ" ဆိုကာ အလွန်ဝမ်းနည်းသည့် သဘောကို ပြနေလေ၏။

"အစ်ကိုကြီး ကျွန်မတို့ကို မုန်းပြီ၊ ပြန်မလာတော့ဘူးလား" ဆိုကာ နန်းစိန်သည် ကျုံကျုံချ၍ ငိုလေလျှင်၊ ဝန်ကတော်ကြီးနှင့် ဝန်မင်းလည်း မဆည်နိုင်ဘဲ ငိုကြလျက် မတတ်သာဘဲ အာဇာသားများ၏ နောက်သို့ ပါသွားရှာရသော ဖာတစ်လုံးခေါင်းကျားကို တသကာ ကျန်ရစ်ခဲ့ကြလေ၏။

ဖာတစ်လုံးခေါင်းကျားလည်း "သူတော်ကောင်းနှင့် တွေ့ရခြင်းသည် အေးချမ်းလှပါတကား။ ဝိပါကဝဋ္ဋရား ဆိုက်လာလျှင် ခံရမြဲ အစဉ်ပါတကား။ လောကမှာ ချစ်သောသူနှင့် ကွေကွင်း ရခြင်းသည် အလွန်ဆင်းရဲလှပါတကား။ နန်းစိန်နှင့် ညီတော်ကလေးတို့၊ အစ်ကိုကြီး သွားလိုက် ဦးမယ်။ ငါ့နမနှင့် ငါ့ညီတို့ ကောင်းစားဖို့၊ ကြီးမြင့်ဖို့၊ လူတွင် အထင်အရှားဖြစ်ဖို့ တာဝန်ဟာ ငါ့တာဝန်။ ဦးရီးတော်နှင့် အရီး၊ ကျွန်တော် ကန်တော့ခဲ့ပါတယ်နော်၊ ကျွန်တော့အကြံအောင်က ခမည်းတော် ဆောင်၊ မယ်တော်ဆောင်မှာ အေးအေးလေးနှင့် စံစားကာ နေရပါစေမယ်" ဟု ရေရွတ်ကာ ထောင်ထဲသို့ လိုက်ပါသွားရလေ၏။

ရွှေပန်းကုံးနှင့် တကွသော အတုမဲ့ ပြာသာဒ်သည် လက်ထပ်တဲနန်းသို့ တစ်စုံတစ်ရာမှ အပြစ်စွန်းငြိခြင်း မရှိဘဲ ဗိုလ်ခြေငါးရာ အားဖြင့် ရောက်သွားလေ၏။

ဖာတစ်လုံးခေါင်းကျားသည် ထောင်ထဲ၌ ဤသို့ စဉ်းစားမိ၏။

လောက၌ တွေ့ကြုံ ဆုံဆိုက် ဖြစ်ပျက်ရခြင်းသည် အလွန်ဆန်းပြားချေ၏။ စိတ်ကူး၍ ကြံဆခြင်းထက် ကိုယ်တွေ့ အဖြစ်အပျက်သည် သာ၍ ထူးဆန်းချေ၏။ လူတို့၌ ဖြစ်သမျှသော အကြောင်းသည် ကောင်းရန် အုတ်မြစ်တည်းဟု မယူမမှတ်နိုင်ဘဲ လောကဓံတရားကို သည်းမခံနိုင်ခဲ့သော် လောက၌ အရှုံးကြီး ရှုံးရလိမ့် တကား။ လူတို့ကို ပြုပြင်စီမံ ဖန်တီးမှုသည် ကံ၊ ဉာဏ်၊ ဝီရိယတို့သာလျှင် ဖြစ်၍ ဆိုးယုတ်သော ဘဝက အကြောင်းသည် လိုက်လာခဲ့လျှင် ဉာဏ်နှင့် ဝီရိယသည် ကာကွယ်ရုံမျှသာဖြစ်၍ မလွတ်နိုင်ချေ တကား။

ပညာရှိတို့သည် ထိုအကြောင်းတို့ကြောင့် ရောင့်ရဲသမှု ပြုခြင်းသည် ချမ်းသာခြင်း အစစ်ဟု ဆိုကြ၏။ သို့ရာတွင် အကြင်သူ တစ်ယောက်သည် တည်ကြည်သော စိတ်နှင့် ကြံသည် ရှိသော် စိတ်အလို၏ တန်ခိုးအတိုင်း အောင်မြင်ရန် ထိုဝိပါက ဝတ္တရားဘဝက အကြောင်းသည် အုတ်မြစ် အခြေခံမျှသာ ဖြစ်ချေသည်။ ထို့ကြောင့် ငါထောင်ကျခံရခြင်းသည် ငါလိုအပ်သော သည်ရင်း ကောင်းကို ရဖို့ရန် အကြောင်းရင်းပင် ဖြစ်လေဟန် တကား။

ငါ့အလိုသည် ငါအလိုရှိခြင်းသည် မြင့်မြတ်ကောင်းစားမှုကို လိုသလော၊ ငါ့မှာ တည်ကြည် ဖြောင့်စင်းသော စိတ်ရှိသလော။ သူတစ်ပါး အကျိုးစီးပွားကို လို၍ ကောင်းသောအကျင့်နှင့် မြဲသလော။ မဆုတ်မနစ် ကြံစည်ဝံ့သလော။ ထိုအင်္ဂါလေးချက်နှင့် ညီညွတ်ခဲ့ပါမူ အလွန် စက်ဆုပ် ရွံရှာဖွယ် ကောင်းသည့် အညစ်အပုတ် အဆွေးအမြည့်တို့သည် လိမ္မာသော ဥယျာဉ်မှူးအားဖြင့် ထွားကျိုင်း၊ ဖွံ့ဖြိုး၊ အရသာရှိသော အသီးအပွင့်တို့ကို ဖြစ်စေသည့် မြေဩဇာ ဖြစ်ရဘိသကဲ့သို့ ငါတွေ့ကြုံရသော အနိဋ္ဌဖလတို့သည် ငါ့အလိုအတိုင်း ကောင်းစားရန် အကြောင်းရင်း ဖြစ်ရလိမ့်မည် တကား။

ဖာတစ်လုံးခေါင်းကျားသည် ထိုသို့ တွေးဆပြီးသော် ထိုနေ့ည သူငယ် အိပ်ဆိတ်လောက်၌ မိချောင်းကို အလွန် မြည်ဟိန်းစေလျက် သာယာစွာ ထောင်တွင်းက နေ၍ တီးလေ၏။

ထိုအခါ စမ္မာနဂိုရ်ပြည်အလုံး အလွန် သာယာလှသော စောင်းသံကို နားထောင်မပြီးဘဲ တိတ်ဆိတ်စွာ နားထောင်နေကြလျက် နတ်များကပင် လာရောက်ကာ မိမိတို့ သခင်မကလေး၏ ကြင်ရာတော် ရွေးပွဲကို ကူညီဘိသည်ဟု ယိုးမှတ်ထင်စွဲကြကုန်၏။

နန်းမြို့ကိုးဆယ်မှ မင်းသားတို့သည်လည်း ဘုရင်မင်းမြတ်၏ ပင့်ဖိတ်ချက်အရ လှမျိုးမြင့်၏ ပန်းကုံးစွပ်သဘာသို့ ဝင်ရန် ရောက်နှင့်ကြကုန်၏။

တစ်ပင်တိုင် ခန်းဆောင်၌ စံလျက်ရှိသော မင်းသမီး လှမျိုးမြင့်သည်လည်း ဖာတစ်လုံးခေါင်းကျား၏ စောင်းသံကို ကြားရလတ်သော် ပထမ၌ အလွန် သာယာသော စောင်းသံပါ တကားဟု မိမိသုံးနေသည့် ဥပုသ်ကို ချလျက် နားထောင်မိ၏။ ထို့နောက် စောင်းသံသည် အလွန့်အလွန် သာယာလာသဖြင့် ဘဝင်တွင် ငြိလာ၍ စိတ်အာရုံကို ထိမိပြီးလျှင် ဤစောင်းသံသည် ဘုန်းသမ္ဘာနှင့် ပြည့်စုံလျက် ဉာဏ်ပညာ အလွန်ကြီးသော သူ၏ စောင်းသံ ဖြစ်ရမည်။ ဤမျှလောက် တစ်ပြည်လုံး ကြားရအောင် တီးသည့် စောင်းသံသည် သာမည မဟုတ်တန်ရာ၊ ငါ၏ ဖူးစာရွေးပွဲသို့

ဝင်နွဲရန် လာသော မင်းသားတစ်ပါး၏ စောင်းသံ ဖြစ်ရမည်။ ငါ့ကို တင်ကြိုနှုတ်ဆက်ဟန် ရှိသည်ဟု သန့်ရှင်းသော စိတ်ကလေးသည် ကာမဂုဏ် မြူးလျက် ထူးထွေကာ ကစားလာလေသည်။ စောင်းသံသည်လည်း သန်းခေါင်ယံ ရောက်မှ တိတ်သွား၏။ မင်းသမီးကလေးလည်း ထိုအခါမှ အိပ်ပျော်၏။

နန်းမြို့ ကိုးဆယ်မှ မင်းသားတို့လည်း မကြားစဖူး ထူးကဲလှစွာသော စောင်းသံကို မက်မောကာ အာရုံစိုက်ပြီးလျှင် တစ်ဦးကိုတစ်ဦး အကဲခတ်ကာ နေကြလေ၏။

နောက်တစ်နေ့၌ စောင်းသံသည် တိတ်ဆိတ်နေ၏။

ထိုနေ့ ညဦးကား ယမန် ညကကဲ့သို့ စောင်းသံသည် ပေါ်လာ၍ ရှေးကထက် ထူးကဲစွာ သာယာလေ၏။ ထောင်ထဲမှ လက်ရွေးစင် အသံကောင်း ထောင်သား ဆယ်ယောက်တို့၏ သံပြိုင်သီဆိုသော အသံနှင့် စောင်းသံသည် ကိုက်ညီလျက် အဇ္ဈ ဝေဟင် ကောင်းကင်ပြင်မှ ထွက်ပေါ်လာပြီးသော် စမ္ပာနဂိုရ်ပြည် အလုံးကို ငြိမ့်ညောင်းကာ သာယာစေလေ၏။ သီချင်း သံမှာလည်း ပညာရှိကြီး စပ်ဆိုထားသည်ဟု ယိုးမှတ်ဖွယ်ရာ လှမျိုးမြင့်၏ လှကြောင်း၊ သီတင်းသီလ ရှိကြောင်း၊ အမျိုးမြတ်ကြောင်းတို့ ဖြစ်၏။ လှမျိုးမြင့်သည် သီချင်းသံ၊ စောင်းသံတို့ကို ကြားရရာ ကောင်းကင်ပြင်မှ ထွက်ပေါ်လာသဖြင့် နတ်များ လာ၍ မတီ၊ မကူဟုပင် မထင်မှတ်နိုင်အောင် ဖြစ်၏။ သို့သော် ဘုန်းပညာနှင့် ပြည့်စုံသော မင်းသားတစ်ပါးပါးသည် မိမိကို နှုတ်ဆက်နေသည်ဟု စွဲနေလျက် မောင်တော်၊ ဘုရားနမကလေးဟာ မောင်တော် ထင်သလို မယဉ်ပါ၊ မောင်တော် ချီးပသလို မလှပါ၊ သီတင်း သီလ ပညာတို့မှာလည်း မောင်တော် ယူဆကာ သီကုံးသလောက် ပညာရှိများ သုံးလောက်မြောက်လောက်အောင် ရှိလှမယ် မဟုတ်ပါ။ မောင်တော်က ဘုရားနမ ကလေးကို မြှောက်ကာ လွန်လွန်းနေပြီ၊ ဘုရားနမကလေး မမြောက်တတ်။ ဘုရားနမကလေး ဘဝ မမြင့်တတ်။ နစ်ကိုယ့် တွေ့ရတော့မှ ဘုရားနမကလေးဟာ ရိုးရိုးကလေးနှင့်သာ နေတတ်ပါတယ် ဘုရားလို့ လုံးစေ့ပတ်စေ့ လျှောက်ရမှာပဲ စသည်ဖြင့် စိတ်ကစားကာ အာရုံ၏ လှည့်စားမှုကြောင့် ခန်းမဆောင် အရောင် တဖိတ်ဖိတ်တွင် မင်းသား၏ ရုပ်ပုံကို စိတ်ကူးနှင့် ရေးဆွဲ ထင်မြင်ကာ ပေါ်နေလေ၏။

သို့နှင့်ပင် လှမျိုးမြင့်သည် စိတ်ကူးကာ ညဥ့်ချိန် မောင်းလာသဖြင့် မျောက်မျဉ်း အိပ်ပျော်ဟန် အပြုတွင် အိပ်မက်တော် မြင်လာပြီးနောက် နိုးလာ၍ အလိုလေ...... ဆန်းလိုက်တာ၊ ရမ်းလိုက်တာ၊ ကြမ်းလိုက်တာ။ စောင်းသံ နသလို မောင်တော် မယုပါကလား၊ စောင်းသံ ချိုသလို

မောင်တော် မငြိုပါကလား၊ စောင်းသံ ကောင်းသလို မောင်တော် မပြောင်းပါကလား။ ဟော...... စိတ်ကောက်တော် မူပြန်ပြီ၊ အို..... ငါ ဘာတွေကို တွေးပါလိမ့်၊ ငါ ဘာဖြစ်ပါလိမ့်မလဲ။ ကြောက်စရာကြီး၊ ရက်စရာကြီး။ အိပ်မက်၊ အိပ်မက်၊ မမက်လာနှင့်၊ ရက်ပါတယ်၊ ပျော်အောင် အိပ်စမ်းပါ စသည်ဖြင့် တွေးဆကာ သန်းခေါင်ယံ ကျော်သည်အထိ အိပ်မပျော်ဘဲ စိတ်ကစားကာ နေလေ၏။

နောက်တစ်နေ့၌ အရုဏ်တက်ကပင်လျှင် အလွန်သာယာသည့် အေးမြချိုသာသော စောင်းသံသည် ကောင်းကင်မှ ဖြိုကာပြိုလျက် ထွက်ပေါ်လာလေ၏။ ရပ်နားသော အချိန်မှာ ခဏတာမျှသာ ဖြစ်၍ ရပ်နားသော အချိန်ထက် စောင်းသံ၏ ငြိမ့်ညောင်းသော အချိန်သည် များသကဲ့သို့ ဖြစ်နေ၏။

ထိုသို့သော စောင်းသံသည် လှမျိုးမြင့်၏ နလုံးသည်ပွတ်ကို ဝှေ့လျက် ရှင်ပျစေ၏။ နစ်သက်စေ၏။ အာရုံငြိမ့်ညောင်း၍ ၎င်း၏ထံသို့ တိမ်းစောင်းစေ၏။ ထို့ကြောင့် လှမျိုးမြင့်၏ သဘာဝစာတ်သည် စုန်မြူးလျက် ပထမမှာ ထိုစောင်းသံကို ခဏခဏ ကြားလို၏။ ဒုတိယ၌ စောင်းသံအရှင်ကို မြင်လို၏။ တတိယ၌ ထိုစောင်းသံရှင်သည် သာမန်လူစား မဟုတ်ဟု အောက်မေ့၏။ စတုတ္ထ၌ ထိုသမ္ဘာရှင်၏ အလုပ်အကျွေး ဖြစ်ရသော် ပစ္စုပ္ပန် သံသရာ နစ်ဖြာသော အကျိုးတို့၌ ဖွံ့ဖြိုးပေသတတ်ဟု အောက်မေ့ကာ ကိုးဆယ်သော မင်းသားတို့တွင် ထိုစောင်းသံရှင်ကို မည်သို့ ရွေးရမည်နည်းဟု လှမျိုးမြင့်သည် စဉ်းစားကာ ရှိနေလေ၏။

လှမျိုးမြင့်သည် ထိုကဲ့သို့လျှင် သဒ္ဒါရုံသည် သဒ္ဒါဟုန်ကို တွန်းတင်ပွားများစေခြင်းကြောင့် ပန်းကုံးစွပ်ပွဲ သဘင်သို့ ဝန်ရန် အချိန်နာရီတော် သတ်မှတ်ပေးသည့် စည်တော်သံကို ငံ့မျှော်လျက် နေစဉ်ပင် မိုးကြိုးကြည်းသံ ကဲ့သို့သော အချိန်ပေး စည်တော်သံသည် ပေါ်ပေါက်လာ၍ အရွယ်တူ၊ အဝတ်ဆင်တူနှင့် ရံရွေတော်၊ အပျိုတော်များ အမြောက်အမြား ခြံရံလျက် ပန်းကုံးစွပ်ပွဲသဘင်သို့ ရောက်လာလျက် ရွှေပန်းကုံး ကလပ်နားတွင် ထိုင်ကာ ဖူးစာရှင်ကို စိစစ်ရွေးချယ်ခြင်းဖြင့် တည်နေလေ၏။

လှမျိုးမြင့်သည် အလွန် သာယာချိုအေးသော စောင်းသံသည် စမ္ပာနဂိုရ်ပြည်ကြီးကို လွှမ်းလျက်၊ ကောင်းကင်မှ မပြတ်မစဲ နွှဲလျက် သမ္ဘာအတွင်းသို့ ဝင်လာနေရကား စောင်းသံရှင်သည် ဤသမ္ဘာအတွင်း၌ မပါကြောင်းကို သိရလေ။

ကိုးဆယ်သော မင်းသားတို့သည်လည်း ပန်းကုံးကြီးကို မြင်ကြရသဖြင့်ကြောက်ရွံ့တုန်လှုပ်ကာ ရှိကြသော်လည်း ရှုမငြီးနိုင်ဖွယ်သော တစ်ပင်တိုင် မင်းသမီး လှမျိုးမြင်ကို မြင်ကြရလတ်သော် ကြောက်ရွံ့တုန်လှုပ်ခြင်းကို မေ့ပျောက်လျက် သေရည်မူးနေသော သူတို့အလား တိမ်းဘိတိမ်းပါး ဖြစ်ကြ၍ ယောက်ျားကောင်းတို့၏ ဣန္ဒြေမှ မဲ့ကြကုန်၏။ အချို့မှာလည်း တဆန့်ငင်ငင်နှင့် မျှော်၍ အချို့မှာ မျက်လုံးပြူတ်ထွက်လုပ်မတတ် ဖြစ်ကြကုန်၏။ မင်းသား အသီးသီးတို့သည် ယောက်ျားမြတ်တို့၏ ဣန္ဒြေကို စွန့်၍ မိမိအားသာ ပန်းကုံးစွပ်စိမ့်သောငှာ အားထုတ်ကြဟန် ရှိကုန်၏။ ဗိုလ်ခြေငါးရာ ချီမ ရသော ရွှေပန်းကုံးနှင့် လှမျိုးမြင့်က ဖိခြင်းဖြင့် အပိခံကာ သေကြရသည်ကိုလည်း အလိုရှိဟန် ဖြစ်ကြကုန်၏။

လှမျိုးမြင့်လည်း ရွှေပန်းကုံးကြီးအား စံပယ်ပန်းကုံးကို ဆွဲကိုင်ဘိသည်အလား မ ၍ စမ်းပြီးမှ တစ်ဖန် ပန်းကလပ်ပေါ်တွင် တင်ထားပြန်လေ၏။ အကယ်၍ ပင်တိုင်ပျော် မင်းသမီး လှမျိုးမြင့်သည် မင်းသား ကိုးဆယ်လုံးကို ပြုံး၍ ပန်းကုံးစွပ်လိုက်ခဲ့ပါမူ သံကွန်ချာ အပိခံရသော ဘီလုံးငှက်ငယ်များကဲ့သို့ မင်းသား အားလုံးတို့သည် တစ်ပြိုင်တည်း ပွဲချင်းပြီးရန် ရှိချေသည်။

မင်းသမီးလည်း တစ်ဖန် ပန်းကုံးကို ချီကြွပြီးမှ တစ်ဦးဦးကို စွပ်တော့မည့်ဟန် ပြုလုပ်ပြီးလျှင် ပန်းကလပ်ပေါ်တွင် ပြန်တင်ထားပြီးသော် ယနေ့ဖူးစာတော်ရှင် ကြွင်ဖက်ရာ မပါလေတကား ဟု ညည်းတွားလျက် ပင်တိုင်တော်သို့ ပြန်တော်မူလေ၏။

ဒုတိယနေ့၌ မှူးသား၊ မတ်သား၊ ကလန်သံပျင်သား အစရှိသော သူတို့ကို ပန်းကုံးစွပ် ဖူးစာတော်ရှင် ရွေးပွဲသဘင်သို့ဝင်ရန် အခွင့်ပြုလေ၏။ သို့သော် အချည်းအနှီးပင် ဖြစ်လေ၏။

တတိယနေ့၊ စတုတ္ထနေ့များမှာ အသည် အမျိုးသားများ၊ အလာ ကပ်ပါးလူပျို လူရွယ်များကို ဖူးစာရွေးပွဲသို့ ဝင်ခွင့်ပြုသော်လည်း အချည်းနှီးပင် ဖြစ်ရသဖြင့် စတုတ္ထနေ့ည၌ လှမျိုးမြင့်သည် စိတ်ပျက်လွန်းမက စိတ်ပျက်လှလျက် စောင်းသံကိုပင် မမျှော်လင့်တော့ဘဲ စက်တော် ခေါ်တော့မည်ဟု သဏ္ဍာလီပေါ်၌ ထိုင်လိုက်သည်တွင် နတ်မင်းသားကလေးတစ်ပါးသည် နတ်မြင်းပျံကို စီးကာ နတ်စောင်းကို ကောင်းကင်ပြင်က ငြင်းနေသည့်အလား သာယာချိုအေးသော စောင်းသံ သည် ကောင်းကင်မှ သက်ဆင်းလျက် တစ်ပင်တိုင်ဆောင်သို့ ကန့်ကရနှင့် ဝင်လာလေ၏။

လှမျိုးမြင့်၏ နုးညံ့သိမ်မွေ့ ပျော့ပျောင်းသော ကိုယ်ရေကလေး နနသည် တဖိန့်ဖိန့်နှင့် တစိမ့်စိမ့် ဝမ်းသာသလို ဖြစ်နေလေ၏။ စောင်းသံသည်လည်း လှမျိုးမြင့်ကို ဖွဲ့နွဲ့သီကုံး စပ်ဆိုသော

သီချင်းသံတို့နှင့် နားထောင်မငြီးနိုင်အောင် တိတ်ဆိတ်နေသည့် သန်းခေါင်ယံ၌ သာယာသည်ထက် သာယာကာ နွဲ့ပလီမှုဖြင့် ညုကာညုကာ လိမ့်လာလေရကား၊ လှမျိုးမြင့်သည် ကြည်လင်သော ကောင်းကင်၌ ထွန်းတောက်နေသော လမင်းနှင့်ပြိုင်၍ စိတ်တည်းဟူသော စုတ်တံလှနှင့် လွှာပုံတည်းဟူသော အကာဇွေတွင် အစွမ်းရှိသမျှ ခြယ်လှယ်ရေးဆွဲကာ နေရင်း မျောက်မျဉ်း အိပ်ပျော်သွားသလို ဖြစ်သည်တွင် စိတ်၏ လှုပ်ရှားမှုဖြင့် ရှေ့ပိုင်းဦးနှောက်၏။ ခဏကြာသော် လှမျိုးမြင့်သည် လန့်နိုးလာ၍ "ပြီတာ မဟုတ်၊ ပလီတာ မဟုတ်၊ တီတာ မဟုတ်၊ အတည်အကြည်၊ မောင်တော် မရည်နှင့်၊ ရှောင်နော် ငိုချင်လာပြီ" ဟု ရောင်ရမ်းမိလျက် "အလိုလေး..... မိလှမြင့် ခက်ကပြီ၊ ရှက်စရာကြီး၊ ထို့......" ဟု စိတ်ထားကို ပြုပြီးသော် ထိုနေ့ည အချိန်ကုန်လေ၏။

ပဌမနေ့၌ သာယာငြိမ့်ညောင်းသော စောင်းသံသည် နံနက် အရုဏ် တက်စက စ၍ စမ္ပာနဂိုရ်ပြည် အလုံးကို လွှမ်း၍ ပျော်မြူးရွှင်ပျ စေလေ၏။ ပြည်သူတို့လည်း နတ်သဘင်သည်များ လာရောက်၍ ဖူးစာရေးပွဲကို ကူညီနေသည်လော ဟုပင် ထင်မှတ်နေကြကုန်၏။

ထို့နေ့၌ ထောင်သားများကို ထုတ်၍ ပန်းကုံးစွပ်ပွဲသဘင် အတွင်းသို့ သွင်းလိုက်လေရာ၊ ဖာတစ်လုံးခေါင်းကျားလည်း ဖာကြီးကို တုတ်နှင့်လျှိုကာ ထမ်းပြီးလျှင် မိကျောင်းကို ပိုက်လျက် ပါလာလေ၏။

(ရွှေမြို့တော်ဝန်မင်းမှာ "အင်း..... အရှုး မွေးမိတဲ့ ကျေးဇူးကိုတော့ တွေ့ရချေတော့မယ်" ဟု ကြက်သီးထလျက် တုန်လှုပ်ကာ ရှိနေလေ၏။)

ထောင်သားတို့လည်း ညစ်ပတ်နံစော်နေသော ဖာတစ်လုံးခေါင်းကျားကို သူ့ထက်ငါ တိုးဝှေ့ တွန်းထိုးကြသဖြင့် ဖာတစ်လုံးသည် ရှေ့ဆုံးသို့ ရောက်သွားလေ၏။ ဖာတစ်လုံးလည်း အင်..... ညစ်ပတ်စုတ်ပွဲ နံစော်သော အဝတ်တို့ဟာ ရွံစရာပါ ကလားဟု အောက်မေ့နေပါသည်။ အဝတ်များဟာ အင်မတန် အရာရောက် အဖိုးတန်လှပါကလား။ သူတို့ကြောင့် ငါ ရှေ့ဆုံး ရောက်ရတယ်ဟု မိမိ၏ အဝတ်စုတ်၊ အဝတ်ညစ်၊ ကြေးညှော် တလပေနှင့်သော အဝတ်တို့ကို ကျေးဇူးတင်ပြီးလျှင် လှမျိုးမြင့်နှင့် နီးကပ်ကာ ရှိနေ၍ ခွံခွံမားမားကြီး မတ်တတ်ရပ်ကာ ရှိနေလေ၏။

အစောင့်အကြပ်တို့သည် ဖာတစ်လုံးခေါင်းကျားကို အထိုင်ခိုင်းလေ၏။

"ဟဲ့...... ကျွန်များ၊ နင်တို့ အထိုင်ခိုင်းလို့ ငါ ထိုင်ရမလား၊ နင်တို့ မင်းသမီးစုတ်ရဲ့ အောက်က ငါ ဘာကြောင့် ထိုင်ရမလဲ"

"မောင်တော် သဘောတော် သင့်မြတ်သလို နေပါစေ။ အာဂန္တုသားများ၊ မောင်တို့ ဖယ်ကြပါ။ မောင်တော်ဟာ စောင်းတော်သံရဲ့ အရှင်ပါလား"

"အေး...... ဟုတ်တယ်"

"သည်လိုဖြင့် ဘယ်ပြည်၊ ဘယ်ရွာ၊ ဘယ်ရပ်သာက ကြွလာဖြန့်ချိတော်မူခဲ့ပါသလဲ"

ဖာတစ်လုံးသည် မကြားကျွန်ပြု၍ "သည်မဏ္ဍာပ်ကို ဆောက်တဲ့ လူနယ်.... တယ်ဖျင်း၊ အခမ်းအနားကို စီမံတဲ့ လူကတော့ လင်လောင်းတွေဟာ အောက်က နေရမတဲ့။ အလွန့်ကို နေရာမကျတာပဲ။ သည်ပန်းကုံးကို နည်းပေးတဲ့ ဆရာကတော့ လူတော်ကြီး အစစ်ပါပဲ" ဟု လှီးလွှဲကာ စကားဆိုနေလေ၏။

လှမျိုးမြင့်သည် သမ္ဘာလည်း တင့်၊ ဉာဏ်လည်း မြင့်သော မင်းသမီးဖြစ်၍ ဤသို့လျှင် မြန်မြန်ကြီး စဉ်းစား အကဲခတ်နေလေ၏။

သည်သူ့ကို ဉာဏ်နှင့် မဝင်စားသူများက အချည်းနှီးသောသူ၊ သို့မဟုတ် အရူး၊ အနှမ်း၊ အသွမ်း၊ အသွပ်၊ အပေါ့၊ အလေ၊ အူကြောင်ကြောင်၊ လူအူ၊ တက်တက်ရှုး စသည်ဖြင့် ထင်မှတ်ကြမှာပဲ။ သူ့ဖာနှင့် တုတ်ဟာ တစ်ပါးသူ မသိမမြင်ထိုက်တဲ့ အကြောင်းထူး ရှိတန်ရာပေတယ်။ အလွန်နှစ်သက်ဖွယ် အဖိုးထိုက်တန်များ ဖြစ်ပေသတတ်။

သူ့နဖူးဟာ ပညာဉာဏ်နှင့် ပြည့်စုံပြီး သူတော်ကောင်းတို့ရဲ့ အကျင့်မျိုးတည်ရာ နဖူးပါကလား။ မျက်လုံးကား အလွန်ကြည်ပြီး တောက်ပကာ တည်ငြိမ်လျက် ရဲရင့်တဲ့သူ၊ သစ္စာရှိတဲ့သူ၊ အမျိုးသမီးများကို ထောက်ထား ညှာတာတတ်တဲ့သူ၊ ရန်အမျိုးမျိုးကို အောင်မြင်နိုင်မယ့် မျက်လုံးပါကလား။ နှာရောင်မှာကား ရိုးသားတော်ဖြောင့်ပြီး သူကျိုးကိုယ်ကျိုး နှစ်ဝကို သိတတ်ကာ ဆောင်ရွက်မည့် နှာရောင်ပါကလား။ အရက်အကြောက်ကို နားလည်တဲ့ နှာရောင်လည်း ဖြစ်ပါကလား။ ပါးစပ်မှာ ပညာရှိ သူတော်ကောင်း အာဇာနည်ယောကျ်ားတို့ရဲ့ ပါးစပ်ပါကလား။

ဟင်း...... သူ့ ရင်အုပ်ဟာ ခြင်္သေ့မင်းရဲ့ ရင်အုပ်လိုဖြစ်ပြီး ခါးမှာ ကျားရဲ့ ခါးလို၊ တင်ပါးဆိုင်ဟာ လူဝံရဲ့ တင်ပါးဆိုင်လို ဖြစ်ပြီးနေလို့ ရဲရင့်ရန်အောင်ရာ၊ ဉာဏ်ရှိရာ၊ ကိလေသာ နည်းပါးရာ၊ စီးပွားဖြစ်ထွန်းရာတို့ ပါတကား။ သည်သူရဲ့ ကိုယ်လုံးကိုယ်ပေါက်ပါ တကား၊ အဖိုးတန်

မင်းယောက်ျားပါကလား။ သူဟာ သူ့ခေါင်းကို ညီညီညာညာ လေးကွက်ကျား ရိတ်ထားခြင်းဟာ တစ်စုံတစ်ရာသော လောကရဲ့ ပြဿနာကြောင့် ဖြစ်တန်ရာတယ်။

လှမျိုးမြင့်သည် ထိုကဲ့သို့ လျှင်မြန်နိုင်သမျှ လျှင်မြန်စွာ စဉ်းစားပြီးမှ ဖာတစ်လုံးခေါင်းကျား မဖြေဆိုလိုသည်ကို မမေးတော့ဘဲ "မောင်တော်ဟာ ဘာကြောင့် နှမတော်ကလေးရဲ့ ကြင်ရာတော်ရွေး သဘာသို့ ရွှေစက်တော်စုံတင် ရောက်တော်မူပါသလဲ ဘုရား" ဟု ဆိုလေ၏။

"သည်လိုပေါ့ကွယ်၊ မင်းတို့ပြည် မြတ်မင်္ဂလာက ငါ့ကို ထောင်ချထားရာ၊ ရွှေမြို့တော်ဝန်က ထောင်သားများ လင်ထောင်ပွဲကို သွားကြရမယ်လို့ အမိန့်တော် ချတာနှင့် ယောင်တိယောင်တဖြစ်ပြီး ငါ ရောက်လာရတာပါကွယ့်"

"နှမတော် မိမိကလေးရဲ့ ဖူးစာတော်ရှင် ရွေးပဲမှာ ကြင်ဖက်တော် ရွေးခြင်းကို ခံယူမယ်ဆိုတဲ့ သဘောဖြင့် မောင်ဘုရား ကြွရောက်လာတော်မူတယ် မဟုတ်ပါလား ဘုရား"

"အလို..... အလို.... စော်ကားလိုက်တာ မင်းသမီးရယ်၊ နဖူးရေနှင့် ဒူးရေကိုပဲ အကဲခတ် စမ်းပါဦး၊ ညည်းရဲ့ လင်ထောင်ပွဲကို ငါ လာလိုတဲ့ဆန္ဒ လုံးဝမရှိ။ စိတ်ကူးမျှပင်လည်း မထည့်မိ။ ငါလည်း မလာ မရောက်၊ ညည်းတို့ မြို့တော်ဝန်က ထောင်ထဲက မောင်းထုတ်လို့ သုတ်သီး သုတ်ပျာနှင့် ရောက်မိရောက်ရာ ပေါက်ရောက်လာတာပါလို့ အပြောပြီးသားကပဲ။ ငါတို့လို ယောက်ျားဟာ သင်တို့လို မိန်းမက ကြင်ဖက်တော် ရွေးတာကို မခံ၊ အခု မခံ၊ ဘယ်တော့မှလည်း မခံ။ ငါကသာ နီးကြားရေ၌ ခွေးကဲ့သို့၊ ကာမဂုဏ်ရေ၌ ကြက်ဖကြီးကဲ့သို့ ယောက်ျားဆိုတာ ရှိအပ်ရာကြောင့် ငါကသာ မိန်းမကောင်းကို တော်ကောက် ရွေးချယ်မယ်လို့ မသိသေးရင် အခု မှတ်ထား။ နောင်ကိုလည်း တစ်သက်လုံး မှတ်ထား။ ကြားလား...... ပင်တိုင်ပျော်၊ အကဲတော် မမော်လေနှင့်၊ မှတ်ထား"

"မောင်တော်ဘုရားဟာ စောင်းသံရှင် မှန်ခဲ့ပါရင် စောင်းတော်ကို ညှိတော်မူစမ်းပါ။ ဘုရားနှမကလေး ရွှေနားတော် သာပါရစေ"

"သယ်.... ထပ်ပြီး စော်ကားပြန်ပြီ။ အရုပ်ဆိုး အကျည်းတန်သလို နှုတ်ကလည်း ကြမ်းတမ်းသကိုး၊ ငါဟာ စောင်းတီးပြီး လည်တောင်းစားတဲ့ သူတောင်းစား မဟုတ်၊ သူများ ခိုင်းတိုင်း လုပ်တတ်တဲ့ သာရေး နာရေး၊ မင်္ဂလာရေးတို့မှာ ရှူးပေါပေါ၊ သွပ်ချောင်ချောင် အပေါစား မဟုတ်။

ငါ့ကို ကြေးစားများ ထင်သလား။ သူများ ခိုင်းတာကို လုပ်တဲ့လူ မှတ်သလား။ ငါကသာ ခိုင်းမှာ။ ငါလုပ်ချင်မှ လုပ်မှာ။ ထွီ.....”

“သည်းခံတော်မူပါ မောင်တော်ဘုရား” ဟု တောင်းပန် တိုးလျှိုးကာ လှမျိုးမြင့်သည် ချစ်ကြည်ဖွယ်ရာရာ တပုံ့ပုံ့ တပြုံ့ပြုံ့နှင့် နေလေ၏။

အနီးတွင် စောင့်ကြပ်လျက် ရှိကုန်သော အရာရှိကြီးငယ်တို့သည်ကား မင်းသမီးနှင့် ဖာတစ်လုံးခေါင်းကျား စကားဆိုသည်ကို ကြားရလတ်သော် ရင်သပ်ရှုမော အံ့သြကြလျက် အချို့တို့သည် ဒေါသထွက်ကြသော်လည်း ဘုရင့် အာဏာတော်က အခွင့်ပြုပြီး ဖြစ်သဖြင့် တားမြစ် ချုပ်ချယ်ခြင်းငှာ မဝံ့ကြ။ သမီးတော် မျက်စောင်းတော်ကိုလည်း ရှိသေလျက် ရှိကြရသောကြောင့် ဆုပ်မနိုင် ခဲမရနှင့် အောင့်အည်းကာသာ နေကြရကုန်၏။ ရွှေမြို့တော်ဝန်မှာကား ခေါင်းနားပန်းကြီး၍ “ခက်ကပြီ၊ သည်တစ်ခါတော့ အရှူးမွေးမိသည့် ကျေးဇူးကြောင့် ရာဇဝတ်တော်သေး ရောက်ရချေ တော့မည် တကား” ဟု တွေးတောကြောက်ရွံ့ကာ တထိတ်ထိတ်နှင့် ရှိနေလေ၏။

“မောင်တော်ဘုရား၊ ဘုရားနှမကလေး ကန်တော့တော် ဆက်မယ့် ပန်းကို သနားတော် မူလှသဖြင့် အခွင့်ပြု သိမ်းပိုက်တော်မူပါ ဘုရား”

“အင်း..... စဉ်းစားဦးမယ်လေ”

ဖာတစ်လုံးခေါင်းကျားသည် ထိုသို့ ညည်းတွားပြီးနောက် စောင်းကြိုးကို ညှိလိုက်ရာ တစ်ပြည်လုံး တိတ်ဆိတ်ကာ အာရုံပြုကြလျက် သိကြားမင်းက အရှုးယောင် ဆောင်လာသည်ဟု ကိုယ်စီကိုယ်င တွေးတောနေကြစဉ် မင်းသမီးကလေး လှမျိုးမြင့်သည် အင်း..... တကယ့်အစစ် လူရူးဖြစ်ခဲ့လျှင်လည်း အိပ်မက်တော်အားဖြင့် “ဆောင်ကြာဖွေမှာ နှစ်ကိုယ်တွေ၍ မွေ့ခဲ့ပြီ၊ သဥ္စာပေါ်မှာ ပျော်ကာပွေ့ပြီး အလိုဖြည့်၍ ပြည့်ခဲ့ပြီ။” သည်လိုဖောက်ပြား စိတ်တော်မှာ မှားပြီးမှ တစ်ပါးသော မင်းသားနှင့် ဖူးစာကို ဆုံ၊ ကံကိုပုံပြီး ယုံခဲ့လျှင် သည်အိပ်မက်၊ သည်အာရုံကို သားတစ်ရာပင် ရစေကာမူ ဇာလီကထွေ၍ မမေ့နိုင်သဖြင့် ဖြူနီ ပြောက်ကျားသော စိတ်နှင့် သားသမီးတို့ကို ဖြစ်စေလျက် ငါ့အမျိုးကို တုံးစေမည်၊ ငါ့ထီးရိုးကို သုဉ်းစေမည်၊ ငါ့အညွန့်ကို ဆုံးစေမည်။ ငါ ခိုင်မာလော့၊ ငါယိုင်ပြီး မသမာနှင့် ငါဝိုင်ကာ မထွေလာနှင့်။ ဘာပဲဖြစ်ဖြစ် ချစ်မည်၊ ပလစ်မည်၊ ယစ်မည်ဟု အောက်မေ့လာလျက် “မောင်တော် ရွှေဘုန်းတော်ရှင်ဘုရား၊

ဘုရားနမကလေး အခစား ပေါ့လျော့မိသည်ကို သနားသဖြင့် အခွင့်ပြု သည်းခံတော်မူပါ ဘုရား” ဟု ဆိုကာ ဖာတစ်လုံးခေါင်းကျားထံ လက်ကမ်းတော်မူလေ၏။

ဖာတစ်လုံးခေါင်းကျားလည်း လှမျိုးမြင့်၏ ရွှေလက်တော်ကို ဖြည်းညင်းသာယာစွာ ဆွဲယူ ပွေ့ပိုက်လျက် တဲနန်းတော်ပေါ်သို့ တက်သွားလေ၏။ မင်းသမီး လှမျိုးမြင့်သည်ကား မျိုးညွန့်ရှိန် လက်ထပ်တဲနန်း ပလ္လင်ဇွေပေါ်သို့ တင်လျက် ရွှေပန်းကို ဖာတစ်လုံး၏ လည်တွင် စွပ်လိုက်ပြီးလျှင် လက်ယာဘက် အပါးမှ ဒူးတုပ်၍ ရိုသေစွာ ခစားကာ နေရာလေ၏။

ထိုအခါ ဒုံမင်း၊ ပတ်သာ၊ တူရိယာတို့ကို တစ်ပြိုင်တည်း တီးမှုတ်ကြ၍ ခရာသင်းတို့ဖြင့် သာယာငြိမ့်ညောင်းစေလျက် သပြေရေချမ်း သွန်းလောင်းပြီးသော် မင်္ဂလာဘိသိက် ချီးမြှောက်ခြင်းကို ပြုကြရလေသည်။ (ဖာတစ်လုံးကား ဆရာ ရှိရာသို့ မှန်းဆကာ ကန်တော့လေ၏။)

စမ္မာနဂိုရ်ပြည် အလုံး၌ အုတ်အုတ်ကျက်ကျက် တစ်ခဲနက်သော အသံဖြင့် ပွဲတင်ထပ်လျက် “သမီးတော် ပင်တိုင်စံ လှမျိုးမြင့်သည် ဖာတစ်လုံးခေါင်းကျား အရှုးကို မေတ္တာတော်မျှ၍ ပန်းကုံး စွပ်တော်မူလေပြီ” ဟု၊ “ယနေ့သည် စုလျားရစ်ပတ် လက်ထပ်တော်မူသည့် သဘောတော်သည် ပြီးဆုံးလေပြီ” ဟူ၍ ပြောဆို ကြေညာကြကုန်၏။

အချို့သော ပြည်သူတို့က မူကား “ထွီ..... နာကြားလေရဲ့ကွယ်၊ သည်အရူးကိုမှ မေတ္တာကျပလေ။ ကျော်တော့ ဝေဟင်၊ ပေါ်တော့ မြေပြင်၊ ရှယ်တော့ ထိပ်ဖူး၊ တွယ်တော့ ဘိတ်ရူး၊ အကျ နာရှာလေရဲ့” ဟု ကရုဏာ ဒေါသနှင့် စကားအတင်း ဆိုကြကုန်၏။ အချို့ကမူကား “အမြင်စုတ်ပေမယ့်၊ အရပ်က ဇာနည်၊ ကြမ္မာမဆိုင်လျှင် သမ္မာမပြိုင်နိုင်ဘူး၊ တကယ်လို့သာ သာမန် ဘုန်းမဲ့သူ ဖြစ်ခဲ့ရင် ပန်းကုံးစွပ်ရုံနှင့်ပင် မြေတွင်းလဲပြီး ရင်ကွဲကာ သေရမှာ အမှန်” ဟု ချီးမွမ်းထော်မနာ စကားကို ဆိုလျက် ဩဘာပေးကြကုန်၏။

ရွှေမြို့တော်ဝန်ကား “သည်တစ်ခါ လူမွေးမိသည့် ကျေးဇူးကြောင့် ဘေးကြီး တွေ့ရတော့မည်” ဟု စိုးရိမ် ကြောင့်ရွံ့လျက်နှင့်ပင် မင်းကြီးအထံတော်သို့ ဝင်လျက် အကြောင်းကို သံတော်ဦး တင်ရလေ၏။

မင်းကြီးကာ တရားနှင့် ပြည့်ဝသည့်အတိုင်း-

"သမီးတော် စုံမက်ပါက သမက်တော်ပေါ့ ဝန်မင်း" ဟု အမျက်တော် မထင်၊ သဘောတော်ဖြူစင်စွာနှင့် မိန့်တော်မူ၍ "ရှေ့တော်သို့ ဝင်ကာ ကန်တော့ပန်း ဆက်စေ" ဟု အမိန့်တော်မြတ် ချမှတ်တော်မူလေ၏။

ဖာတစ်လုံးခေါင်းကျားသည် ရှေ့တော်သို့ ဝင်ရောက်လာရာ သမီးတော်လည်း ကြင်ဖက်တော် နောက်ပါးက ခစားကာ အသင့်လိုက်ပါလာလေ၏။

နန်းရင်ဝန်ကြီးသည် ထုံးစံအလျောက် နေရာတော်ပြင်ပေးလျက် ခစား၍ ကန်တော့ပန်း ဆက်တော်မူရန် လျှောက်ထားလေ၏။

ဖာတစ်လုံးခေါင်းကျားသည် ထိုင်ရုံမျှပင် မထိုင်ဘဲနှင့် "သည်မျှလောက် သိမ်ဖျင်းတဲ့ မင်းချာမင်းအိုကို ယောက္ခမ တော်ဖြစ်ရုံမျှနှင့် ကန်တော့ဖွယ် မဟုတ်" ဟု မခန့်မလေး ဆိုလေလျှင် ဘုရင်မင်းမြတ်သည် ရုတ်တရက် အမျက်တော်ဝင် အချစ်တော် ကင်းစင်တော် မူလေရကား "ကိုးဆယ်သော မင်းသားတို့မှ ကြင်ဖက်တော်ကို မထင်၊ ဤ တက်တက်ရူးကိုမှ ဖူးစာဖက် မြင်ပြီးလျှင် အရောတော် ဝင်လေသည်မှာ သမီးတော်၏ ကြမ္မာငင်ရာပင် ဖြစ်ချေပြီ မင်းကြီးများ။ သမီးတော်မှာ ရင်နှစ်ပင် ဖြစ်လင့်ကစား ထီးနှင့်မဟန်၊ နန်းနှင့် မတန်သည့် လူရူးကို မေတ္တာတော်ဆိုင် သူ့ဘုန်းကို ပြိုင်လေမင့် သူ့လင် နောက်သို့သာ လိုက်ပါ ပါစေတော့ မင်းကြီးများ" ဟု ရင်နှစ်ကို ချစ်လျက်နှင့် အရက်ကို ငဲ့တော်မူပြီးသော် ညည်းတွားကာ အမိန့်ထုတ်တော်မူ၍ အတွင်းတော်သို့ ဝင်တော်မူလေ၏။

ဖာတစ်လုံးခေါင်းကျားသည်ကား စကားအနည်းငယ်မျှပင် လှစ်ဖော်ထုတ်ဆိုခြင်း မပြုဘဲ နန်းတော်ထက်မှ ဆင်းသက်၍ မင်းလမ်းမ ခရီးဖြင့် ဦးတည်ရာသို့ ရှေးရှုကာ လျှောက်သွားလေ၏။

မင်းသမီးကလေး လှမျိုးမြင့်မှာ ပင်တိုင်တော်၌ ပျော်ရသည်က စပြီးလျှင် မြေပေါ်၌ ဆို၍ ဖော်မဲ့ကာ ထွာညီမျှ မလှမ်းစဖူး။ နန်းတော်ပေါ်၌သာ မောင်းမရံရွေတော်တို့နှင့် တွဲမှီ သွားလာလေ့ ရှိပါလျက်၊ ယခုခါသော် ရံရွေဖော်လည်း မပါ၊ တွဲမှီစရာလည်း မရှိဘဲ မြတဘက်နှင့် သင့်တော်ရာရာကို ထုပ်ထားသည့် အထုပ်ငယ်ကိုသာ အထိန်းတော်က လှမ်းကာ ကမ်းလိုက်သည်အတိုင်း၊ အထုပ်ငယ်ကို ရွက်လျက် ကြင်ဖက်တော် ဖာတစ်လုံးခေါင်းကျား၏ နောက်သို့ တကောက်ကောက် လိုက်ပါသွားရရှာလေ၏။

လှမျိုးမြင့်၏ သိမ်မွေ့နူးညံ့ ပျော့ပျောင်းလှသည့် ကိုယ်လက်အင်္ဂါတို့သည် ဝါကြိတ်အတွင်းသို့ ကျသော ဝါဖက်ကဲ့သို့ ပျော့ပျောင်း နူးညံ့ရှိလျက် မလှုပ်နိုင်အောင် ရှိဘိ၏။ ဖဝါးခြေတော်နနမှာ သွေးခြည်များ ဥလျက် မလှမ်းနိုင်အောင် ရှိဘိ၏။ ကဆုန်လ နေရောင်အတွင်း၌ ကျရောက်သဖြင့် အရည်ပျော်လုဆဲဖြစ်သော ဖယောင်းကဲ့သို့ ချွေးသံယိုစီးကာ ကိုယ်ရေတော်ကလေး သည် နွမ်းရော် ခွေပျော့ကာ ရှိဘိ၏။

ပြည်သူတို့သည် ဖာတစ်လုံးခေါင်းကျား၏ နောက်မှ ထက်ကြပ်မကွာလိုက်ပါ သွားရရှာသော မိမိတို့၏ ထိပ်တင် သခင်မကလေး လှမျိုးမြင့်ကို မြင်ကြရလတ်သော် ကြင်နာခြင်းဖြင့် ဆီးဆို့ခြင်းငှာ မတတ်နိုင်ဘဲ အူသည်းလှိုက်လျက် ရှိုက်ကြီးတငင် ငိုကြွေးကြကာ ဤသို့ မြည်တမ်းကြကုန်၏။

"ပြည်သူ့ထိပ်တင် သခင်မကလေး ဘုရား၊ ဤလူရူး၏ နောက်သို့ လိုက်ပါမိခြင်းဖြင့် အကျိုးယုတ်ခြင်းမလှ ယုတ်လှလေစွ တကား။ မချစ်မကြင် လူသားပင် ဟုတ်ပါ၏လော။ သနားခြင်း မရှိ၊ နောက်သို့ လှည့်၍မျှ မကြည့်ဘဲ တစိုက်စိုက် သွားနေသော ဤသူ၏နောက်သို့ လိုက်ရန် မသင့်ပါ၊ သားစိမ်းစားဘီလူးသည် လူအဟုန် ပြု၍ မဟာဆီ မဟာသွေးကို စားလိုသောအားဖြင့် လှည့်ဖြားကာ လာရောက်ခေါ်ငင်ခြင်း ပြုလေဟန် တကား"

ပြည်သူတို့သည် မိမိတို့၏ သခင်မကလေး၏ နောက်သို့ လိုက်၍ ငိုကြွေး မြည်တမ်းကြကာ တားမြစ်ကြသော်လည်း လှမျိုးမြင့်သည် တွေ့ကြုံရသော ပင်ပန်းမှုကို ပင်ပန်းသည်ဟု မထင်၊ ဆင်းရဲကိုပင်လည်း ဆင်းရဲခြင်းဟု မအောက်မေ့ဘဲ လိုက်ပါသွားရသည့် ခရီးခဲ၌ ပူပြင်းလှသည့် နေရောင်ကို ချစ်သူ့နောက်သို့ လိုက်ရခြင်းဖြင့် အချစ်ဆိုသော အရိပ်ကြောင့် ချစ်ကြည်အေးမြ သာယာသော လ ရောင်ဟု သတ်မှတ်နေဟန် ရှိဘိ၏။

လှမျိုးမြင့်မှာ နွမ်းလျသော ကိုယ်ရေတော်ကိုမျှ မထင်၊ နာကျင်သော ဖဝါး ခြေတော်နနကိုလည်း ဂရုမပြု၊ ရှေးအခါက တွဲမှီ ရွှေဖော်တို့နှင့် နန်းတော်ထဲတွင် သွားလာနေရသည့် စည်းစိမ်တော်၊ ရွှေဝေါ၊ ရွှေယာဉ်၊ ရွှေကတို့ဖြင့် မောင်းမ မိဿံ ခြံရံလျက် ရှေ့ဝင်းနောက်ဝင်း ခင်းကာ စည်တော်တီးလျက် ရွှေမြို့တော် အတွင်း၌ လှည့်လည်ရှုစားကာ နေခဲ့သည့် စည်းစိမ်တော် အပေါင်းတို့ထက် ချစ်သူ့နောက်သို့ ခရီးခဲတွင် ပင်ပန်းစွာ လိုက်ရခြင်းသည် သာ၍ စည်းစိမ်ရှိ၍ မွန်မြတ်ဘိ၏။ ကျက်သရေအပေါင်းတို့ စုံလင်လျက် လင်ချစ်မကလေး ဆိုသော ဂုဏ်သည်

မွန်မြတ်ဘိ၏ ဟု အောက်မေ့ခြင်း အခါခါဖြင့် ချစ်သူကို ကြည့်ကာကြည့်ကာနှင့် အားရဝမ်းသာနေပုံ ရှိလေ၏။

ဖာတစ်လုံးခေါင်းကျားသည်ကား မိမိ၏ ကြင်ရာတော်ကို လှည့်၍မျှ မကြည့်ဘဲ မြန်မြန်လည်း မဟုတ်၊ နေးနေးလည်း မဟုတ်သော သွားခြင်းတို့ဖြင့် တစိုက်စိုက်နှင့် ရှေ့က သွားနေ၏။

ထိုကဲ့သို့ သွားခြင်းဖြင့် ဇနီးသည်အား မယုယသော ယောက်ျားသည် ကျားထက်ဆိုး၏။ မိမိ၏ ဇနီးသည်အား မကူညီသော ယောက်ျားသည် နွားထက်ယုတ်ညံ့၏။ (အကြောင်းသော်ကား နွားမသည် နွားသိုးကို အားမကိုး၊ မိန်းမသည် ခင်ပွန်းသည်ကို အားကိုးကာ ရှိချေသည်။) မိမိ၏ ဇနီးအား သနားညှာတာခြင်း ကင်းမဲ့သော ယောက်ျားသည် သားစိမ်းစား ဘီလူးထက် ရက်စက်၏။ မိမိ၏ ဇနီး အပေါ်၌ ခက်ထန်ကြမ်းကြုတ်သော ယောက်ျားသည် ငှက်ဖိုထက် ဆိုး၏။ (အကြောင်း သော်ကား ငှက်ဖိုတို့သည် ငှက်မအပေါ်၌ ခက်ထန် ကြမ်းကြုတ်ခြင်း မပြုကြ။) ဟူသော သဘောကို မင်းသမီးကလေးသည် စိုးစဉ်းမျှ အောက်မေ့ပုံ မရဘဲ သူ့နောက်သို့မီအောင် မလိုက်နိုင်သော ငါ့အား မောင်ဘုရားသည် အပြစ်တော် မြင်၍ အထင်တော် မှားခဲ့ပါလျှင် သနားအောင် ကြံဆင်ပြီးသော် အသို့လျှင် တင်ရပါအံ့နည်း။ ငါသည် ကျေလည်အောင် တင်နိုင်ပါ့မလား။

ခရီးလမ်းမတစ်လျှောက်၌ မောင်ဘုရား၏ ကိုယ်တော်မှ ယိုကျသော ချွေးရည်တို့ကို နှင်းရည်နှံ့ထုံသော ပဝါမြတ်ဖြင့် သုတ်မပေးနိုင်သည့်အတွက် ငါ့အား ဖွေယူတော်မူ၍ မကြည်ဖြူ ပါလျှင် ကြံဆင်ကာ မည်သို့ တင်ရပါမည်နည်းဟု လှမျိုးမြင့်သည် အောက်မေ့လျက် ချစ်သူကို မီအောင် နာကျင်သော မိမိ၏ ဖဝါးနှစ်စုံကို ပမာဏမပြုဘဲ ခပ်သုတ်သုတ် ခပ်ရုတ်ရုတ်နှင့် လှမ်းကာ လိုက်ခြင်းဖြင့် ငြော်...... မောင်ဘုရားကများ ရုတ်တရက် လှည့်၍ ကြည့်တော်မူခဲ့ပါလျှင် ထီးလည်း မဆန်၊ နန်းဟန် မကျ၊ အသွားအလာ ရိုင်းစိုင်းလှပါဘိကလား၊ ကြမ်းတမ်းရန့်ရင်း မိန်းမဖျင်းတို့၏ သဘာဝသာဖြစ်လျက် မိန်းမကောင်း၊ မိန်းမမြတ်တို့၏ ဣန္ဒြေရရ သွားပုံ၊ လာပုံ၊ ဟန်ယူပုံ၊ အသက်ရှူရှိုက်ပုံတို့ မဲ့ဘိ၏တကားဟု တဘောထားပြု၍ အမူတော်များ များခဲ့ပါလျှင် ကြံဆင်ကာ မည်ကဲ့သို့ တင်ရပါမည်နည်း။ ထိုသို့လျှင်သာ ပူပင်ကာဖြင့် လင်သာလျှင် သခင်၊ လင်သာလျှင် အရှင်၊ လင်သာလျှင် အမိ၊ လင်သာလျှင် အဖ၊ လင်သိမှ ဂုဏ်ထူး၊ လင် ချစ်ကြည်နူးမှ အမြတ်၊ လင်မြှောက်မှ ဒြပ်ဟူသော အောက်မေ့ခါခါဖြင့် လှမျိုးမြင့်သည် သူ၏ ကြင်ဖက်တော်ကို ဖူးမြော်ကာ လိုက်ရာလေသည်။

ဖာတစ်လုံးခေါင်းကျားသည် တောင်မဖျူဂုံးဦး ဇရပ်တန်ဆောင်သို့ တက်ရောက်၍ မြင့်မြတ်သော နေရာ၌ လျောင်းကာ အညောင်းဆန့်နေစဉ် မင်းသမီးကလေးသည် မီရောက်လာပြီးသော် "မောင်ဘုရား ခဏ ထ တော်မူပါ၊ စက်ရာတော် မသန့်သေးပါ ဘုရား" ဆိုကာ မြတဘက်ကို ခင်းပေးပြီးလျှင် မိမိ၏ ချစ်သူ့ ခြေအစုံကို ရိုသေစွာ ဆုပ်နယ်ပေးလေ၏။

ထိုခဏ၌ တောင်မဖျူဂုံးသားတို့သည် ရောက်လာကြ၍ မျက်ရည်စီးယိုနှင့် ဖာတစ်လုံးခေါင်းကျားနှင့် မင်းသမီးကို ဦးတိုက်ကာ ဇရပ်ကို လှည့်ကာပြီးလျှင် ဖျာ၊ သင်ဖြူး၊ ရိုင် စသည်တို့နှင့် နေရာနေခင်းများကို သုတ်သင်ရှင်းလင်းပြင်ဆင်ခြင်း၊ ရေချိုးအိမ်များ၊ မီးဖိုများကို ပြုလုပ်ထားခြင်းတို့ ပြုခဲ့ပြီးသော် ရှိခိုး၍ ပြန်ကြကုန်၏။

ဖာတစ်လုံးခေါင်းကျားကား ထိုအပြုအမူတို့ကို ကြည့်၍ အင်း...... မင်းကောင်း မင်းမြတ်ရဲ့ တိုင်းသူပြည်သားကောင်းတို့ ပါကလား၊ လုမျိုးမြင့် လိမ္မာသလို တိုင်းသူပြည်သားများ ရေခြား ပါကလားဟု အောက်မေ့နေသည်တွင် နန်းရင်းဝန်ကြီး၊ စစ်သူကြီး၊ ရွှေမြို့တော်ဝန်၊ အတွင်းဝန်၊ လွှတ်တော် တရား သူကြီး စသည်တို့မှ ကမ္ဘည်းထိုးလျက် ရွှေအနားကွပ် သင်ဖြူးများ၊ ဖုန်များ၊ သားမွေးထည် အခင်းများ၊ စောင်များ စသည်ဖြင့် မလိုရအောင် ရထားများနှင့် ဆိုက်ရောက်လာ၍ အမှုထမ်းတို့သည် ပြင်ဆင်သွားကြသဖြင့် ထိုဇရပ်သည် ယာယီ ကွန်းထောက် တဲနန်းပမာ ဖြစ်နေလေ၏။

အိုးလုပ်ခြင်းမှ အိုးသည်များကလည်း လာရောက်ကြ၍ သောက်ရေတော်အိုး၊ ရေကရား၊ သုံးရေအိုး စသည်ဖြင့် အိုးကြီး အိုးငယ် အစုံတို့နှင့် လာရောက်ကြ၍ ဧည့်ဝတ်တော်ကို ပြည့်စေ၏။

ထင်းသည် စသည်တို့ကလည်း မိမိတို့၏ သဘာဝအလျောက် ဧည့်ဝတ်တော်ကို ပြည့်စေလျက် အခိုင်းခံ၊ အစေခံ စသည်တို့သည် အလိုအလျောက် ပေါ်ပေါက်လာကြကုန်၏။

ထိုခဏ၌ ခေါင်းရွက် ဈေးသည်မ တစ်ယောက်သည် ဇရပ်အနီးသို့ ရောက်လာ၍ မင်းသမီးကလေးသည် ခေါ်ပြီးလျှင် ညစာအတွက် ချက်ပြုတ်ရန် အလိုရှိရာတို့ကို ဝယ်ပြီးနောက် ငွေစကို ထုတ်ပေးရာ၊ ဖာတစ်လုံးခေါင်းကျားလည်း မပေးစေဘဲ မိမိ၏ထံမှ ရွှေစတစ်စကို ထုတ်ပေး၏။

ခေါင်းရွက်သည်လည်း မယူဘဲ "မဝံ့ပါ၊ ကျွန်တော်မျိုးမကသာ ဝတ္တရားမှုကို နားလည်ပြီး ဆက်သရမှာပါ ဘုရား" ဟု လက်မခံ ငြင်းဆိုလေ၏။

"အမိငယ်၊ နင့်မှာ နေ့ဖို့ညစာ ခေါင်းရွက်သည်အဖြစ်နှင့် ရှာရတယ်။ မယူဘဲ နေလို့ ဖြစ်ပါ့မလား။ နင်က ဆက်သဖို့ မလို၊ ငါတို့ကသာ ဆုတော်လာဘ်တော် ချဖို့ လိုပါကလား။ ယူကွယ့်၊ သည်ဟာ ဆယ်လော့်ခုတ် ရွှေကလေးကွယ့်"

"မယူဝံ့ပါ ကိုယ်တော်ကြီးဘုရား၊ ဘုရားကျွန်တော်မက ယခုလို သခင်မကလေး တွေ့ကြုံရတဲ့ အခါမှာ ဈေးဖိုးယူခဲ့ရင် ကျေးဇူးကန်းရာ ရောက်ပါလိမ့်မယ် ဘုရား။ ဆယ်လော့်ခုတ် ရွှေကို နစ်သက်သော်လည်း ကျေးဇူးတော်ကို မကန်းဝံ့ပါ ဘုရား၊ ကျွန်တော်မျိုးမတို့မှာ သခင်မ ကလေးရဲ့ ဆုတော် လာဘ်တော်ကို အမြဲ ခံယူနေရပါတယ် ဘုရား"

"အလို၊ ဘယ်လို ဆုတော်လာဘ်တော်များကို ရဖူးပါသလဲ"

"ထိပ်စုမြတ် သခင်မကလေးရဲ့ စီရင်အုပ်ချုပ် ထိန်းသိမ်းမှုကြောင့် ရွှေပြည်တော် သာယာ အေးချမ်းပြီး ဘုရားကျွန်တော်မျိုးမတို့မှာ ဘေးရန်ကင်းပကာ လုပ်ကိုင် စားသောက်နေရပါတယ်။ စိမ်ချမ်းသာ ကိုယ်ချမ်းသာ ရှိပါတယ်။ အဲဒါတွေဟာ ထိပ်စုမြတ် သခင်မကလေးက ဘုရားကျွန်မ တို့အား နေ့စဉ် ပေးနေတဲ့ ဆုတော်လာဘ်တော်ပါ ဘုရား"

ထိုခဏ၌ တောင်ပြင်ရှိ သူဌေးသူကြွယ်တို့မှ အဖိုးထိုက်တန်သော အဝတ်အထည်တို့သည် ကမ္ဘည်းထိုးကာ ရောက်လာကြကုန်၏။

လှမျိုးမြင့်သည် ညစာအတွက် စီမံပေးသည်ကို အရပ်သား အစေခံတို့သည် ချက်ပြုတ် ကြော်လှော်နေကြ၍ ဖာတစ်လုံးခေါင်းကျား၏ အဝတ်များကို လျှော်ဖွပ်ပြီးသော် ချုပ်နေလေ၏။ ဖာတစ်လုံးခေါင်းကျားကာ မင်းသမီးကလေး၏ အမူအရာ၊ အရပ်သားတို့၏ အသုံးခံနေသော အမူအရာတို့ကို ကြည့်၍ အကဲခတ်ကာ ရှိနေ၏။

ထိုခဏ၌ပင် တောင်မဖျူဂုံးမှ သမီးကညာ ခုနစ်ယောက်တို့သည် ပွဲတော်အုပ်များနှင့် အချိုပွဲတို့ကို လာ ရောက်ဆက်သကြ၍ နန်းရင်းဝန်ကြီးစသော အရာရှိ အရာခံ အိမ်တို့မှလည်း ပွဲတော်အုပ်၊ အချိုပွဲ အချဉ်ပွဲတို့ကို လာရောက် ဆက်သကြလေ၏။

ဖာတစ်လုံးခေါင်းကျားသည် အလွန် အံ့သြစွာနှင့် ညစာစားရာ လှမျိုးမြင့်စီရင်သော ဟင်းရွက်လော့်ကို လျှာပေါ် တင်မိရုံမျှနှင့်ပင် အကြောတစ်ထောင် စိမ့်လုမတတ် အရသာရှိသဖြင့် သူ၏ ကြင်ရာတော်အား ဝမ်းတွင်းမှ တွေးဆကာ အသက်ကို နှင်းနေလေ၏။

ညည့်အချိန်၌ တောင်မဇ္ဈဂုံးသားတို့သည် လူကြီးများ၏ အစီအမံ အခန့်အခွဲနှင့်အညီ သင့်လျော်ရာ မနီးမဝေးက အိပ်ဖန်ကို ဖြစ်စေလျက် စောင့်ရှောက်ကြလေ၏။

ဖာတစ်လုံးခေါင်းကျားလည်း မြတ်သော အိပ်ရာထက်တွင် လဲလျောင်းနေရာ၊ လှမျိုးမြင့် သည် ကြင်ဖက်တော်၏ သလုံးသား စသည်တို့ကို ဆုပ်နယ်ကာ ဝတ်ပြုပေးလေ၏။ ဖာတစ်လုံး ခေါင်းကျားလည်း ဤသို့ စဉ်းစားမိလေ၏။

အင်း... စမ္မာနဂိုရ် ပြည်သူပြည်သားများသည် တိုင်းကြီးပြည်ကြီးသား အင်္ဂါနှင့် ညီညွတ်ကြ ပါပေသည်။ သူတို့ရဲ့ ဘုရင်မင်းမြတ်နှင့် မင်းသမီး၏ ကျေးဇူးတော်ကိုလည်း သိတတ်ကြပါပေသည်။ ထို့ကြောင့် ဤပြည်ကြီးမှာ ရွှေမိုးငွေမိုး ရွာလျက် ကြက်ပျံမကျ စည်ကားပြီးလျှင် အစဉ် အေးချမ်းသာယာ၍ နေ့ည မရှိသကဲ့သို့ ဖြစ်ချေပြီ။ ထို့ထက် တိုး၍ ကောင်းစားလေဦးမည် တကား။

ထိုပြည်ကြီး၏ မျက်ရှုထိပ်တင် သခင်မကလေး လှမျိုးမြင့်သည်လည်း မိန်းမမြတ် ပီသပါပေသည်။ မိန်းမမြတ်တို့မည်သည် အတိုင်းမသိ အဖိုးတန်လှ ပါဘိ၏ တကား။ မိန်းမမြတ်တို့ မည်သည် မိမိ၏ ဆင်းရဲမှုနှင့် ဆင်းရဲခြင်းကို မအောက်မေ့၊ လင်၏ ချမ်းသာခြင်းကိုသာ အလိုရှိဘိ၏။ လင်သားတို့၏ အပေါ်၌ ပြုစုဖွယ်ရာသော ဝတ္တရား အသွယ်သွယ်ကို ရှိသေလေးမြတ်စွာ ပြုစုဘိ၏။ လင် ရှာဖွေရသော ဥစ္စာပစ္စည်းတို့ကို မတိမ်ကောရလေအောင် သီလရှိသူ အလှူခံပုဂ္ဂိုလ် တည်းဟူသော မြေခိုင်ခိုင်၌ မြုပ်နှံထားတတ်ဘိ၏။ ထိုကဲ့သို့ မြတ်သော မိန်းမတို့ကို ရရှိပိုက်မိသည့် ယောကျ်ားသည် မြင့်မြတ်ရာ မြင့်မြတ်ကြောင်းကို ဖြစ်စေနိုင်ဘိ၏။ ထို့ကြောင့် ငါ၏ ဆရာတော်သည် မယားကောင်း ပြဿနာကို လောကအတွင်း၌ ဖြေဆိုစေချေပြီ တကား။

မိန်းမကောင်း၊ မိန်းမမြတ် မည်သည်မှာလည်း မြင့်မြတ်သော ယောကျ်ားကောင်းကို ရသည်ရှိသော် သာ၍ မြင့်မြတ်ပေလိမ့်တကား။ ပညာရှိတို့သည် မိန်းမတို့၏ အလှကို ရွေးချယ်ရာ၌ အရုပ်အဆင်း၊ ဟန်အမူအရာ၊ ကိုယ်လုံးကိုယ်ပေါက်တို့အပြင် လင်ကိုချစ်၍ ချစ်တတ်သော မိန်းမတို့ကို အထူးညွှန်ပြလေ့ ရှိကုန်၏။ လင်ကိုချစ်သော မိန်းမတို့ သဘောကား လင့်အလိုကို လိုက်တတ်၍ ကျွန်နှင့်တူသည့် မယားအဖြစ်၌ မိမိ၏ခင်ပွန်းသည်ကို အသက်နှင့်လဲကာ စောင့်ရှောက် တတ်ဘိ၏။

ထိုသို့သော မိန်းမမြတ်တို့သည် အရပ်ခြောက်မျက်နှာကို အမြဲရှိခိုးခြင်းဖြင့် လည်းကောင်း၊ ယောက္ခမ၊ မိဘ၊ ခင်ပွန်း၊ အမျိုးအဆွေတို့မှ သက်ကြီးဝါကြီး၊ အမျိုးနှင့်ဆိုင်သော ရဟန်း

(တရားဟောဆရာ၊ အလှူခံပုဂ္ဂိုလ်) တို့တည်းဟူသော မိရိုးဖလာ နတ်ကြီးငါးပါးကို ပူဇော်ပသခြင်းဖြင့်လည်းကောင်း၊ အိမ်ထောင်ရှင်မတို့၏ အသွယ်သွယ် ကျယ်ပြန့်သော မှုခင်းဝတ္တရားများကို စောင့်ရှောက် ထိန်းသိမ်းခြင်းဖြင့် လည်းကောင်း၊ မိန်းမတို့ တတ်အပ်သော လက်မှုလုပ်ငန်းတို့ကို လုပ်ကိုင်နေခြင်းဖြင့် လည်းကောင်း ဆိတ်ငြိမ်ရာ အရပ်ကို ရနိုင်သည် မရှိပေ။ ထိုသို့ မရှိခြင်းဖြင့် မကောင်းမှုကို ပြုခွင့်မရှိ၊ မပြုသော မိန်းမ၊ မကောင်းမှုမှ ဆိတ်သောမိန်းမ၊ မိန်းမမြတ် ဟူ၍ ပညာရှိတို့သည် ဆိုကြချေကုန်ပြီ။

လောက၌ ယောကျ်ားတို့မှာ စွမ်းရည်အားနှင့် အတတ်ပညာကို လိုက်၍ အဖိုးတန်ဘိ သကဲ့သို့ မိန်းမတို့မှာ လင့်အပေါ်၌ ချစ်ခြင်းကိုလိုက်၍ လုပြီးလျှင် အဖိုးထိုက်တန်လှပေသည်။ ဤသည့် အကြောင်းကို မြင်ပြီးသော ငါ့ဆရာသည် မယားကောင်း ပြဿနာကို ပြုလေတော့ တကား။

ထိုသို့ မယားကောင်း မယားမြတ်ပင် ဖြစ်လင့်ကစား မိန်းမတို့မှာ ယောကျ်ားသာလျှင် ပဓာန ဖြစ်ချေသောကြောင့် လင်ကောင်းကို မရခဲ့ပါမူ မင်္ဂလာဆင်တော်ကို သစ်ဆွဲစေခြင်းနှင့် လည်းကောင်း၊ သိန္ဓောမြင်းကို ဆီဆုံက စေခြင်းနှင့် လည်းကောင်း၊ စန္ဒကူးနှစ်ကို မီးသွေးဖုတ်ခြင်းနှင့် လည်းကောင်း များသောအားဖြင့် တူပေလိမ့်မည် ဖြစ်ရကား လင်ကောင်းလင်မြတ်ကို ရမှသာလျှင် ဂုဏ်ကျက်သရေနှင့် ပြည့်စုံရပေလိမ့်မည်။ ထို့ကြောင့် မိန်းမမြတ်များ အဖို့ ယောကျ်ားမြတ်များလည်း အလွန်လိုပေ၏ တကား။

ထိုသို့ စဉ်းစားတွေးဆ၍ ဖာတစ်လုံးခေါင်းကျားသည် အိပ်ပျော် ကျွန်ပြုနေသဖြင့် မင်းသမီးကလေးသည် "မောင်တော်ကား ပန်းလှသဖြင့် နွမ်းလျလို့ ပျော်တော်မူပေါ့" ဟု တီးတိုး ဆိုလျက် ခြေဖဝါး၊ လက်ဖဝါး၊ ခြေဆစ်၊ လက်ဆစ်များကို စန္ဒကူးဆီနှင့် သုတ်လိမ်းပြီးနောက် ရှိန်းကာ ကန်တော့လျက် မနီးမဝေးသော အပါးမှ အိပ်နေလေ၏။

ဖာတစ်လုံးလည်း မင်းသမီး အိပ်၍ ပျော်လောက်သောအခါ ထ ပြီးလျှင် မင်းသမီး၏ လက်ဖဝါးကိုကြည့်လျက် "ဧကရာဇ် မိဖုရားခေါင်းကြီး ဖြစ်ရမယ့် လက္ခဏာ ပါကလား။ အလိုလေး ပင်ပန်းလို့ ထင်တယ်၊ လက်ဖဝါးကလေးဟာ နီရဲလို့။ ဩော်... ဘယ်တော့မှ မပင်ပန်းဖူးတဲ့ ငါ့ချစ်သူဟာ လက်ဆစ်၊ တံတောင်ဆစ်တွေ နာကုန်လှရော့မယ်။ ခြေဖဝါးတော်ကလေးဟာလည်း သွေးခြည်တွေ ဥလို့၊ သလုံးတော်ကလေး၊ ခြေဖမျက်ကလေး၊ ခြေချင်းဝတ်ကလေး၊ ဒူးတော်ကလေး တို့ဟာ နာနေမှာပါပဲ။ ဘယ်တော့မှ ခရီးကြမ်း မသွားဖူးပဲနှင့် လင်ကို အားကိုးအားထားပြုကာ လိုက်လာရှာတယ်။ သနားစရာ လှမျိုးမြင့်ရေ၊ နမတော်ကလေးကို ငါ အသက်နှင့်လဲပြီး ချစ်မယ်" ဟု

တီးတိုးဆိုလျက် မိမိတွင် ပါလာသော ပတ္တမြားပြာနှင့် ထုံထားသည့် နံ့သာဆီမွှေးကို ထုတ်ပြီးလျှင် မင်းသမီးကလေး၏ လက်၊ ခြေ၊ ဒူး၊ တံတောင်ဆစ် စသည်တို့၌ အသာအယာ လိမ်းပေးနေလေ၏။ ဆီမွှေး၏ အနံ့သည် ဇရပ်တစ်ဆောင်လုံးကို ပျံ့နံ့ကာ ထုံလွှမ်း လျှံသွားလေ၏။

မင်းသမီးကလေးကား အိပ်မပျော်၊ အိပ်ပျော်ချင်ယောင် ဆောင်နေခြင်းမျှသာ ဖြစ်၍ ထိုသဘောကို သိရလျှင် တစ်ခါတည်း ထ၍ခုန်ကာ က ချင်လာ၏။ "မောင်တော်ဘုရား နမကလေးကို သံသရာ အဆက်ဆက် မုန်းတော်မမူဘဲ အချစ်တော် ကဲသထက် ကဲတော်မူပါဘုရား" ဆိုကာ တစ်ခါတည်း ရင်ခွင်ထဲတွင် ပစ်လှဲကာ ချစ်ချင်၊ မူချင်၊ ခရာချင် တာချင်သည့် သဘောသည် သဘာဝအတိုင်း ပေါ်လာသည်ကို ချုပ်တည်းလျက်၊ တွန့်၍ လွန့်ပြီးသော် ပျော်တော်မူနေဟန်ဖြင့်ပင် အိပ်နေပြန်လေ၏။

ဖာတစ်လုံးလည်း ခြေဖဝါးကို သေချာစွာ ကြည့်၍ "အင်း... ခြေခဏာကဖြင့် ဧကရာဇ်မိဖုရား ဖြစ်ပေမယ် အမှန်၊ ဒါကြောင့် လိမ္မာတာပဲ၊ သည်လို မိန်းမမျိုးမှာသာ ဧကရာဇ် မင်းလောင်းများ၊ သားကောင်းသားမြတ်များ သန္ဓေတည်စွဲနိုင်မှာပဲ" ဟု တီးတိုးဆိုလျက် လှမျိုးမြင့်၏ လက်ချောင်းကလေးများကို သာယာစွာ ဆုပ်လျက် နေလေ၏။

မင်းသမီးကလေးသည် နိုးလာကျွန် ပြုလတ်သော် ဖာတစ်လုံးသည် မင်းသမီးအပါးမှ ခွာ၍ စကြံသွားနေလေ၏။

"မောင်ဘုရား ဘာတွေများ စဉ်းစားနေပါသလဲ ဘုရား"

"သြော်... မယားရပြီဆိုတော့ မယားကို ကျွေးဖို့၊ သားသမီးကလေးတွေကို မွေးဖို့ အလုပ်အကိုင်များကို စိတ်ကူးရတာပေါ့"

"ဘယ်လိုအလုပ်များကို သဘောတော် ဝင်ဆံ့နေပါသလဲ ဘုရား"

"စုံလို့ပေါ့၊ တကယ်လို့ မောင်ဘုရား လယ်သမားကြီးလုပ်ရင် မိမိကလေး ကောက်စိုက် နိုင်ပါမလား"

"စိန်လိုက်ပါ ဘုရား၊ ဘုရားနမကလေး ကောက်စိုက်တတ်တယ်၊ ကောက်ရိတ်တတ်တယ်၊ ကောက်နယ်တတ်၊ စပါးလှန်းတတ်၊ စပါးထောင်းတတ်၊ ဆန်ဖွပ်တတ်၊ ထမင်းချက်တတ်..."

"တော်ပါတော့ တော်ပါတော့၊ ဒါတွေကို တတ်မှန်း သိပါပြီ။

"တကယ်လို့ ယာလုပ်ရင် ဝါကောက်နိုင်ပါမလား"

"ဘုရားနမကလေးက ဝါပင်တွေ သန်အောင် ပေါက်တူး ပေါက်နိုင်ပါတယ်၊ ဝါ ကောက်နိုင်ပါတယ်၊ ဝါ ဖန်နိုင်ပါတယ်၊ ဝါ ကြိတ်နိုင်ပါတယ်"

"တော်ပါတော့ တော်ပါတော့။

"မောင်တော်ဘုရားကလေး ပေါ်ကြော့နေချင်တော့ ထမင်းဆိုင် တည်မယ်လို့လည်း စိတ်ကူးမိတယ်၊ အကြော် ကြော်ရောင်းမယ်လို့လည်း စိတ်ကူးမိတယ်"

"ဘုရားနမကလေး ထမင်းအမျိုးပေါင်း ကျန်းမာရေးနှင့်ညီအောင် ဆယ်မျိုး၊ ဟင်းအမျိုးပေါင်း တစ်ရာ့ငါးဆယ်၊ အကြော်အမျိုးပေါင်း တစ်ရာ၊ မုန့်အမျိုးပေါင်း..."

"များလှချည်းဗျာ၊ တော်ပါတော့... တော်ပါတော့"

"မိမိကလေး မတတ်တာတော့ ရှိဦးမပေါ့"

"ရှိမယ် ထင်ပေါင်"

"စောင်းတီးတတ်ကယ့်လား"

"မ စ ပါ ဘုရား၊ စမ်းပြပ့ါမယ်။ ဘုရားနမကလေး တယောတောင် ထိုးတတ်ပါတယ် ဘုရား"

"အလဲ့၊ တယောမရှိလို့ ပြောတာ ထင်ပါရဲ့"

"အုန်းမှုတ်ခွက်နှင့် တုတ်ချောင်းရှိရင် တယောဖြစ်နိုင်ပါတယ် ဘုရား"

"ဒါဖြင့် ကျေနပ်ပြီ။ မောင်ဘုရားက စောင်းတီး၊ မိမိကလေးက သီချင်းဆိုကာ တယော ထိုးပြီး လည်ကာ တောင်းရရင် အတော်ပဲ။ လည်ပြီး တောင်းရမ်းနေရင်း အခန့်သင့်လို့ နန်းရင်း ဝန်ကြီးနှင့် တွေ့သွားရင် သဘင်ပညာမှာ အတော်တတ်တယ်လို့ အနုပညာမင်းကြီး ခန့်ရင် လင်နှင့် စန်းနှင့် တွေ့တာပဲ"

"ဒါတော့..."

"သဘောတော် မကျဘူးလား"

"မောင်တော်ဘုရား စောင်းတီးပြီး လည်တောင်းမယ် ဆိုတာကိုတော့ ဘုရားနမကလေးက မကြည့်နိုင်၊ မမြင်နိုင်၊မကြားနိုင်၊ မသိနိုင်၊ သဘောမကျနိုင်။ မောင်ဘုရားက ဖိမ်နှင့် လှလှကလေးနေ၊ ဘုရားနမကလေးကသာ စောင်းတီး၊ တယောထိုး၊ သီချင်းဆိုပြီး တောင်းရမ်းကာ အလုပ်အကျွေး ပြုနိုင်ပါတယ်ဘုရား"

"မောင်ဘုရားကလည်း မိမိကလေး သီချင်းဆိုပြီး လည်တောင်းမယ်ဆိုရင် မိမိကလေး လိုပေါ့၊ ဘယ်မှာ ကြည့်နိုင်ပါမလဲ။ မောင်ဘုရား ကေရာဇ်ဖြစ်ရင်ကော......"

"ဘုရားနမကလေးက အားမရနိုင်တဲ့ အဖူးမျိုးနှင့် ရွှေမျက်နှာတော်ကို အမြဲ ဖူးလိုပါတယ် ဘုရား"

"မောင်ဘုရားကလည်း သည်လိုပေါ့။ မောင်မရံရွှေတော် တစ်ဖက်ငါးရာတို့ အလယ်မှာ မိဖုရားခေါင်ကြီး အဖြစ်နှင့် နေတာကို ဘယ်တော့မှ မလပ်ဘဲ ကြည့်နေလိုတယ်။ ဟော မောင်ဘုရားက အဆောင်တော် ကူးလာတော့ ရံရွှေတော်ကလေးတွေကို မျက်စောင်းနှင့် အရိပ်ပြပေ မယ့် မသိကြတော့ ဟဲ့ ရွှေစာတို့ဆိုပြီး ငေါက်ဆတ်ဆတ်ကလေး နှင်တာတွေကို အမြဲမြင်လို၊ ကြည့်လိုတဲ့အပြင် တစ်ရံတစ်ခါ ဆောင်တော်ကူး နောက်ကျရလို့ နှုတ်ခမ်းကလေး စူစူပြီး မျှော်ရတာ လည်ပင်းကို ကိုးတောင်ရှည်ပေါ့၊ ဟိုအဆောင့်တွေထဲမှာ ပျော်နေပြီးမှ လာတာကိုဖြင့် မိမိကလေးက..."

"အို...မောင်ဘုရားကလဲ" ဆိုကာ လှမျိုးမြင့်သည် ခေါင်းကို ငုံ့၍ သူ့လက်ချောင်း ကလေးများအား မမ ဘယ်စကားကို ပြောရမလဲဟု မေးနေဟန်ရှိသည်အား ဖာတစ်လုံးသည် ကျောကိုယ်သပ်၍...။

## အခန်း(၈)

## အောင်တော်မူပြီ

ပြဆိုခဲ့သော အဖြစ်အပျက်၏ ငါးရက်မြောက်နေ့၌ ဖာတစ်လုံးခေါင်းကျားနှင့် လှမျိုးမြင့်သည် သန်ဘက်ခါ ခရီးထွက်ရန် ပြင်ဆင်နေကြ၏။

"ဟော... မောင်းသံ ကြားတယ်၊ နားထောင်စမ်းပါ"

"ဩော်... မောင်ဘုရားကလည်း မြွေအလမ္ပာယ်သမားရဲ့မောင်း ဖြစ်မှာပေါ့"

"ဟော... ကြားရပြန်ပြီ၊ မိမိကလေးလည်း နန်းတော်ထဲ ကြီးပြီး ရွှေနန်းတော်ကြီးက မောင်းသံပါ"

လှမျိုးမြင့်သည် ဇရပ်တံခါးမှ ထွက်ကြည့်၍ ဇရပ်အနီးသို့ မောင်းသမားများ ရောက်လာလတ်သော် "အစ်ကိုတို့ ဘာမောင်းလဲရှင့်၊ ကြွကြပါဦး" ဟုမေးကာ ခေါ်လေ၏။

မောင်းသမားတို့လည်း မျက်ရည်စက်လက်နှင့် ဇရပ်ဝင်းထဲသို့ ဒူးထောက်ကာ ဝင်လာကြလေ၏။

"ဟော့ မောင်တို့၊ မတ်တတ်ပဲ လာကြဟဲ့"

"မဝံ့ပါ ဘုရား"

(ဖာတစ်လုံးခေါင်းကျားကား အင်း... ဟု မိမိ၏ တိုင်းပြည်နှင့် ချိန်ထိုး ကြည့်နေလေ၏။)

"ဘာမောင်းလဲ၊ ကျွန်မ သိပါရစေရှင့်"

"ထိပ်စုမြတ် သခင်မ ဘုရား"

"ဟော့ ထိပ်စုမြတ်တွေ၊ ဘာတွေ လုပ်မနေပါနဲ့ကွာ၊ ယခု ငါနှင့် ရလို့ အရှုးမိန်းမ ဖြစ်နေပါပြီကွယ်"

"ကိုယ်တော်ကြီး စဉ်းစားတော်မူပါ"

"အလဲ့၊ ကျုပ် အရှုးဗျာ၊ ကိုယ်တော်ကြီးတွေ ဘာတွေနှင့် ထီးသံ၊ နန်းသံပေးဖို့ မဟုတ်ပါဘူး"

"စဉ်းစားပြီး နားကြည်တော်မူပါ ကိုယ်တော်ကြီး ဘုရား၊ ကျွန်တော်မျိုးများရဲ့ သခင်မ ကလေးဟာ ဘယ်ဘဝမှာပဲ ဆိုက်ဆိုက် ကျွန်တော်မျိုးများရဲ့ သခင်မပါ။ ထိပ်စုမြတ်ဖျားရဲ့ ကျေးဇူး တော်ဟာ တစ်ဘဝလုံး ကျွန်တော်မျိုးများရဲ့ အပေါ်မှာ ကုန်နိုင်ဖို့မရှိပါ။ ကိုယ်တော်ကြီး ဟာလည်း ပမာကို သံတော်ဦးတင်ရပါရင် မြနှင့်ကွင်းတော့ မြလက်စွပ်၊ ပတ္တမြားနှင့်ကွင်းတော့ ပတ္တမြားလက်စွပ်၊ စိန်နှင့်ကွင်းတော့ စိန်လက်စွပ် ဆိုတာလို ကျွန်တော်မျိုးများရဲ့ သခင်ကြီးပါပဲ ဘုရား"

ဖာတစ်လုံးခေါင်းကျားကား ထိုစကားကို ကြားရကာလ သြော်... ဤပြည်မြတ်မှာ တိုင်းကြီးပြည်ကြီးသား ပီသသည့် လူတွေ စု၍ နေချေတော့ တကား၊ ထို့ကြောင့် ညမရှိဘဲ စည်ပင် သာယာ၍ တိုင်းပြည်ကြီးသည် ချမ်းသာကြွယ်ဝလေတော့ တကားဟု အောက်မေ့ကာ ဝမ်းတွင်းမှ ကောင်းချီးအထပ်ထပ် ပေးပြီးလျှင် ဤသို့ ဆိုလေ၏။

"ကိုင်း... မောင်တို့ မောင်းအကြောင်းကိုပဲ ဆိုစမ်းပါဦး"

"လျှောက်ထားရပါသည် ဘုရား၊ ရှစ်ခေါဘဏီခန့်ရှိသော တပ်တောင်တာ ဗိုလ်ထုသည် နေပြည်တော်ကို ဝန်းဝိုင်း ပိတ်ဆို့ထားလျက် "စစ်ကိုလျှင်လည်း ထိုးမည်လော၊ သို့တည်းမဟုတ် ရွှေမြို့တော် အတွင်း၌ အလိုရှိရာကို ဝင်ရောက် ရှာဖွေခွင့် ပြုမည်လော" ဟု သဝဏ်လွှာ

ရောက်လာပါသည်။ ဘုန်းတော်ကြီး ဘုရားမှာ အိုမင်းမစွမ်း ရှိသဖြင့် စစ်ကို မထိုးနိုင်၊ ၎င်းတို့ တောင်းဆိုတိုင်းလည်း အခွင့်မပြုသာပါသဖြင့် "ထိုရန်သူတော်ကို နှိမ်နင်းနိုင်ပါက ပေါ်ထွက်စေ၊ ယောက်ျားဖြင့် အိမ်ရှေ့၊ မိန်းမဖြင့် လိုရာဆုကို သနားမည်" ဟု မောင်းကြေးနင်း ခတ်ကြောင်းပါ ဘုရား"

"ဟန်လိုက်လေး မောင်မင်းတို့၊ သည်ရန်သူတော်များကို သမက်တော် ဖာတစ်လုံး ခေါင်းကျားက တစ်စ မကြွင်းရအောင် သုတ်သင်ရှင်းလင်းမည်။ နက်ဖြန် နံနက်စောစောကြီး ရွှေမြို့တော်ဝန်မင်းနှင့် ဆင်တစ်စီးကိုသာ သည်ဇရပ် အရောက် ပို့လိုက်ပါဟု လျှောက်တင်ကြလေ ကွယ်တို့"

ထိုအခါ လှမျိုးမြင့်သည် ချက်ချင်း မျက်ရည်ဝိုင်းလာလျက် ဤသို့တင်လေ၏။

"မတော်လွန်းလှပါ နမကလေးရဲ့ ထိပ်တင် ငယ်ချစ်ရှင်ဘုရား၊ ရန်သူတော် ဗိုလ်ထု ကလည်း များပါသနှင့်၊ ဖက်ပြိုင်တုဖက်သင့်သော အာဇာနည်ချင်းလည်း မဟုတ်၊ စဉ်းစားတော်မူပါ ဘုရား။ ခြသေ့်မင်းသည် မစင်လူးသော ဝက်များနှင့် စစ်ထိုးခြင်း မပြုပါ၊ ရွှေတောင်၌ ကျက်စားလျက် ရှိသော ရွှေဟင်္သာမင်းသည် ကျီးအများနှင့် စစ်ထိုးခြင်း မပြုပါ။ ဆင်ပြောင်တစ်စီးနှင့် ခွေးအ တစ်ထောင်လို ပမာပုံ ဖြစ်နေပါသည် ဘုရား"

"စိုးရိမ်ကြောင့်ကြဖို့ မရှိ၊ ခွေး အထောင်သောင်း မြည်ဟောင်တာကို ကြောက်ရွံ့တာနှင့် ဆင်ဖြူတော်ကြီး တောပြောင်းရမလား၊ ကျီးအ ဗိုလ်ခြေဖျက်ဆီးချေတာနှင့် ရွှေဟင်္သာမင်း ရွှေတောင်ကို ပယ်ခွင်းရမလား။ မဟုတ်သေးဘူး၊ ငါဆင်ဖြူတော်၊ ငါရွှေဟင်္သာမင်း ဆိုရင် ဆိုရုံနှင့် မပြီးသေးဘူး၊ သရုပ်ဖော်ပြီး အစွမ်းတော်ကို ပြဖို့ လိုသေးတယ်။ မောင်မောင်ဘုရား ရင်နှစ် မိမိကလေး၊ ရှစ်ခေါဘဏီခန့်ရှိ ဗိုလ်ထုကို မဆိုထားနှင့်၊ ကုဋေရှစ်ဆယ် ခေါဘဏီကိုလည်း မောင်တော်က မမှု။ လက်ရုံးအား၊ ဉာဏ်အားနှင့် ယောက်ျားသား ပီကြောင်းကို မောင်တော်ဘုရား မပြဘဲ မနေနိုင်ဘူး မိမိကလေး"

"မယ့်ထိပ်တင် မောင်တော်ဘုရား၊ ဘုရားနမကလေး အသနားခံသည်ကို အရေ ပေးတော်မူပါ။ စစ်ကစားခြင်း၌ အောင်နိုင်မည်ထက် ရှုံးနိမ့်မည်ကို တင်ကြိုဝေဖန်ဖို့လည်း လိုပါသေးသည်။ သိကြားမင်းပင်မျှလည်း အသူရာကို အခါ ကြည့်၍ စစ်ထိုးရသည်ဟု စကားရှိပါသည် ဘုရား"

"ဩော် တွေးတောပူပန်ပြီး အဆိုးအကောင်းကို မြော်မြင်လွန်းတဲ့ မိမိ။ ကလေးရယ်၊ ကောင်းစားခြင်းကို လိုတဲ့သူ ဟူသမျှဟာ ဆင်းရဲပင်ပန်းမှုကို တွေးတောပူပင်ကာ မကြောက်ရွံ့ရာ။ သည်လိုပဲ အောင်မြင်လိုတဲ့ သူတိုင်းဟာ ရှုံးနိမ့်မည်ကို မကြောက်ရွံ့ရာ။ မိမိကလေးက မောင်ဘုရားကို ဇေရာဇ်မင်းမြတ် အဖြစ်နှင့် ကြည့်မြင်လိုတယ် ဆို"

"ဘုန်းတော်ရှင်၊ ဉာဏ်တော်ရှင်၊ သမ္ဘာတော်ရှင် မောင်တော်ဘုရား။ လောကဌ လက်နက်စစ်ထိုးခြင်းဖြင့် ရအပ်သော ဧရာဇ် စည်းစိမ်တော်သည် လူသတ်ဗိုလ်ချုပ်ကြီး အကြီးဆုံးဖြစ်၍ မလိုအပ်သော စည်းစိမ်တော်ပါ ဘုရား၊ နိင့်ထက်စီးနင် ပြု၍ရသော ဧရာဇ် စည်းစိမ်တော်သည်လည်း ဓားပြ ဗိုလ်ချုပ်ကြီး အကြီးဆုံးဖြစ်၍ မလိုအပ်သော စည်းစိမ်တော်ပါဘုရား။ ဝဏ်ဝုတ္တိဉာဏ်၊ မသမာဉာဏ်တို့နှင့် ရအပ်သော ဧရာဇ် စည်းစိမ်တော်သည်လည်း ဖဲသမား အကြီးဆုံး၏ စည်းစိမ်မျိုး ဖြစ်၍ မလိုအပ်ပါ ဘုရား။ ဖုသာရထား ဆိုက်၍ တိုင်းသူပြည်သားတို့ ညီညီဖြဖြ အားကိုးကြ၍ ရသော ဧရာဇ် စည်းစိမ်တော်၊ သမ္မတ ဘုရင်ကြီး စည်းစိမ်တော်ရှင်၏ အဖြစ်ကိုသာ ရည်ရွယ်ပြီး ဘုရားနမကလေး သံတော်ဦး တင်ဝံ့ခဲ့ပါသည် ဘုရား"

"အင်း... မင်းချင်းတို့၊ လိမ္မာပြီး ဉာဏ်ရှိတဲ့ မိန်းမကို ရတာလည်း အခက်သားကပဲနော်၊ နမတော်မိမိ စဉ်းစားနော်။ လူသတ်ဗိုလ်ချုပ်ကြီး၊ သူခိုးဗိုလ်ချုပ်ကြီး၊ ဓားပြဗိုလ်ချုပ်ကြီး၊ ဖဲသမား အကြီးစာ၊ နိင့်ထက်စီးနင်း ခေါင်းပုံဖြတ်သမား၊ အနုကြမ်းသမား အကြီးစားဆိုတဲ့ ဘုရင့်အဖြစ်မျိုးနှင့် ဘုရင့် သရဖူဟာ နေထက်ပူတယ်။ ဘုရင့် အနံ့တော်ဟာ မစင်ဘင်ပုပ်ထက် နံတယ်၊ ဘုရင့် ကိုယ်ရောင်တော်ဟာ သူတောင်းစားရဲ့ ခြေသုတ်ဖတ်ထက် စုတ်ညစ်တယ်၊ ဘုရင့်မျက်နှာဟာ ခွေးသေကောင်ပုပ်ထက် ရွံစရာ ကောင်းတယ် ဆိုတာ မျိုးကိုလည်း မောင်ဘုရား နားလည်ပြီးပါ။ သို့သော် စမ္မာနဂိုရ်ပြည်သူတို့ဟာ ပြည်သူ့ဝတ္တရားကို နားလည်ပြီး ပြည်သူ့ကျင့်ဝတ်နှင့် ပြည့်စုံကြလို့ မောင်ဘုရားတို့မှာ ကျေးဇူးကြီးပြီး မောင်ဘုရားက ကျေးဇူးဆပ်ရလိမ့်မယ်။ ယခုစစ်ကို မောင်ဘုရားရဲ့ ဘုန်းနှင့်သမ္ဘာ တိုက်ခြင်းမဟုတ်၊ စမ္မာနဂိုရ် ပြည်သူတို့ရဲ့ လူ့အကျင့်နှင့် ပြည်သူတို့ ကိုယ်စား မောင်ဘုရား တိုက်ရမည်သာ ဖြစ်တယ်။ မိန်းမတို့ စွမ်းရည်ကို ယောကျ်ားများရဲ့ အကြံ အောင် မအောင်၌ မှတ်တင်ရသလို ယောကျ်ားတို့ရဲ့ စွမ်းရည်ကို စစ်ပွဲမှာသာ သက်သေပြနိုင် ပါတယ်။ ပြည်သူတို့ရဲ့ အကျင့်လည်း စစ်ကာလမှာသာ မှတ်ကျောက်တင်စရာ ဖြစ်ပါတယ်။ တိုင်းသူပြည်သား ဆိုပြီး စစ်ကို ကြောက်နေရင် မိမိကိုယ်ကို သူတောင်းစားအဖြစ်၊ သုဘရာဇာ အဖြစ်ကို ဆွဲသွင်းရာ ရောက်ပါတယ်။ မောင်ဘုရားဟာလည်း မိမိကလေးနှင့် ညားပြီမို့ စမ္မာနဂိုရ်ပြည်သား ဖြစ်နေလို့ မောင်ဘုရား စစ်ကစားရမယ်၊ အောင်မြင်ရမယ့် တာဝန်ဟာ မိမိကလေးရဲ့ တာဝန်ပဲနော်"

"ဦးတည့်ရပ်ပါ ဘုရား"

"မင်းချင်းတို့ သမက်တော်က မှာလိုက်သည်ကိုသာ သံတော်ဦး တင်ကြလေတော့"

ထိုနေ့ည အချိန်ကုန်၍ အရှေ့လောကဓာတ်မှ လင်းအရုဏ် သမ်းလာလတ်သော် မင်းသမီးကလေးသည် ရန်သူတော်များနှင့် တိုက်ခိုက်ရန် လက်နက်များကို ပြင်ဆင်ကာ ရှိနေစဉ်တွင် ဖာတစ်လုံးခေါင်းကျားသည် အိပ်ရာမှ ထ၍ မင်းသမီးကလေးကို မြင်လတ်သော် ဤသို့ ဆို၏။

"ချစ်နမ၊ ဘာတွေကိုများ စီစဉ်နေပါသလဲ"

"ဤကား ရန်သူတော်များကို ဖမ်းရန် ကြိုးကွင်းပါတည်း။ ဤကား ရန်သူတော်များ၏ လက်နက်ကို ကာကွယ်ရန် ဒိုင်းပါတည်း။ ဤကား လျှပ်စစ်ဓာတ် ဝင်ပြီးသော သတ္တုသည်လျှင် အဖျားရှိ၍ ပိုးကြိုးပြားဖြင့် ကျစ်အပ်လျက် မိုးကြိုးကြည်းသံကဲ့သို့ အသံကိုဖြစ်စေ၍ ရန်သူတို့၏ ဆင်မြင်းဗိုလ်ပါတို့ကို တုန်လှုပ်ချောက်ချား စေနိုင်သည့် ကြာပွတ်ပါတည်း ဤလက်ဝတ်တော်ကို ဝတ်တော်မူပါ။ ဤလက်ဝတ်တော်သည် စန္ဒရကန် မြကျောက်ဖြင့် ပြီး၍ ရန်သူတို့၏ မီးမှန်ဖြင့် တောက်လောင်စေခြင်းကို ကာကွယ်တားမြစ် နိုင်ပါသည်"

"မိမိကလေး၊ ယမန်က စစ်မကစားရန် တားမြစ်ခြင်းဟာ ပရိယာယ်မျှသာ ပါကလား၊ ယခု လက်နက်များ ပြင်ဆင်နေတာကို တွေ့ရတော့ မိဖုရားလောင်းများရဲ့ စစ်ကစားမှုကို လိုလား အားပေးတဲ့ ဝါဒတစ်ခုပဲနော်"

"မောင်ဘုရား၊ နမတော်အပေါ်၌ အထင်မှားပြီ၊ အမြင်နည်းတော်မူချေပြီ၊ နမတော် မိမိသည် စစ်ကစားမှုကို ဘယ်သောအခါမျှ မလိုလားခဲ့ပါ။ ယခုလည်း မလိုလား၊ နောင်ကိုလည်း လိုလားမည် မဟုတ်ပါ။ သို့သော် မိန်းမသူတို့မည်သည် မိမိ သဘောမကျသည်ကို အနူးအညွတ် ပြုကာ၊ လိုက်ပါလိုက်လျောအောင် အသနားခံကာ တောင်းပန်လေ့ရှိ၏ ထိုသို့ တောင်းပန်၍ မရခဲ့သော် ခင်ပွန်းသည်၏ အကြံအစည်၊ အလုပ်အကိုင်၊ အပြုအမူတို့ကို စိတ်ရောကိုယ်ပါ ဆောင်ရွက်ကူညီရမည် ဖြစ်၏။ ဤကား မိန်းမတို့၏ ဝတ္တရားရင်း စစ်စစ်ဖြစ်၍ မိန်းမကောင်း မိန်းမမြတ်တို့သည် လောကတွင် ယောကျာ်း မိန်းမတို့ တတ်အပ်သော အတတ်တို့ကို တတ်မြောက် ရခြင်း ဖြစ်ပါသည်။ နမတော် မိမိကား ဝတ္တရားကျေမှုကိုသာ အကြောင်းရင်းထားကာ ဆောင်ရွက် နေပါသည် မောင်တော်ဘုရား"

ဖာတစ်လုံးခေါင်းကျားကား ကြင်ရာတော်နှင့် စကား ပြောဆိုရင်း ရွှေမြို့တော်ဝန်ကို ငံ့မျှော်နေ၏။

ရွှေမြို့တော်ဝန်လည်း ယနေ့ ငါသေပန်းပွင့်ချေပြီဟု ညည်းတွားလျက် ဖာတစ်လုံး ခေါင်းကျား ရှိရာ ဇရပ်သို့ ဆင်တစ်စီးနှင့် ထွက်လာခဲ့၏။ မြို့ဝန်ကတော်လည်း လမ်းခရီးက ဆီးကြိုနှုတ်ဆက်၍ "အစ်ကိုရေ့၊ ညက ကြီးကျယ်လှတဲ့ အိပ်မက်ကို မက်ပါတယ်" ဟု ပြောမဆုံးမီပင်၊ ဝန်မင်းသည် စိတ်တိုလှစွာနှင့် "အမိနယ်၊ အိပ်မက် ကောင်းတာဟာ သေပန်းပွင့်ဖို့ ငံ့တာဗျ၊ အမိမြှောက်စားထားတဲ့ တူတော်မောင်က ရှစ်ခေါဘဏီတပ်ကြီးကို ဆင်တစ်စီးတည်းနှင့် သူ တိုက်မလိုတဲ့၊ ကျုပ်ကိုလည်း သူနှင့်တစ်ပါတည်း လိုက်ရမတဲ့၊ ကျုပ်တော့ ယနေ့ သေပန်းပွင့်ရတော့မှာပဲ" ဟု ဆိုလေ၏။

"အစ်ကိုရယ်၊ သူ့ ဘုန်းပါလာတာကို မြင်နိုင်တာ မှတ်လို့"

"အင်း..." ဟု လေရှည်ကြီး ပြုလျက် အစဉ်တစိုက် သွားခြင်းဖြင့် ဖာတစ်လုံး၏ ဇရပ်သို့ ဦးခိုက်မိလေ၏။

ဖာတစ်လုံးခေါင်းကျားနှင့် မင်းသမီးကလေးသည် ရွှေမြို့တော်ဝန်ကို ဝမ်းသာအားရနှင့် နှုတ်ဆက်ပြီးသော် ဖာတစ်လုံးသည် ဆင်ပေါ်သို့ တက်ရန် ပြင်လေ၏။

"ဘုရားနှမကလေး ပွဲချိတ်အဖြစ်နှင့် လိုက်ပါမယ် ဘုရား"

"အလို... မိမိကလေး လိုက်မလို့လား"

"မှန်လှပါ၊ ဘုရားနှမကလေး မောင်တော်နှင့်အတူ လိုက်ပါ၍ မိန်းမကြမ်းအဖြစ်နှင့် မောင်ဘုရား ရှေ့တော်ကနေပြီး ရန်သူတော်များကို တွန်းလှန်ဖြိုဖျက် တိုက်ခိုက်ပါမည်။ အသင့် စီမံပြီးပါ ဘုရား"

"နှမတော်မိမိ၊ စစ်အတတ်ကို တတ်ကယ့်လား"

"မှန်လှပါ၊ ဘုရားနှမကလေး ဂန္ဓာလရာဇ် တက္ကသိုလ်ကျောင်းကြီး၌ တတ်အပ်သော အတတ်တို့ကို ကြွင်းမဲ့ညသုံ တတ်ခဲ့ပါသည့်အပြင် မင်းယောက်ျားတို့မှာ မိန်းမတို့၏ အာသာတမန္တနှင့် ကျင့်ဝတ်အဖြာဖြာတို့ကို မလေ့လာ မလိုက်စားငြားကြသော်လည်း မိမိကလေးမှာကား အစ်ကို၊

မောင်တော်မဲ့နှင့် ပင်တိုင်ပျော် ဖြစ်ရမှာကြောင့် ခမည်းတော်၏ လက်ရုံးတော် ဖြစ်ရစိမ့်သောငှာ မင်းညီမင်းသားတို့ တတ်အပ်သော အတတ်မျိုးကို ဒိုးကဲ့သို့ မွေ့နိုင်အောင် သင်ကြား တတ်မြောက်ခဲ့ကြောင်းပါ ဘုရား"

"တော်ပါပေရဲ့၊ တော်ပါပေရဲ့၊ အားကိုအားထား ပြုလောက်ပါပေရဲ့။ သို့သော် မိမိကလေးမှာ ယခု ကြင်ဖက်တော် မောင်ဘုရား ရှိပြီမို့ မောင်ဘုရားရဲ့ တာဝန်။ ဒါကြောင့် မောင်ဘုရားဟာ တာဝန်ကို ကျေပြွန်အောင် ဆောင်ရွက်ရမယ်။ မိမိကသာ မောင်ဘုရား စစ်အောင်ပြီး ပြန်လာတော့ ပွဲတော်စာ အမျိုးမျိုးနှင့် ဟောသည့် ဘတော်ဘုရားကို ရှိခိုးကာ ဆက်ရအောင် စီမံရွက်ပြီး နေရစ်တော်မူခဲ့ပါ"

ရွှေမြို့တော်ဝန်ကား ကြက်သီးထ၍ တုန်သွားလေ၏။

မင်းသမီးကလေးသည် ဝမ်းထဲမှ တက်ဆို့လာသော အပူလုံးကို မသိမသာ မျိုသိပ် ဖိနှိပ်လျက် မချိပြုံး ပြုံကား ဆံကို ဖြေ၍ ကြင်ဖက်တော်၏ ခြေတော်စုံကို ပွတ်ကာ ကန်တော့လေ၏။ ဖာတစ်လုံးလည်း "မယားကောင်း မယားမြတ်နှင့် တိုင်းသူပြည်သားကောင်းတို့၏ တန်ခိုးအာဖြင့် မောင်တော်စစ်အောင်ပြီး ပြန်အလာ၊ သပြေ ရေချမ်းနှင့်သာ ကြိုဆိုဖို့ စိတ်ကူးပေတော့ မိမိကလေး" ဆိုကာ အံ့ချီးဖွယ်ရာ ဆင်ပေါ်သို့ ခုန်တက်သွားလေ၏။

ဖာတစ်လုံးခေါင်းကျားသည် လမ်းခရီး၌ ၎င်း၏ လက်စွဲတော် ဖာထဲမှ မင်းမြောက် တန်ဆာတို့ကို ထုတ်၍ ဝတ်ဆင်ပြီးလျှင် သူရကန်ကျောက်ဖြင့် ခြယ်လှယ်လျက် ဓာတ်ကိုးပါးဖြင့် ပြီးသော အသွားရှိ လှံပုံကို တုတ်ထဲမှ ချွတ်ယူကာ သက်သာပြည်ကြီး၏ အလံတော်ကို ထူလွှင့်လျက် ရန်သူ၏ တပ်ဦးသို့ ရှေးရှု ချီလေ၏။

ရွှေမြို့တော်ဝန်ကား တုန်လှုပ်လာလျက် ရှေးအခါက မိမိ ပြောမှား၊ ဆိုမှား ရှိသည်များကို တောင်းပန်ဝန်ချလေရာ ဖာတစ်လုံးဖြစ်သော မျိုးညွန့်ရှိန် မင်းသားသည် "ဦးရီးတော် ခမည်းတော်၊ တူတော်မောင် သားတော်မောင်သည် သန့်စင်သော မဟာနွယ်ဖြစ်သည်အတိုင်း သူတစ်ထူးပေါ်၌ အပြစ်ကို မလိုလားဘဲ ကျေးဇူးတရားကိုသာ ရှာတတ်ပါသည်" ဟု ပြောဆိုနှစ်သိမ့်စေကာ ရန်သူ၏ အကဲကို ခတ်လျက် ဆင်ပေါ်မှ သိကြားမင်းကဲ့သို့ ရဲရင့်စွာ ချီနေလေ၏။

ရန်သူစစ်သည်တော်တို့လည်း အသားကို စားအံ့သကဲ့သို့ စစ်စည်၊ စစ်မောင်း တီးကား ညာသံပေး၍ ချီတက်လာကြကုန်၏။

ဖာတစ်လုံးခေါင်းကျားသည် မိုးကြိုးကြည်းသံကဲ့သို့သော ကြာပွတ်သံကို ပေး၍ သူရကန် ကျောက်ရောင်ဖြင့် ချီတက်လာသည့် စစ်သည်အပေါင်းတို့ကို မျက်စိမျှ မဖွင့်ဝံ့အောင် ပူပြင်း စူးရှစေသောကြောင့် ခြေသည် တပ်တို့သည် နောက်ဆုတ်၍ တန့်ရပ်ကြကုန်၏။ ဆင်တပ်၊ မြင်းတပ်တို့သည်လည်း အသီးသီး တက်လာကြပြီးသော် ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ကြခြင်း တို့ဖြင့် ဆုတ်၍သာ ရပ်တန့်ကြလေကုန်၏။

ထိုအခါ ရန်သူမင်းနစ်ပါးသည် ငါတို့၏ စစ်သည်တော်တို့သည် တစ်ခါတစ်ရံမျှ ထိုကဲ့သို့ တုန်လှုပ်ဖူးသည် မရှိ၊ အသားကို စားအံ့သကဲ့သို့ ရဲရင့်ကြကုန်၏။ ယခုခါသော်ကား အသို့နည်းဟု စီးတော်ဆင် သံလျင်စွာကို ချွန်းဖွင့်ကာ တပ်ဦးသို့ အပြင်းချီတက် ခေါင်းဆောင်ကြလေ၏။

၎င်းတို့သည် သက်သာပြည်ကြီး၏ အလံတော်ကို မြင်ကြရလတ်သော် မိမိတို့၏ တပ်များအား ဆင်များကို ချွန်းအုပ်၊ မြင်းသည်များကို ဇက်ချုပ်၊ ခြေသည်တော်များကို သိမ်းထုပ် စေပြီးသော် ဆင်ပေါ်မှ ဆင်းလျက် စစ်ဗိုလ်မှူး အနည်းငယ်ဖြင့်သာ ခြံရံလျက် ဖာတစ်လုံး ခေါင်းကျားထံသို့ ရှေးရှုသွားကြလေ၏။

ထိုမင်းနစ်ပါးတို့သည် နတ်စစ်မှူးကဲ့သို့သော ဖာတစ်လုံးခေါင်းကျားကို နောက်တော် မနီးမဝေးမှ အံ့ဩဖွယ်ရာသော တစ်ဆယ့်ငါးနစ်အထက်၊ အသက် ငါးဆယ်အောက်ခန့်ရှိ အသီးသီး လက်နက်စွဲကိုင်ကာ လိုက်ပါလာကြသော အမျိုးသားထုကြီးနှင့် ရေအိုး၊ ရေခွက်၊ ထမင်းထုပ် စသည်တို့ဖြင့် ထောက်ပံ့ရန်လိုက်လာ ကြသော အမျိုးသမီးထုကြီးနှင့်တကွ အလွန့်အလွန် အံ့ချီးဖွယ်ရာ မြင်ကြရလေ၏။

ထိုအခါ ထိုမင်းနစ်ပါးတို့သည် ဝမ်းသာမျိုးမက ဝမ်းသာကြလျက် လက်နက်ချ၍ ဦးခေါင်းကို လျှိုကာ နှုတ်ဆက်ကြလေ၏။

"ညီတော်များ ရှေ့ကို အစဉ်တည်း ကျန်းခံ့သာလို့ မာတော်မူကြကာ အလိုတော် ပြည့်ကြစေ"

မင်းတစ်ပါးသည်ကား မျက်ရည်အသွယ်သွယ် ကျဆင်းလျက် ဒူးတုပ်ကာ ကန်တော့ ပြီးသော် ဤသို့ တင်လေ၏။

"နောင်တော်ဘုရား၊ ဘုန်းဘုရား ညီတော်မှာ သုံးနှစ်သုံးဝါ နှစ်တောင်တာကြာ၍ နောင်ဘုရား ပြည်တော်သာသို့ ဆိုက်ရောက်တော် မမူပါသောကြောင့် ရှစ်ခေါဘဏီ တပ်ခင်းပြီးလျှင် အပြည်ပြည်မှာ စစ်ဆေးကာ လိုက်လာရပါသည် နောင်တော်ကြီး ဘုရား"

"သစ္စာ၊ ဓမ္မ၊ စာဂ၊ ဓိတိ အညီပြည့် ပြည်ကြီးဦးသျှောင် မြတ်ညီနောင်တို့၊ ညီတော်တို့သည် တက်သစ်စ နေကဲ့သို့ မြင့်သထက် မြင့်တော်မူကြပြီး သမ္ဘာတော် ကြီးသထက် ကြီးကြစေ။ နောင်ဖျားကား ဆရာတော်ဘုရား မိန့်ကြားတော်မူချက်အရ ပြည်တော်သာက ခွာခဲ့ပြီး ပြဿနာကြီးများကို ဖြေခဲ့လို့ ပြေပေ့ါ။ ကျေးကောင်း ကျွန်ကောင်း၊ သူငယ်ချင်း မိတ်ဆွေကောင်း၊ ညီအစ်ကို အစ်မနမ ဆွေမျိုးဉာတိကောင်း၊ မယားကောင်းတို့ကို တွေ့ရသိရပေ့ါ။ ယခု နောက်တော်ပါးက မားမားကပ်၍ မပြတ်လိုက်ပါ နေရှာပေတဲ့ ရွှေမြို့တော်ဝန်းမင်းဟာ ခမည်းတော်ဆို ဟုတ်၏။ ဘကြီးတော်ဆို ဟုတ်၏။ အပြစ်ကင်းစင် လော်လည်မထင်တဲ့ ဝန်ကတော်ကြီးဟာလည်း မယ်တော်ဆို ဟုတ်၏။ မိဒွေးတော်၊ မိထွေးတော်၊ အစ်မတော်တို့ဆို ဟုတ်၏ မိကြီးတော် ကျေးဇူးရှင်လည်း ဟုတ်၏"

ဖာတစ်လုံးခေါင်းကျား ပြုနေသော မျိုးညွန့်ရှိန် မင်းသားသည် ထိုသို့ မိန့်မြွက်တော်မူပြီးလျှင် ရွှေမြို့တော်ဝန်မင်းအား ဦးတိုက် ကန်တော့ခြင်းကို ပြုတော်မူလေ၏။

ထို့နောက် ညီတော်များအား ဤသို့လည်း မိန့်တော်မူ၏။

"ညီတော်များ၊ ရှုကြလော့။ နောင်ဘုရား၏ နောက်တော်ပါး မနီးမဝေးမှ ပြည်သူ့ ဝတ္တရားကို နားလည်ရှာကြတဲ့ ပြည်သူလူထုကြီးကို သူတို့ ဘုရင်မင်းမြတ်ကလည်း မခိုင်း၊ ကိုကိုဘုရားကလည်း မခေါ်၊ သူတို့ ဝတ္တရားနှင့်အညီ ခေါဘဏီတပ်ကြီး တည်ပြီး လိုက်ပါကူညီကြတယ်။ ဆယ်သုံးနှစ်ရွယ် လုံမငယ်တွေတောင် မကျန်ကြတော့ဘူး။ အဲသည်ကို စည်ညီပြီး ပြည်သူ့ဝတ် နားလည်တဲ့ တိုင်းပြည်ကို ဘယ်လို ရန်သူမှ မအောင်နိုင်ရဘူး ညီတော်များ"

မျိုးညွန့်ရှိန်သည် နတ်မင်းကြီး၏ သို့သော အသရေကို ယူ၍ ညီတော်များကို အဖော်ပြုကာ၊ လှမျိုးမြင့် ရှိရာ ဇရပ်သို့ သွားရောက်ကာ ဤသို့ ဆို၏။

"ဟဲ့... ခရီးသွားများ၊ ဧည့်သည်များ၊ သူတောင်းစားများ၊ အထီးကျန်သူများ မှီခိုရာ ဇရပ်မှာ တစ်ယောက်တည်း ရှိနေတာ ရွယ်ကောင်းဆင်းလှနှင့် ဘယ်သူလဲ။ လျှော်တေမချစ်၊ ဆံကျစ်မထုံး၊ မီးညှပ်သံကောက်မပါ၊ ကျပ်လည်း မမြင်ရလို့ ရသေ့လည်း မဟုတ်တန်ရာ။ ဝန်ထုပ်စီပိုး မရှိ၊

အဖော်လည်း မမြင်ရလို့ ခရီးသွား ဧည့်သည်လည်း မဟုတ်တန်ရာ။ ခွက်လည်းမရှိ။ တောင်ဝှေး ကိုလည်း မမြင်ရလို့ ဖုန်းတောင်းယာစကာလည်း မဟုတ်တန်ရာ။ နင် ဘယ်သူလဲ၊ ဇရပ်ပေါ်က ဆင်းပြီး ခစားလော့"

"အလို... တောတွင်းသား လူရိုင်းများ၊ လူရိုင်းပီပီ စကားကြမ်းကြုတ် ရိုင်းပျပါကလား။ မောင်တို့ရဲ့စကားကို မဖျားနားမှ မဆိုထားနှင့်၊ စက်စုံနှင့်မျှလည်း သတိမပြုသာ။ မဖျား တည်းခိုး နေတော်မူရာ တဲနန်းဇရပ်တော်သာသို့ မချဉ်းကပ်လာနှင့်။ မဖျားကား စမ္ပာနဂိုရ် ပြည့်ရှင်မင်းမြတ်ရဲ့ တစ်ပါးတည်းဖြစ်တဲ့ ရင်နှစ်တော်။ မဖျား စံနေတော်မူတဲ့ ဇရပ်တော် မင်္ဂလာသို့ ကျူးကျော်လာတဲ့ မောင်တို့ဟာ ဘယ်လိုပြစ်ဒဏ်ကို ခံလိုကြတယ်လို့ မဖျားထံ တင်၊ သနားသဖြင့် သက်ညှာကာ ဆင်ခြင် စဉ်းစားတော်မူမယ်"

"ဟယ်... မင်းသမီး၊ သင်ကား ယုတ်ညံ့လှ၏ တကား။ အသင်သည် ရတနာကိုးပါး ခြယ်လှယ်တောက်ပလျက်ရှိသော တစ်ပင်တိုင်နန်း၌ ကမ္ဗလာနီ အခင်းပေါ်တွင် တစ်ထောင်မျှသော မောင်းမမိဿံ ရံရွေတော်တို့နှင့် ခံစားနေခဲ့ပြီးမှ ဤဇရပ်၌ အထီးကျန်သည့် ဒွန်းစဏ္ဍား သူယုတ်မကဲ့သို့ တကုပ်ကုပ်နှင့် အလုပ်လုပ်နေသည်မှာ သင့်ထက် ယုတ်ညံ့သူ ရှိလေသေးသလား။ ဇရပ်ပေါ်မှ တောက်တပို ဆင်းခဲ့လော့။ အပြစ်မှ ချမ်းသာပေးသင့်လျှင် ပေးမည်။ သင်လိုရှိသမျှကို ခစား လျှောက်တင်လော့"

"ဩော်... ဖျင်းညံ့ ယုတ်မိုက်သောသူများ ကမ္ဘာတွင် ရှိသေးရဲ့နော်၊ ကိုယ်၌ နတ်ဝတ်တန်ဆာကဲ့သို့ တောက်ပသော အဝတ်ကို ဝတ်ဆင်ထားပါလျက် သုဘနှင့် အသုဘကို ခြားခြားနားနား မသိလေးပါ တကား။ နန်းစည်းစိမ်၊ သူဌေးစည်းစိမ် စသော ကာမဘောဂီ စည်းစိမ် ရိပ်ငြိမ်းတို့ကို တင့်တယ်သည်ထင်၍ ပွံ့သကူ တည်းဟူသော နေရာထိုင်ခင်း ဝတ်စားတန်ဆာတို့ကို အသုဘဟု အောက်မေ့နေသော လူသဖန်းမောင်တို့။ မောင်တို့၏ စကားသည် သုသာန်၌ ညအချိန် ခွေးအများ သီသကဲ့သို့ မင်္ဂလာ မဲ့လာလေဘိပြီ။ အတွင်းစိတ်ဓာတ်ကို ချိန်ဆရပါမူ မတို့၏ ပြည့်လောကသည် သင်တို့ကို မျက်စိမှိတ်၍သာ ကြည့်ဝံ့ပေလတ္တံ့။

"မောင်တော်တို့သည် မည်သည့် ကြက်သံတိတ်အရပ်၌ မီးဖုတ်လုပ်ငန်းကို မအားမလပ် ရအောင် အပတ်တကုတ် လုပ်နေရခြင်းကြောင့် လှ၏ မျိုး၏ မြင့်၏ သတင်းကို မောင်တို့၏ နားတွင် မညင်းနိုင်လေဟန် တကား။ မျိုးမြင့်သည် မြတ်သည်၊ အပ်သည်၊ နတ်တရထည်ဟု ထင်သော မောင်တော် ဖာတစ်လုံးကို သက်ဆုံးတိုင် မေတ္တာချမိသဖြင့် ထီးမွေကိုရွံ့၊ နန်းမွေကို တွန့်၊ စည်းစိမ်ကို

စွန့်ခဲ့ပြီ။ ပုထုဇဉ်တို့၏ သဘောအတိုင်း မေတ္တာမျှသူနှင့် ကြည်ဖြူစွာ သင့်ရသည့်ဘဝထက် မြတ်သော ဘဝသည် ပွေလီသော လောကတွင် အဘယ်မှာလျှင် ရှိတော့အံ့နည်း။

"တူနှစ်ကိုယ်သည် တစ်ဦးကိုတစ်ဦး ကြည်ညိုကြလျက် ဇရပ်အိုပျက်မှာ နေရသော်လည်း အချစ်သာလျှင် အကြောင်းရင်း ဖြစ်ချေသောကြောင့် ချစ်အပ်သဖြင့် ချစ်သူနှင့် ချစ်ခွင့်ရနေသော အရသာထက် မွန်မြတ်သည့် အရသာသည် တကျော့ချိနေသည့် သံသရာမှာ မရှိကြောင်းကို မောင်တော်တို့ မသိကြသည်မှာ ပညာရှိတို့က အချည်းနှီးသော သူများပါတကားဟု ဆိုတော့မည်ကို သနားမိပါသည်။ ဤဇရပ်မှ အမြန် ဖဲကြပါလော့"

"အဘယ်မင်းသမီး၊ သင်သည် မဟာသွေးစဉ်လျက်လည်း မစင်တွင်းသို့ ကျရှာသော နတ်သုဒ္ဓါကဲ့သို့ ဖြစ်ချေပြီ။ သင်သည် တစ်ရာ့တစ်ပါး ရုပ်မင်းတို့ကို ပင့်ဖိတ်၍ အရှက်ကို ပြုခဲ့ပြီ၊ ယခု ငါတို့ကို စကားအားဖြင့် ဆဲဆိုနှိပ်နင်းပြန်၏။ သင်သည် မဋ္ဌူသကပန်းပင် ဖြစ်သော်လည်း သူတောင်းစား၏ ခေါင်း၌ ဆင်မြန်းခြင်းကို ခံရချေပြီ။ ငါတို့သည် ရှက်ဆေး ချေအံ့သောငှာ ရှစ်ခေါဘဏီမျှသော တပ်နှင့် သင့်တစ်တိုင်းပြည်လုံးကို နှိမ်နင်းမိချေပြီ၊ သင်၏ လင်းရှူးသည်လည်း မြေခွေးသည် ခြင်္သေ့မင်းကို ဟောင်မှားမိသကဲ့သို့ ပျက်စီးခြင်းမလှ ပျက်စီးရှာရချေပြီ။ သင်ကား ဖုတ်၊ တစ္ဆေ၊ ကျုတ်တို့ စွန့်ပစ်သွားသော စားကြွင်းပုံသကူ ဖြစ်ရချေပြီ။။ သင်သည် သင့်အဖြစ်ဆိုးကို မြင်သိ၍ ငါတို့အား လေးစားစွာနှင့် တောင်းပန်ဝန်ချလော့။ ကျေနပ်တန်လျှင် ကျေနပ်ရမည်။ သင်သည် လိမ္မာမြင့်မြတ်သော မဟာဆီ မဟာသွေး ဖြစ်သည်နှင့်အညီ လိမ်းကျံပြီးသော မြူမှုန်များကို အနောတတ္တ ရေသီတာမြနှင့် ဆေးကြောပါတော့လား အဘယ် မင်းသမီး"

"ဩော်... အကျင့်တန် ဆိုးသွမ်းလှသော မင်းညစ်များ၊ ဆက်၍ စကား မဆိုနှင့်၊ ပိမည်။ မလှည့်စားနှင့်၊ ခါးမည်၊ မပလီနှင့်၊ ရယ်မည်။ မြင့်၏ မောင်ဘုရားသည် ကျယ်ပြန့်၍ အရစ်အရစ်နှင့် တင့်သော နဖူး၊ ညီညွတ်ပြေပြစ်လျက် သတိမလစ်သည့် ဦးခေါင်းတို့ရှိ ယောက်ျားဇာနည် ဖြစ်ခြင်းကြောင့် ရန်သူကို တစ်မုဟုတ်ချင်းဖြင့် အောင်နိုင်သောဉာဏ်ရှင် ဖြစ်ဘိ၏။ မောင်ဘုရား၏ မျက်လုံးနှစ်ဖက်သည် မျက်ရစ်နှင့်တင့်လျက် လုံးဝိုင်းပြီးသော် မျက်နက်ဖြင့် တောက်ပကာ ရှိခြင်းကြောင့် ရန်သူတကာတို့ တုပြိုင်မဝံ့သော၊ မော်မဝံ့သော၊ မငြင်းဝံ့သော အသရေနှင့်လည်း ပြည့်စုံဘိ၏။ လက်ရုံးတော်၊ ရင်အုပ်တော်၊ ခြေတော်တို့သည် ဇာတိသရုပ်ကို ပေါ်နေလျက် ရန်သူကို အမြဲချေပကာ စွမ်းနိုင်၏။ အမောင်တို့လို မင်းနံ့၊ မင်းညံ့တို့၏ ရှစ်ခေါဘဏီ တပ်မျှ သေးသေးနပ်နပ်ကို

မဆိုထားနှင့်၊ ကုဋေရှစ်ဆယ်မျှရှိ မာန်နတ်မင်း၏ တပ်ကိုပင်လည်း တစ်မုဟုတ်ချင်းဖြင့် အောင်စွမ်းနိုင်မည် ဖြစ်၏။"

"မောင်တော် ဖာတစ်လုံးသည် ယောကျာ်းမြတ်တို့၏ အမြဲလက်သုံးဖြစ်သော ဖြုဟ္မစိုရ် တရားလေးပါး၊ မြဲမြံသောသစ္စာ၊ မယိမ်းမယိုင်သော သမာဓိတို့နှင့် ပြည့်စုံ၍ အခါခပ်သိမ်း ရန်အမျိုးမျိုးကို အောင်ရမည်။ ထို့ကြောင့် သာမန်မျှသော မောင်တို့ကို မဆိုထားနှင့်၊ သိကြားပေါင်းသုံးကျိပ် လာရောက်၍ အလောင်းတော်ကို ယူပြသော်လည်း ခေတ်၏၊ ပဥ္စလက် ဉာဏ်၏၊ လူမသမာ၏ ဝက်ဝုတ္တိဟုသာ လှက ဆိုသည်၊ မျိုးက ဆိုသည်၊ မြင့်က ဆိုသည်။ ထားလိုက်ဦးတော့၊ အကယ်၍ သတ္တဝါတို့၏ ဓမ္မတာမှာ သေခြင်းသာလျှင် အဆုံးရှိသည့်အတိုင်း နတ်ရွာသို့ ကြွရာရလေသော် လှသည် ကာမဂုဏ်၏ ဆင်းရဲသဘောကို ထင်မည်၊ မျိုးသည် ပုရပိုဇ်အသွင်ကို ယူမည်၊ မြင့်သည် ကမ္မဋ္ဌာန်းကိုသာ အာရုံ ဝင်တော့မည်"

"မိမိကလေး လှရေ့၊ ထိပ်စုမြတ်ကလေး မျိုးရေ့၊ သူဇာနွယ်ကလေး မြင့်ရေ့။ အမှားတော်ပုံကို မောင်ဘုရား သည်းခံတော်မူမည်။ နောင်တရတော်မူပါလော့။ မောင်ဘုရားသည် ကိုးဆယ်ကိုးပါးသော မင်းတို့၏ အကြီးအကဲ ဇေရာဇ်ဖြစ်သည့် နဂါးနိုင်မင်းတည်း။

"မောင်ဘုရား၏ စံနန်းတော်သည် အဆောင်တော်ပေါင်း များမြောင်စွာတို့နှင့် တင့်၍စုံ၏။ ရွှေရောင်၊ ငွေရောင်၊ ပတ္တမြားရောင် တဖျတ်ဖျတ်တို့နှင့် လျှပ်ကာလျှပ်ကာ ရောင်းချင်းဟပ်ကာ အထပ်ထပ် ရှိကုန်၏။ အဆောင်ဆောင်သော အခန်းတို့၌ ဆီမီးမထွန်းရဘဲ ညဥ့်အခါ အမြဲလင်းလျက် ရှိ၏။ ထိုသို့သော နန်းမထက်၌ မိဖုရားငယ်တစ်ထောင်၊ မောင်းမပေါင်းတစ်သောင်း ရံရွေ ညောင်းလျက် တူရိယာသံတို့သည် မပြတ်မစဲ ရှိနေချေပြီ။ ထိုသို့သော မိဖုရား၊ မောင်းမတို့၏ အလယ်၌ ညာစံဒေဝီ မဟေသီ မိဖုရားခေါင်ကြီး အဖြစ်နှင့် ချီးမြှင့်မြှောက်စား ကြင်ရာတော် ထားကာ စံစားတော်မူမည်။

"မောင်ဘုရား၏ ရွှေမြို့တော်သည် ကျုံးသုံးတန်၊ မြို့ရိုးသုံးတန်တို့ဖြင့် ပတ်ဝိုင်းကာလျက် စိန်ဖူးသာလျှင် အထွတ်ရှိသည့် တန်ဆောင်း၊ ပြအိုး၊ ပြာသာဒ်တို့နှင့် တန်ဆာဆင်ကာ ရှိသည့်ပြင် တံခါးမ လေးဆယ်၊ တံခါးငယ်လေးရာ၊ လမ်းမကြီး အသွယ်သွယ်တို့နှင့် ပြည့်စုံကာ ရှိချေ၏။ ကျုံးကြီးများ၌ ညအချိန် ရေကင်းလှည့်သံ၊ မြို့တော် ပြည်တော်၌ စောင်းငြင်း တူရိယာအသံတို့နှင့် မစဲကာ ရှိချေသောကြောင့် မောင်ဘုရား၏ ပြည်တော်သို့ ရောက်ဖူး၊ မြင်ဖူးသောသူသည် သိကြားစံရာ တာဝတိံသာ နတ်မြို့ကြီးကို ရောက်ဖူး၊ မြင်ဖူးပြီဟု ထင်မှတ်ကြရလေသည်။

လမ်းမကြီးများနှင့် လမ်းသေးလမ်းမြွာများတို့၌ သွားလာ နေထိုင်ကြကုန်သော မြို့တော်သူ မြို့တော်သားတို့၏ အသံ၊ ဆင်သံ၊ မြင်းသံ၊ ရထားသံ၊ ဗိုလ်ပါသံတို့နှင့် တစ်ယံမပြတ် ရှိချေသောကြောင့် ရွှေမြို့တော်သို့ မဝင်ရောက်မီ သုံးယူဇနာလောက်ကပင် မြိမ့်မြိမ့်အုန်းအုန်း တရုန်းရုန်းသော အသံတို့ကို ကြားကြရကုန်၏။

"ပြည်တော်ကြီး အတွင်း၌လည်း လမ်းကြီး၊ လမ်းမ ဝဲယာတို့၌ ဈေးစဉ်၊ ဆိုင်တန်းတို့တွင် ထွက်ဝင် သွားလာ နေကြကုန်သော မြို့သူမြို့သား၊ ပြည်သူပြည်သားတို့၏ အဝတ်တန်ဆာရောင်၊ လွှတ်တော် ရုံးတော်တို့၌ တက်သက်နေကြကုန်သော အရာရှိ၊ အရာခံ၊ မင်းမှုထမ်းတို့၏ အဝတ်တန်ဆာရောင်၊ မြို့ထိပ်လမ်း၊ ကျုံးထိပ်လမ်း၊ မြို့ရိုး တန်ဆောင်း၊ ပြအိုး ပြာသာဒ်တို့၌ ထွက်ဝင်သွားလာ လမ်းလျှောက်နေကြကုန်သော သူဌေး သူကြွယ်တို့နှင့် ပရိသတ်လေးပါးတို့၏ အဝတ်တန်ဆာရောင်၊ ချပ်၊ မိန်ညိုတို့ကို ဝတ်ဆင်လျက် လက်နက်စွဲကိုင်ကာ သစ်တပ်၊ တံခါးနီ၊ ရွှေတိုက်တော်၊ ငွေတိုက်တော်၊ မြေတိုက်တော်၊ လွှတ်တော်၊ ရုံးတော်တို့၌ စောင့်ကြပ်နေကြကုန်သော စစ်သည်တော် တပ်သားတို့၏ အဝတ်တန်ဆာရောင်တို့ဖြင့် ရွှေပြည်တော်ကြီး တစ်ဝန်းသည် ရောင်စုံခြယ်လှယ်ကာ တဖိတ်ဖိတ်နှင့် ရှိနေလေရကား၊ သဘင်တော်ကျင်းပနေသည့် တာဝတိံသာ နတ်ပြည်ကြီး၏ နေ့ထူး နေ့မြတ်ကဲ့သို့ တင့်ကောင်း တင့်တယ်၊ ပျော်ဖွယ်မငြီး၊ အံ့ချီးမကုန်၊ စည်းစိမ်မျိုးတို့၏ စုံရာ ဖြစ်ချေတော့ တကား။

"ထိုသို့သော ပြည်မကြီးသခင် အရှင်မိဖုရားခေါင်ကြီး၏ အဖြစ်ကို နမတော် မိမိသည် လက်သင့်ခံလျက် စစ်ပွဲတွင် ကျလေရပြီသော ဖာတစ်လုံးခေါင်းကျား လူထူးကို စိတ်ကူးမျှပင် မထည့်သင့်တော့ဘူး မဟာဆီနွယ်ရင့် လှမြင့်မြင့်"

"အလို... စော်ကားချက် လွန်လွန်းပြီ၊ ဣဋ္ဌာရုံ ဟူသမျှသည် သံသရာ၌ တရစ်ပတ်ပတ် လည်ရဖို့ ဝဋ္ဋကာမတို့ဖြစ်၍ တမ်းတစွဲမက်မှုသည် ဆင်းရဲခြင်း အမှန်ဟု လင်းခဲ့ပါလျက် ဘာကြောင့် ဆက်ကာ ဆက်ကာ သူတစ်ပါး မသက်သာအောင် ဖြားယောင်းသွေးဆောင် နေကြရသလဲ၊ မောင်းထုတ်ရတော့မလား"

ညီနောင် သုံးပါးတို့သည် လှမျိုးမြင့်၏ တင်းမာ ကြံ့ခိုင်စွာ ခုခံနေခြင်းကို တွေ့ရလတ်သော် စံတော်မူရာ ဇရပ်ပေါ်သို့ အတင်းတက်မည် ပြုလေ၍ လှမျိုးမြင့်လည်း မိုးကြိုး ကြည်းသံကဲ့သို့ ကြာပွတ်သံကို ပေးလျက် ဤသို့ ကြိမ်းပလေ၏။

"မစမ်းနှင့်၊ စမ်းလျှင် ပန်းလိမ့်မယ်။ မကြမ်းနှင့် ကြမ်းလျှင် ခန်းလိမ့်မယ်။ မရမ်းနှင့် ရမ်းလျှင် ကန်းလိမ့်မယ်။ ဆင်ကို ကြွက်ထင်တဲ့ ဆယ်စီးအား ရှင်ကို မသိကြဘူးလား။ ဖယ်ကြ၊ ရှားကြ။ စကားလှသလို ဓားကျတော့ တားမရအောင် ဖြစ်လိမ့်မယ်။ လှတဲ့ တရားကို ဆ နေတုန်း၊ မျိုးတဲ့ တရားကို မိုးနေတုန်း၊ မြင့်တဲ့ တရားကို ချင့်နေတုန်း ရပ်တန်းတွင် ရပ်၊ သပိတ်တန်းသို့ ကပ်လာလျှင် ဒြပ်စင်ကာ ပြုတ်ရအောင် လက်နက်နှင့် မောင်းထုတ် လိုက်လိမ့်မယ် မောင်တို့"

ထိုအခါမှ မျိုးညွန့်ရှိန်သည် လျှို့ဝှက်ကာ ယူလာခဲ့သော မူလ အဝတ်အစား တို့ကို ဆင်၍ မူလရုပ်ကို ပြုပြီးသော "မိမိကလေးဟာ အင်မတန့်ကို ဒေါသကြီးတာပဲ" ဟု ပြုံးကာ ဆိုလေ၏။

"မောင်ဘုရားက သိပ်ကို ကျီစားတန်တာပဲကိုး" ဆိုကာ ဖာတစ်လုံးခေါင်းကျား ခေါ် မျိုးညွန့်ရှိန်၏ ခြေတော်စုံကို ဦးတိုက်ပြီးမှ သင့်ရာနေရာက တပြုံ့ပြုံ့ တပုံ့ပုံ့နှင့် ကျုံကျုံကလေး နေလေ၏။

ရွှေမြို့တော်ဝန်သည် ဆင်စီးသူရဲများနှင့် စစ်သူကြီးများ ခြံရံကာ ဆင်စီး၍ ရောက်လာလေ၏။ မျိုးညွန့်ရှိန်လည်း ကေရာဇ်မင်း၏ မင်းဝတ်တန်ဆာကို ဆင်ပြီးလျှင် လှမျိုးမြင့်အား ကေရာဇ် မိဖုရားခေါင်ကြီး၏ အဝတ်တန်ဆာကို ဖာထဲမှ ထုတ်ယူဆင်သလျက် "ကိုင်း... နမတော်မိမိ၊ ခမည်းတော်ဘုရားထံ ကန်တော့ပန်း ဆက်သရန် လှမ်းချီတော်မူကြစို့" ဟု မိန့်လေ၏။

လှမျိုးမြင့်လည်း လှုပ်လှုပ်လဲ့လဲ့ နွဲ့နွဲ့လျလျ ဟန်အမူအရာ တီတာလှနှင့် "မောင်တော် ဘုရား၊ ဘုရားနမကလေး တဲနန်းတော်ဇရပ်ပေါ်မှ ဆင်းသက်တော်မူရရန် ကြောက်ဒူးတော်တုန် ရွှေရင်တော်ခုန်လှလို့ စက်တော်စုံ ချဲ့ပေါင်၊ တွဲဆောင်တော်မူပါဦး ဘုရား" ဟု မိန်းမတို့၏ သဘာဝအားဖြင့် လျှောက်ထားလေ၍ မျိုးညွန့်ရှိန်သည် ယောက်ျားတို့၏ သဘာဝကို ပဏာမအဖြစ်ဖြင့် မူမူဆဆ၊ ယုယုယယ၊ နုနုလျလျနှင့် လှမျိုးမြင့် ကမ်းလှမ်းနေသော လက်ကိုဆွဲကိုင်တွဲယူကာ ဇရပ်ပေါ်မှ ဆင်းပြီးလျှင် ချစ်သူနှင့် ဆင်ပေါ်သို့ တက်တော်မူလေ၏။

ထိုနေ့ တစ်ချက်တီးကျော် လေးမောင်းအချိန်တွင် မျိုးညွန့်ရှိန်မင်းသားနှင့် လှမျိုးမြင့် မင်းသမီးတို့သည် ကေရာဇ်မင်း၊ ကေရာဇ်မိဖုရားခေါင်ကြီးတို့ ဆင်အပ်သော မင်းမြောက် တန်ဆာ တို့ကို ဝတ်ဆင်ကြလျက် သိကြားမင်း၊ သိကြားမင်း မိဖုရားခေါင်ကြီးတို့၏ တင့်တယ်ခြင်း ကဲ့သို့ တင့်တယ်စေ၍ ရွှေထီးလေးချက် ဖြန့်မိုးကာ ခမည်းတော်စံရာ နန်းတော်သို့ ဆင်တော်နှင့် ထွက်တော်မူလေ၏

ထိုနောက်မှ မင်းဘီလူးနှင့် သတိုးနွယ် မင်းကြီးတို့သည် မင်းမြောက်တန်ဆာကို ဆင်ယင်၍ ရွှေမြို့တော်ဝန်နှင့် ရွှေထီးဆောင်းထားပြီးလျှင် ဆင်စီးကာ လိုက်ပါလေ၏။ ထိုနောက်မှ အသီးသီးသော စစ်သူကြီးများ၊ စစ်မှူး စစ်ကြပ်များ စသည့် တပ်သားများသည် မိမိတို့၏ အဆင့်အတန်းနှင့်အညီ စီစဉ်၍ ဆင်တပ်၊ မြင်းတပ်၊ ခြေသည် သူရဲတပ်တို့သည် စစ်စည် အောင်မောင်းတီးကာ စမ္ပာနဂိုရ်ပြည် မင်းလမ်းမ ခရီးဖြင့် ရွှေနန်းတော်ကြီးသို့ ဦးတည်ကာ သွားကြကုန်၏။

ရွှေမြို့ အလုံးသည်လည်း အလွန် ငြိမ့်ညောင်းသာယာခြင်း ဖြစ်၍ ပြည်သူပြည်သားတို့သည် နှစ်ထောင်းအားရ ရွှင်ပျကြကုန်လျက် ခရီးဦး ကြိုဆိုခြင်း၊ ရှိသေစွာ ကန်တော့ခြင်းတို့ကို ပြုကြကုန်၏။ ၎င်းတို့၏ သခင်မကလေး လှမျိုးမြင့်ကို အထူးပြုကာ ဩဘာပေးကြ၍ ပန်းပေါက်ပေါက်တို့ဖြင့် ကြဲမြှောက်ကြခြင်း၊ သပြေ ရေချမ်းအိုးတို့ဖြင့် အောင်သီချင်း၊ အောင်ဩဘာ သီချင်းတို့ကို သီဆိုကြပြီးလျှင် ဘိသိက်သွန်းလောင်းကြခြင်း တို့ကို ခရီးလမ်းမ ဝဲယာတို့က စောင့်ဆိုင်းကာ ပြုကြကုန်၏။ လှမျိုးမြင့်၏ ဂုဏ်သတင်းသည်လည်း တိုင်းပြည် ကြီး၏ ထက်ဝန်းကျင်၌ ပဲ့တင်လှိုက်ဟည်းကာ ကျော်ကြားသွားလေ၏။

ထိုသို့သော အခမ်းအနားကြီးသည် ရွှေနန်းတော်ကြီးသို့ ဦးခိုက်မိသောအခါ ဘုရင် မင်းမြတ်သည် တစ်ပါးသော ရန်သူမင်းသည် ငါ့အား ဖမ်းရန်ချီတက်လာပြီ ဟု ထင်မှတ်တော်မူ သဖြင့် သင့်တင့်သော ပရိယာယ်မှုနှင့် အောင်မြင်ရန် နှလုံးသွင်းတော် မူနေသည်တွင် "ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော ခမည်းတော် မင်း မင်းတို့၏ ထိပ်ခေါင်တင်ဘုရား၊ သားတော် သမီးတော်တို့သည် သဘာဝ၏ အောင်မင်္ဂလာ ဘိသိက်ပန်းကို ဆင်မြန်းခဲ့၍ ခမည်းတော်ဘုရား၏ ခြေတော်စုံကို ဆံဦးပုံကာ ကန်တော့ရရန် ဝပ်စင်းကာ ဆိုက်ရောက်လာပါပြီ ဘုရား" ဟူသော ချိုအေးသည့် အသံကြည်ကြည်သည် ရှေးဦးစွာ တပ်ဦးဆိုက်လာလေ၏။

ဘုရင်မင်းမြတ်လည်း သမီးတော်နှင့် သမက်တော်အား အလွန်နှစ်ထောင်းခြင်းဖြင့် မြေနန်းမမှ အားမရနိုင်သည့် ရှုတော်မူခြင်းဖြင့် ရှုနေတော်မူသည်တွင် သမက်တော်၊ သမီးတော် အစရှိသည်တို့သည် မြေနန်းမသို့ ဦးခိုက်မိကြလေ၏။

ဘုရင်မင်းမြတ်သည် ကြည်လင်အေးမြလှသော မျက်ရည်တော် ပြည့်ဝိုင်းလျက် သမက်တော်နှင့် သမီးတော်တို့၏ နဖူးကို မဝနိုင်သော နမ်းရှုပ်ခြင်းဖြင့် နမ်းရှုပ်ပြီးသော် ပခုံးတို့ကို

ရာဇပလ္လင်ပေါ်တွင် လက်ဝဲ လက်ယာ ပြကာ ကိုင်လျက် ဗိုလ်ထုအလယ်တွင် သမီးတော်နှင့် သမက်တော်၏ ဂုဏ်တို့ကို အဖန်တလဲလဲ ချီးမွမ်းလေ၏။

မျိုးညွန့်ရှိန်လည်း မင်းကြီး၏ ခြေတော်စုံကို ဦးတိုက်ကန်တော့ပြီးသော် ဗိုလ်ထုအား ဤသို့ မိန့်တော်မူလေ၏။

"ဗိုလ်ထု၊ လောက၌ ယုတ်ညံ့သော သူတို့သည် မိမိ ယုတ်ညံ့နေရစဉ်အခါ ကိုယ်ကျိုး ကိုယ်စီးပွားကို လိုလားသောအားဖြင့် မြင့်မြတ် ဂုဏ်ရှိသူတို့ကို ခစားလေ့ရှိကြ၏။ အလွန်အကြူး လည်း ခစားတတ်ကြ၏။ ထိုသူတို့သည် မိမိ၏အကျိုး ပြီးမြောက်သောအခါ ကျေးဇူးရှင်ကို မေ့လျော့၍ မထီမဲ့မြင် ပြုတတ်၏ အကျိုးယုတ်ကိုလည်း ပြုတတ်၏။ စွမ်းရည်သတ္တိနှင့် ဗျတ္တိတို့ရှိ၍ စိတ်သဘော ကြံ့ခိုင်မြင့်မြတ်သူတို့မှာကား နိမ်ချသည့် မာနသည် အမြဲတည်နေ သော်လည်း မိမိ၏ အကျိုးကို လိုလားတောင့်တမှုဖြင့် မိမိ ယုတ်ညံ့သည့် အခြေအနေနှင့် တည်ရှိရစဉ်အခါ ပရိယာယ်မှုကို ပြု၍ မခစားတတ်၊ ကိုင်းရှိုင်းတုပ်ကွခြင်းကိုလည်း မပြုတတ်၊ ပြုလေ့လည်း မရှိ။ အကယ်၍ ပြုမိချေသော် မိမိ၏ မြင့်မြတ်မှုနှင့် စွမ်းရည်သတ္တိ၊ ဉာဏ်ပညာ အခြေအနေ၊ မျိုးရိုးဇာတ်၊ ဂုဏ်ကျက်သရေတို့ကို ဖျက်ဆီးပပျောက် တိမ်ကောစေခြင်းနှင့် တူချေသည်။

"ဗိုလ်ထု၊ လူ့အင်္ဂါနှင့် ပြည့်စုံသောသူသည် ကောင်းစားလေ မာနရောင် မှိန်လေ ဖြစ်ချေသည်။ လူသည် သူတစ်ပါး၏ အပြစ်ကိုထက် မိမိ၏ပြစ်မှုကို ပို၍ ရှုရမည်။ သူတစ်ပါးကို ပြစ်မှုအတွက် ပြစ်ဒဏ်မပေးမီ မိမိကိုယ်ကို မိမိအလျင် တင်ကူးပြစ်ဒဏ် ပေးရမည်။ နံနက် လင်းအရုဏ်နှင့် တွဲ၍ ငါ့ကျေးဇူးရှင်သည် ဘယ်မှာလဲ၊ ကျေးဇူးရှင်အား ဘယ်လို ကျေးဇူးပြုရပါ မည်နည်း၊ သူတစ်ပါး၏ အကျိုးကို မည်ကဲ့သို့ ဆောင်ရွက်ရပါမည်နည်းဟု မျက်နှာသစ်ရေ ကျရမည်။ ညအိပ်ရာဝင်သောအခါ ငါကျေးဇူးဆပ်၍ ကုန်ခဲ့ပြီလော၊ သူတစ်ပါးကောင်းစာရန် ဆောင်ရွက်ဖို့ ငါ့အချိုးအစားနှင့်အညီ မည်သည်များ ကျန်ပါသေးသနည်းဟု အာရုံပြုလျက် ခေါင်းချလော့။ တစ်နေ့လုံးလည်း သူတစ်ပါး၏ အပြစ်ထောင်သောင်းကို သတိမမူဘဲ တစ်ခုတလေ အကျိုးကို ရှာလျက် သူတစ်ပါး၏ ကျေးဇူးကို ဆောင်ရွက်၍ ငါသည် အခါခပ်သိမ်း တိုင်းပြည်ဝန်ထမ်း၊ သူ၏ဝန်းထမ်းပါ တကားဟု အလုပ်လုပ်ခြင်းသည်သာလျှင် တိုင်းသူပြည်သား ကောင်းထဲတွင် ပါဝင်လျက် ထိုတိုင်းပြည်၊ ထိုလူမျိုးသည်သာလျှင် ကမ္ဘာ့ထိပ်တန်းတွင် တည်နေပါလတ္တံ့။

"ဤသည်တို့ကား ကိုယ်တော်မြတ်သည် ဗိုလ်ထုအား ရှေးဦးစွာ နှုတ်ခွန်းစကား ဆက်သပါသတည်း။ ကိုယ်တော်မြတ်လည်း တိုင်းပြည်ကြီး၏ ကျေးကျွန် အဖြစ်ကို ယူ၍

တိုင်းပြည်ဝန်ကို ယနေ့ ဤအချိန်ကစ၍ ထမ်းရွက်ပါတော့မည်ဟု ဤသဘာတွင် သစ္စာပြုပါသတည်း”
ဗိုလ်ထုသည် မဆိတ်နိုင်ဘဲ သောင်းသောင်းဖြဖြ ပွဲတင်ဖြစ်ကာ ဩဘာမှုကို ပြုကြလေသည်။

## အခန်း (၉)
## ပြည်တော်သိမ်း

စမ္မာနဂိုရ်ပြည့်ရှင် ဘုရင်မင်းမြတ်သည် သမက်တော်အား ပြည်တော်ကို လွဲအပ်၍ ဥပုသ်ဆောင်သို့ ဝင်တော်မူလေ၏။

မျိုးညွန့်ရှိန် မင်းကြီးသည်လည်း "တရားထီး" ဟူသော ဘွဲ့ကိုခံယူ၍ လှမျိုးမြင့်အား "မနဥက္ကဋ္ဌ" ဟူသော ဘွဲ့ဖြင့် မိဖုရားခေါင်ကြီးအဖြစ်နှင့် ဘိသိက်ခံယူကာ နန်းစည်းစိမ်တော်ကို သိမ်းပိုက်တော်မူလေ၏။ (ထောင်ထဲမှ သီချင်းသည်ကောင်း ဆယ်ယောက်တို့အားလည်း နန်းတွင်း အဆိုတော် အဖြစ်နှင့် ချီးမြှင့်လေ၏။)

မျိုးညွန့်ရှိန်မင်းကြီးသည် ညီတော် သတိုးနွယ်နှင့် နန်းစိန်ကို စုလျားရစ်ပတ် လက်ထပ်ပြီးနောက် ပြည်တော်အား သတိုးနွယ်နှင့် ရွှေမြို့တော်ဝန်မင်းကို ခေတ္တအပ်ထားခဲ့လျက်၊ နန်းတော်တွင်း၌ တံခါးမရှိ၊ ဓားမရှိ ပြေးလွှားကစားနေကြသော မြို့ဝန်မင်း၏ သားတော် ကလေးများကို နမ်းရှုပ်လျက်၊ မြို့ဝန်ကတော်ကြီးကို မယ်တော်အဖြစ်နှင့် အကြိမ်ကြိမ် ကန်တော့ပြီးသော် တိုင်းခန်း လှည့်လည်တော်မူလေ၏။

စမ္မာနဂိုရ်ပြည် အလုံးကိုလည်း သုံးနှစ်တိတိ အခွန်အကောက်မရှိဘဲ လုပ်ကိုင်စားသောက်ရန်နှင့် ဆင်းရဲသူများအား ရွှေတိုက်တော်မှ ထုတ်၍ အရင်းအနှီး မ စ မည့်အကြောင်း၊

အထီးကျန်သူတို့အား ရွှေတိုက်တော်မှ ထုတ်၍ ရိက္ခာတော် ထောက်မမည့် အကြောင်းတို့ကို စည်လည်ကာ အမိန့်တော် ထုတ်လေသည်။

မျိုးညွန့်ရှိန် မင်းကြီးသည် နောင်တော်၏ တိုင်းပြည်သို့ ချီတော်မူ၍ အစ်မတော် စောဥမ္မာနှင့် စောရုမယ်တို့ကို မင်းဘီလူးနှင့် ဝိဟာဟမင်္ဂလာ ပြုတော်မူပြီးသော် နောင်တော်အား ဤသို့လျှင် တရားနှင့် ဖျော်ဖြေခြင်းကို ပြုတော်မူလေ၏။

"နောင်တော်ကြီးဘုရား၊ ပြည်မသေဋ္ဌနင်း မင်းဟူ၍ ဘိသိက်ခံသည်ကစပြီးလျှင် ပြည်သူ့ဝန်ထမ်း သက်သက်ဖြစ်၍ ဘုရင်၌ ဆောင်းဆင်နေသော သရဖူသည် မီးထက်လျှင် ပူချေတော့သည်။ ထိုသို့ဖြစ်၍ မာနကို သူတောင်းစားတို့၏ ခြေရင်း၌ ထားရာ၏။ မာနလွန်လျှင် နိမ့်ကျရတတ်၏။ ထို့ကြောင့် မာနအစား သဘာဝတရားကို လေးစားလျက် လူဟူသရွေ့ကို သိမ်းသွင်းတတ်ပြီးသော် လူတိုင်းကိုလည်း တိုင်းပြည်အကျိုးဆောင် တိုင်းပြည်ဝန်ထမ်း ဖြစ်နိုင်တန် သရွေ့ ဖြစ်စေရာ၏။

"ပြည့်ရှင်မင်းတို့ မည်သည် ကာလအားလျော်စွာ အာဏာအားဖြင့် တန်ခိုးထင်ရှားစေ သည်ထက် အကျင့်အကြံကိုမှီ၍ တန်ခိုးကြီးမှသာ တိုင်းပြည်သည် စည်ပင်သာယာ ဝပြောမည် ဖြစ်၏။ အကြင်တိုင်းပြည်သည် ပူလျက်၊ ဆူလျက်၊ လှုပ်ရှားလျက် ရှိ၏။ ထိုတိုင်းပြည်၌ တိုင်းသူ ပြည်သားတို့သည် အကျင့်ယွင်းပျက်မှုကြောင့်သာလျှင် ထိုသို့ ဖြစ်ရ၏။ ထိုသို့ တိုင်းသူပြည်သားများ အကျင့် ယွင်းပျက်မှုသည် လည်း ထိုတိုင်းပြည်ကို အုပ်စိုးသော မင်းကြောင့်ပင် ဖြစ်ချေ၏။ ထို့ကြောင့် မင်းတို့၏ ကျင့်ရာ၊ ဆောင်ရာ၊ များမြောင်လှစွာသော တရားတို့အနက် ထူးကဲသော တရားတို့မှာကား - မင်းဟူသည် အာဏာရှင် အကြီးဆုံးဖြစ်ရသည်ထက် အချုပ်အခြာဖြစ်သော ခံ့အဖြစ်နှင့် တည်ရခြင်းသည်သာလျှင် တိုင်းပြည်၊ လူမျိုး၏ တန်ခိုးကြီးမြင့်ရာ ကြီးမြင့်ကြောင်း ဖြစ်နိုင်၏။ တိုင်းပြည်၊ လူမျိုး တန်ခိုးကြီးမြင့်သော တိုင်းပြည်၏ ဘုရင်သည်သာလျှင် တန်ခိုးအာဏာတော်နှင့် ပြည့်စုံသော ဘုရင်မင်းမြတ် ဖြစ်ချေ၏။

အခါခပ်သိမ်း မင်းတို့၌ လည်းကောင်း၊ အကြီးအကဲ၊ အကြီးအမှူးတို့၌ လည်းကောင်း၊ သန္တိပါတ တရားသည် အမြဲရှိအပ်၍ ပြည်သူတို့ ကျေနပ်နှစ်သိမ့်ခြင်း သာလျှင် "ပုလဲတမူး" ဟူသော ဂုဏ်ထူးရှိသည့် မင်းကောင်းမင်းမြတ် ဖြစ်ရာသည်။ မင်းတို့၌ "ပုလဲတမူး" "သမုတိ" ဟူသော ဂုဏ်တို့သည် ထိုမင်းတို့၏ သရဖူကို တောက်ပြောင်စေသော လက်နက်တို့ ဖြစ်ကြောင်းကို နောင်ဘုရားသည် အထူး သတိတော် ထားအပ်ပါသည်။

"နောင်ဘုရား၊ အချုပ်အားဖြင့် လျှောက်ထားရပါလျှင် လူတို့၌ အမွန်မြတ်ဆုံးသော ပီယဆေးသည် ဒါန၊ သီလ၊ ပိယဝါစာ၊ အတ္တစရိယ၊ သမာနတ္တတာ ဖြစ်၍ ထိုတရားနှင့် လောကတွင်းမှ မငြင်းသောသူ ဟူသမျှသည် မကောင်းသင့်ရာ။ ထိုမှတစ်ပါး မင်းသည် မိမိစည်းစိမ်နှင့် ဂုဏ်၊ တန်ခိုး၊ အာဏာတို့ကို လိုလျှင် မှူးမတ်၊ ဗိုလ်ပါ၊ မင်းမှုထမ်းတို့လည်း ထို့အတူ ဖြစ်လိမ့်မည်။ တိုင်းသူပြည်သားတို့မှာလည်း ထို့အတူ ဖြစ်၍ ထိုတိုင်းပြည်သည် အတွင်း၌ ပူပြင်းလှသော ချော်ရည်တို့ ဆူပွက်ကာရှိသည့် မကြာမီ မီးတောင်အဖြစ်နှင့် ပေါက်ကွဲအံ့သော ဥယျာဉ်၊ ပန်းမန်၊ သစ်တော၊ မြိုင်တော၊ စိမ့်တောတို့နှင့် ပြည့်စုံသည့် တောင်ကြီးနှင့် တူပေလိမ့်မည်။

"ထို့ကြောင့် လောက၌ လူဟူ၍ ပညတ်တင်ထားသည့်အတိုင်း စီစီညီညီ သူတစ်ပါး၏ ကျေးဇူးကိုသာ ရှေးရှုခြင်းသည်သာလျှင် လောက၏ အေးချမ်းရာ အေးချမ်းကြောင်း ပေတည်း။ ထိုလောက၌ တည်ရှိရသော အချုပ်အခြာ အာဏာပိုင်သည်သာလျှင် မ + အင်း = မင်းအစစ် ဖြစ်ပါပေသတည်း"

မျိုးညွန့်ရှိန်သည် နောင်တော်၏အပေါ်၌ တစ်စုံတစ်ရာမျှ အမျက်မပြဘဲ အစေ့အစပ်စကားကို ဆိုပြီးနောက် ပေါက္ကံပြည်သို့ ချီရောက်လေ၏။

ပေါက္ကံ ဘုရင်မင်းမြတ်လည်း သမီးတော် မြဝတ်ရည်အား မျိုးညွန့်ရှိန် ကေရာဇ်မင်းထံ အခစား ဝင်ရမည်ဟု အမိန့်တော် သတ်မှတ်လိုက်သဖြင့်၊ မြဝတ်ရည်သည် မိမိကိုယ်ကိုမိမိ ပန်းဝတ်ရည်ကို မသိသော ယင်မမဲရိုင်းနှင့် ပမာပြုလျက် ယူကျုံးမရနှင့် ညိုးငယ်နွမ်းလျသော မျက်နှာကို အောက်ချကာ မျိုးညွန့်ရှိန်ထံ အခစား ရောက်လာရလေ၏။

ထိုအခါ မြဝတ်ရည်၏ မောင်တော်ကလေး မြဘုန်းလှိုင်သည် မင်းဘီလူးနှင့် စစ်တုဘုရင် ဆင်နေလေ၏။

တက္ကသိုလ်ပြည်ပြန် မြဘုန်းလှိုင် မင်းသားသည် ၎င်း၏ အစ်မတော်ဘုရား၏ အမူအကဲကို မင်းပရိသတ်ထဲတွင် မြင်ရသောအခါ ဤသို့လျှင် လှမ်း၍ လျှောက်လိုက်လေ၏။

"မမဘုရား၊ ဘုန်းလှိုင်ဟာ ငယ်သေးလို့ နားမလည်တာကို မမဘုရား နားမလည်ခဲ့ပါလျှင်…"

ထိုအခါ မျိုးညွန့်ရှိန်သည် စကားမစပ်မီ ကြားဖြတ်၍-

“ညီတော်ကလေး၊ အနာကို ဆူးနှင့် မဆွသင့်ပါ” ဆိုသဖြင့် ဘုန်းလှိုင်သည် စကားရပ်သွားလေ၏။

လုမျိုးမြင့်ကား မဟာသွေး အလွန်ပီသသဖြင့် မြဝတ်ရည်အား ထူးမြတ်သော ဧည့်ဝတ်တော်ကို ဖြစ်စေလျက် ဤသို့ စကားစတင် ယဉ်စေလေ၏။

“ညီမတော်၊ မညိုးငယ်ပါနှင့်၊ တန်ခိုးတော် ထည်လျက်ပါ၊ ပြုံးပြုံးကလေးနှင့် နဂိုကအလှကို ရှုမဆုံးနိုင်အောင် လွန်ခဲ့သမျှကို ဖုံးလိုက်ပါ။ ကျောင်းတော်က စတဲ့ အချစ်ဟာလည်း အနစ်ထောင်ရာ ကြာလာခဲ့သော်လည်း ဘယ်လိုမှ မပြတ်စဲနိုင်ပါဘူး။ ဟော... မောင်ဘုရားကလေး၊ နေကလေး ညိုးလာတော့ လုရေ... မြကို ဘယ်လိုပျော့အောင် ချော့ရပါ့မလဲတဲ့။ ဆောင်ကြာခန်းမှာ လရောက်ကလေး သမ်းလာတော့ ပန်းမဟာမြဝတ်ရည်ရယ်၊ ကိုယ်တော်ဆီများ စိတ်လည်တော်မူကောင်းပါသေးတယ်လို့ ရွှေလမင်းကို မှာရှာတော်မူတယ်။ အဲသည်တော့ ညီမတော်၊ ပျော်ပျော်နှင့် မော်မော်ပြီး ပေါ်အောင်သာ နေတော်မူ။ အပူတော်ကဲလို့ ယိုရွဲလာတဲ့ မျက်ရည်စကို စန္ဒကူးမှုန့်နှင့် ပုံ့ပုံ့ကလေး နေအောင် သ တော်မူလိုက်စမ်းပါ”

“မဘုရား၊ မဘုရားက ချိုပြီး ဆိုတဲ့စကားကို ကိုယ်တော်က ကြားလိုမယ် မထင်ဝံ့ပါ၊ လွန်ခဲ့သည်အားကို အပြစ်ထားကာ ညှာမှမဟုတ်လို့ ရွှေစက်တော် ဖြန့်လာတာကို ကြားရပါလည်း အခစား မဝံ့ရှာဘဲ ဆောင်တော်မှာသာ ကုပ်ပြီး နေရပါ။ မတတ်သာလို့ ခုမှပဲ ရောက်ရပါတယ်၊ မျက်မာန်တော် နယ်ကျယ်မှာကို ကြောက်လှပါတယ် မဘုရား”

“တကတဲ တမိရပါတဲ့ မြ၊ စိတ်တော်မှာ မပန်းဘဲ လလကလေးနှင့် လန်းလန်းကလေး ကြည်တော်မူ။ ယူကျုံးမရလည်း မရှိနှင့်၊ မောင်ဘုရားသည် သဘာဝကို ဝင်စားမိသည့် “တရားရှင်” ဖြစ်တော့ပြီ။ လူတို့မှာ ကံနှင့်တူသော အားမည်သည် မရှိ၊ ကံစီမံတိုင်း မဆိုင်းမတွ တွေ့ကြရမြဲတဲ့။ “လောကမှာ အပြစ်ကိုသာ ရှုလျှင် လူသည် လောကကြီး ကျွမ်းလောင်ကုန်ခန်းသွားအောင် မီးတိုက်နေသူများသာ ဖြစ်ပေသည်”၊ “လောကမှာ ကျေးဇူးကိုသာ ရှုလျှင် လူသည် လောကကို သာယာအောင် ဖန်တီးနေသော ကိရိယာများ ဖြစ်၍ ကုသိုလ်ရှင်၊ ပါရမီရှင်များ စည်းစိမ် သုခ ခံစံဖို့ရာ ဖြစ်သည်ဟု ယူဆရပေလိမ့်မည်”။ မြသည် မောင်ဘုရားကို ထောင်သို့ မပို့၊ မောင်ဘုရား၏ ဝိပါကဝဋ်ကသာ ထောင်သို့ ပို့သည်။ ပြင်းချင်လျှင် ပြင်းဦးလော့။ အလုတို့၏ စမ္ဘာနဂိုရ်ပြည် ရောက်တော့ ရွှေမြို့တော်ဝန်မင်းအိမ်မှာ နေမိပါသည်။ နောက်ဆုံးထောင်ထဲသို့ ရောက်ရပါသည်။ ရွှေမြို့တော်ဝန်သည် သားသမီးနှင့် မခြားပြုစုထားပေမယ့် ဝိပါကဝဋ်က မညှာလေတော့

ထောင်ထဲကိုသာ ရောက်ရပါသည်။ ဘာကြောင့် ရောက်ရသလဲ၊ ဝိပါက။ သို့သော် သည်ဝိပါကသည် ရှုံစရာ ကြောက်စရာလား၊ မဟုတ်။ သည်ဝိပါက မရှိလျှင် လှကို၊ မျိုးကို၊ မြင့်ကို မောင်ဘုရားလေ မြင်တောင် မြင်ဖူးရမှာ မဟုတ်ဘူး။ အဲ သို့မို့ကြောင့် လောကမှာ မမှားဘူး၊ သဘောအရ ထူးဆန်းထွေလာ ဖြစ်ကြရခြင်းမျှသာ ဖြစ်ရသည်။ မြရေ့၊ သဘောမှန် တွေ့ပြန်တင့်တင့် ကြံတိုင်းမြင့်၊ အကျင့်မှန်ကောင်းရန်ဖို့သာ တွေ့ရပါ၊ သဘောစစ်က ဖြစ်သမျှအကြောင်း ကောင်းဖို့ကိုချည်း မှတ်တော့တည်း"

"ကိုယ်တော်ကြီးဘုရား သဘောထားကို ကြားရသဖြင့် အမိုက်မလည်း ဝမ်းနည်းစွာနှင့် လျှောက်ရပါမည်။ မိမိကလေးလေ ကိုယ်တော်ကို မျှော်ခဲ့ရင်း အမှန်၊ ကိုယ်တော် ရောက်လာလျှင် ဖွတ်တရွတ် ကြွေလိုက်မည်ဟု စိတ်ထားပြုရင်းလည်း အမှန်။ ပလီ၊ တာ၊ ခရာသည် မဟုတ်၊ ကိုယ်တော် ရောက်လာက ဖြေလိုက်မည်၊ ကြည်လိုက်မည်၊ တည်လိုက်မည်ဟု စိတ်မှာထား၍ စောင့်စားနေခြင်းလည်း အမှန်။ ကိုယ်တော်ဘုရား စောင်းသံကို ကြားမိတော့ အချစ်မူး၍ ထွေလာကာထူးလျက် စိတ်ရှူးကလေး ကလက်ကာ အံ့ကြွပါသည်လည်း အမှန်။ သို့သော် ကံတရားက ဘယ်လိုများ ဖန်လိုက်၍မသိ၊ ကိုယ်တော်ဘုရား မိမြမှာ အမှားကိုသာ ပြုလိုက်မိပါသည် ဘုရား" ဟု လျှောက်ထားလျက် မျိုးညွှန့်ရှိန်၏ ခြေကိုဖက်၍ ငိုလေ၏။

မျိုးညွှန့်ရှိန်မင်းကြီးသည် မဘဲမြို့မှ သူဌေးကြီး အိမ်သားတစ်စုကို အထောက်တော်များ လွှတ်၍ ပင့်ဖိတ်သဖြင့် သူဌေးကြီးသည် ရောက်လာလေရာ မင်းကြီးလည်း "ထွေးရည်၊ အစ်ကိုကြီးဆီ ပြေးလာခဲ့၊ ပြေးလာခဲ့" နှင့် ခေါ်နေ၍ ထွေးရည်သည်လည်း အမြန်လာရောက်ပြီးသော် "ဟော အစ်ကိုကြီး ဘာဖြစ်နေသလဲ။ ဟ... သိကြားမင်းလို ဝတ်လို့" ဟု တောသူဘာဝ ပြောပြောဆိုဆိုနှင့် ဝင်လေရာ၊ အစောင့်တို့သည် ဟန့်တားမည် ပြုသော်လည်း မင်းဘီလူးက အခွင့်ပေးသဖြင့် ထွေးရည်သည် အတင်းပြေးကာ မင်းကြီးကို ဖက်လေ၏။

မျိုးညွှန့်ရှိန် မင်းကြီးလည်း မြဘုန်းလှိုင် မင်းသားကလေးကို ခေါ်ပြီးလျှင် လက်ယာဘက် ပေါင်ပေါ်တွင် လည်းကောင်း၊ ထွေးရည်ကို လက်ဝဲဘက် ပေါင်ပေါ်တွင် လည်းကောင်း ထိုင်စေလျက် စကား ဤသို့ ဆိုလေ၏။

"လှနှင့် မြတို့၊ ဟော ထွေးရည်ကလေးဟာ မောင်ဘုရားကို အင်မတန် ချစ်တယ်။ ဝတ်ကြီး ဝတ်ငယ်ကိုလည်း အရှူးဟု သဘောမထားဘဲ ပြုစုတယ်။ မောင်ဘုရားရဲ့ ကျေးဇူးရှင် မြဘုန်းလှိုင် ဟာလည်း မောင်တော်ဘုရားကို အစ်ကိုကြီး အရင်းကဲ့သို့ သဘောထားကာ ပြုစုပါတယ်။

သင်းကလေးတို့ရဲ့ လက္ခဏာသွင်ပြင်ကို ကြည့်လိုက်တော့ မြဘုန်းလှိုင်ဟာ မြပင်ကသီးတဲ့ မြသီးကလေး၊ ထွေးရည်ဟာလည်း ထောပတ်ဆီကြည်က တက်နေတဲ့ ဆီဥကလေးတို့ ဖြစ်တဲ့အပြင် ဘုရင်မင်းမြတ်နှင့် မိဖုရားဖြစ်ထိုက်တဲ့ ကြန်အင် လက္ခဏာများနှင့် ပြည့်စုံကြပေတယ်။ အဲသည်တော့ သင်းကလေးတို့ကို မောင်ဘုရားက စုလျားဖက်ပြီး ပွဲတက်မင်္ဂလာ ပြုချင်တယ်။ မြရဲ့ သဘောကို အပိုအလို မရှိဘဲ ဆိုစေချင်ပါတယ်"

"မောင်တော်ဘုရား အလိုတော်ကို မနှောစို၍ ချိုသည်ထက် ချိုကြောင်းပါ ဘုရား"

ထိုအခါ ထွေးရည်သည် ခေါင်းအောက်ချ၍ "ကိုကိုကြီး၊ သူက" ဆိုကာ စကားမဆက်ဘဲ ရှက်သဖြင့် မျိုးညွန့်ရှိန်မင်းကြီး၏ လက်ကိုသာ ဆုပ်ကိုင်ကာ နေသည်တွင် မင်းဘီလူးက "တူမတော်၊ နောင်ဘုရားက လျော်အောင် ဖန်သည်ကို ဘယ်လိုစိတ်ထား ရှိသည်ဟု လျှောက်ထားခြင်းပြုပါလား"

"ပြည်ကြီးရှင်ဘုရား၊ ကိုကိုကြီးက သူ့နန်းတော်ကြီးထဲမှာ ထွေးရည်ကလေး တံခါးမရှိ၊ ဓားမရှိ ဘယ်အချိန်မှာ မဆို အခွင့်အရေးကို ပေးကာ သနားမည် ဆိုပါသော် အစ်ကိုကြီးက လျော်အောင် ခင်းသည့် ဇာတ်ထုပ်မှာ ဘုန်းဘုရား ကျွန်တော်မျိုးမက သရုပ်ပေါ်အောင် ကပြရမှာပဲ ဘုရား"

မင်းဘီလူးလည်း ဝမ်းသာအားရနှင့် "နောင်ကြီး၊ ညီတော်၏ နိုင်ငံတော်တွင်းကလည်း မြခင်းသည့် ရွှေလမ်းမှာ တမ်းတမ်းမတ်မတ် လျှောက်ပတ်အောင် ကျက်သရေဆောင်မည့် သတို့သမီးကလေး ပေါ်ထွက်ရ သည်ကို အလီလီဝမ်းသာလှပါသည်။ ကေရာဇ် မိဖုရား မြထိပ်ထား ကသာလျှင် မြဘုန်းလှိုင် မောင်တော်ကလေးအား ဘုန်းတော်ကြီးဘုရားက အိမ်ရှေ့လျာ သနားတော်မူမည် ဆိုပါသော် သဘောတော်တူ နောင်ဘုရားတစ်ဆူ ဖြစ်မှာကို ဝမ်းသာတော် မူနိုင်ပါမလား" ဟု ဆိုတော်မူလေ၏။

"မောင်တော်၊ မဘုရားက မဆွကပင် ဘုန်းလှိုင်ကို အိမ်ရှေ့ထားမည်ဟု သဘောပြုမိပါကြောင်းကို ကိုယ်တော်ကြီးရှေ့တွင်ပင် လျှောက်တင်ခြင်း ပြုပါသည်"

"ထွေးရည်၊ ငါ့နိုင်ငံတော်အရပ်ရပ် အထပ်ထပ်မှာ ဘုန်းလှိုင်၊ ထွေးရည်တို့ အလိုရှိသည်ကို ဆုတော်ကို ပေးပြီး။ နင်တို့ရဲ့ ဦးလေးတော် ကေရာဇ်ထံမှသာ ဆုဆိုကာ ခံရှာပေတော့"

ထိုအခါ မင်းဘီလူးသည် ဝမ်းသာအားရနှင် ဤသို့လျှင် ဆုဆိုကာ ပေးလေ၏။

"တူတော်မောင်နှင့် တူမတော်တို့၊ ပတ္တမြားကျောက်ကို ကောက်ရ၍မျှ အသုံးမချတတ်လျှင် တောတွင်းသား လူအနှင့် တစ်ထေရာတည်း ဖြစ်တော့ မပေါ့။ အဲ... သို့မို့ကြောင့် တူ၊ တူမတော်တို့ကို ဦးလေးတော် တစ်သက်မှာ ဘယ်အခါမဆို အမြဲ စောင့်ရှောက်မည့်အပြင် ဦးလေးတော်၏ နိုင်ငံတော်တွင်းမှာပင် တူတော်၊ တူမတော်တို့ လိုလျှင် တ၊ ရစေဟု ဆုအဖြစ်ကို သနားတော် မူလိုက်သည်"

ဘုန်းလှိုင်နှင့် ထွေးရည်တို့သည် ဘုရင်မင်းမြတ်များနှင့် မိဖုရားများကို ရှိသေစွာ ကန်တော့ကြလေ၏။

ကေရာဇ်မင်း နှစ်ပါးသည် မိဖုရားမြတ်များနှင့် တကွ သလ္လာဝတီပြည်၊ ပရိမ္မပြည်များသို့ ချီတော်မူကြ၍ "လောကကို အေးမြသာယာ စည်ပင်ဝပြောစေသည်ကား တရားသာလျှင် ဖြစ်ချေသည်။ ယောဘုယျ အားဖြင့်လည်း မင်း တရားစောင့်လျှင် မှူးမတ်သေနာပတိ မှုထမ်းရာထမ်း စသော မင်းမှုထမ်းတို့လည်း တရားစောင့်သည်။ ၎င်းတို့ တရားစောင့်လျှင် ပြည်သူလူထုသည်လည်း တရားစောင့်ကြသည်။ တရား စောင့်သည်ဟူသော သရုပ်သည် တစ်ဦး၏ ဂုဏ်ကျေးဇူးကို တစ်ဦးက လိုလာခြင်း၊ တစ်ဦး၏ကောင်းကျိုးကို တစ်ဦးက ဆောင်ရွက်ခြင်း၊ သူတစ်ပါး၏ အကျိုးကို အမြဲလိုလားဆောင်ရွက်ခြင်းတို့ ဖြစ်သည်" ဟု တရားတည်နိုင်လေသမျှ တည်ရလေအောင် ကိုယ်တိုင် ဥပမာပြ အဖြစ်နှင့် ဆောင်ရွက်တော် မူကြပြီးသော် သက်သာပြည်ကြီးသို့ ဝင်တော်မူရာ၊ လမ်းခရီး၌ ပန်းတိမ်ရွာမမှ သူဌေးသမီး နှင်းနုကို တော်ကောက်လျက် နန်းတော်တွင် သက်တော်ရှည် အပျိုတော်ကြီး အဖြစ်နှင့် ချီးမြှင့်လေ၏။

မျိုးညွှန့်ရှိန်မင်းကြီးလည်း ထိုခရီးမှာပင် အရာကျနေသော စစ်သူကြီး နေမျိုးကျော်ထင်အား စစ်သူကြီး အဖြစ်နှင့် ပြန်လည် ခန့်အပ်တော်မူလေ၏။

## အခန်း(၁၈)
## ပြည်တော်ဝင်ပြီး

မျိုးညွန့်ရှိန်မင်းကြီးသည် စစ်သူကြီး နေမျိုးကျော်ထင်ကို ဦးစီးပြုလျက် သက်သာပြည်ကြီးသို့ ဆင်တော်နှင့် မင်းဘီလူးကို အဖော်ပြုကာ ကေရာဇ်မင်းနစ်ပါးသည် ရှေ့ဆုံးက စစ်စည်စစ်မောင်း တီးကာ ဝင်တော်မူလေ၏။

ထိုနောက်မှ ဆင်တော်နှင့် မင်းကြီး၏ အစ်မတော်ဘုရား နှစ်ပါးကို ဦးတင်လျက် မိဖုရားမြတ် နှစ်ပါးသည် ဧကရာဇ်မိဖုရားတို့၏ အသရေတော်နှင့် လိုက်ပါတော်မူကြလေ၏။

ထိုနောက်မှ အတောမသတ်သော စစ်ဗိုလ်မှူး၊ စစ်ဗိုလ်များ၊ စစ်ကြပ်များ၊ စစ်သည်တော်များ တို့သည် ခြိမ့်ခြိမ့်သဲမျှ အသံမစဲအောင် လိုက်ပါကြကုန်၏။

သက်သာပြည်သူ ပြည်သားတို့သည်လည်း အတိုင်းမသိ နှစ်ထောင်းခြင်း ရှိကြလျက် အိမ်တိုင်းတွင် အောင်လံ တလွင့်လွင့် လွှင့်ထူကြကုန်လျက် သပြေ၊ ရေချမ်းအိုးတို့နှင့် အောင်ဆုဆိုကာ သွန်းလောင်း ကြကုန်၏။ လမ်းခရီးဝဲယာတွင် ပေါက်ပေါက်ပန်း၊ ဆန်ပန်း၊ ပန်းအမျိုးမျိုးတို့နှင့် ပန်းမိုးရွာကြကုန်လျက် စည်တော်တီးကြ၍ လည်းကောင်း၊ အိုးစည်ဗုံမောင်းတို့ကို တီးကာ၊ အောင်သြဘာသီချင်း၊ တေးချင်းတို့ကို ဆိုကြလျက် ဝှဲချီးမကုန် အံ့ဖွယ်စုံအောင် မိမိတို့၏ အရှင်သခင်ကို ကြိုဆိုကာ ကောင်းချီးအလီလီပြု၍ ကန်တော့ပန်း ဆက်ကြကုန်၏။ သက်သာ

ပြည်ကြီး၏ ထိုနေ့သည် အသူရာကို အောင်၍ ပွဲကျင်းပသော တာဝတိံသာ၏ နေ့ထက်ပင် စည်ကားသိုက်မြိုက်လျက် နှစ်သက်ထွေထူး ပျော်မြူးကြဟန် လက္ခဏာ ရှိလေ၏။

မျိုးညွန့်ရှိန်မင်းကြီးသည် သက်သာပြည်ကြီး၌ တစ်နှစ် စိုးစံတော်မူပြီးနောက် ညီတော် သတိုးနွယ်မင်းကြီးကို ပြန်ခေါ်၍ စမွာနဂိုရ်ပြည်တော်၌ စိုးစံ အုပ်ချုပ်တော်မူ၏။

အခါတစ်ပါး ညဉ့်အချိန် လ ရောင်၏ အသရေတွင်-

"မောင်တော်ဘုရားသည် တကယ့် အတွေ့ကျတော့ သဘောတော် အလွန်ပြည့်ဝ မြင့်မြတ်တော် မူပါပေသည်။ မဘုရားသည် "ဖာတစ်လုံးခေါင်းကျားကို ပန်းကုံးစွပ်တော်မူပြီ ဟူသော သတင်းတော်သည် ခဏချင်း ညီမတော်တို့၏ ပြည်တော်သို့ ပျံ့နှံ့လာတော့လေ ညီမတော်မှာ တစ်ခါတော့ ခက်ကပြီ၊ မောင်တော်ဘုရားတော့ ငါကို လက်စားချေတော့မှာပဲ၊ ငါက မှားမိပြီကိုးဟု စက်တော်ခေါ်လည်း မပျော်၊ ပွဲတော်စာလည်း မဆာ၊ နာရီချိန်တိုင်း မျက်ရည်ဝိုင်းပြီး ဘယ်ပုံ ဘယ်နည်းနှင့် ကျေလည်အောင် လျှောက်ရပ့ါမလဲဟု အားခဲမိ ပါသည်။ တွေ့ရတော့မှပဲ မကောင်းရာ၌ ကိုယ်ချင်းစာမည်သည် မိမိ၍ ယုတ်ညံ့မှုထဲသို့ မြင့်မြတ်သူကို ဆွဲကာ သွင်းမိခြင်းပါကလားဟု သဘောထား ပြုမိပါသည်။

"မောင်တော်ဘုရားသည် ယောက်ျားကောင်း ယောက်ျားမြတ် အစစ်။ ယောက်ျားအစစ် ဆိုသည်မှာလည်း မိန်းမတို့အပေါ်၌ အပြစ်မည်မျှလောက်ပင် ရှိစေကာမူ ထိုအပြစ်ကို မမြင်ဘဲ တိုင်းပြည် လူအင်အားကို ကြီးပွားစေသူများပါတကားဟု အချစ်သာလျှင် တစ်မျိုးပြီးတစ်မျိုး ဝင်လာမစဲ တသဲသဲပါတဲ့။ မိန်းမတို့ကို အပြစ်ဆို၍ မလိုမုန်းထား အမျက်ပွားသောသူ၊ မိန်းမတို့ကို အပြစ်ပြုလျက် အမှုကိုထား မသနားသောသူ၊ မိန်းမတို့အား ဦးစားမပေး၊ အလေးမပြု၊ ဂရုမစိုက်၊ ရိုက်ပုတ်ညှဉ်းဆဲရန် လိုကဲသောသူ၊ ထိုသည့် သူများသည် မိန်းမစိတ် ဝင်နေသော ယောက်ျားပါတဲ့။ မောင်ဘုရားကား ယောက်ျားစိတ် ဝင်နေသည့် ယောက်ျား ဖြစ်နေလေတော့ သားကောင်း မထွန်းကား၍ မိဖုရားများ သားဆုပန် ထွက်ကြလျှင် ကြည်လင်ဝမ်းသာ၊ သားရလာက ရှင်ပျူဖြူစင် ကောင်းချီးတင်မည့် သဘောပြည့်ဝ အာဂယောက်ျား မ တစ်ထောင်ပေါက်တွင် တစ်ယောက်သား ဟု ဥဒါန်းစကား ပြုထားသင့်သည့် ယောက်ျားပါ။

"မြလေ၊ လှသည် မောင်တော်ကို ပန်းကုံးစွပ်လိုက်ပြီ၊ လှသည် ဇေရာဇ် မိဖုရားခေါင်ကြီးအဖြစ်နှင့် တိုင်းခန်းလှည့်လာခဲ့သော် "မ ဆိုသည်ကို မကြားချင်။ မောင်တော်ဘုရား

ဆောင်ကြာဗွေတွင် မိမိကလေးကိုသာ မြင်တော်မူ၊ ကြင်တော်မူ၊ ခင်တော်မူ" ဟု မိန်းမလှများအပေါ် အာဃာတတော်ပြုပြီး ရွှေစားတော်များ သ မှာ ကြောက်ရွံ့စိုးရိမ်ခဲ့မိပါသည်။ မဘုရားနှင့် တွေ့ရတော့မှ "မောင်ဘုရား ကြည်ဖြူအောင် မြူတော်မူ၊ မဘုရားတော့ အဆောင်တော်ကို ဂူမှတ်ပြီး စိပ်ပုတီးနှင့် ကမ္မဋ္ဌာန်းစာ ညည်းပါရစေ" ဟု သဘောထားမြင့်မြင့်နှင့် တင့်တင့်မားမားကြီး တရားရှင် ဖြစ်ကြောင်းကို တွေ့ရတော့မှ ချော်... ဟု ဝမ်းပန်းတသာ ပြုမိပါသည် မဘုရား"

"ညီမတော်၊ ယောကျ်ားကောင်းလျှင် မောင်းမတစ်သောင်းတဲ့၊ သည်စကားသည် ဘာလဲ၊ ယောကျ်ားကောင်းတို့မည်သည် တိုင်းပြည်မှာ မျိုးစေ့ကောင်းတဲ့။ မိန်းမကောင်းတို့ မည်သည် မြေကောင်းပါတဲ့။ မျိုးစေ့ကောင်းသည် မြေကောင်းတွင် ကျရောက်ရမှ မျိုးကောင်း ထွန်းကားနိုင် ပါသည်။ ထို့ကြောင့် မျိုးစေ့ကောင်းအဖို့ မြေကောင်းများများ ရှိထားအပ်ပါသတဲ့၊ မြေကောင်းမရှိငြား၍ မျိုးစေ့ကောင်း၏ မူရင်းကို မမီစေကာမူ မျိုးညံ့များဖြင့် မဖြစ်ကောင်း ရှိတတ်သဖြင့် ယောကျ်ား ကောင်းက မောင်းမတစ်သောင်း ဆိုစကား ရှိထားနှင့်သဖြင့် မဘုရားကတော့ မျိုးကောင်းကလေးများ ပြည်တော်မှာ ပြန့်ပွားဖို့ သဒ္ဒါတရား ထက်သန်လှပါသည် ညီမတော်။

"ဟော... ပဟိုရ်သံ ကြားပြီ။ ည ညီလာခံ စဲ၍ မောင်တော်ဘုရား အဆောင်တော်ထဲ ကူးတော့မထင့်"

**ပြီးပြီ။**



# ဖတစ်လုံး ခေါင်းကျား

စစ်ကိုင်း ဦးဘိုးသင်း

[ ဒုတိယအကြိမ် ]